www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၇၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅ . ၈၃

မမသဒ္ဒါမောင်

ထက်မြက်ချို/ မမသဒ္ဒါမောင် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၃၁၉ – စာ ၊ ၁၂ . ၃ x ၁၈ စင်တီ။

(၁) ထက်မြက်ချို

BURMESE CLASSIC

# မမသဒ္ဒါမောင်

# ထက်မြက်ချို

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ရှိခြင်း

ဤစာမူဖြစ်မြောက်ရေးအတွက် တမာမြေ ကျောက်ပန်းတောင်းမြို့တွင် တည်းခိုခွင့်ပေးခဲ့သော အိမ်ရှင်အစ်ကို 'ဦးအောင်ဆွေ' နှင့် အစ်မ 'ဒေါ်မြင့်မြင့်သန်း' အားလည်းကောင်း၊ သား 'မောင်အောင်နေလင်း' နှင့် သမီး 'မချိချိအောင်' တို့နှင့်တကွ သမီးလေး 'ထက်မြက်ချို' အားလည်းကောင်း၊ ရန်ကုန်ပြန်ကာနီး စေတနာမေတ္တာဖြင့် ထမင်းဖိတ်ခေါ် ကျွေးမွေးခဲ့သည့် ဆရာ 'ဦးခင်မောင်ရီ' နှင့် မိသားစုအားလည်းကောင်း၊ 'မိုးမိုးသူ' ဦးဆောင်သည့် "နှင်းကောရီ လှရိပ်မြုံ" (မိတ္ထီလာဆိုင်ခွဲ) မှ သမီး 'မိုးမိုးသူ' နှင့် ညီမလေးများအား လည်းကောင်း၊ ဆရာမအား အပင်ပန်းခံ၍ ပုဂံညောင်ဦးဘုရားဖူးရန် လိုက်ပို့ပေးခဲ့သည့် သား 'ကိုမိုး' နှင့် သား 'မျိုးမင်းဦး' တို့အား လည်းကောင်း၊ အထူးသဖြင့် ဆရာမအား ကိုယ်တိုင်ကိုယ်ကျ အလည်ခေါ်ဆောင်သွားခဲ့သည့် သမီး 'ဆွေဆွေအောင်' နှင့် သက်ဆိုင်ရာ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

**မမသဇ္ဇါအောင်**

**(တမာမြေ ပုဂံညောင်ဦး အမှတ်တရ)**

www.burmeseclassic.com

www.burmeseclassic.com

# (၁)

မနက်အရုဏ်ဦး အလင်းရောင်က မှန်ပြတင်းမှတစ်ဆင့် အိပ်ခန်းထဲသို့ ဝင်လာလေ၏။ နာရီကို Alum ပေးစရာမလိုပါဘဲ ဒီအလင်းရောင်ဖျော့ဖျော့လေးဖြင့် နိုးထတတ်သည့်အကျင့်က ငယ်စဉ်ကတည်းက ရှိနေတာပါ။ နံရံထက်မှာ မှန်အပြည့်ပြတင်းပေါက်တွေသာ ထုပ်ထားသဖြင့် ဒီအခန်းက အလင်းရောင်အရဆုံး မဟုတ်ပါလား။

အိပ်ရာထက် လက်ကိုရော ခြေကိုပါ ဆွဲဆန့်လိုက်မိလေ၏။ မေမေမြင်လျှင် "ဖျင်းကြောဆန့်သည်" ဟု ပြောမှာ အသေအချာပါ။ အခြင်ထောင်ထဲမှထွက်ကာ ခုတင်ထက်မှ ဆင်းလိုက်ပါ၏။ အိပ်ရာသိမ်းတာ၊ ပြတင်းပေါက်ဖွင့်တာတို့ကို မလုပ်ဖြစ်ပါ။ ဤအလုပ်တွေကို မေမေ မဟုတ်လျှင် 'မိချို' (ညီမလေး) ကသာ အမြဲလုပ်ပေးနေသာ မဟုတ်လား။

မျက်နှာသစ် သန့်ရှင်းရေးလုပ်ရန်အတွက် အိပ်ပေါ်မှ အရင်

www.burmeseclassic.com



ခင်းရမှာပါ။ ပြီးလျှင် နောက်ဖေးဘက်ကို ဆက်လျှောက်ရပြီး သီးသန့်ဆောက်ထားပါသည့် ရေချိုးခန်းနှစ်ခန်းနှင့် အိမ်သာငါးလုံးတွဲကို ရောက်မည်ဖြစ်လေ၏။ အပေါ်ထပ် အိမ်ရှေ့မှာ ဝရန်တာရှိနေသလို နောက်ဘက်မှာလည်း လသာဆောင် ခပ်ကျယ်ကျယ် ထုတ်ထားလေသည်။

မသိလျှင် 'ထက်' တို့အိမ်ကို Hotel နှင့် အမြင်မှားလောက်ရှိကြပါ၏။ အပေါ်ထပ်မှာ ဘုရားခန်းနှင့် လူလွတ်သုံးဦး၏ အိပ်ခန်းတို့သာ ရှိလေသည်။ အငယ်မက မောင်နှမလေးယောက်ထဲမှာ အိမ်ထောင်အရင်ကျပြီး အခုဆို သမီးလေး 'သဲသဲ' ပင် မူကြိုစနေနေချေပြီ။ ဖေဖေနှင့်မေမေက အပေါ်ထပ်မှာ မနေချင်သဖြင့် အောက်ထပ်အိပ်ခန်းနှစ်ခန်းက ဖေဖေတို့တစ်ခန်း 'မိချို' တို့တစ်ခန်း နေကြပါ၏။

'သဲသဲ' က ငယ်သေးသဖြင့် အိပ်ခန်းအသစ်ဖွဲ့ထားပေမယ့် အခန်းခွဲထား၍ မရသေးပါချေ။ အောက်ထပ်မှာက Hall ခန်းကျယ်ကြီးရှိနေသလို နောက်ဘက်မှာ မီးဖိုခန်းနှင့် ထမင်းစားခန်းကို တွဲလျက်ထားထားပြီး ဖေဖေဆောက်ထားသည့်အိမ်က အတော်ကျယ်လွန်းပါ၏။

အိပ်ခန်းတံခါးကို ဖွင့်ကာ လှေကားရှေ့မှ အိမ်အောက်သို့ မဆင်းပါဘဲ ဝရန်တာသို့ ထွက်လိုက်မိသည်။ အရှေ့တည့်တည့်မှာ ဆောက်ထားပါသည့် Beauty Spa အပေါ်ထပ်မှ ပြတင်းပေါက် ပွင့်သွားလေ၏။ ဆံပင်ကောက်ကောက် အမြီးချိုချိုနှင့် ကောင်မလေးက နံနက်ခင်း၏အလင်းနှင့်အပြိုင် ပြုံးပြလိုက်လေသည်။



"ထက်"

"အင်း"

"ရန်ကုန်ကားဝင်လာရင်လေ"

"ကား"

"ဟုတ်တယ်၊ အဲဒီမှာ မိုးသူမှာလိုက်တဲ့ပစ္စည်းပုံး ပါလာမှာမို့လို့ ထက် သွားယူပေးဦးနော်"

"အာ . . . ကားက (၉) နာရီကျော်မှ လာမှာမဟုတ်လား။ ခုမှ အစောကြီးရှိသေးတယ်။ ငါ ဘာမှတောင် မစားရသေးဘူး"

"အိပ်ရာထ နောက်ကျနေတာကိုး။ ဒါနဲ့ပဲ လက်ဖက်ရည်ဆိုင်မှာ ပဲကြွပ်တွေ ပဲပျော့တွေကုန်ရင် ပြဿနာကရှာဦးမယ်"

"အေး . . . ဟုတ်တယ်"

"မျက်နှာသစ်သွားဦးနော်။ ညစ်ညစ်ပတ်ပတ်ကြီးမသွားနဲ့"

"သိပါတယ်၊ ငါ့ကို ဆရာမလုပ်ပါနဲ့"

"ကြည့်! . . . တွေ့လား"

Beauty Spa ပိုင်ရှင် 'မိုးမြင့်သူ' က 'ထက်' နှင့် သူငယ်ချင်းပါ။ အဆောက်အဦးကိုက ဖေဖေငှားတာဖြစ်ပြီး ဆိုင်ပစ္စည်းတွေကို 'ထက်' နှင့် 'မိုးသူ' က ရှယ်ယာထုတ်ပြီး ဝယ်ဖြစ်ခဲ့တာပင်။ 'ထက်' က 'မိုးသူ' လို ဒီသင်တန်းမျိုး မတတ်တာမို့ ငွေသာစိုက်ပြီး ဆိုင်မန်နေဂျာအဖြစ်သာ ဝင်လုပ်ဖြစ်တာပါ။ အမှန်က အိမ်နောက်ဘက် ဝင်းကျယ်ထဲမှာ ဖေဖေ ဦးစီးပါသည့် ကားနှင့်ဆိုင်ကယ် ဝပ်ရှော့မှာလည်း စာရင်းကူလုပ်ပေးရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ 'ဦးသက်အောင်' က ပြင်ဆိုင်သီးသန့်ချည်း လုပ်တာ မဟုတ်ဘဲ ဝယ်ရောင်းလည်း လုပ်သေးတာမို့ စာချုပ်စာတမ်းတွေ လုပ်ရတိုင်း 'ထက်' ကိုပင် ယုံကြည်စိတ်ချစွာ လွှတ်လေ့ရှိလေ၏။ မေမေ 'ဒေါ်မြမြချို' က သမီးနှစ်ယောက် မွေးပြီးမှ သားနှစ်ယောက် ထပ်ရသဖြင့် 'ထက်' က အကြီးဆြရသနေရာကို ရခဲ့ရတာပါ။

'ထက်' အောက်တစ်နှစ်ကျော်သာငယ်သည့် 'နှံသာချို'က ကျောင်းလည်းပြီး ဘွဲ့လည်းရ အိမ်ထောင်ပါ တစ်ခါတည်း ကျခဲ့တာ ပင်။ သူ့အောက် နှစ်နှစ်ငယ်သည့် နို့ညာ 'ဝဋ္ဌာအောင်' က ဆေး ကျောင်းကို ရန်ကုန်မှာသာတက်ချင်သည်ဆို၍ အဆောင်ပို့ကာ ဒီကနေ ငွေကို သောက်သောက်လဲ ပို့ပေးနေရပါ၏။ အငယ်ဆုံးဖြစ်သည့် 'အာကာအောင်' (မောင်မောင့်) ကိုတော့ အငယ်ဆုံး၊ အလိမ္မာဆုံး ဖြစ်သလို 'ထက်' အချစ်ဆုံး မောင်ငယ်လေးလည်း ဖြစ်လေသည်။ အငယ်ဆုံးလေးက ဘွဲ့ရသည်အထိ ကျောင်းဆက်မနေဖြစ်ဘဲ အထက်တန်းအောင်သည်နှင့် သဘောလိုက်သွားတာမို့ ချော်ချော်မှာ ရှိနေတာပါလေ။

"ဘယ်သူလဲ၊ သမီးကြီးလား"

"ဟုတ်!"

"အေး . . . နင့်အမေ ဈေးသွားတာ လိုက်ကြိုလိုက်ပါဦး"

"ဟာဗျာ . . . ကျွန်တော် Tea shop သွားဦးမှာ ဖေဖေရ"

"မေမေက ခုလေးတင်သွားတာပါ မထက်ရယ်။ နင် လက်ဖက်ရည်ဆိုင်သွားဖို့ (၁၅) မိနစ်လောက်တော့ အချိန်ရပါတယ်ဟဲ့။



မေမေ့ကို ဆိုင်ကယ်နဲ့ကြိုလာပေးဖို့တောင် အားမကိုးရဘူး"

"နင်အားရင် သွားကြိုလိုက်ပါလား"

"ဟဲ့! . . . ငါ မအားလို့ပေါ့၊ နင့်တူမ မူကြိုအပိ ချက်ပြုတ်ပေး နေတာ မတွေ့ဘူးလား"

"စောစောစီးစီး အသံမြည်နေပြီ၊ ငါမြေးနိုးတော့မှာပဲ။ တော် ကြတော့၊ ဘယ်သူမှမသွားရင် ငါပဲသွားမယ်"

"ဖေဖေက ခြေထောက်မှမကောင်းတာ ဆိုင်ကယ်မစီးရပါ ဘူး။ ဒါဆိုလည်း မေမေ့ကို မြင်းလှည်းပဲ စီးခဲ့လို့ phone ဆက်ပြော လိုက်ပါ့မယ်"

"သမီး အမေက မြင်းလှည်းမှ စီးလေ့မရှိတာ"

"ကဲပါ . . . ကျွန်တော်ပဲ သွားပါ့မယ်၊ သွားရင်ပြီးရော မဟုတ် လား။ တော်တော် အရစ်ရှည်တဲ့ ငရစ်မ"

"ချိုက ငရစ်မဆို မထက်က ဖျိုင်းမပဲ"

"ပေါကြည့်! . . . ဒီကလေးနှစ်ယောက်ကတော့လေ မကြီး မငယ်နဲ့"

ရာသီဥတုအေးလျှင် ဖေဖေ့ဒူးဒဏ်ရာက ပြန်ကိုက်တတ် သဖြင့် အိပ်ရာထဲမှာ နွေးအောင် စောင်ခြုံပတ်ပြီးနေရပါ၏။ မေမေက ဘုရားပန်းဝယ်ဖို့အတွက် ခပ်စောစောထကာ ဈေးသွားသလို သတိ သတ်လွတ်အမြဲစားပြီး အသားရှောင်လေ့ရှိသဖြင့် မြင်းလှည်းကိုမစီး တာပါ။ 'ထက်' နှင့် တစ်နှစ်ကျော်ရုံသာ အသက်ကွာသည့် မိချို က အကြီးဖြစ်သည့် 'ထက်' ကို မရိုသေဘဲ ပြန်အော်လေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိမ်ကို ဦးဆောင်နေပါသည့် အိမ်ထောင်ဦးစီးဖေဖေ၏ အားအကိုးရဆုံး သားကြီးတစ်ယောက်နှယ် 'ထက်မြက်ချို' က ကြီးပြင်းခဲ့ရတာတော့ အမှန်ပါပဲ။ 'ထက်' က သားယောက်ျားလေးနှယ် အားကိုးရသလို အငယ်ဖြစ်သည့် ညီမလေးက မေမေ့အတွက် အားကိုးရသည့် သမီးလည်းဖြစ်လေ၏။ ခက်တာက 'ထက်' တို့မောင်နှမတွေက သည်းသည်းလှုပ် တွယ်တာတတ်တာမျိုး မရှိကြပါဘဲ မတည့်အတူနေကြတာပါလေ။

"ဆိုင်ကပြန်လာရင် သဲအိချိုဖို့ မုန့်တစ်ခုခု ဝယ်လာပေးဦးနော်"

"အေးပါ"

ညီအစ်မချင်း သိပ်မတည့်သော်ငြား ဒီတူမလေးကဖြင့် 'ထက်' တို့အိမ်ရဲ့ ဆည်းလည်းလေးမို့ အားလုံးရဲ့ အသည်းကျော်လေးဖြစ်သလို 'ထက်' ကလည်း အလိုလိုက်ပြီး ချစ်သည့်အဒေါ်ဖြစ်လေ၏။ ကလေးမို့ အပြင်ထွက်သည့်လူတွေနောက်ကို အမြဲတမ်းလိုက်ချင်ပေမယ့် 'မိချို' က စည်းကမ်းကြီးသည့်အမေမျိုးမို့ မထည့်ပေးပါချေ။ ဒါကို သိသိကြီးဖြင့် လစ်ရင်လစ်သလို 'ထက်'က ဆိုင်ကယ်ပေါ်တင်ခေါ်လေ့ရှိသဖြင့် ညီအစ်မချင်း စကားများရတာက မကြာခဏပါပဲ။

ရေချိုးခန်းထဲမှာ မျက်နှာသစ်၊ သွားတိုက်ကာ ကိုယ်လက်သန့်စင်လိုက်ပါ၏။ ညကတည်းကဝတ်ထားသည့် အဝတ်တွေနှင့် သွားဖို့မသင့်တာမို့ အပေါ်ပြန်၍တက်ကာ T-shirt နှင့် Jeans



တစ်ထည်ကို ပေါ့ပေါ့ပါးပါးပင် လဲဝတ်လိုက်ပါသည်။ ရာသီဥတု အေးလွန်းသေးတာမို့ ရေတော့ မချိုးသေးပါလေ။

အိမ်အောက်ပြန်ဆင်းလျက် ဆိုင်ကယ်သော့ယူကာ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ပါ၏။ အရင်ကဖြင့် ဤသို့ တစ်ယောက်တည်း ဆိုင်ထိုင်ဖို့ကို တွေးပင်မတွေးဖြစ်ခဲ့ပါ။ ဆံပင်ရှည်ရှည်နှင့် ခပ်ယဉ်ယဉ်လေး လှပခဲ့ဖူးသည့် 'ထက်မြက်ချို' ၏ ပုံရိပ်တို့က ဟိုး အတိတ်ကာလဆီမှာ ကျန်ရစ်ခဲ့လေပြီ။

"ထုံးစံအတိုင်း ပဲကြွပ်ပဲလား ထက်မြက်"

"အေး"

"ပါဆယ်ယူဦးမှာလား"

"ယူမှာပေါ့"

ဆိုင်ကယ်ကို ဝိတောက်ပင်ကြီးအောက်မှာပင် ရပ်ခဲ့ကာ လက်ဖက်ရည်ဆိုင်မှ ခုံပုလေးကို ဆွဲယူထိုင်လိုက်ပါ၏။ သူသောက်နေကျ လက်ဖက်ရည်ပေါ့စိမ့်ရှယ်တစ်ခွက်နှင့် ပဲကြွပ်တစ်ပွဲက အရင်ဆုံးရောက်လာလေသည်။ ဆိုင်လာတိုင်း အိမ်အတွက် စားဖို့အဆာပြေသာမက 'သဲသဲ' မုန့်ကြိုမှာစားဖို့အတွက်ပါ မုန့်ဝယ်သွားနေကျပါပဲ။

အချိန်သိပ်မရှိတာမို့ ပါဆယ်ပြင်ဆင်ပေးတာ ရသည်နှင့် ငွေရှင်းပေးကာ ထရပ်လိုက်ပါသည်။ ခေါက်ပိုက်ဆံအိတ်ကို ဂျင်းဘောင်းဘီအိတ်ထဲသို့ ပြန်ထိုးထည့်ကာ ဆိုင်ကယ်ကို စက်နှိုး၍ ထွက်ခဲ့ပါ၏။ မေမေ့ကို ဈေးထိပ်မှာ သွားကြိုရဦးမှာမို့ အိမ်ကိုမဝင်သေးဘဲ ဈေးဘက်သို့ လှည့်မောင်းလိုက်ပါသည်။ မြင်းလှည်းဂိတ်မှာ မတ်တပ်

www.burmeseclassic.com



ရပ်နေပါသည့် မေမေ့ကို အဝေးကပင် မြင်နေရလေ၏။

"ဝူး!"

"ဟယ်! . . . ဖြည်းဖြည်းမောင်းပါ မီထက်ရယ်"

"ဘာမှမဖြစ်ပါဘူး မေမေရယ်၊ ဟိုနား ဒီနားလေးပဲဟာ ဈေးဝယ်တာ ဒါပဲလား"

"အေး . . . ဘာတွေ ဝယ်လာပြန်တာလဲ"

"ဖေဖေ့မို့ လက်ဖက်ရည်နဲ့ သဲသဲစားဖို့လေ"

"အလကား ငွေကုန်အောင် ဖြုန်းနေပြန်ပြီ။ ဒီမှာ မုန့်ဖတ်လေးသုပ်စားရအောင် ဝယ်လာတာကို၊ ဗိုက်ဝတာ မစားဘူး"

"အာ . . . အဲဒါတွေက မေမေနဲ့မိချို့ပဲ ကြိုက်တာလေ၊ ကျွန်တော်မှမကြိုက်တာ"

"ငါမပြောလိုက်ချင်ဘူး၊ အရွဲ့တိုက်တာက ဘယ်တော့မှ ရပ်မှာပဲ"

"မေမေ့မြေးကို မွေးကြိုပို့ပေးရမယ်။ မြန်မြန်ပြန်ကြစို့"

မေမေ့ဈေးခြင်းတောင်းကို ယူ၍ 'ထက်' ထိုင်နေသည့် ဆိုင်ကယ်ရှေ့ကြားထဲသို့ ညှပ်ထားလိုက်ပါသည်။ နောက်မှာ မေမေ သေချာထိုင်ပြီးမှသာ ဆိုင်ကယ်ကို မောင်းထွက်ခဲ့ပါ၏။ မေမေက "ဖြည်းဖြည်းနော်" ဟု သတိပေးပေမယ့် 'ထက်' ကတော့ မောင်းနေကျအတိုင်းသာ မောင်းဖြစ်လေသည်။

"တီ!"

"တီတီပြန်လာပြီ မေမေ"



"အေး . . . အဲဒီမှာ၊ နင့်တီတီကျွေးလိမ့်မယ်"

"တီတီ . . . ကျောင်းလိုက်ပို့ပေးမှာလား"

"ဒါပေါ့ အသည်းရဲ့"

"ဟေး!"

"လမ်းလျှောက်သွားရမှာနော်။ နင့်တီတီနဲ့ ဆိုင်ကယ်ခွမယ် စိတ်မကူးနဲ့"

"ဟင် . . . မေမေကလည်း"

"ဘာ . . . မေမေကလည်းလဲ၊ ကျောင်းကဖြင့် ရှေ့မှာတင် ခြေတစ်လှမ်းစာပဲရှိတာ။ အားအားရှိ ပေါက်ကျော်မ မဖြစ်ချင်နဲ့"

"ကလေးပဲ မိချိုရာ . . . ဘာဖြစ်လဲ"

"နင်တို့ ဝိုင်းအလိုလိုက်နေကြလို့ သဲသဲက ငါ့စကား နားမထောင်ဘဲ ခေါင်းမာနေပြီ"

"နားညည်းတယ်ဟာ . . . ပွစိ ပွစိနဲ့ အမေတူသမီး"

"ဘာ"

"ဗိုက်ဆာပြီဟေ့!"

ဖေဖေရောက်လာပြီမို့ အသံတိတ်လိုက်ရတော့၏။ 'မိချို' ယူလာပေးသည့် ခွက်နှင့် ပန်းကန်ထဲသို့ လက်ဖက်ရည်နှင့် ပဲပျော့သုပ်ထားတာကို ထည့်ပေးလိုက်ပါသည်။ ဖေဖေက Tea သောက်သမယ့် 'သဲသဲ' ကိုတော့ 'မိချို' က Ovaltine ဖျော်ပေးထားလေ၏။ မေမေက 'မိချို' နှင့်အတူ မီးဖိုခန်းဘက်သို့ ဆက်ဝင်သွားလေ၏။

"တီတီ"

www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ခုတိုင်ကာယ်နဲ့ပိုမှာမဟုတ်လားဟင်"

"ရှုး! ... ဒါပေါ့"

စောစောက အမေဖြစ်သူ ဆူလိုက်၍ စူပုတ်ပုတ်လေး ဖြစ်သွားပါသည့် 'သဲအိချို' ၏ မျက်နှာလေးက အခုမှပင် ပြုံးလေတော့သည်။ ဖေဖေကပါ 'ထက်' တို့ ကူအရီးကိုကြည့်ရင်း ခပ်တိုးတိုး ရယ်လေတော့၏။ အိမ်မှာက ဖေဖေ့သမီးနှင့် မေမေ့သမီးဆိုပြီး ဂိုဏ်း ခွဲထားတာ မဟုတ်ပါလား။

ဟိုတစ်ချိန်ကဖြင့် 'ထက်မြက်ချို' ဆိုသည့် ကောင်မလေး က မိတ်စကားကို မြေဝယ်မကျ နားထောင်တတ်ပြီး လိမ္မာရေးခြားရှိခဲ့ တာပါ။ ဖူးသစ်စ (၁၆) နှစ်အရွယ်မှာတင် နာကျင်စရာအကြောင်းအရာ ကြောင့် နုနယ်သည့် နှလုံးသားမှာ ဒဏ်ရာရရှိခဲ့ရတာ မဟုတ်ပါလား။ ဟိုတုန်းကအကြောင်းတွေကို ပြန်အမှတ်ရဖို့ထက် မနက်ဖြန်ကိုသာ မျှော်ကိုးကျင့်က စွဲမြဲခဲ့ရတာပါလေ။ လွန်တာတွေအားလုံးကို နားထား ခဲ့ပါတယ် 'ကိုကို'။

*

(၂)

Ward ထဲမှထွက်ခဲ့စဉ် အချိန်က ညနေစောင်း (၅) နာရီ ကျော်နေလေပြီ။ Duty coat ကို ကိုယ်ပေါ်မှချွတ်ရင်း လက်မှာကိုင် ထား ခြေလှမ်းကို ကားရပ်ထားရာဆီသို့ ဦးတည်လိုက်ပါ၏။ အိမ်ကို ပြန်ဖို့ ခွင့်ရက်ရှည်ရမှာမို့ မပြန်ချင်သလို ဖြစ်နေပြန်ချေပြီ။

"မြင့်မိုရ်!"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်စဉ် Night duty ဝင်ရန် ရောက်နေသည့် သူငယ်ချင်းအချို့ကို Canteen ထိုင်နေတာကို တွေ့ရလေ၏။ အရေးကြီးလူနာမရှိသေးတာမို့ အေးအေးဆေးဆေး နေနိုင်ကြပုံပင်။ ကားရှိရာသွားမည့် ခြေလှမ်းကို Canteen ရှိရာဆီ လှည့်လိုက်ရတော့သည်။

"ပြန်တော့မလို့လား"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ပန်းတောင်းကို ဘယ်တော့ပြန်မှာလဲ။ ငါ့ကို ကြို ပြောဦးနော်။ လူကြုံပစ္စည်း ပေးလိုက်မှာတွေရှိလို့"

"အေးပါ"

"ထိုင်လေကွာ"

'စိုးပိုင်' နှင့် 'နေမင်းခ' တို့ရှိနေသည့် ဝိုင်းမှာပင် သူ ထိုင် လိုက်ပါ၏။ တစ်ခုခုမှာရန် မေ့နေပေမယ့် ရေသန့်ဘူးသေးကိုသာ မှာဖြစ်လေသည်။ ရင်ထဲပူလောင်မှုက ဘယ်သောအခါမျှ အေးငြိမ်းနိုင် ပါ့မည်နည်း။ နေရပ်မြေမှာ ကျန်ရစ်ခဲ့သည်က သူ့နှလုံးသားပင် မဟုတ် ပါလား။

"နှယ်နဲ့အခြေအနေ တိုးတက်ပြီလား"

"ဒီလိုပါပဲ"

"မင်းက ယောက်ျားလေးပဲကွ၊ စပြောရမှာပေါ့"

"အေးလေ . . . ဘာလဲ ချာတိတ်ကို ခုထိ မမေ့နိုင်သေးဘူး လား"

"ငပိုင်ကတော့ လုပ်ပြီ၊ အနာကိုသွားစရလား"

အရိုက်ထိသည့်မေးခွန်းပါပဲ။ မမေ့နိုင်သေးတာ အမှန်ပါ 'ချာတိတ်' ရယ်။ ကိုယ်တို့အဖြစ်က ဟိုလိုလို ဒီလိုလိုနဲ့ အီလည်လည် ဇာတ်မျောကြီးဖြစ်ခဲ့ရတာ မဟုတ်လား။ ချစ်သူမဟုတ် ဘာမဟုတ်နဲ့ အကြည့်လေးဆုံ ရင်တွေခုန်ရင်း အပြုံးချင်းသာ ဖလှယ်ခဲ့ဖြစ်ကြတာ လေ။ သို့သော် နုငယ်တဲ့ မင်းနှလုံးသားက 'အချစ်' ဆိုတာကို ယောင်ယောင်လေးတော့ နားလည်သွားလိမ့်မယ်လို့ ယူဆချင်ပါရဲ့။



"တွေ့လား။ ပြောလိုက်တာနဲ့ ကြက်ကြီး လည်လိမ်ဖြစ်ပြီ"

"မဟုတ်ပါဘူး"

"နှယ်လည်း လုပ်ပါတယ်ကွာ"

"အေးလေ၊ မင်းချာတိတ်က အခု ဘာပုံဖြစ်နေပြီလဲ သိရဲ့ သားနဲ့"

မျက်နှာမပျက်အောင် မနည်းကြိုးစားထားရပါ၏။ ဘာပုံကြီး ထဲတဲ့ 'ထက်' ရယ်။ ကိုယ့်ကို အရွဲ့တိုက်ပြီး အထူးသဖြင့် 'မမ' တွေကို အနာကြီးနာကာ တင်ပါးအထိဖုံးအောင် ရှည်နေပါသည့် ဆံပင်တွေကို အနုမျောမှ ဖြတ်ချလိုက်တာတဲ့လေ။ ကာယကံရှင်ထက် မြင်ရသည့်သူက ရင်ထဲမှာ ဆို့နင့်နာကျင်ပြီး မျက်ရည်ပင်ကျခဲ့ရတာ မဟုတ်ပါလား။

(၁၆) နှစ်ဆိုသည့် ထိရှလွယ်လွန်းသော နှလုံးသားကိုမှ ဒဏ်ရာပေးမိရတယ်လို့။ နဂိုယဉ်နွဲ့နွဲ့လေး လှပသည့် ပန်းကလေးက မာဆတ်ဆတ်နှင့် ခပ်ပြတ်ပြတ်လေသံ၊ ခပ်ရူးရူးအကြည့်၊ ခပ်မိုက်မိုက် ကိုယ်ဟန်တို့ ပြောင်းလဲသွားပုံက တခြားတစ်ယောက်နှယ် အကွာကြီး ကွာခြားခဲ့ရတာပါလေ။

သြော် 'ကလေး' ရယ်။

"မင်းကတော့ မပြောရဲတာကို မရှိဘူး။ မြင့်မိုရ်ကို အားနာပါ ဦး"

"ဟာ! . . . ငါက ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို ဦးစားပေးစေ ချင်လို့ပါ။ ယဉ်လေးနှယ်လောက် လှတာ ဘယ်သွားရှာရမလဲ။ ဘာမှဆို

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံပြီးသား။ မင်းအပေါ်လည်း မခွတ်ခင်က ညွတ်ချင်ချင်ကွ မြင့်မိုရ် ဦးရေ။ စိတ်ကူးမလွဲနဲ့''

ပခုံးကိုပါ ဖတ်ခနဲ ပုတ်လိုက်လေ၏။ 'နွယ်' လှတာကို သူ ဝန်ခံပါသည်။ သို့သော် တကယ်တမ်း မျက်စိအေးစေခဲ့သည့် အလှကဖြင့် သူ့နှလုံးသားထဲမှာ စွဲထင်နေခဲ့တာ အတော်ကြာခဲ့ပြီလေ။ အခုဆို ဘယ်လောက်တောင်ရှိနေပြီလဲ။ (၇) နှစ်လား။ ဒါမှမဟုတ် (၈) နှစ်လေလား မရေတွက်ချင်တော့ပါ။

''ပွဲစားခ ဘယ်လောက်ရလို့ အတင်းတွန်းပို့နေရတာလဲ''

''မင်း မနစ်နာပါဘူးကွ၊ ဘာလဲ အချစ်ဆိုတာကို ရှာဖွေချင်နေသေးတာလား။ အရှုံးမထချင်စမ်းပါနဲ့ မြင့်မိုရ်၊ တကယ် အရေးကြုံလာရင် နှလုံးသားက calculator မနှိပ်တတ်ဘူး။ Use your brain''

''မင်းကမှ မခံစားဖူးတာကိုး''

''ဘာကွ''

''ကောင်းတယ်၊ နှိပ်ကွပ်ပြလိုက်စမ်း နာနာလေး''

''အချစ်ဆိုတာ အသက်အရွယ်နဲ့ ပိုင်းခြားကန့်သတ်ထားတာ မျိုးမှ မဟုတ်တာ။ လှတာလေးပဲမက်ပြီး နောင်တတွေ ထွေးပိုက်နေရရင် ရူးဖို့ပဲရှိမယ်။ ငွေဆိုတာ ငါ့မှာလည်းမရှားပါဘူး။ နွယ်ပဲချမ်းသာ တာမှ မဟုတ်တာ''

''မင်းကတော့ကွာ . . . ဆရာဝန်မလုပ်ဘဲ စာရေးဆရာလုပ်ဖို့ ပဲ ကောင်းတယ်''



''အနုပညာသမားတွေကို မစော်ကားပါနဲ့ စိုးပိုင်၊ ဘယ် အလုပ်မျိုးမဆို နှလုံးသားနဲ့ ရင်းပြီး လုပ်ရတာက အနုပညာသမားတွေ မှာပဲ ရှိတာပါ''

''အေးပါ . . . အေးပါ၊ ပြောမိတာ ငါ့အမှားမို့ sorry ပါကွာ''

နှုတ်ဖျားတတ်သည့် သူငယ်ချင်း 'စိုးပိုင်' ကြောင့် သူရော 'နေမင်းခ' ပါ အမြဲတမ်း သတိပေးနေရတာပါ။ အလုပ်ထဲ စိတ်နှစ်ပြီး ပျော်အောင်နေနေသည့် သူ့ကိုမှ အတိတ်ကို ပြန်အမှတ်ရစေရန် တူးဆွရတယ်လို့။ တစ်မြို့တည်း အတူကြီးပြင်းခဲ့သည့် 'စိုးပိုင်' က သူ့အကြောင်းကို အစအဆုံး သိနေခဲ့တာ မဟုတ်ပါလား။

ဒါကိုတောင်မှ နှုတ်မစောင့် မမျိုသိပ်နိုင်ဘဲ ရန်ကုန်သား ဖြစ်သည့် သူငယ်ချင်းရှေ့မှာ အကုန်ပေါ်အောင်ပြောခဲ့တာပါလေ။ သူစိမ်းရှေ့မှာ အရှက်ရစေသည့်ကိစ္စကိုမှ ရင်ဖွင့်ပြီး ပြောဖြစ်ခဲ့ရတာပါ။ အသည်းကွဲခြင်းမည်သည့် အိလယ်လယ် ဇာတ်မျောကြီးမို့ 'မြင့်မိုရ်ဦး' ၏ ရာဇဝင်က မလှပခဲ့ပါချေ။

''မင်းချာတိတ်က အခု ဘာဖြစ်နေလို့လဲ''

''ကျစ်! . . . မပြောချင်ပါဘူး''

''တခြားတစ်ယောက်များ တွဲနေပြီမို့လို့လား''

''မဟုတ်ပါဘူးကွာ''

''တွဲတော့တွဲတယ်၊ ဒါပေမဲ့ . . . ဘဲမဟုတ်ဘဲ ကောင်မလေး တွေလို့ ပြောလိုက်လေကွာ''

''ဟော!''

www.burmeseclassic.com

www.burmeseclassic.com



"စိုးပိုင်"

"ဟုတ်တယ် မင်းရဲ့ သူချာတိတ်က သူနဲ့လမ်းခွဲပြီး ကတည်းက style ရော character ပါ လုံးဝ change သွားတာပဲ"

"ဘယ်လို"

"တော်ပါတော့ ငပိုင်ရာ"

"အရင်က အေးအေးငြိမ်ငြိမ်လေး ဖြစ်တဲ့ ထက်မြက်ချိုဟာ အခုတော့ စကားပြောရင် ဘုသောက်ကျပြီး ထောင့်မကျိုးတဲ့ ပေါက်ကျော်မ ဖြစ်သွားရတာလေ"

"အလို"

"ငါနဲ့သူ လမ်းခွဲရအောင် ဘာဆို ဘာမှ မဖြစ်ခဲ့ပါဘူး ပိုင်ရာ"

"ဘာလဲ ... တစ်ဖက်သတ် feel တွေနဲ့ပဲ မင်း ကျိတ်ကြေ တယ်လို့ပဲ ဆိုချင်တာလား။ ကလေးဆိုပြီး အလိုလိုက် အကြိုက် ဆောင်ပေးခဲ့တာတွေက ဘာများလဲ။ ပန်းတစ်ပွင့်ခူးပေးလိုက်တိုင်း ပြုံးပြတဲ့ သူ့အပြုံးလေးကို စွဲလန်းပြီး အိပ်ပျက်ခဲ့ရတာတွေက အချ မဟုတ်ဘူးလား မြင့်မိုရ်။ ကျူရှင်လာချိန်ကို စောင့်ကြည့်ပြီး ရင်ခုန်နေ ခဲ့တဲ့ မင်းမျက်နှာကို ငါ အခုထိ မြင်ယောင်နေတုန်းပါ"

ရင်ဝမှာ ဆို့နင့်သွားရပါ၏။ အမှန်ကိုပြောတိုင်း ခံရခက်သည် က သဘာဝပါပဲ။ အိမ်ရှင်းကပ်လျက်နေခဲ့ပါသည့် 'စိုးပိုင်' က သူ့ အရိပ်တကြည့်ကြည့် သံယောဇဉ်ကို မြင်မိ သိရှိခဲ့သည့် အဓိ သက်သေပါလေ။ ကျူရှင်လာမည့်အချိန်ကို စောင့်မျှော်ရင်ခုန်ခဲ့ရသည့်



တာလတို့ကို ယခုတိုင် မြင်ယောင်နေဆဲပါ။

သူ့အစ်မဖြစ်သူ 'တင်တင်ဦး' က (၈) တန်းမှ (၁၀) တန်း အထိ ကျူရှင်သင်ပေးသည့် ဆရာမမို့ သူတို့အိမ်မှာ စာသင်သည့် အသံတို့ကို နေ့စဉ် အချိန်ပိုင်းခန့် အမြဲပင် ကြားနေရတာပါ။ အရင်က အမှုမဲ့ အမှတ်မဲ့ဖြင့် နေခဲ့မိသည့် သူ့ထံသို့ သနပ်ခါးရနံ့လေးနှင့်အတူ ရုတ်တရက် ရောက်လာခဲ့ပါသည့် ညိုချောလေး 'ထက်မြက်ချို' ရယ် လေ။

ကျူရှင်ချိန်နောက်ကျပြီးမှ စက်ဘီးဖြင့် အပြေးအလွှား ရောက် လာခဲ့သည့် မိန်းကလေးက သူနှင့်ခြံဝမှာ တိုးမိတာပါ။ လဲကျသွားပါ သည့် စက်ဘီးကို ဖမ်းမိဖို့ထက် လူကိုပင် အမြန်ထိန်းမတ်ပေးခဲ့မိ သည့် သူ့ကို ဖျတ်ခနဲ မော့ကြည့်ခဲ့ပါသည့် မျက်ဝန်းတောက်တောက် လေးအစုံကို သူ မင်သက်ငေးသွားရတာပါလေ။

ညိုညက်ညက် အသားအရေက သူမကို ရုပ်ဆိုးအကျည်း မတန်သွားစေပါဘဲ တစိမ့်စိမ့် ရှုချင်ဖွယ်ရာ အကြည့်ခံစေသည့်နှယ်ပါ။ အထူးသဖြင့် ပါးပြင်မို့မို့လေးထက်မှ ဝါဖန့်ဖန့် ရုပ်မတောင်ပါးကွက်ကြား က သူ့ရင်ကို တစ်စစ အခုန်မြန်စေခဲ့ရတာလေ။ အလှတွင်အယဉ်ဆင့် သည်ဆိုသည့်အတိုင်း တင်ပါးကျော်သည့်အထိ ရှည်လျားနက်မှောင် နေပါသည့် ဆံနွယ်ရှည်တို့က မိန်းကလေးပီသလွန်းပါသည့် ပြယုဂ်ကို လှစ်ဟဖော်ပြနေခဲ့သည့် မိန်းကလေးပါ။

အဲဒီနောက်မှာဖြင့် မျက်မှောင်လေးကျုံ့လျက် သူ့ကို မျက် စောင်းလေး ခဲလိုက်ခြင်းက ချစ်ခြင်း၏အစပျိုးရာ ဖြစ်ခဲ့ရတာပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းတက်ရင်း စာတွေနှင့်သာ နပန်းလုံးနေပါသည့် 'မြင့်မိုရ်ဦး' ၏ နှလုံးသားကို ပုတ်နှိုးလှုပ်ခတ်လိုက်ပါသည့် မိန်းကလေးက အထက်တန်းကျောင်းသူလေး ဖြစ်နေခဲ့ရတယ်လို့။

ကိုယ့်တကယ် အချစ်စစ်နဲ့ ချစ်ခဲ့မိတာပါ 'ကလေး' ရယ်။

"ဟာ! ... သွားပြီ။ ဒီကောင်တော့ အတိတ်ကို စိတ်လွင့်နေပြီ ထင်ပါရဲ့"

"ဟင်! ... ဘာလဲ"

"မင်းခရဲ့ညီလေးက ဒီနွေကျောင်းပိတ်ရက်မှာ ငါတို့မြို့ကို အလည်လိုက်ချင်လို့တဲ့"

"ဩော် ... ရတယ်လေ။ ငါ မရှိလည်း မမကို လှမ်းပြောထားလို့ ရတာပဲ။ အိမ်က အကျယ်ကြီးမို့ အေးအေးဆေးဆေး တည်းလို့ရမှာပါ"

"မင်းတို့အိမ်မှာ တည်းမယ်မထင်ဘူး မြင့်မိုရ်ရ"

"ဘာဖြစ်လို့"

"သူ့သူငယ်ချင်းနဲ့လိုက်သွားမှာဆိုတော့ အဲဒီအိမ်မှာပဲ လိုက်တည်းမှာပေါ့"

"ဘယ်သူတဲ့လဲ"

"ဝဥ္စာဆိုလား"

"ဘာ!"

"အာ ... လန့်လိုက်တာကွာ။ ဘာဖြစ်ရပြန်တာလဲ"

"ဒါနဲ့ နေပါဦး ... ဝဥ္စာဆိုတာ ဝဥ္စာအောင်များလား"



"အေး"

သေစမ်း! ... စိတ်ထဲထင့်သွားသည့်အတိုင်းပင် အလတ်ကောင် 'ဝဥ္စာအောင်' မှ ဖြစ်နေရတယ်လို့။ ဘယ်လိုဖြစ်ပြီး သူ့မမောင်လေးနှင့် မှ 'မင်းခ' ၏ညီလေးက သူငယ်ချင်းဖြစ်နေရပါသလဲ။ အလတ်ကောင်က သူ့မထက် (၃) နှစ်ကျော်ငယ်တာမို့ 'မင်းခ' ၏ ညီလေးလည်း (၄) နှစ်ခန့်ငယ်မည်သာ။ သို့သော် ကြီးတာ ငယ်တာက အကြောင်းမဟုတ်ပါ။ သူ့မတို့အိမ်မှာ တစ်မိုးတည်းအတူ တည်းခိုရတာကမှ အကြောင်းမဟုတ်ပါလား။

"ကြည့်စမ်း! ... အလတ်ကောင်ဆိုတာနဲ့ မျက်စိမျက်နှာက မျက်ချင်နေပြီ။ ဣန္ဒြေလေး ဘာလေး ဆည်ပါဦး မြင့်မိုရ်ရာ"

"အလတ်ကောင်ဆိုတာ"

"ဝဥ္စာအောင်ကိုပြောတာလေ။ အဲဒါ ထက်မြက်ရဲ့မောင်အလတ်ပေါ့။ ဒီတော့ စဉ်းစားကြည့်ပေတော့ မင်းခရော။ ဒီကောင် ရှင်မပူဘဲ နေပါ့မလား"

"ဩော် ... ဒါလား"

"မဟုတ်ပါဘူးကွာ"

"ဘော်ဘော်ချင်း မဖုံးဖိချင်ပါနဲ့ကွာ။ မင်းခရဲ့ညီလေးက Model boy လို ခပ်မိုက်မိုက်လေးကွ။ ခင်းတို့အုပ်စုက ဆေး (၂) မှာ နာမည်သိပ်ကြီးနေတာ။ အလတ်ကောင်သာ ရုပ်ပြောင်လွန်းပြီး။ ဒီငတိလေးက အတော်စွံမယ့်ရုပ်လေး"

"နှိုင်းခက အေးပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရေခဲတုံးလေးက ဟိုပေါက်ကျော်မကိုမြင်ပြီး မမ ဆိုပြီး အရည်ပျော်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဟောကောင်!"

"ဟုတ်သားပဲ စိုးပိုင်ရာ။ မြင့်မိုရ်ကို စိတ်ပူအောင် မနှောက်စမ်းပါနဲ့"

Model boy လို ရုပ်ရည်လေးတဲ့လား။ 'မင်းခ' တို့အိမ်မှာ သွားလည်စဉ်က ခဏတဖြုတ် တွေ့ခဲ့ရပါသည့် ချာတိတ်လေးကို အာရုံထဲ ကွက်ခနဲမြင်ယောင်သွားမိရပါသည်။ အေးတာတော့ မှန်ပေမယ့် မျက်လုံးနှင့်အပြုံးက ချိုကာ စကားတွေအများကြီး ပြောနေသလို အဓိပ္ပာယ်ဆောင်နေတာပါလေ။ နုငယ်ပျိုမြစ်သည့် လူငယ်လေး ဖြစ်သည်ဟုတော့ သူ ဝန်ခံရပါ၏။

သို့သော် ရင်ပူရတာတော့ အမှန်ပါလေ။

✻

(၃)

ဟိုနေ့ကဝင်လာသည့်ကားပေါ်မှာ 'မိုးသူ' မှာလိုက်သည့် မစ္စည်းပုံး မပါလာသဖြင့် ဒီတစ်ရက် ထပ်စောင့်ရပြန်ပါ၏။ နေ့လယ် (၂) နာရီကားမို့ နေပူချိန်မှာ ရပ်စောင့်ရသဖြင့် မျက်နှာကိုတင်းထားမိလေသည်။ 'မိုးသူ' နှင့် တစ်စီးပွားတည်း အတူလုပ်ကြတာမို့ ဒီအလုပ်ကိုလည်း 'ထက်' မလုပ်မဖြစ် လုပ်နေရတာပါ။

"ပွမ်!"

"ဟော"

ကားကြီးဟွန်းသံကြောင့် လည်ကို ဆန့်လိုက်မိပါ၏။ ရန်ကုန်ကားကြီး တကယ်ဝင်လာပြီမို့ အားရှိသွားရလေသည်။ မစ္စည်းသယ်ပြီး ပြန်မှ နေ့လယ်စာ စားရမှာပါ။ ဗိုက်ထဲမှာ အတော်ဆာနေပြီမို့ ဒေါ်သက ထွက်လာရလေ၏။ 'ထက်' က ဗိုက်ဆာသည်နှင့် ကျင်ကြွမခံနိုင်ပါ။ ဝမ်းဗိုက်တွင်းမှ တဂွီဂွီအော်မြည်သံက လူကြားထဲမှာ အရှက်

www.burmeseclassic.com



ရစေတာ မဟုတ်ပါလား။

ဂိတ်ဆင်းသည့်ခရီးသည်တွေ ရှင်းသည်အထိ စောင့်ကာ ကုန်ချည်းသက်သက်ပို့လိုက်ပါသည့် စက္ကူပုံးတွေ ပုံချထားပါသည့် အပုံနားသို့ တင်လိုက်ပါသည်။ စပယ်ယာက ခရီးသည်အိတ်ကုန်သည် နှင့် နာမည် ကျုံးအော်တော့မှာ မဟုတ်လား။ ကိုယ်က စောရောက်နေမှ ပြဿနာရှင်းမှာပါ။

"မိုးမြင့်သူ ရှိလား"

"ဒီမှာရှိတယ်"

"ဪ . . . ဦးသက်အောင်ရဲ့သားလား။ ရော့ . . . ရော့ ဒီမှာ လက်မှတ်ထိုး"

လူကို ယောကျ်ားလေးဟုမြင်ပြီး ပြောလိုက်သဖြင့် ဘာမှ ပြန်မချေပတော့ပါ။ 'ထက်' ကလည်း ထိုသို့မြင်စေရန် အမြဲ ဝတ်ဆင် တတ်တာကို။ ကုန်ပို့စာရင်းစာရွက်မှာ 'မိုးသူ' ကိုယ်စား လက်မှတ် ထိုးလိုက်ရပါ၏။ ပြီးမှ စက္ကူပုံးကို မပြီး ဆိုင်ကယ်နောက်ခုံမှာ နိုင်လွန် ကြိုးဖြင့် ချည်ရန် ပြင်လိုက်ပါသည်။

"နေဦး . . . နေဦး။ ဦးသက်အောင်ရဲ့သားလေး"

"ဗျာ! "

"ဒေါက်တာမြင့်မိုရ်ဦးတို့နဲ့ အိမ်နီးတယ် မဟုတ်လား။ ဒီပုံး လေး လူကြုံပို့ပေးနော်"

"ဟာဗျာ . . . တခြားလူကိုပြော၊ ကျွန်တော်မအားဘူး"

"မင်းကလည်းကွာ . . . တစ်လမ်းလေးကျော်မှာရှိတာကို



ကူညီပါကွ"

"မကူနိုင်လို့ပေါ့ဗျာ"

ပေကပ်ကပ်ဖြင့် ပြန်ဖြေနေပါသည့် 'ထက်' အနီးသို့ စပယ် ယာ ကိုဗလကရောက်လာလေ၏။ လက်ထဲပိုက်ထားပါသည့် ပုံးက အတော်ကြီးသည့်မို့ မျက်လုံးပြူးသွားရလေသည်။ စိတ်ညစ်လိုက်တာ နော်။ ကိုယ်ချယ် 'ဒေါ်တင်တင်ဦး' ကို မတွေ့ချင်ကာမှ အဲဒီအိမ်ကို ဘယ်လိုများသွားရပါ့မလဲ။

"သွားပို့ပေးပါ ညီရာ။ သူတို့အိမ်မှာက မိန်းမသားတွေချည်းပဲ ။ အားကိုးဖို့ ယောကျ်ားလေးမှ မရှိတာ"

မျက်နှာကိုမဲ့လိုက်မိပါ၏၊ အားကိုးစရာတဲ့လား။ ဘာလို့ မရှိ ရမှာလဲ။ တစ်အိမ်လုံး ဖူးဖူးမှုတ် အားကိုးခဲ့ပါသည့် 'ကိုကိုမြင့်မိုရ်ဦး' တစ်ယောက်လုံး ရှိခဲ့တာပဲတာ။ အခုမှ အဝေးရောက်နေလို့ အားငယ် နေကြတာ မဟုတ်လား။ စာသင်ပေးခဲ့သည့် ကျေးဇူးကြောင့်သာ စိတ်ထဲမှာ အမုန်းစိတ်တွေ မထည့်ဖြစ်ခဲ့တာပါလေ။

ကျူရှင်မှာ စာအတော်ဆုံးဆိုပြီး (၈) တန်းကတည်းက သမီးထက်' ဆိုပြီး နှုတ်ဖျားက တတွတ်တွတ် အခေါ်ခံခဲ့ရသူပါ။ အထက်တန်းရောက်၍ အရေးကြီးကာမှပင် တိုက်တိုက်ဆိုင်ဆိုင် ကျောင်းပိတ်ရက်ရှည် အိမ်မှာပြန်နေသည့် 'ကိုကိုမြင့်မိုရ်ဦး' နှင့်ဆုံခဲ့ ရတာလေ။ အစ်ကိုမရှိသည့် သမီးဦးမို့ 'ကိုကို' အပေါ် အစ်ကိုလို သဘောထားခဲ့ပါလျက် မဟုတ်သည့်အထင်မြင်လွဲမှားမှုဖြင့် 'ထက်' အပေါ် အမြင်တွေ ပြောင်းခဲ့ကြတာ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတက်ဖော် သူငယ်ချင်းတွေရှေ့မှာ အပြောခံရပြီး အရှက်ကြီးရှက်ခဲ့ရကတည်းက ဤအိမ်သို့ ပြန်မလှည့်မကြည့်ဖြစ်အောင် စိတ်အနာကြီးနာခဲ့ရတာပါလေ။ လှတယ်ဆိုတာ၊ စာတော်တယ်ဆိုတာမျိုးက မနာလိုစရာမျိုးမှ မဟုတ်တဲ့။ မုန်းတီးစိတ်ဖြင့် သိုသိပ်ကျဉ့်မျိုးက 'ထက်မြက်ချို' ၏ရင်တွင်းမှာ လုံးဝမရှိခဲ့ပါ။ ရှင်းရှင်းဘွင်းဘွင်း ပြောချကျင့်ကြောင့် ယောကျ်ားစိတ်မျိုးဖြင့်သာ ရှင်သန်ခဲ့ရတာပါလေ။

"မသိဘူးဗျာ၊ မသွားချင်ဘူး"

"ညီကလည်း မင်းတို့ညီအစ်ကိုတွေ အဲဒီကျူရှင်ကပဲ စာမေးပွဲအောင်ခဲ့ကြတာ မဟုတ်လား။ ကိုယ့်ဆရာမရဲ့အိမ်ကို သွားပေးသင့်တာပေါ့"

အဲဒါကြောင့်မို့ကို မသွားချင်တာလေ။ ဒီလူကြီးကဖြင့် ဘာကိုမှ သေချာမသိပါဘဲ လူကို တီချယ်တို့အိမ်ကို အတင်းတွန်းပို့နေတာ မဟုတ်ပါလား။ ပြောနေရင်း ဆိုင်ကယ်ခြံကြားထဲသို့ လာတိုးထည့်နေပြီမို့ တားရလေ၏။ ဒီပုံစံနဲ့တော့ အဲဒီအိမ်ကို မသွားမဖြစ် သွားရတော့မှာပါ။

"နေဦး ... နေဦး။ အဲဒီလိုကြီးထားရင် ကျွန်တော် ဆိုင်ကယ် ဘယ်လိုမောင်းလို့ရမှာလဲဗျ။ ဒီနောက်မှာပဲ ထားပေး"

"အေးလေ ... ဒီလိုမှပေါ့။ ညီက လိမ္မာပါတယ်"

"ဒီမှာတင်ပေးပါ၊ ခဏလေး ဒါဖယ်ရဦးမယ်"

စောစောကပုံးကို ကြိုးပြန်ဖြည်လိုက်ရပါ၏။ တီချယ်တို့အိမ် အတွက်ပုံးကို အရင်ထားပြီးမှ 'မိုးသူ' ၏ ပုံးကို အပေါ်မှ ထပ်တင်လိုက်



နေလေသည်။ ကြိုးဖြင့် သေချာတုပ်ချည်ပြီး စိတ်ချရမှ ဆိုင်ကယ်ကို စက်နှိုး၍ မောင်းထွက်ခဲ့ရပါ၏။ အိမ်မှာအရင်ပို့ပေးပြီးမှသာ လူကြီးလည်းကို သွားပို့ရပေမည်။

လိမ္မာတယ်တဲ့လား။ ခေါင်းကို ဖွဖွပုတ်ပေးခဲ့ပါသည့် 'ကိုကို' ကို ဖျတ်ခနဲ သတိရမိသွားရလေ၏။ 'ကိုကို' လည်း ဤသို့ ဤနှယ် 'ထက်' ထက် အသက် (၅) နှစ်ခန့်ကြီးသည့်သူမို့ 'ထက်' ကို ညီမလေးနှယ် သံယောဇဉ်ရှိခဲ့မှာပါ။

မောင်ဖြစ်သူကို ဥစ္စာခြောက်ကြတာ၊ တစ်ဦးတည်းသောသူကို တွန့်တိုတတ်ကြတာက ကိစ္စမရှိပါ။ ငယ်နုသည့်နှလုံးသားကို ဆော်ရာရစေတာက မကောင်းတာပါပဲ။ ကြီးသူနှင့်ငယ်သူကြား ယောကျ်ားနှင့်မိန်းမ ဆန့်ကျင်ဘက်ကြားမှာ အဖြူရောင်ကြိုးတစ်စနှင့် ချည်နှောင်၍ မရနိုင်ဘူးတဲ့လား။

ရိုးသားခြင်း၊ ဖြူစင်ခြင်းဆိုသည့် အရာတို့ကို သူမိသားစု၏ မျက်လုံးတို့က မမြင်နိုင်ခဲ့ပါ။ ရိုးသားလို့ပဲ စကားကို ရဲရဲပြောဝံ့ခဲ့တာ၊ ဖြူစင်လို့ပဲ 'ကိုကို' ချပေးသည့်ပန်းတို့ကို လက်ခံခဲ့မိတာလေ။ 'မြင့်မိုရ်' နှင့် 'ထက်မြက်ချို' တို့၏ရင်တွင်းမှ အဖြူရောင်ပဝါစကို မည်သို့သော ရန်သူတွေက အရောင်ခြယ်ပေးခဲ့ကြပါသလဲ။

"တီ! ... တီ!"

"မိုးသူ ... လာယူဦး"

"ဟယ် ... ဝင်မလာနိုင်ဘူးလား"

"ငါ သွားစရာရှိသေးတယ်"

www.burmeseclassic.com

"ဘယ်ကိုလဲ"

"သိတဲ့အတိုင်း ခြေဦးမဲလှည့်ချင်တဲ့အိမ်"

"ဟောတော်! ... ဘယ်လိုကြီးလဲ"

"ပါဆယ်ပါလို့ဟော့"

"ထမင်းမစားရသေးဘူးဆို"

"ပြန်လာမှပဲ စားတော့မယ်"

"အဲဒါဆို ဆိုင်မှာပဲလာစားလေ။ မိုးသူတို့ ဂျင်းသုပ်သုပ်စားကြမလို့"

"ပြီးရော"

ဆိုင်ပြင်သို့ထွက်ယူသည့် 'မိုးသူ' ကို ပုံးပေးလိုက်ပြီး ဆိုင်ကယ်ကို ပြန်လှည့်မောင်းလိုက်ရပါ၏။ 'ထက်' သိပ်ကြိုက်လွန်းပါသည့် အဆိုတော် 'စိုးလွင်လွင်' ၏ သီချင်းစာသားလို "ဒီလမ်းထဲကို နောက်တစ်ခါ ဘယ်တော့မှမလာတော့ဘူး" ဟူသည့် စိတ်က အခုပင် ဖျက်ရချေပြီ။ စိတ်တိုလိုက်ပါဘိ။

ကျုံရှင်လမ်းထဲသို့ ဆိုင်ကယ်ကို ကွေ့ဝင်လိုက်ပါ၏။ အဖေါ် ဖြစ်သူတွေက အသက်ကြီးပြီမို့ စာမသင်နိုင်ကြတော့ပေမယ့် 'မတင်တင်ဦး'ကဖြင့် ခုထိ စာသင်နေဆဲပါ။ အခုလည်း ခြံဝရောက်စဉ်အထိ ကလေးတွေ စာဆိုသံကို ဆူဆူညံညံပင် ကြားနေရလေ၏။ ခြံထဲဝင်ရန် စိတ်ကူးမရှိသဖြင့် ခြံဝမှာတင် ဆိုင်ကယ်ကို ရပ်လိုက်ပါသည်။

"တီတီ! တီတီ!"

"ဟဲ့! ရှေ့မှာ ဘယ်သူလဲ။ ထွက်ကြည့်လိုက်ပါဦး"



"ထက်မြက်ပါ ကြီးကြီး။ ရန်ကုန်က ပစ္စည်းပို့လိုက်လို့ ယူလာပေးတာ"

ကြီးကြီး 'ဒေါ်သီတာ' ကိုတော့ ရှိသေရင်းစွဲရှိသူမို့ လှမ်းနှုတ်ဆက်လိုက်ရပါ၏။ အိမ်ရှေ့ခုံတန်းမှာထိုင်၍ ပုတီးစိပ်နေတာမို့ ကောင်းတတ်၍ နှုတ်ဆက်လိုက်ရတာပါ၏။ အိမ်ထဲမှ 'မတင်တင်ဦး' ထွက်လာလေ၏။ ပုံးကို ကြိုးဖြည်နေရသဖြင့် လှည့်မကြည့်မိပါလေ။

"ဩော် ... ဘယ်သူများလဲလို့ ထက်မြက်ကိုး"

"ရန်ကုန်ကားဝင်လာလို့ ပစ္စည်းသွားယူရင်း လူကြုံပေးလိုက်တာနဲ့ လာပို့ပေးတာပါ တီချယ်"

"အားနာလိုက်တာ ကလေးရယ် ... အိမ်ထဲဝင်ပါဦးလား"

"မဝင်တော့ပါဘူး ကြီးကြီး။ ထက်မြက်အလုပ်တွေရှိလို့ပါ။ သွားပါဦးမယ် တီချယ်"

"ဟဲ့! ... အလေးကြီး"

အိမ်ထဲထိ သယ်နိုင်းတော့မှာမှန်း သိနေပေမယ့် မကြားယောင်ဆောင်ကာ ဆိုင်ကယ်ကို ကွေ့ခဲ့တော့၏။ ဟုတ်တယ်လေ၊ ပတ်သက်ချင်၍ ဥပေက္ခာပြုထားခဲ့ပြီးမှတော့ ဘာများ လွမ်းစရာကျန်သေးလို့ပါလဲ။ လူကြီးပီပီ ဆုံးမချင်လည်း ကွယ်ရာမှာ တိုးတိုးတိတ်တိတ်ကျိတ်ပြီးဆူ၍ ရပါလျက် လူပုံအလယ်မှာ အလှမက်ရသလားဟု ပျစ်ပျစ်နှစ်နှစ် အပြောခံခဲ့ရတာလေ။

သနပ်ခါးလူးရုံလေး။ ဆံပင်အရှည်ထားရုံလေးကို အလှမက်သည်ဟု ဆိုနိုင်ပါမည်လား။ နှုတ်ခမ်းနီ ပါးနီ၊ မျက်ခုံးမျက်တောင်

www.burmeseclassic.com



ဘာဆို ဘာမှ မခြယ်သခဲ့ပါပဲ ဖေဖေထားနိုင်းလွန်း၍ ဒီဆံပင်တွေကို (၅) တန်းကတည်းက အရှည်ထားဖြစ်ခဲ့တာပါလေ။ ဆံပင်အုံကောင်းပြီး ခေါင်းလျှော်ရတိုင်း အချိန်ကြာတာမို့ စိတ်ညစ်ပေမယ့် ခေါင်းလျှော်လျှင်ဖြင့် ခြောက်အောင် ဖေဖေက ကိုယ်တိုင်သုတ်ပေးတတ်လေ၏။ ဒါကြောင့်မို့ ဆံပင်အတိုနေချင်ပေမယ့် မဖြတ်ဖြစ်ခဲ့ပါ။

သို့သော် တစ်နာရီခွဲမေးခွန်း စာမေးပွဲဖြေရစဉ် နာရီအကြည့်များခဲ့သည့် 'ထက်မြက်ချို' အတွက် ကျူရှင်ချိန် (၁၀) မိနစ်ခန့်လေးသာ နောက်ကျခဲ့ရတာကို အတန်းတင်စာမေးပွဲလို အရေးကြီးပုံစံဖြင့် စာဖြေချိန်မှာ ဆူပူအော်ငေါက်ခံခဲ့ရသည်က 'ထက်' ၏ နောက်ဆုံးရက်သာ ဖြစ်ခဲ့ရလေ၏။ မိဘတွေတားနေသည့်ကြားမှ အမြတ်တနိုးထားခဲ့ပါသည့် ဆံနွယ်တို့ကို အိမ်မှာပင် မျက်ရည်တစ်စက်မှမကျဘဲ ဖြတ်ချခဲ့သည်အထိ စိတ်ကို ယတိပြတ် ဆုံးဖြတ်ခဲ့သည်က 'ထက်မြက်ချို' ပင် မဟုတ်ပါလား။

ဆိုင်ကယ်ကိုမောင်းခဲ့ပြီး "နှင်းကေရီလှရိပ်မြုံ" ဆိုင်ရှေ့မှာ ရပ်လိုက်ပါ၏။ ဒီအချိန်က ဧည့်သည်တွေသိပ်မရှိတာမို့ 'မိုးသူ' တို့က အဆာပြေစားရန်အတွက် အချိန်ရတာအမှန်ပါပဲ။ 'မိုးသူ' တို့အတွက်က အဆာပြေ ဖြစ်ပေမယ့် 'ထက်' အတွက်ကဖြင့် အခုချိန်ထိ ထမင်းမစားရသေးသည့် အချိန်ပါလေ၏။

"ချစ်လေး"

"ဟော! ... အချိန်မီပါပဲလား။ ရေနွေးနှပ်ထားတာနဲ့ အတော်ပါ ထက်ရယ်"



"ဟိုကလေးတွေရော မစားကြဘူးလား"

"သမီးတို့က လက်ဖက်သုပ်နဲ့စားပြီးပြီ မထက်ရဲ့။ မမပဲ ထက်ကို စောင့်နေတာ"

"အဲဒါလေးတွေကြောင့် ချစ်နေရတာ"

"ဟင်းနော် ... ကိုကြီးမြင်ရင် နင်တော့နာဦးမယ်"

"နင့်ကိုကြီးက second ပါကွာ။ ငါကမှ first love"

လက်မကိုထောင်၍ ရင်ဘတ်တည့်တည့်ကိုထိပြီး မျက်ခုံးပင့် ာ ပြောလိုက်သဖြင့် 'မိုးသူ' နှင့် တပည့်မလေးများက ရယ်လေတော့ ချစ်သူရှိသည့် သူငယ်ချင်းကို ဒီလိုမျိုးပြောတိုင်း စိတ်မဆိုးပါဘဲ သောကျပြီး ပျော်ရွှင်ကြတာပါလေ။

"လာလေ ထက်ရဲ့ ... စားကြမယ်။ ထက်အတွက် မင်းပူပူ လေးချက်ပေးထားပါတယ်ရှင်"

"ဟိုလူကြီးသာသိရင် ဂျေဝင်တော့မှာပဲ"

"အသေအချာပေါ့"

'ဆွိတီ'က 'ထက်' အတွက် ထမင်းပူပူလေး ခပ်မောက် ာက်ကို ပန်းကန်ပြားထဲထည့်ပြီး ယူလာပေးတာမို့ ဗိုက်ဆာသာဖြင့် ည်သုပ်ဖြင့် အားပါးတရ စားလိုက်ပါ၏။ ခရမ်းချဉ်သီးနီနီလေးနှင့် ယ်သီးစိမ်း ပါးပါးလှီးထည့်ထားသလို ကြက်သွန်ဖြူခပ်သေးသေးကို ဖျာပေးထားသဖြင့် အဆင်သင့်စားလို့ရသွားတာပါ။ ကျေးဇူးအများ း တင်ပါတယ် သူငယ်ချင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ကားကို ဆေးရုံဝင်းကားပါကင်မှာ ဝင်လိုက်စဉ် သူ့ကား နောက်မှ ဝင်လာပါသည့် ကားအနီလေးက ဘေးမှာ ဝင်ရပ်လိုက်သဖြင့် စောင့်လိုက်ရပါသည်။ ကားတံခါးကိုဖွင့်၍ ဆင်းလိုက်စဉ် တစ်ဖက် ကားပေါ်မှ ဆင်းလာသည့် မိန်းကလေးကြောင့် ဆေးရုံဝင်းတစ်ခုလုံး လင်းထိန်သွားသည့်နှယ်ပါ။

မှန်ပါသည်။ ဒါ 'ဒေါက်တာယဉ်လေးနွယ်' ပါပဲ။ အပြုံးချိုချို လေးသံချွဲချွဲလေးနှင့်မို့ တစ်ဖက်လူကို အရည်ပျော်ကျလာအောင် အပြောစွမ်းရည်ပြည့်စုံသည့် မိန်းမချောလေးပါ။ သို့သော် 'မြင့်မိုရ်ဦး' ဟူသည့် သူ၏ နှလုံးသားကိုဖြင့် 'နွယ်' က မဖမ်းစား မညှို့ယူနိုင်သေး ပါချေ။

"Morning! ကိုဦး"

"Morning ပါ နွယ်"



"Canteen ဝင်ဦးမှာလား"

"No! ... ကိုယ် အိမ်မှာစားလာခဲ့ပြီးပြီ"

" 'နွယ်' ဘာမှ မစားရသေးရင် လိုက်ခဲ့ပေးမယ်" ဟု သူ ပြောဖြစ်ပါ။ အစဆွဲထုတ်မိပါက နောက်ဘက်မှ အရှည်က ရှိတော့ မည်မဟုတ်ပါ။ သူမကလည်း သူ့ကို အောက်ကျို့ပြီး ခေါ်ချင်ပုံမရပါ။ ပြုံးပြပြီး ညီနွယ်ပါဘဲ ဆေးရုံရှိရာဆီသို့ ကွန်ကရစ်လမ်းမှာ အတူလျှောက် ခဲ့ပါ၏။

"ဒီနှစ်ရော နယ်ကို ပြန်ဖြစ်ရဲ့လား"

"အင်း ... ကြိုးစားရမှာပေါ့"

"ကိုဦးကလည်းလေ ... ကိုယ့်ဇာတိကို ပြန်ရတာ ဒီလောက် ထိ စိတ်လေးနေရလား"

ပြောတတ်ပါပေ့။ စိတ်လေးလံရတာကို သူ့ထက် ဘယ်သူက သိမှာတဲ့လဲ။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ပြန်ချင်လည်း ပြန်ဖြစ်မှာပေါ့။ ဘယ်လိုဖြစ်ပြီး ဒါကိုပဲ စိတ်ဝင်တစား ဖြစ်နေကြပါသလဲ။ ဇာတိတူ သည့် 'စိုးဝိုင်' ပြောတော့ကတော့ ကိစ္စမရှိပါ။ 'နွယ်' က အဘယ့် ကြောင့် သိချင်နေရပါသလဲ။

ရင်တွင်းထဲမှ နှလုံးသားမှာဖြင့် 'ထက်မြက်ချို' ဆိုသည့် နာမည်တံဆိပ်ကြိုက် 'မြင့်မိုရ်ဦး' အတွက် ထာဝရ ရှင်သန်နေတုန်းပါပဲ။ အိမ်ထောင်ဖြစ်သူတွေ၏ အကြည့်နှင့် အိမ်မဖြစ်သူ၏အပြောတို့ကြောင့် ချစ်သူအဖြစ်လှမ်းသို့ မတိုးနိုင်ဘဲ တွေဝေစဉ်မှာ အကြည့်စိမ်းစိမ်းတို့ဖြင့် ပြောပေးသွားခဲ့သည်က သူ၏ 'အချစ်ဦး' တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဪ . . . ချာတိတ်ရယ်။

"အိမ်ပြန်လည်း အိမ်မှာ အမြဲမနေဖြစ်လို့ပါ နှယ်"

"ဘာလို့လဲ"

"အိမ်မှာ မမက ကျူရှင်သင်ပေး စာပြနေတာမို့ ဆူညံနေတာ
က အမြဲပဲလေ"

"ဪ"

ဆေးရုံရှေ့ရောက်လာပြီမို့ စကားပြောလက်စက ရပ်သွား
၏။ ဒါပဲလား သူတို့နှစ်ယောက်ကြားမှာ ဘာမှ ထွေထွေထူးထူး
ပြောစရာမရှိဘူးထင်ပါရဲ့။ ဆေးရုံထဲဝင်ခဲ့ပြီး လှေကားမှတက်လာ
Night duty ထွက်လာသည့် ဆရာဝန်တွေနှင့် သူနာပြုတို့က စ
တပြောပြောဖြင့် ဆင်းလာသည်နှင့် ဆုံလေ၏။

"ပြောတော့မဟုတ်ဘူးဆိုပြီး အခု အတူလာတာ မဟု
လား မြင့်မိုရ်"

"ကိုပိုင်ကတော့ လုပ်ပြီ၊ ကိုဦးနဲ့က ကားပါကင်မှာ ဆုံ
တာပါနော်"

"ဘာပဲဖြစ်ဖြစ် ဆုံတာက ဆုံတာပဲ မဟုတ်လား"

"ကိုမင်းက နည်းနည်းလေးတောင် ဝင်မပြောပါလား"

"မြင့်မိုရ်ပြောမှုလို့ ရှောင်တာပါ နှယ်ရာ"

"ကိုဦးက ဘာပြောလို့လဲ"

"ရှေ့နေခ ဘယ်လောက်ရမှာမို့လို့လဲတဲ့လေ"

'နေမင်းခ' ပခုံးတွန့်ပြရင်း ပြောလိုက်စဉ် 'နှယ့်'



မျက်စောင်းက သူ့ထံသို့ ရောက်လာလေ၏။ လှတဲ့မိန်းကလေးများ
မျက်စောင်းပဲခဲခဲ၊ မဲ့ပဲပြုပြု အလှက ပျက်မသွားတတ်ပါလေ။ ဒါကို
သိနေသည့် သူငယ်ချင်းတွေက သူနှင့် 'နှယ့်' ကို နီးစပ်ဖို့အတွက်
တွန်းအားပေးနေတာ မဟုတ်ပါလား။

"ဒါတော့ ကိုဦး လွန်တယ်"

"ကြည့်လုပ်ပေါ့ . . . ကောက်သွားလို့ ချော့မရမှ ဟုတ်ပေ့
ပဲ"

လှေကားမှဆင်းသွားတာတောင် လှည့်စနေပါသည့် 'နိုးပိုင်'
ကြောင့် သူ ပြုံးလိုက်မိလေ၏။ စာကြိုးစားရသည့်အရွယ်ကတည်းက
အချစ်ဆိုတာကို ရှာတွေ့ဖို့အချိန် ရှားပါးခဲ့ရတာအမှန်ပါ။ အမှတ်တမဲ့
ရှာတွေ့ခဲ့ရသည့် အချစ်စိတ်ကဖြင့် အချိန်အကြာကြီးမရှိပါဘဲ လေထဲ
မှာ ဖျတ်ခနဲ ပေါက်ကွဲတတ်သည့် ဆပ်ပြာပူပေါင်းနှယ် ရုတ်တရက်
ပျောက်ကွယ်ခဲ့ရတာ မဟုတ်ပါလား။

မင်းနဲ့ကိုယ့်ကြားမှာ ရင်ဘတ်ချင်းထိ အကြည့်ချင်းပြိုင်ဖို့အခွင့်က
အဘယ်မျှ နည်းပါးခဲ့ရပါသလဲ။ တရင်းတနှီးဖြင့် အချိန်အကြာကြီး
စကားပြောခွင့်က နည်းပါးခဲ့ရသလို အထက်တန်းအောင်စာရင်း သွား
ကြည့်ပေးတုန်းကသာ နာရီဝက်ခန့် အခွင့်ရခဲ့တာလေ။ အမှတ်မီပါ
လျက် ဆေးကျောင်းတက်ခိုင်းတာကို တုံ့ပြန်ချက်က ခပ်မဲ့မဲ့အပြုံးလေး
တဲ့လား။

"ဝါသနာမပါလို့ပါ" ဆိုသည့် ခပ်တိုတိုစကားဖြင့် ပြောသည့်
လေသံထဲမှာ နာကျင်မှုတွေပြည့်လျှံနေသလိုပါပဲ။ "ဆင်တွေ ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



ညှပ်လိုက်တာလဲ'' ဟူသည့် အမေးကိုဖြင့် အကြည့်စူးစူးတစ်ချက်ဖြင့်သာ ပြန်ဖြေခဲ့တာလေ။ စာကို ဖိဖိစီးစီးကျက်ခဲ့ရလို့လားဟုထင်ခဲ့သော်လည်း နောက်ဆုံးမှသိခဲ့ရသည့် သတင်းဆိုးကဖြင့် မမက ချာတိတ်ကို အရှက်ရစေခဲ့တာတဲ့လေ။

''ကိုဦး . . . ယောက်တော်! ခေါ်တာမကြားဘူး''

''ဟင် . . . ဘာပြောလိုက်တာလဲ''

''ပုပ္ပားတောင်က အရမ်းလှတာပဲဆို''

''အင်း''

''နွယ်ဖြင့် တစ်ခါမှ မရောက်ဖူးလို့ မေးကြည့်နေတာ။ ကိုဦးပြောတာ ဘာလမ်းဆိုလဲ၊ အရမ်းလှတာဆို''

''ဖျတ္တပန်းဆက်လမ်းကို ပြောတာ ထင်တယ်''

''ဟုတ်မယ် . . . ဟုတ်မယ်''

''လှတာပေါ့ နွယ်ရဲ့။ နွေရာသီဆို ပိုပြီးလှတယ်။ မြေသားဝါဝါလမ်းမရဲ့ဘေးမှာ စကားဝါပင်တွေ တန်းစီနေပြီး သိပ်မွှေးတာ''

''ဟယ်''

''နွယ်မြင်ရင် ပိုတောင်သဘောကျဦးမယ်။ အဲဒီလမ်းရဲ့ ဝန်းကျင်တစ်ခွင်လုံးက မသိရင် တံမြက်စည်းလှဲကျင်းထားပေးသလို အမှိုက်တစ်စမှ မရှိဘဲ သန့်ပြန့်သန့်ရှင်းနေတာနွယ်ရဲ့''

''ဟုတ်လား၊ မြင်ချင်လိုက်တာနော်''

''နွယ်က ပန်းကြိုက်လို့လား''

''ကြိုက်တာပေါ့ ကိုဦးရဲ့။ လောကမှာ ပန်းမကြိုက်တဲ့



မိန်းကလေး ဘယ်နှစ်ယောက်များရှိလဲ''

သူ ခေါင်းညိတ်လိုက်မိပါ၏။ 'ကလေး' လည်း ပန်းကို နှစ်သက်ခဲ့တာ မဟုတ်ပါလား။ ဆံနွယ်နုနုထက် မည်သည့်ပန်းကိုမျှ ပန်ဆင်ခဲ့သည်ကို မတွေ့ခဲ့ရသော်ငြား သူခူးပေးသည့် အိမ်ဝင်းခြံတွင်းမှ ပန်းခက်တို့ကိုဖြင့် တယုတယနှင့် လက်ခံခဲ့တာပါလေ။ ပန်းပေးမိလို့ပဲ အလုမ်းဝေးခဲ့ရပါသလား ချာတိတ်ရယ်။

''တာဝန်ထမ်းနေပြီမို့ သူများတွေလို ဒေသန္တရ ဗဟုသုတရှာဖို့ ခရီးထွက်တာတို့၊ ကုသိုလ်ရှာဖို့အတွက် ဘုရားဖူးထွက်တာတို့ကို မလုပ်နိုင်ဘူးလေ။ ကိုဦးတို့ကတော့ အနီးလေးမို့ ပုပ္ပားလည်းရောက်တယ်။ ပုဂံညောင်ဦးလည်း ဖူးဖြစ်တယ် မဟုတ်လား''

''အင်း . . . ဧည့်သည်တွေရောက်လာတဲ့အခါ လိုက်ပို့ရင်းပေါ့''

စိတ်ထဲမှ သတိရစိတ်က ပိုရှိတိုးလာရပါ၏။ အမှန်တကယ်မှာ အဲဒီလိုခရီးသည်တွေကို လိုက်ပို့ပေးပြီး ရာဇဝင်ဖြစ်ရပ်မှန်ကို ရှင်းလင်းပြပေးခဲ့သည်က 'ထက်မြက်ချို' ပါ။ ဆေးထိုးအပ်ကိုင်ရတာထက် Travel agent လုပ်ရတာ Guide လုပ်ရတာကိုမှ ဝါသနာပါသတဲ့လေ။ ထိုသို့သော မိန်းကလေးက မြန်မာဆန်ဆန် မှုဟန်တို့ပျောက်ကွယ်ပြီး ယောကျ်ားဆန်သွားရပါသလဲ။

''ကိုဦး''

''ပြောလေ''

''နွယ့်ကိုရော လိုက်မပို့ချင်ဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ပုပ္ပားကတော့ နေ့ချင်းပြန်လို့ ရတာပေါ့ နွယ်ရဲ့။ ပုဂံညောင်ဦးကိုတော့ နှစ်ရက်လောက် လည်ပြဖြစ်မှ နေရာစုံတာ။ အိမ်ကနေသွားတာထက် Hotel တည်းမှပဲ အဆင်ပြေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ စွယ်တော်လေးဆူကို တစ်မနက်တည်းနဲ့အပြီးရှာနိုင်ရင် တစ်ခုတည်းသော ဆုတောင်းက ပြည့်လို့ပေါ့"

"ကိုဦး တောင်းဖူးတယ်ပေါ့လေ"

သူ နှုတ်ဆိတ်သွားရပါ၏။ မတောင်းခဲ့ဘဲ နေပါ့မလား။ အဲဒီဆုတောင်းကဖြင့် အခု (၇) နှစ်ကျော်ချိန်မှာတောင် မပြည့်သေးနိုင်တာပါလေ။ စောင့်နိုင်သမျှ အချိန်အကြာကြီး စောင့်နိုင်ပါတယ် 'ထက်မြက်ချို'။ ပိုင်ဆိုင်ခွင့်ရဖို့ ထာဝရလက်ဆောင်က မင်းဆီမှာပဲ ရှိလို့ပါလေ။

"ဘာဆုများ တောင်းခဲ့လဲ"

"ဒါက Secret လေ"

"အမယ်"

"နွယ်က မစပ်စုတတ်ဘူး မဟုတ်လား"

"ဟုတ်ပါပြီ၊ မဖြေချင်လည်း အတင်းမမေးပါဘူးနော်၊ ဒီလောက်တော့ နွယ်လည်း အလိုက်သိပါတယ်"

"ဒါမျိုးက သူများကို ပြောပြမိရင် မပြည့်တော့ဘူးလို့ ဆိုတာ ရှိလို့ပါ နွယ်။ နွယ်လည်း အဲဒီရောက်လို့ ဘုရားဖူးဖြစ်ရင် တစ်ခုခုတော့ ဆုတောင်းဖြစ်မှာပါပဲ"

"ကိုဦး လိုက်ပို့ပေးရင်ပေါ့လေ"



အလို! . . . သူကိုယ်တိုင် လိုက်ပို့ပေးဖို့ စကားက လမ်းကြောင်းပေးနေပါရောလား။ တခြားသူငယ်ချင်းတွေတော့ ခေါ်ပြီး သူမတစ်ယောက်တည်းကိုကွက်ပြီး ချန်ခဲ့လို့မှ မရတာလေ။ အရှည်သဖြင့် ဇာတ်လမ်းတော့ မဖြစ်စေချင်ပါ။ 'နွယ်' ကိုမြင်လျှင်ဖြင့် အိမ်က လူကြီးတွေမျက်စိကျကြမှာ အသေအချာပါပဲ။

"ဘာလဲ မဖြစ်လို့လား"

"ဘာလို့ မဖြစ်ရမှာလဲ နွယ်ရဲ့။ အိမ်မှာတည်းပြီး ပုပ္ပားကို လိုက်ပို့ရင်း အဆင်ပြေပါတယ်။ ကိုယ်တို့မြို့တွင်း ဘုရားစုံရောပေါ့။ ပုဂံကိုတော့ ဟိုမှာ Hotel တစ်ညအိပ်မှ မပင်ပန်းမှာ"

"အင်းပေါ့လေ . . . ရောက်မှတော့ ဘုရားစုံနဲ့ ရာဇဝင်သမိုင်းကြောင်းကို ဂဃနဏသိမှ ဖြစ်မှာ"

သူ သက်ပြင်းကို ကျိတ်ရှိုက်မိလေတော့၏။ ဆုံဖို့ကိစ္စကုန်ရှိလာတော့မှာပါလား ချာတိတ်ရယ်။ ကိုယ့်ကို မမြင်ယောင်ဆောင်ပြီး ဘယ်အချိန်ထိ ရှောင်နေနိုင်မှာတဲ့လဲ။ ညှိသည်ပါလာကြတိုင်း အကူအညီတောင်းပြီး လိုက်ပို့ရှင်းပြပေးသည့် အလုပ်ကို တမင်ရွေးချယ်ခဲ့တာက မင်းပဲ မဟုတ်လား 'ထက်မြက်ချို'။

"ကိုယ်က အစုံတော့ ဘယ်သိပါ့မလဲ။ ဒါပေမဲ့ Guide လုပ်နိုင်တဲ့ ကလေးတော့ ရှိတယ်။ သူ့ကိုပါ ခေါ်ရုံပေါ့"

"ကလေး"

"အင်း . . . ကလေးဆိုတာက (၂၃) ကျော်ကျော်ပေါ့။ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးလား"

သူ ပြုံးလိုက်မိပါ၏။ ထုံ့သည့်အတိုင်း မေးတော့တာပါပဲလား။ မဟာဆန်သည့် အလှမျိုးမရှိတော့တာမို့ မိန်းကလေးဟု ပြောလျှင် ယုံမည့်သူ မရှိတော့ပါ။ 'ထက်' ဟု ပြောနေကျမှ 'ကျွန်တော်' ဟူသည့်အသုံးကို လျှာမထောက်ဘဲ ပြောကျင့်ရခဲ့တာ အံ့ဩစရာပါပဲ။ မည်သို့သောအရာကို အနာကြီးနာကျင်သွားရပြီး ကပြောင်းကပြန်ဖြစ်အောင် လုပ်ခဲ့ရပါသလဲ။

"ယောက်ျားလျာ"

"ဟယ်! ... အဲဒါမျိုးကြီးနဲ့တော့ ခရီးအတူမသွားချင်ပါဘူး။ စိတ်ရှုပ်စရာကြီး"

"နွယ့်အတွက် save ဖြစ်မယ့် Guide မျိုးပို့ပါ။ ချာတိတ်က တိုက်ကွမ်ဒိုတို့ ဘာတို့လည်း တတ်ထားပြီးသားလေ"

"ညွန်းလိုက်တာ"

"ဩော် ... မမရဲ့တပည့်လေးမို့ ကိုယ်တို့မျက်စိရှေ့တင် ကြီးပြင်းလာတာဆိုတော့ သူ့ character ဘယ်လိုရှိလဲဆိုတာကအစ သိတယ်လေ"

"ကိုဦးနဲ့ အတော်ရင်းနှီးတဲ့သဘောပေါ့လေ"

သူ နှုတ်ဆိတ်သွားရပါ၏။ ရင်းနှီးသတဲ့လား။ မျက်ဝန်းချင်းတော့ စကားလုံးပေါင်းမြောက်မြားစွာ ပြောဖြစ်ခဲ့ပြီး လက်တွေ့မှာဖြင့် အနည်းငယ်သာ ပြောဖြစ်ခဲ့တာလေ။ ဒီထက်ပိုပြီး အချိန်သာရခဲ့လျှင် "ချစ်တယ်" ဟူသည့် ကမ္ဘာဦးရည်းစားစကားတစ်ခွန်းကို ပြောဖြစ်



ခဲ့ပြည်သာ။ တကယ်ပဲ အမြတ်တနိုး တန်ဘိုးထားပြီး ချစ်ခဲ့တာပါ ချာတိတ်ရယ်။

"ဆိုပါတော့"

"လှလား"

"နွယ်တွေ့တော့ ကြည့်ပေါ့"

မျက်စောင်းခဲပြန်လေ၏။ Schedue စာရွက်ကို သွားကြည့်သော် Operation ဝင်ရန် အစီအစဉ်ရှိတာမို့ နာရီကို ကြည့်လိုက်ရပါသည်။ မနက် (၁၀) နာရီခွဲ လူနာရှိနေသည် မဟုတ်ပါလား။ လောကကြီးက မတရားပါလား။ ဤသို့ အတူတူ ခွဲခန်းဝင်ရတာ၊ လူနာတွေ သိုက်ကြည့်ပေးရတာ၊ အားပေးစကားဖြင့် နှစ်သိမ့်ပေးလျက် ဆေးကုသပေးရတာမျိုးက 'ယဉ်လေးနွယ်' နေရာမှာ မင်းသာရှိခဲ့လျှင် အဘယ်မျှ ကောင်းလိုက်မလဲ။

ဩော် ... 'ကလေး' ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ဖေဖေ့ဝပ်ရှော့ခ်မှာ အလုပ်သမားတွေကို လခပေးရန် စာရင်းလုပ်နေစဉ် Phone သံကြားရပါ၏။ ငွေစာရင်းများမှာစိုးသဖြင့် 'ထက်'က ဆိုင်တယ်လီဖုန်းကို မကိုင်ဖြစ်ပါ။ ဖေဖေက ပြင်နေသည့် ကားအင်ဂျင်ကို သေချာစစ်ဆေးရင်း လှည့်ကြည့်လေသည်။ 'ထက်' အလုပ်ရှုပ်နေမှန်းသိသဖြင့် ကားရှေ့မှ ထလာလေတော့၏။

"သမီးကြီး"

"ရှာ"

"အေးအေး လုပ်လုပ်၊ ဖေဖေပဲ ကိုင်ပါ့မယ်။ ဟယ်လို! အေး ဟုတ်တယ်"

အလုပ်ဆင်းရက်၊ နားရက်၊ ပျက်ရက်နှင့် Bonus ငွေကအစ အမှားမရှိအောင် ပြန်စစ်ပြီး စိတ်ချသွားမှပင် လက်ထဲမှ calculator ကို ချလိုက်ရပါ၏။ အိမ်ပြန်လျှင် ဒီလယ်ဂျာစာရင်းအတိုင်း



စာအိတ်တွေထဲကို နာမည်စာရင်းဖြင့် လခငွေထည့်ပေးရမှာပါ။ 'မိုးသူ' ဆိုင်မှာက အလုပ်သမားနည်းသဖြင့် ဒီလောက် အလုပ်မရှုပ်စာရင်း လေ့လုပ်ပါ။ ဒီမှာက အယောက် (၂၀) နီးပါးရှိသဖြင့် ဂရုစိုက်၍ လုပ်ပေးရလေသည်။

"အလုပ်တော့ရှုပ်ပြီ သမီးရေ"

"Second လား ဖေဖေ"

"ပြန်ရောင်းမယ့်ကားကိုက ဖေဖေပဲ သွားကြည့်လိုက်မယ်။ သမီးက ရန်ကုန်ကို သွားရမှာ"

"ဟင်!. . . ရန်ကုန်"

"အေး"

"ဘယ်သူက မှာလို့လဲ"

"သူပြောတဲ့ကားက ဟိုနား ဒီနား ရှာဝယ်လို့မှ မရတာ။ ရန်ကုန်မှာပဲရှိတယ် သမီးရဲ့"

"ကျွန်တော် သွားလို့ အဆင်ပြေပါ့မလား ဖေဖေရဲ့"

"ပြေပါတယ် သမီးရာ။ ဟိုမှာ ဖေဖေ့မိတ်ဆွေ ကုမ္ပဏီမှာ [illegible]မှာပဲ။ စက်စမ်းပြီး ကြည့်ရွေးရုံပဲဟာ။ ပိုက်ဆံကိုတော့ ဘဏ်က [illegible]ပဲ ရှင်းပေးလိုက်မယ်။ ကိုဒယ်နီ့ကို ဖေဖေ ကြိုပြောလိုက်မှာပါ"

"ပြီးရောလေ။ ကားဝယ်တဲ့သူကလည်း ကိုယ့်တာသာကိုယ် ရန်ကုန်ဆင်းပြီး ဝယ်တာမဟုတ်ဘူး"

"သြော် . . . အချိန်မအားလို့ပေါ့ သမီးရယ်။ သူကလေးမွေး[illegible]အတွက် ဝယ်ပေးတာဆိုလားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းလိုက်တာ"

"ငွေရှိတော့လည်း ဝယ်ပေးနိုင်တာပေါ့"

မှန်ပါသည်။ ငွေပေါသည့်လူတွေကဖြင့် ငွေကို ရေလိုသုံးသည့်နှယ် ဖောဖောသီသီကို ဖြုန်းကြတာပါ။ 'ထက်' တို့အိမ်မှာဖြင့် အိမ်ရှိလူအကုန်လုံး မရှာကြပေမယ့် ရှာသည့်လူတွေက ကြိုးစားရှာကြသလို သုံးသည့်သူတွေကလည်း ချွေတာသုံးစွဲတတ်တာမို့ တော်ပါသေး၏။ 'မိချို' ၏ခင်ပွန်းက GTC ဆင်း အငယ်တန်း အင်ဂျင်နီယာမို့ လုံလောက်အောင် ငွေရှာနိုင်ပေမယ့် သမီးလေးအတွက်ကဖြင့် အဘိုးဖြစ်သူနှင့် ဒီအဒေါ်က လိုလေသေးမရှိအောင် ပံ့ပိုးနိုင်တာကြောင့် အငယ်မက ငွေပိုစုဆောင်းနိုင်လေသည်။ လက်အဖျားဆုံးက 'ထက်' နှင့် ဒီလတ်ကောင်ဆေးကျောင်းသားပင် မဟုတ်ပါလား။

"သမီးကြီးသွားရင် အလတ်ကောင်အတွက် ယူသွားစရာရှိတာတွေ သွားပို့လိုက်ဦး"

"အာ ... ဘုစုခရုတွေ သယ်မသွားနိုင်ပါဘူး။ မြန်မြန်သွား မြန်မြန်ပြန်ရမယ့်ဟာ"

"ကိုယ့်မောင်လေးတောင် မချစ်ဘူးလား"

"ဖေဖေ့သားချည့်ဖတ်က အတော်ချစ်စရာကောင်းတာကိုး"

မယူသွားချင်လည်း မေမေက မဖြစ်မနေ ထည့်ပေးလိုက်မှာ အသေအချာပါ။ ရန်ကုန်ဆိုသည်နှင့် ဟိုမှာ အလုပ်လုပ်နေပါသည့် 'ထက်' သူငယ်ချင်း 'ငယ်လေး' အတွက်ကိုပါ ဘာစားချင်သလဲ လှမ်းမှာပြီး ကြော်လှော်ပေးတော့တာ မဟုတ်ပါလား။ မေမေနှင့် 'မိချို'



ချက်သမျှ နှိုက်မြည်းရုံကလွဲပြီး အိမ်မှုကိစ္စကို 'ထက်' မနှောင့်ယှက်ပါလေ။

"သွားရင်လည်း ဒင်းကို အဆောင်မှာရှိဖို့ မှာထားရဦးမယ်။ အမြဲတမ်း သဝေထိုးနေလို့"

"ယောကျ်ားလေးပဲ သမီးရာ၊ ဒီလောက်တော့ရှိမှာပေါ့"

"ဆေးကျောင်းသား ဖေဖေရဲ့၊ ဆေးကျောင်းသား။ စာအုပ်နဲ့ မျက်နှာမခွာနိုင်မှ တော်ရုံပဲရှိမှာ ဒီကောင့်ပုံစံနဲ့ ဆေးဘယ်လိုများ ကုစားမလဲ မသိဘူး။ လူနာကို ဟာသတွေပြောရင်တော့ ရောဂါပျောက်မှာထက် အသက်ပျောက်ဖို့က ပိုနီးစပ်တယ်"

အနီးနားရှိ စက်ပြင်သမားတွေ ပြုံးကုန်ကြလေ၏။ တုတ်ပါသည်။ 'ဝဍ္ဍာအောင်' ဆိုတာ နည်းနည်းမှ တိတ်ဆိတ်ငြိမ်သက်တာမျိုး မရှိတဲ့ အနီးနားရှိလူကို လိုက်ကလိတတ်တာပါလေ။ ရွှတ်နောက်နောက်နှင့် ပျော်ပျော်နေတတ်သည့် မျက်နှာဖောင်းဖောင်း ခပ်ပြည့်ပြည့် ကောင်လေးကို ဆေးကျောင်းသားဟု မည်သူမှ မထင်ကြတာ အမှန်ပါပဲ။

"ဆရာမတို့အိမ်ကိုလည်း ဝင်မေးသွားဦးနော်။ ဆရာဝန်လေးအတွက် ပေးစရာရှိလားလို့"

မျက်နှာကို ရှုံ့တွလိုက်မိတော့၏။ ရှိသမျှ မြို့ကလူတွေကို ဆွေမျိုးချည်းထင်နေလားမသိတော့ပါ။ မောင်ဖြစ်သူနှင့် သူငယ်ချင်းအတွက် သယ်သွားရမှာတောင် ဝန်လေးပါတယ်ဆိုမှ အဲဒီသိမ်းကို သွားခိုင်းနေပြန်ပါပြီ။ စိတ်ကို ကြည်ကြည်လေးထားချင်ပါတယ်ဆိုမှ

www.burmeseclassic.com

www.burmeseclassic.com



နောက်လာတော့မှာပါပဲ။

"တီချယ်တို့အိမ်နဲ့ မပတ်သက်ချင်ပါဘူးဗျာ"

"သမီးနော်၊ ပညာသင်ပေးခဲ့တဲ့ ကျေးဇူးတွေကို ထောက်ဦး မှပေါ့။ နင်တို့မောင်နှမတွေ အဲဒီကျူရှင်တက်ပြီး ထူးထူးချွန်ချွန် အောင်လာကြတာ မဟုတ်လား"

"ဖေဖေ မသိပါဘူး"

"ဘာလို့မသိရမှာလဲ၊ အကုန်သိတယ်၊ အရင်ကတော့ ကိုကိုလို့ ခေါ်ခဲ့ပြီး အခုမှ အချိုးပြောင်းသွားတာ"

"ဟာဗျာ"

ဖေဖေက သူစိမ်းတွေရှေ့မှာတင် ထက်ကို ချစ်စနိုးဖြင့် နောက်လိုက်လေတော့၏။ ပြောလည်းပြော၊ တဟားဟားနှင့်လည်း အော်ရယ်နေသဖြင့် နေရခက်လာရလေသည်။ 'ကိုကို' လို့ ခေါ်ခဲ့တာ တဲ့။ အမှန်ပြောတော့လည်း မခံရပ်နိုင်တာ လူ့သဘာဝပင် မဟုတ်ပါ လား။

"ကျွန်တော်ပြန်တော့မယ် ဖေဖေရာ"

"လခကိစ္စကို ပြတ်အောင်ဖြတ်ခဲ့ဦးနော်"

"အင်းပါ"

လစာပေးရမည့်စာအုပ်ကို လက်မှကိုင်ပြီး အံဆွဲကို သော့ ခတ်လိုက်ပါ၏။ ရုံးခန်းရှေ့တံခါးဖွင့်ကာ အလုပ်လုပ်နေတာမို့ တံခါးကို ပြန်စေ့ခဲ့ပြီး ဝင်းနောက်ဘက်သို့ လျှောက်ခဲ့ရလေသည်။ ခြံနှစ်ဝင်း၏ အနောက်ဘက်မှာမှ တံခါးအသေးဖောက်ပြီး အလုပ်ဝပ်ရှော်မို့ လမ်း



ကိုပတ်ပြီး လျှောက်စရာမလိုတော့ပါချေ။

ခြံတံခါးအသေးလေးကိုဖွင့်၍ 'ထက်' တို့ခြံဝင်းထဲသို့ ရောက် လာပါ၏။ ခြံထဲမှာ နိုင်လွန်ကြိုးတွေ တန်းထားပြီး 'မိုးသူ' ၏ဆိုင်မှ အလုပ်လုပ်သည့်ပစ္စည်း တဘက်တွေ၊ လည်ပတ်သားရှေပြားတွေကို လျှော်ဖွပ်ပြီး လှန်းထားသည်က အစီအရီဖြစ်နေပါသည်။ မနက်အစော ကြီးထလျှော်ပြီး လှန်းထားပုံပါ။ ဝီရိယရှိသည့်နေရာမှာဖြင့် 'ထက်' ထက် 'မိုးသူ' က ပိုနေတတ်တာ အမှန်ပါပဲ။

"ဆာလိုက်တာ"

"သိပါတယ်နော်။ ဒီလိုပဲပြောမယ်ဆိုတာ ထမင်းပွဲက အဆင် သင့်ပါပဲ"

"မေမေရော"

"မေမေက ဖေဖေနဲ့အတူ စားနှင့်ပြီးပြီ။ ချိုတို့နှစ်ယောက်ပဲ ကျန်တာ"

ထမင်းစားရန် အဖော်ရှိသွားသဖြင့် ခေါင်းညိတ်လိုက်မိပါ၏။ ဒီဆိုချောင်ရှိ ဘေစင်မှာပင် လက်ကို သေချာဆေးလိုက်ပါသည်။ ထမင်းစားပွဲထက်မှာ အတို့အမြှုပ်၊ ငါးပိချက်နှင့် ထမင်းနံ့က မွှေးနေ လေသည်။ 'မိချို' က ထမင်းမှုပူသာ အမြဲတမ်း စားတတ်သည့် 'ထက်' အကျင့်ကို သိပြီးသား မဟုတ်ပါလား။

"ယောက်ဖ . . . ဘယ်တော့ပြန်လာမှာလဲ"

"မပြန်အားဘူးတဲ့။ အခုမှ ဆိုက်အသစ် စလပ်စတောင်းတာ ဆိုလားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်း လုပ်ဦးနော်၊ အကြာကြီးပစ်မထားနဲ့"

"အံမယ် ... သူ့အကြောင်း ငါအသိဆုံးပါနော်။ ရုတ်ရုတ်လုပ်လိုက်ကတော့ အသေပဲ"

ညီအစ်မနှစ်ယောက် ထမင်းအတူစားရင်း စကားကောင်းပြောဖြစ်ပါ၏။ အမှန်က 'နေလင်းအောင်' ကို 'ထက်' က ခဲအိုပေါက်စဟု သာခေါ်ရမည်သာ။ 'ထက်' က ထိုသို့မခေါ်ဖြစ်ဘဲ မောင်တွေခေါ်သည့်အတိုင်း 'ယောက်ဖ'ဟုသာ ရောခေါ်ဖြစ်လေ၏။ 'မိချို' က သူ့ယောက်ျားထက် အသက်လည်း ငယ်သဖြင့် ပိုနိုင်စားတတ်လေသည်။ ခက်တာက ယောက်ျားဟူသည့်အမျိုးက မျက်မြင်ကွယ်ရာဆိုတစ်မျိုး ဖြစ်တတ်ကြတာ မဟုတ်လား။

"ငါ့ကို လိုက်ပူမနေနဲ့။ ကိုလင်းကို ငါယုံသလို သူလည်း ငါ့ကိုယုံလို့ ဝေးဝေးနေနိုင်တာ မထက်ရဲ့။ နင်သာ တစ်ယောက်တလေ သီးသန့်ရွေးပါဦး။ ဒီအတိုင်းကြီး နေသွားတော့မှာလား"

"ငါက ဘာဖြစ်နေလို့လဲ"

"အဲဒါပဲ ... အဲဒါကြောင့် ဖေဖေတို့ တိုင်ပင်နေကြတာ"

"ဘာကိုတိုင်ပင်တာလဲ"

"နင့်ကို အိမ်ထောင်ပြုပေးဖို့ပေါ့"

"အာ ... ရှုပ်ရှုပ်ယှက်ယှက်"

"(၂၄) ဆိုတာ မငယ်တော့ဘူးဟဲ့။ နင် ဒီထက် အရွယ်လွန်လို့ ဟိုင်းသွားရင် သွားပြီးပဲ။ ယူမယ့်သူတစ်ယောက်မှမရှိတော့ဘူး။ ပုံစံက အခုထိ မပြောင်းသေးဘူး။ ဒီလိုပုံစံကို ဘယ်သူက သဘောကျနေတာလဲ"



"ဒါ ... ငါ့ကိစ္စပါ။ နင့်အပူမပါပါဘူး"

တွေ့လား ... ပြောနေရင်း စကားကများပြန်ချေပြီ။ 'မိချို' နှင့် 'ထက်' က အမြဲတမ်း ဒီလိုပင် မဟုတ်ပါလား။ အငယ်ဖြစ်သူက စေတနာနှင့်ပြောနေပေမယ့် ဆရာလုပ်တာကို မနှစ်မြို့က်သည့် 'ထက်' အတွက်ကဖြင့် အနှောင့်အယှက်ဟုပင် မြင်နေတတ်တာပါ။ ညီမဖြစ်သူကို စိုးရိမ်ပြီး သတိပေးခိုကာမှ ကိုယ့်ကို လက်ညှိုးညွှန်တာ ခံရတယ်လို့။

"ဖေဖေက ပြောမနိုင်လို့ လွှတ်ထားတာလေ။ မေမေ့ကိုနင် မသနားဘူးလား"

"ဘာကိစ္စ သနားရမှာလဲ။ ဒီလောက် လိုလေသေးမရှိအောင်ထားတဲ့ဟာ"

"အဲဒါကိုပြောနေတာမှ မဟုတ်တာ။ နင့်ဘော်ဒါတွေဆိုမှန်းချင်ကြတဲ့လူတွေ အပြိုင်အဆိုင်ပဲ။ နင်ပဲ ချောင်ထိုးခံထားရတာ။ မေမေမျက်နှာငယ်ရတာ နင်မှမမြင်ဘဲ။ ငါက အမြဲလိုက်နေရလို့ သိတယ်။ မမြချိုက သားတွေပဲ အိမ်ထောင်ပြုပေးရမယ်ထင်တယ်တဲ့လေ"

လူတွေအကြောင်းတော့ ပြောကိုမပြောချင်တော့ပါ။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်းပြောမှ အိပ်ပျော်ကြတာ မဟုတ်လား။ အရင်တုန်းကဖြင့် "မမြချိုသမီးကြီးကလေ" ဆိုပြီး ဘယ်လိုထည့်တာ၊ ဘယ်လောက်ထက်မြက်တာဟူ၍ ပြောခဲ့သည့်လူတွေက ခုတော့ အချိုးပြောင်းသွားတော့တာပါ။ သူတို့အလိုက နေပြရအောင်

www.burmeseclassic.com



လည်း 'ထက်' က နဂိုကတည်းက အရွဲ့တိုက်ကျင့်ရှိခဲ့သည် မဟုတ်လား။

"လူတွေအကြောင်း ခေါင်းထဲမထည့်စမ်းပါနဲ့ဟာ"

"ဟိုသွားကာနီး ဆံပင်လေး ဘာလေး ပုံသွင်းသွားဦး။ အလတ်ကောင်တွေ့ရင် ပြောနေဦးမယ်"

"ငါက အလှပြဖို့သွားတာမှ မဟုတ်တာ"

"ဒါတော့ . . . ဒါပေါ့။ တော်ကြာ မိန်းကလေးလို့ မမြင်ဘဲ ပန်းဖက်လား ဘာလားတွေ ဖြစ်ကုန်မှာစိုးလို့ သတိပေးရတာ"

အငယ်မကို မျက်စောင်းခဲလိုက်မိပါ၏။ တော်ရုံဆို ဖျတ်ခနဲ ကြည့်ရုံနှင့် 'ထက်' ကို မိန်းကလေးဟု မမြင်ကြတော့တာလေ။ အရင်ကဖြင့် ရှင်မတောင်သနပ်ခါးကို ဖုံနေအောင် လူးခဲ့ပါသည့် ညိုချောမလေးက ခုတော့ဖြင့် ချွေးတစိုစို ဖုံအလူးလူးနှင့် ဖြစ်သလို နေတတ်တော့သဖြင့် မျက်နှာလည်း ကြမ်းထော်နေချေပြီ။

"ဟော! သမီးကြီးရှိနေလား။ အတော်ပဲ၊ နင့်ဆရာမအိမ်က လူကြုံထည့်ပေးလိုက်စရာရှိလို့ လာယူပါတဲ့၊ မှာလိုက်တယ်"

"လုပ်ပြန်ပြီ မေမေကလည်းဗျာ"

"ကူညီရမှာပေါ့ သမီးရယ်။ ကိုယ့်ဆရာမတွေပဲကို ရန်ကုန်ဆိုတာ သူတို့က သိပ်ရောက်ကြတာမှ မဟုတ်တာ"

လူကြုံပေးဦးမတဲ့။ အခုတော့ မောင်ဖြစ်သူနဲ့ 'ထက်' ကို စိတ်မချမဖြစ်တော့ဘူးပေါ့လေ။ ရုပ်ကြမ်းကြီးနဲ့ ပေါက်ကျော်မကို 'ကိုကိုမြင့်မိုရ်ဦး' က မျက်စိဘယ်ကျပါတော့မလဲ၊ ရန်ကုန်သူ အချော



[illegible]တွေ ကြားမှာ ဖျာမျှားနေပြီပေါ့။ အလတ်ကောင်တောင်မှ အညာ[illegible]ဆို စိတ်ကူးထဲမရှိဟူ၍ မကြာခဏ ရွှေ့တတ်တာလေ။ 'ထက်' [illegible]ဆောင်နှမထဲမှာ 'ဝဠာ' တစ်ယောက်ပဲ အသားဖြူတာမို့ ဒင်းက [illegible]နေတာမှာ လူချောပေကိုး။

*

www.burmeseclassic.com



## (၆)

ရေချိုးခန်းမှ ထွက်လိုက်စဉ် အိမ်အောက်ထပ်မှာ ဆူညံနေသဖြင့် လှေကားမှ သူငုံ့၍ ကြည့်လိုက်မိ၏။ Off ရက်ကို စောစောစီးစီး ဘယ်သူများ ရောက်လာပြန်ပါလိမ့်။ ဒီမှာက သူ့ဘကြီး 'တရားသူကြီး ဦးသိန်းမောင်' အိမ်မို့ စည်းကမ်းကြီးပြီး တိတ်ဆိတ်လွန်းသည့် အိမ်မျိုးပါလေ။

"သားရေ! ပြီးရင် ဆင်းလာခဲ့လေကွယ်"

"ဟုတ်ကဲ့ ကြီးမေ၊ ခဏလေးပါ"

'ကြီးကြီးဒေါ်လှမေ' ကို အသံပြန်ပေးလိုက်ပြီး အိပ်ခန်းရှိရာဆီ ဝင်ကာ အဝတ်အစား အမြန်လဲလိုက်ရပါ၏။ အပြင်လည်း ထွက်နိုင်သဖြင့် သင့်လျော်မည့်အဝတ်ကို ရွေးဝတ်ဖြစ်လေသည်။ ဆော့မသွားရသည့်ရက်မှာမှ ပုဆိုးဝတ်ဖြစ်၍ နက်ပြာရောင်ကိုသာ ရွေးလိုက်ပါ၏။ ဆံပင်ကို ရေခြောက်အောင် သုတ်လျက် Hair coat အနည်းငယ်လိမ်းလျက် ခေါင်းဖြီးလိုက်ပါသည်။ ပြီးနောက် ခေါက်ပိုက်ဆံအိတ်နှင့် phone ကိုယူ၍ အောက်ထပ်သို့ ဆင်းခဲ့လေ၏။

"ဟော!... လာပါပြီ"

"Off ရက်လေး နားမယ်မရှိဘူး။ ဒါက ဘယ်သွားကြမလို့လဲ"

"ဖိတ်ထားတဲ့အိမ်ကိုပေါ့"

"ဘယ်သူ့အိမ်လဲ"

"နွယ့်အိမ်"

ကြီးမေက ပြုံးမြမြဖြင့် သူ့ကို လှည့်ကြည့်လိုက်လေ၏။ 'နေမင်းခံ' နှင့် 'စိုးဝိုင်' က ရှိုးအပြည့်နှင့်ပါပဲလား။ 'နွယ့်' အိမ်ဆိုသည်နှင့် သူ တွန့်ခနဲ ဖြစ်သွားရတော့တာပါ။ နေ့တိုင်းနီးပါး မြင်နေရတာဘောင်မှ အိမ်ကို ဖိတ်သေးသတဲ့။ ဘာအကြောင်းနှင့်များပါလိမ့်။ သူတစ်ယောက်တည်း ရွေးပြီး မဖိတ်တာကိုပဲ ကျေးဇူးတင်ရမယ် ထင်ပါရဲ့။

"နွယ်က"

"အေးလေ... သူ့မွေးနေ့မို့ သူငယ်ချင်းတွေကိုပဲ ဖိတ်လိုက်တာတဲ့"

"ငါ့ကို ဘာမှ ကြိုမပြောပါလား"

"မင်း သိမယ်ထင်လို့ ဖြစ်မှာပေါ့"

"မွေးနေ့ဆိုတော့ လက်ချည်းပဲ သွားလို့ ဘယ်သင့်တော်ပါ့မလဲ သားရဲ့။ လက်ဆောင်တစ်ခုခု ဝယ်သွားမှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုသိလို့ နှယ်က ဘာဆိုဘာမှ ဝယ်မလာဖို့ မှာတာပေါ့ ကြီးမေ။ နှယ့်အကြောင်းလည်း ကြီးမေသိမှာပါ"

"ငါတို့ဆီက မမျှော်ပေမယ့် မင်းဆီက လိုချင်တာတော့ ရှိမှာပေါ့ မြင့်မိုရ်"

"ဟုတ်သားပဲ၊ သားဝယ်ဖြစ်အောင် ဝယ်သွားလိုက်နော်"

ခက်တာပဲ၊ ဘာမဆို ပြည့်စုံနေပါသည့် သူမကို မည်သို့သော လက်ဆောင်မျိုး ပေးသင့်ပါသနည်း။ မလိုဘူးဟု ပြောပေမယ့် လက်ထဲမှာ ဘာမှမပါဘဲ သွားလျှင်ဖြင့် 'နှယ်'က စိတ်ခုလျှင်ရော။ ခက်ပါရဲ့ 'မြင့်မိုရ်ဦး' ရယ်။ နောက်ဆုံးတော့ ချာတိတ်အတွက် ဝယ်ထားခဲ့သည့် ပစ္စည်းကိုပဲ ပေးရတော့မယ် ထင်ပါရဲ့။

"ခဏနော်"

"ဒါက ဘယ်ကိုလဲ"

"ခဏလေးပါကွာ။ ကားပေါ်ကပဲ စောင့်နေပေါ့"

လှေကားထစ်တွေပေါ် ပြန်တက်ခဲ့ရပြီး တံခါးဖွင့်ထားသည့် အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ရပေ၏။ အံဆွဲသော့ကိုဖွင့်ကာ အပေါ်ဆုံး အံဆွဲထဲမှာ ပါကင်ထုပ်ထားပါသည့် ဘူး ခပ်ပြားပြားရှည်လေးကို ယူလိုက်ပါသည်။ ကြီးများကြီးနေသလား ကြိုက်ပါ့မလားဆိုပြီး စိတ်ထင့်နေခဲ့ရသည့် Handchain လေးကို ချာတိတ်ကို အရင်ဆုံး မပေးဖြစ်တော့ဘူး ထင်ပါရဲ့။ နောက်မှ လှလှလေးပြန်ပြီး ရှာဝယ်ပေးပါ့မယ် 'ထက်' ရယ်။

"နေမင်းရဲ့ကားရော"



"စက်ဖောက်နေလို့ အိမ်မှာပဲ ထားရစ်ခဲ့တယ်"

"အသစ်ဝယ်ပါလို့ ငါပြောသားပဲ"

"အေးပါ ... ဒက်ဒီ့အသိကုမ္ပဏီမှာ ကိုယ်တိုင်သွားရွေးပါ့ [illegible]ယ်"

"လာလေ သွားစို့၊ ကျွန်တော် မိုးမချုပ်ပါဘူး ကြီးမေ"

"အေးပါကွယ်"

ကားစက်ကိုနှိုးလိုက်စဉ် 'စိုးပိုင်'က သူ့ဘေးမှာထိုင်နေရင်း [illegible]ကို ပုတ်လိုက်လေ၏။ ကြိုတင်ဝယ်ထားပါသည့် လက်ဆောင်ကိုစ [illegible] ပ်စုတော့မည်ထင်ပါရဲ့။ မရည်ရွယ်ပါပဲ အကြောင်းအရာက တိုက် [illegible]နေရလေပြီ။ မင်းအတွက်ဆိုပြီး ရည်စူးခဲ့သမျှ အမြဲတမ်း လွဲချော် [illegible] ဘာ့ကြောင့်များပါလိမ့် 'ကလေး' ရယ်။

"မင်း ဝန်မခံသေးဘူးပေါ့"

"ဘာကို ဝန်ခံရမှာလဲ"

"ဒီလက်ဆောင်က သက်သေပဲလေ"

"ကျစ်! ... ကာယကံရှင်သိရင် စိတ်မကောင်းဖြစ်ရမယ့် [illegible]ကို မပြောချင်ဘူး စိုးပိုင်ရာ"

"ဘာ"

"ဘာလဲ၊ ဒါ နှယ့်အတွက် ရည်စူးပြီး ဝယ်ထားတာ မဟုတ် [illegible]ပေါ့လေ။ ဟုတ်လား မြင့်မိုရ်"

'နေမင်းခ' ကပါ နောက်ခုံမှာ ထိုင်နေရာမှမေးလေ၏။ ခေါင်း [illegible]ကြီးနဲ့ ကလစ်လှလှလေး ရွေးခဲ့စဉ်က တိုတိတိညှပ်ထားပါသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်တွေကြောင့် အဘယ်မျှ ရင်နာခဲ့ရပါသလဲ။ ဒီဆံပင်ရှည်လေးကိုမှ သူက သဘောကျ နှစ်မြို့က်စေခဲ့မိတာလေ။ သူဝယ်ပေးထားသည့် လက်ဆောင်ကို ကြိုသိနေသည့်နွယ် ယတိပြတ် ဆုံးဖြတ်ခဲ့သည့် စိတ်က မာလွန်းခဲ့ပါရဲ့။

"မင်း ချာတိတ်အတွက်များလား"

"အင်း"

"အဲဒါတော့ မကောင်းပါဘူးကွာ"

"မင်းတို့ နှုတ်စောင့်ရင် နွယ်သိစရာမှ မလိုတာ"

"ချာတိတ် သိသွားရင်ကော"

"တွေ့မှမတွေ့တာ။ ဘယ်လောက်ကြာနေပြီလဲ"

'နွယ်' တို့လမ်းထဲ ကွေ့နေပြီမို့ သူတို့စကားတွေ ရပ်သွား လေ၏။ အမှတ်တရဆိုတာမျိုးက ဒီလိုလက်ဆောင်ပေးမှရှိတာ မဟုတ်ပါဘူး ချာတိတ်ရယ်။ မင်းနဲ့ စတွေ့စဉ်က သနပ်ခါးရနံ့လေးတွေ စာသင်နေရင်း ရေသောက်စဉ် ရေပုံးအသစ်လေးပေးစဉ်က ဆုံခဲ့ရ သည့် အကြည့်လေးတွေ။ ကျူရှင်အပြန် ခြံဝမှာ သူခူးပေးခဲ့ပါသည့် ပန်းလေးတွေကြောင့် ပြန်ရခဲ့သည့် အပြုံးချိုချိုလေးတွေက ဘယ် သောအခါမှ မမေ့နိုင်သည့် အမှတ်တရဆိုတာကို မင်းနဲ့ကိုယ် နှ ယောက်တည်းပဲ သိခဲ့တာပါနော်။

"ဟော!... ရအောင် ခေါ်လာသားပဲ"

"အဓိကဇာတ်ကောင်ကို ခေါ်မလားလို့ ဘယ်ရပါ့မလဲ နွ ရဲ့"



"လာပါပြီ၊ သားတို့ကို သမီးက မနက်ကတည်းက မျှော်နေ တာကွယ့်"

"မင်္ဂလာပါ အန်တီ"

"မင်္ဂလာပါကွယ်"

"ဒါနဲ့ အန်ကယ်ရော"

"ရှိပါ့ကွယ်။ ရေချိုးနေလို့ အခုပဲ ဆင်းလာတော့မှာပါ"

'အန်တီဒေါ်ယဉ်မေ' က သူတို့ကို လိုက်လိုက်လှဲလှဲ ကြိုဆို ပါ၏။ 'နွယ့်' ဖေဖေက သူတို့လေးစားရပါသည့် ခွဲစိပ်ပါရဂူကြီး ဒေါက်တာ ဦးကိုကိုလေး' ပါလေ။ ဧည့်ခန်းထဲဝင်စဉ်မှာပင် သူက လက်ထဲမှာ ကိုင်လာပါသည့် ဘူးလေးကို 'နွယ့်' ထံသို့ ကမ်းပေးလိုက် သည်။ 'နွယ့်' ထံမှ ရုက်ပြုံးလေးပေါ်လာလေ၏။

"Happy Birthday ပါနွယ်"

"Birthday gift လိုချင်လို့ party လုပ်တာမှ မဟုတ်ဘဲ ကိုဦးရယ်"

"အမှတ်တရပါ နွယ်။ မယူချင်ဘူးလား"

"ယူပါ့မယ်၊ Thanks! ပါ ကိုဦး"

လက်ဖျားချင်း ထိမိသွားရပါ၏။ လူနာတွေကို ထိကိုင်တတ် ကြသည့် ဆရာဝန်တွေမို့ ဒါက အထူးမှမဟုတ်တာလေ။ 'နွယ့်' အမေ ဆင်းအလာကို စောင့်ကြရင်း ဧည့်ခန်းမှာပင် စကားပြောဖြစ် ကြလေ၏။ တစ်ယောက်ထိုင်ခုံတွေကို 'စိုးပိုင်' နှင့် 'နေမင်း' က ထိုင်နေပြီးသားဖြစ်နေသဖြင့် နှစ်ယောက်ထိုင်ဆိုဖာမှာ သူထိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ 'နွယ်' ကပါ အတူထိုင်လိုက်လေသည်။

"ထွေထွေထူးထူး ချက်ကျွေးတာမျိုး မဟုတ်ဘူးနော်၊ ဒီလိုပဲ သူငယ်ချင်းတွေနဲ့ မျက်နှာစုံညီ တွေ့ချင်လို့ စီစဉ်လိုက်ရတာ"

"အခုတွေ့ပြီ မဟုတ်လား နွယ်ရဲ့၊ တွေ့ရအောင်လည်း အပါခေါ်လာလို့ ကျေးနပ်ပါ"

"ကြည့်!... ကိုပိုင်နော်"

"ဟော!... အကုန်ရောက်လာပြီပေါ့လေ"

အပေါ်ထပ်မှ ဆင်းလာသည့် 'နွယ့်' မေမေကြောင့် စနောက်ချင်သည့် 'စိုးပိုင်' က နှုတ်ပိတ်သွားပါ၏။ အန်တီက ထမင်းစားခန်းထဲ ဦးဆောင်၍ ခေါ်နေသဖြင့် သူတို့အားလုံး ထရပ်၍ လိုက်ခဲ့ရလေသည်။ ထမင်းစားခန်းထဲရောက်စဉ် သူ အံ့ဩသွားရပါ၏။ ထွေထွေထူးထူးမဟုတ်သည့် စားပွဲကဖြင့် အပြည့်အနှက်ပင် မဟုတ်ပါလား။

"ကဲ!... အားလုံးပဲ သုံးဆောင်ကြပါ"

"ဟုတ်ကဲ့ အန်ကယ်"

"ယောက်ျားလေးတွေမို့ စားဝင်ကြမယ်လို့ ထင်ထားတယ်နော်။ အားမနာစတမ်း သုံးဆောင်ပါကွယ်"

"စိတ်ချပါ အန်တီ"

ဖွယ်ဖွယ်ရာရာ ချက်ကျွေးပါသည့် ဟင်းတွေက အသားမျိုးစုံပါလေ။ စိတ်ထဲမှ အသီးအရွက်နှစ်သက်သည့် ချာတိတ်ကို ဖျတ်ခနဲ သတိရမိသွားရပြန်ပါသည်။ 'ဘာဟင်းနဲ့စားလာသလဲ' ဟုမေးတိုင်း 'ချဉ်ပေါင်ကြော်'၊ 'မြေပဲပင်ပေါက်ကြော်'၊ 'သီးစုံဟင်း' စသည်ဖြင့်



မရိုးအောင် ပြောတတ်တာ မဟုတ်ပါလား။ ကိုယ်တိုင်ချက်တာလား မေးစဉ် အားရဖွယ် ခေါင်းခါပြတော့တာပါလေ။

"ကိုဦး"

"ဟင်"

"ဟင်းတွေထည့်စားလေ။ ဘာကိုသဘောကျပြီး တစ်ယောက်တည်း ပြုံးနေရတာလဲ"

"ဘာရယ် မဟုတ်ပါဘူး"

အတွေးကြောင့် အပြင်မှာပါ ပြုံးမိလေသလား။ 'နွယ်' ကိုယ်တိုင် ခပ်ထည့်ပေးနေသည့် ဟင်းတို့ကို များလွန်းနေပြီမို့ လက်ကာ တားမြစ်ရလေတော့၏။ စေတနာပိုမှန်းသိနေပေမယ့် သူက ထမင်းပန်းကန်ထဲ အပြည့်အလျှံရှိနေပါက ထမင်းစား၍ မဝင်တော့တာ. ရှိပါပဲ။

"မကြိုက်လို့လားဟင်။ အသားရှောင်တာရှိလို့လား"

"မရှိပါဘူး။ ကိုယ် အများကြီး မစားတတ်လို့ပါ"

"အလုပ်ထဲမှာ အဆင်ပြေကြတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ပြေပါတယ် အန်ကယ်"

"အန်ကယ့်သမီးကို ပါရဂူအဆင့်တက်ဖို့ ဘွဲ့လွန်ဆက်ယူနိုင်းနေတာကြာပြီ။ မတုန်မလှုပ်နဲ့လေ။ မောင်မြင့်မိုရ်တို့ရော ဘာ plan တွေ ရှိကြသေးလဲ"

"ကျွန်တော်ကတော့ ထပ်တက်ဖို့အစီအစဉ်မရှိပါဘူး အန်ကယ်။ မင်းခန့်မြင့်မိုရ်ရော နွယ်ပါ master brain တွေဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဆက်တက်ချင်တက်လို့ရမှာပါ"

စကားထောက်ပေးနေပြန်၏။ 'မင်းခ' က ပြဿနာမရှိစေမယ့် သူတက်မှ 'နွယ်' ပါ လိုက်တက်မည်ဆိုပါက ပွဲကပြီးတော့မှာပေါ့လေ။ သေးကျုပ်နံ့ကြပ်ဆိုတာကို မဖြစ်အောင် ဆင်ခြင်နေနိုင်ခဲ့ပါလျှင် 'စိုးပိုင်' ကြောင့် တစ်ခါတလေ ကသိကအောက် ဖြစ်ရတာ အမှန်ပါပဲ။

"ကျွန်တော်က အိမ်ကလူကြီးတွေနဲ့ တိုင်ပင်ပြီးမှ ဆုံးဖြတ်လို့ ရမှာမို့ပါ အန်ကယ်"

"ဟုတ်တာပေါ့"

"ကြည့်ရတာ သားလည်း သွားချင်ပုံမရသလိုပဲ။ စိတ်မချစရာ တစ်စုံတစ်ယောက်များ ရှိနေသလား"

သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ အမျိုးသမီးဖြစ်သည့်အန်တီက သူ့ကို ပိုရိပ်မိနေသလိုပါပဲလား။ မဟုတ်မလွှန်ဖြေရန်အတွက် စကားလုံးတို့က ရုတ်တရက် ရှာ၍မရပါ။ မည်သို့သောအဖြေကို လိုချင်၍ ဤသို့သော မေးခွန်းကို မေးရပါသနည်း။

"ဟောတော် . . . အခက်တွေ့တဲ့မေးခွန်းများ ဖြစ်သွားလားသား"

"မဟုတ်ပါဘူး အန်တီ . . . မေမေတို့စိတ်မချတာက အဖိုးပါ"

"မေမေမေးတာကို ဒဲ့ဖြေလည်း ရပါတယ်ကိုဦးရဲ့။ နွယ်က အေးဆေးပါ။ နားလည်ပေးနိုင်ပါတယ်"

"ဟင်! . . . ဘာကိုလဲ"



"မြင့်မိုရ်က ခုချိန်ထိ သူ့အချစ်ဦးကို မမေ့နိုင်သေးတာ အမှန်ပဲ အန်ကယ်"

"ဘယ်လို"

ဒီတစ်ကြိမ်တော့ အလိုက်တသိဖြင့် ဝင်ဖြေပေးလိုက်ပါသည့် 'စိုးပိုင်' ကြောင့် မျက်နှာပူနေရခြင်းက အနည်းငယ်မျှ သက်သာသွားရပါ၏။ ကျေးဇူးပါ 'စိုးပိုင်'။ ထမင်းဝိုင်းက အသံတိတ်ဆိတ်သွားရသည်နှယ်ပါ။ နားလည်ပေးနိုင်ပါသည်ဆိုသည့် 'ယဉ်လေးနွယ်' ပင် အမင်းစား၍ မဝင်တော့တာလေ။ ရင်မောရပါလား 'မြင့်မိုရ်ဦး'။

✳

www.burmeseclassic.com

## (၇)

မနက်စောစော ရန်ကုန်ကားဖြင့် လိုက်စီးခဲ့ရပါ၏။ ကားပေါ်မှာ အိပ်ကျင့်သိပ်မရှိပေမယ့် ခုံကို အနည်းငယ်မျှ လှဲထားပါသည်။ Aircon အနည်းငယ်မျှ လွှတ်ထားပေမယ့် ခေါင်းတွင်း၏ အအေးဓာတ်က အပြင်မှာ ပိုပြင်းထန်နေလေ၏။ မြူတို့က ဝန်းကျင်တစ်ခွင်ကို မြှိုထားသည်ကို မှန်ပြတင်းမှ ငေးကြည့်ရင်း ဂျာကင်ကို ဇစ်ဆွဲပိတ်၍ လက်ပိုက်ထားလိုက်မိပါသည်။

"လင်းလက်တောက်ပနေတာပါပဲလား။ ဟိုရောက်ရင် ဆေးကျောင်းသားလေးတွေ ဖစ်ကြတော့မှာပဲ"

'Sweety' တို့အုပ်စုက 'ထက်' ကို ဆံပင်ပေါင်းတင်ပေးတာ၊ သေသပ်လှပအောင် သေချာ ပုံသွင်းညှပ်ပေးလိုက်ကာ မျက်နှာကိုပါ ပေါင်းပေးလိုက်သေးတာပါလော။ ရုပ်ကြမ်းကြီးနှင့် ဖြစ်သလိုနေပါလျက် အခုလို နုဖတ်ချောမွတ်နေအောင် လုပ်ကြိုက်ကြတာပါ



လာ။ မနေ့ညနေက စနောက်သံ ရယ်သံတွေဖြင့် 'မိုးသူ' တို့ ဆိုင်ထဲမှာ 'ထက်' အော်သံက ကျယ်လောင်ခဲ့ရတာလေ။ ဒုက္ခပါပဲ။ ဒီပုံစံကို ဘယ်သူက ယောကျာ်းလေးဟု မြင်ကြတော့မှာလဲ။ စိတ်ညစ်ရပုံ။

"ရန်ကုန်အထိ သွားမှာလား"

"ဟုတ်! "

"အတော်ပဲ အဖော်ရတာပေါ့"

ဘေးခုံမှာ ထိုင်လိုက်ပါသည့် မမလှလှလေးကြောင့် ပြုံးလိုက်မိလေ၏။ အများအမြင်မှာ ချာတိတ်နှင့် မမဟု မြင်ကြမှာမှန်ပေမယ့် အခုတော့ ထိုသို့မြင်ကြပါ့မလား။ ဒီမမပြောနေသည့်စကားထဲမှာ သူ့ကို 'မောင်လေး' ဟု တစ်ခွန်းမှ မခေါ်သည်ကိုတော့ သတိထားမိလေသည်။ ငါ လာနေပြီ အလတ်ကောင်ရေ။

ပါလာသည့်အထုပ်အပိုးတွေက အတော်လေးများတာပါလေး။ ဒီကြားထဲ ကိုကို့အတွက် လူကြုံပါးလိုက်ပါသည့် ကြိမ်ခြင်းတောင်းကြီးက အတော်လေးလံလွန်းပါ၏။ အခုမှ ကုန်သည်ဈေးသည် အမျိုး ပေါက်နေပြီ ထင်ပါရဲ့။

သူငယ်ချင်း 'ငယ်လေး' ထံသို့ phone ဆက်ပေမယ့် ကိုင်အားသဖြင့် လာမည်ဟူသည့်သတင်းကို message သာပို့ထားလိုက်ရပါ၏။ နှစ်ရက် သုံးရက်နှင့် အလုပ်ကို အပြီးဖြတ်ရမှာပါ။ ဒါ့အပြင် 'ထက်' မရှိရင် ဖေဖေ ပိုအလုပ်ရှုပ်မှာမို့လို့ပါပဲ။

ကားက အောင်မင်္ဂလာ အဝေးပြေး ဝင်းထဲသို့ ဖြည်းဖြည်းချင်း ဝင်လာလေ၏။ ကားရပ်သည်နှင့် Taxi ကြိုသည့် လူတွေက

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားမှာ ရောက်လာသဖြင့် သွားမည့်နေရာကိုပြောကာ ယူလာသည့် ကုန်ပစ္စည်းတွေကို Taxi ရှိရာဆီသို့ ယူခဲ့ရပါသည်။ ပစ္စည်းထုပ်စုံ မစုံကို သေချာစစ်ဆေးပြီးမှ ကားပေါ်တက်လိုက်ရလေ၏။

အင်းစိန်သို့ရောက်စဉ် Mart ဖွင့်ပြီး စီးပွားရေးလုပ်နေသည့် 'ငယ်လေး' က ဆိုင်ရှေ့မှာ 'ထက်' ကို ထွက်ကြိုနေလေသည်။ အထုပ်အပိုးတွေ၊ ခြင်းတောင်းတွေကို အကုန်ချပြီးမှ Taxi ခရှင်းလိုက်ရပါ၏။ ဆိုင်အလုပ်သမားတွေက ဝိုင်းကူသယ်ပေး၍ အဆင်ပြေသွားလေသည်။

"ကားဝင်တာစောသားပဲ။ ငါမှာတာ ပါရဲ့လား"

"ပါပါ့။ အဲဒီမှာ အာလူးကြော်ပုံးနဲ့ခြင်းတောင်းထဲမှာ ငါးခြောက်တွေ၊ မီချို့ပြုတ်ပေးလိုက်ပါတယ်။ တစ်ခါတည်း မကြော်ပေးနိုင်လို့ အားနာပါတယ်တဲ့။ အချိန်မရှိလို့"

"အေးပါ ... ရပါတယ်။ ထမင်းအရင်စားမှာလား၊ နားဦးမှာလား"

"ခဏနားပြီး စားမယ်၊ ဆာတယ်ဟ"

ဆိုင်အပေါ်ထပ်မှာ လူနေအိမ်မို့ အပေါ်ထပ်သို့ 'ငယ်လေး' နှင့်အတူ တက်လိုက်ခဲ့ရပါ၏။ ဒီကိုယူလာပေးသည့် ပစ္စည်းကို အရင်ရွေးထုတ်ပေးပြီးမှ အလတ်ကောင်ထဲ ယူသွားရမည့် ခြင်းနှစ်ခြင်းကို သပ်သပ်ဖယ်ထားလိုက်ရပါသည်။

"ခြင်းက နှစ်ခြင်းတောင်မှလား"

"အေးလေ ... တစ်ခုက အလတ်ကောင်ဖို့"



"နောက်တစ်ခုကရော"

"မတွေ့ချင်တဲ့သူဖို့"

'ငယ်လေး' ပြုံးလေ၏။ ငယ်ပေါင်းမို့ 'ထက်' အကြောင်းကို ခွဲယ်မရက် အကုန်အစင် သိထားတာ မဟုတ်ပါလား။ 'ငယ်လေး' ခုတင်ထက် ပစ်လှဲ၍ မှောက်အိပ်လိုက်စဉ် တင်ပါးကို ဖတ်ခနဲ ရိုက်လိုက်လေသည်။ ဒီပုံစံနဲ့ တစ်မှေးတော့ အိပ်ဖြစ်တော့မှာပဲ။

"အဆက်ဟောင်းကြီးနဲ့ သွားတွေ့ရမှာ ရင်ခုန်နေပြီလား"

"သွားစမ်းပါဟာ"

"နင့်မျက်နှာ ဝင်းလာသလားလို့"

"အဲဒါ မိုးသူ့ကြောင့်လေ။ ခင်းလုပ်ကြီးလိုက်တာ"

"ဟင်းဟင်း ...ဒီလောက်တော့ရှိမှာပေါ့။ အကျိုးတော်ဆောင်ခ ဘယ်လောက်များ ပေးရလို့လဲ။ တစ်ခါတလေ စိတ်ရောကိုယ်ပါမက လူပါ လန်းဆန်းပါစေလား ထက်ရယ်။ တစ်နေ့တစ်နေ့ နေ့ချည်း သိမ်းကြီးရှာမနေပါနဲ့။ ရင်ခုန်ဘက်လေး ဘာလေး ပြုံးပြီးရှာဦး"

"အေး ... ခလုတ်တိုက်ရင် တွေ့လိမ့်မယ်"

"ကြည့်!"

"အိမ်မှာလည်း ဒီစကားချည်းကြားနေရတာ နားငြီးနေပြီ။ ဒါ ကမ္ဘာ့အပြင်ကို ထွက်ပြေးရမှာလား"

"အဲဒီလောက်ထိ စဉ်းစားဖို့ မလိုပါဘူးထက်ရာ။ အဖြေက အလွယ်လေးပါဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအဖြေလဲ"

"အချစ်က နီးနီးလေးမှာရှိတာလေ"

"အရူးမ! ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့"

'ငယ်လေး' က 'ထက်' ရှုံးရှုံးရွဲ့ရွဲ့ဖြစ်လာတာကို ရယ်လေတော့၏။ သူငယ်ချင်းနဲ့ မတွေ့ရတာ အချိန်ကြာနေပြီမို့ လေများချင်သေးပေမယ့် ပင်ပန်းနေပြီမို့ တစ်ရေးလောက် မှေးရန် ပြင်ရလေသည်။ 'ထက်' အနားယူစေရန် 'ငယ်လေး' က အလိုက်တသိရှောင်လျက် ဆိုင်သို့ ဆင်းသွားပါ၏။ ခရီးပန်းလာသဖြင့် မောမောနှင့်အိပ်ပျော်သွားကာ နေ့လယ် (၃) နာရီကျော်မှ နိုးလေတော့သည်။

ရေချိုးခန်းရှိရာဆီသို့ အရင်ဝင်လိုက်ပြီး လန်းဆန်းအောင်ရေချိုးလိုက်ပါ၏။ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့စဉ် 'ငယ်လေး' က 'ထက်'အတွက် ထမင်းပွဲပြင်ပေးနေလေသည်။ ခုံမြင့်စားပွဲဝိုင်းထက်မှာ အငွေ့တထောင်းထောင်းထနေပါသည့် ထမင်းနှင့် ဟင်းနံ့က ဝမ်းဗိုက်ကိုပို၍ ဆာလောင်စေလေ၏။ အဝတ်အစား အမြန်လဲလိုက်ပြီး ခုံမှာဝင်ထိုင်လိုက်ပါသည်။

"စားလို့ဖြစ်ရဲ့လား။ ကြက်ဥကြော်ပေးရဦးမလား"

"ရတယ်၊ ဒါနဲ့ပဲ စားမယ်"

သဲခြောက်လေးတွေကို ရှောင်သီးခွဲခြမ်းဖြင့် ကြော်တာ တစ်ခွက်၊ ကန်စွန်းရွက်ကြော် စိမ်းစိမ်းလေးက တစ်ခွက်၊ ချဉ်ပေါင်နှင့်ငါးကြင်းတုံး၍ ချက်ထားသည့် ဟင်းချိုကတစ်ခွက်၊ ငါးပိတို့စရာနှင့်ထမင်းပွဲက ပြည့်စုံနေတာပါ။ ခဏလေးနှင့် တစ်ပန်းကန်ကုန်သွားသဖြင့် 'ငယ်လေး' က ပေါင်းအိုးလေးထဲမှ ထမင်းကို ထပ်ထည့်ပေးလေသည်။



"ဗိုက်ပူတော့မှာပဲ"

"မပူပါဘူးဟာ။ ငါ ဘယ်တုန်းက ဗိုက်ထွက်ခဲ့ဖူးလို့လဲ"

"အခုက အလတ်ကောင်ဆီသွားမှာလား"

"အေး"

"နှင့်ကိုကိုဆီကိုရော"

"ကျစ်! ... ဘာ ငါ့ကိုကိုလဲ။ စကားကို ကြည့်ပြော။ ဟိုကလူတွေကြားရင် တက်ပြီးသေကုန်လိမ့်မယ်"

"အချစ်က အရာအားလုံးကို ရင်ဆိုင်နိုင်စွမ်းရှိပါတယ် ထက်ရဲ့"

"စကားကြီး စကားကျယ်ပြောပြန်ပြီ။ အလတ်ကောင်ကိုပဲသွားဖို့နိုင်းလိုက်မှာ။ ငါနဲ့ တွေ့စရာအကြောင်း မရှိဘူး"

"နင်ကလည်း။ မတွေ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ခဏတော့ သွားတွေ့လိုက်ပါ။ ဒါမှ ဟိုးတုန်းကလို ချစ်သေးရဲ့လားဆိုပြီးအီးခေါက်မိမှာပေ့ါ။ မဟုတ်ဘူးလား"

"ဟာ! ... အရောက်ကို တွန်းပို့နေတော့တာပဲ။ ဟိုလူကြီးဘဖြင့် ဘေးမှာ နံပါတ်စဉ် ဘယ်နှခုလောက်ရှိနေပြီမှန်း မသိဘူး"

"စိုးရိမ်တယ်ပေါ့လေ"

"ဝေးသေး"

"ရင်လေးဘာလေး နည်းနည်းပါးပါးတောင် မခုန်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ခုနတာပေါ့"

"ကြည့်စမ်း!"

ရေသောက်နေချိန်မို့ 'ငယ်လေး' ကို ချက်ချင်းပြန်မဖြေနိုင်ပါ။ လက်မောင်းကို တဖျပ်ဖျပ်ဖြင့် ထုနေသဖြင့် ရှောင်လိုက်ရင်း ရေကို အမြန်သောက်ရလေသည်။ ထမင်းနင်ပြီးမသေဘဲ ရေသီးပြီး သေတော့မှာပဲ 'ထက်မြက်ချို' ရယ်။

"နင် ဝန်ခံပြီပေါ့လေ မိန်းမ!"

"No! no! ... မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

"ရင်မခုန်ရင် သေသွားမှာပေါ့ ငယ်လေးရဲ့။ အဲဒါကို ပြောတာပါ။ အထင်မလွဲပါနဲ့"

"ဒါဖြင့် မျက်လုံးချင်း တစ်ခါလောက် ဆုံကြည့်လိုက်ပါဦးလား။ အစစ်အမှန်က ဘာလဲဆိုတော့ သေချာသိရအောင်"

ပခုံးတွန့်ပြလိုက်ပါ၏။ 'ငယ်လေး' က အသိ Taxi ကို phone ဖြင့် လှမ်းခေါ်ထားပေးသဖြင့် ကားရောက်နေကြောင်း ဟွန်းသံကြားရလေသည်။ ခြင်းတောင်းကြီးနှစ်တောင်းကို Taxi ပေါ်တင်လျက် အလတ်ကောင်ရှိရာဆီသို့ ထွက်ခဲ့ပါ၏။ Phone ဖြင့် တွမ်တွမ်ခေါ်ရပေမယ့် 'ဝဏ္ဏအောင်' က phone မအားပါလေ။ ဒီကောင် ဘယ်တွေ ဆက်နေပြန်ပါလိမ့်။

အဆောင်ရှေ့မှာ ကားရပ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်ပါ၏။ ကားနောက်ဖုံးဖွင့်ပြီး ခြင်းတောင်းနှစ်ခြင်းကို Taxi မောင်းသည့်



ဦးက ယူကာ အဆောင်လှေကားထစ်အထိ သယ်ပေးလေသည်။ ကားခပေးကာ ကျေးဇူးတင်ကြောင်း ပြောလိုက်ရပါ၏။ သံတံခါးကို အသံပေးလိုက်စဉ် အထဲမှ ကောင်လေးတစ်ယောက် ထွက်လာလေသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"ဝဏ္ဏအောင် ရှိလား"

"ကိုဝဏ္ဏ ပြန်မရောက်သေးပါဘူး အစ်ကိုလေး"

"အိမ်ကပစ္စည်းလာပို့ပေးတာမို့ ခဏထိုင်စောင့်ရင် ဖြစ်တယ်မဟုတ်လား"

"ဩော် ... ဟုတ်ကဲ့၊ ဖြစ်ပါတယ်၊ ဝင်ပါခင်ဗျ"

ယောက်ျားလေးဧည့်သည်ဟုထင်ပြီး တံခါးဖွင့်ပေးလိုက်တာမို့ ရယ်ချင်စိတ်ကို အောင့်ထားလိုက်ရပါ၏။ ခြင်းနှစ်တောင်းကို စားပွဲရှေ့မှာ အသာချလိုက်ရင်း ဆက်တီမှာ ဝင်ထိုင်လိုက်ပါသည်။ အိတ်ထဲမှ phone ကိုနှိုက်ယူ၍ 'ငါရောက်နေပြီ' ဟု အလတ်ကောင်ထံ စာပို့လိုက်ပါ၏။

"ဂျိုင်း!"

တံခါးခွဲဖွင့်ကာ ဝင်လာသည့် လူအုပ်ကြောင့် ခုံမှာ မှီထိုင်ရင်းမှ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ခပ်ငယ်ငယ် ချာတိတ်လေးတွေပဲမို့ ကျောင်းသားတွေ ဖြစ်မည်မှန်း ခန့်မှန်းမိလိုက်၏။ နောက်ဆုံးမှ လိုက်ဝင်လာပါသည့် ခပ်ပြည့်ပြည့်ကောင်လေးက ထိုင်နေပါသည့် 'ထက်'- ကို မြင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ! ... အဆောင်ထဲတောင် ဝင်ထိုင်နေတယ်"

"အေး"

"ဟား ဟား ဟား ဟား ... ဟာသပဲကွာ။ မေမေ ဟင်းတွေ ထည့်ပေးလိုက်တယ်ပေါ့လေ"

"ဒါပေါ့"

"မုန့်ဖိုးပေးလိုက်သေးလား"

မျက်စောင်းခဲလိုက်သဖြင့် 'ဝဇ္ဇာအောင်'က ပခုံးတွန့်ကာ ပြုံးစိစိလုပ်နေလေသည်။ အစ်မဖြစ်သူကို ယောကျ်ားလေးအဆောင်ထဲ ဝင်ထိုင်နေမည်ဟု ဘယ်ထင်ထားပါ့မည်နည်း။ ချာတိတ်တွေက လှည့်ကြည့်ရင်း အခန်းထဲမဝင်သေးသဖြင့် 'ထက်' ကို အာရုံစိုက်နေပြီမှန်း ရိပ်မိလိုက်ပါသည်။ မသိယောင်ဆောင်ပါ့မယ်ဆိုမှ အလတ်ကောင် မိတ်ဆက်ရင်တော့ ပြဿနာပါပဲ။

"နှစ်ခြင်းတောင်မှလား"

"အနီက မင်းအတွက်လေ"

"ဒါဖြင့် အစိမ်းကရော"

"မင်း Senior ကိုသွားပို့ပေး"

"ဟင်! ... ကိုမြင့်မိုရ်လား"

"အေး"

"အာ ... ကိုယ့်ဘာသာကိုယ် သွားပို့ပါလား။ အလုပ်ရှုပ်လို့ မအားရတဲ့ကြားထဲ"

"အဲဒါ မင်းသဘောလေ။ မပို့ပေးရင်တော့ မင်းအိတ်ထဲကို



ဆင်တွေ သူ့အလိုလို ရောက်လာလိမ့်မယ် မထင်နဲ့ အလတ်ကောင်ရေ"

"ဟာဗျာ! ... အကြံအဖန်နဲ့ လုပ်ချလိုက်ပြန်ပြီ"

"ငါထားခဲ့ရမှာလား၊ ပြန်သယ်သွားရမလား ဒါပဲပြော"

"ကျစ်! ... ထားခဲ့ ထားခဲ့။ လုပ်ထားနှင့်ဦးပေါ့ဗျာ။ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ ရှိပါတယ်"

"ဒီလိုပဲ ဖြစ်ရမှာပေါ့၊ လိမ္မာတယ်ရော့"

အိတ်ကပ်ထဲမှာ စာအိတ်ဖြင့်ထည့်ထားပြီးသားငွေကို အလတ်ကောင်ဆီ ကမ်းပေးလျက် ပခုံးကိုပုတ်ပေးလိုက်မိလေ၏။ အလုပ်ပြီးလေပြီ။

❋

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ဒီနေ့ 'နေမင်းခ' အတွက် ကားသွားဖိုင်းရွေးပေးမှာမို့ duty မှ စောစောထွက်ခဲ့ရပါ၏။ နှစ်ယောက်သား စကားတပြောပြောဖြင့် ကားပါကင်ဆီ လျှောက်လာစဉ် 'နေမင်းခ' က phone ပြောနေလေသည်။ သူကားဖြင့် အတူသွားမှာမို့ ကားဘေးမှာ ရပ်စောင့်နေလိုက်ပါ၏။

"အေး! … ပြော၊ ဘယ်သူ။ သြော်! … အေး မဟုတ်ဘူး ငါတို့ ကားပါကင်ရောက်နေပြီ၊ ဝင်မလာနဲ့တော့လေ။ အဲဒီမှာပဲ စောင့်လိုက် Tea shop ရှိတယ် မဟုတ်လား။ အေး … လာခဲ့မယ်"

'နေမင်းခ' က phone ပြောပြီးသည်နှင့် ကားရှိရာသို့ ဆက်လျှောက်လာလေ၏။ သူက ကားတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်သလို 'မင်းခ' ကပါ တစ်ဖက်တံခါးမှ ဖွင့်ထိုင်လိုက်ပါသည်။ ကားစက်နှိုးလိုက်စဉ် 'မင်းခ' က ပိုက်ဆံအိတ်ဖွင့်၍ စစ်နေရင်း ပြောလိုက်လေ၏။

"ဟိုချာတိတ်တို့ စောင့်နေတယ် မြင့်မိုရ်"



"ဘာ"

"အလတ်ကောင်လေ"

"သြော်"

"မင်းကို အိမ်က လူကြုံပေးလိုက်တာ လာပို့မလို့တဲ့။ ဘတ်ဖက်ရည်ဆိုင်ကပဲ စောင့်နိုင်းလိုက်တယ်"

"ဟင်!"

စောစောကတည်းက ရင်ထဲမှာ ဒိတ်ခနဲ ခုန်လိုက်မိပါသည့် နှလုံးသံက အခုထိ ခုန်နေတုန်းမို့ အံ့သြနေရလေ၏။ အိမ်ကတဲ့။ အလတ်ကောင်နှင့်တဲ့လား။ ဒါဖြင့် 'ချာတိတ်' များ ရန်ကုန်ရောက်နေပြီလား။ ဖြစ်နိုင်တာပေါ့။ မောင်ဖြစ်သူထံသို့သာ ပို့ပြီး သူ့ဆီကိုဖြင့် လာမပို့ဘူးပေါ့လေ။ ဘယ်လိုလဲ 'ထက်' ရယ်။ ကိုယ်နဲ့ ခဏတစ်ဖြုတ် သေးသော်မျှ မမြင်မတွေ့ချင်ဘူးတဲ့လား။

"ဘယ်နားက"

"ရှေ့နားက ဆိုင်မှာ။ အေး … ဟုတ်တယ်"

ကားကို ကော်ဖီဆိုင်ရှေ့မှာ ရပ်လိုက်ပါ၏။ 'မင်းခ' က အရင်ဆုံး ကားပေါ်မှဆင်းလိုက်သဖြင့် သူပါ အမြန်ဆင်းလိုက်ပါသည်။ ဆိုင်ထဲမှာ ချာတိတ်တွေ အုပ်စုလိုက် ရယ်မောပြောဆိုနေသဖြင့် စိတ်သို့ညို့ 'ချာတိတ်' ကို သူ့မျက်ဝန်းတို့ဖြင့် အမြန်ရှာဖွေနေမိပေမယ့် မျှော်လင့်သလို မတွေ့ရပါချေ။

"ကိုကို! … ကျွန်တော်တို့ ဒီမှာ"

လှမ်းခေါ်သံပေးလိုက်ပါသည့် လူငယ်လေးကိုသူ မင်သက်

www.burmeseclassic.com

www.burmeseclassic.com



စွာ ကြည့်လိုက်မိပါ၏။ ကြည့်စမ်း! . . . ယောကျ်ားလေးဖြစ်ပြီး ဤမျှ နုဖတ်ဖြူဥပြီး ချောမောလွန်းလှချည်လား။ မျက်နှာက ချိုမြနေကာ သွားတက်လေးပေါ်အောင် ပြုံးပြနေပါသည့် ချာတိတ်လေး၏ မျက်နုံး တို့က ထူထဲပြီး စိမ်းဖန့်နေသည့်နှယ်ပါလေ။ ဘုရားရေ! ဒါ ဒါ 'နေမင်းခ' ရဲ့ညီလေး 'တုန္တိုင်းခ' တဲ့လား။

"ဝဠာရေ . . . ကိုကိုတို့ လာပြီ"

အုပ်စုရှိရာဆီ လှည့်ပြောလိုက်ရာ ခပ်ပြည့်ပြည့်ကောင်လေးက သူ့ကို လက်ထောင်ပြလျက် နှုတ်ဆက်လိုက်လေ၏။ အဆောင်ကနေ အကုန်လုံးများ ထွက်လာကြသလား။ အဆောင်မှာမနေပါသည့် ဤ လူချောလေးက ဒီအုပ်စုနှင့်အတူ ဘာကြောင့် ရှိနေပါသလဲ။ ဒီကောင် လေးနှင့် သူ၏ချာတိတ်မလေးက တွေ့ပြီးပြီလား။ ရင်ထိတ်လိုက်တာ 'ထက်' ရယ်။

"အစ်ကို့အတွက် ပစ္စည်းယူလာပေးတာ"

"ထက် . . . ထက်မြက် ရောက်လာတာလား"

"ဟုတ်! "

"ပြန်သွားပြီလား"

"အဲဒါတော့မသိဘူး"

"မမေးကြည့်ဘူးလား။ phone နံပါတ်ရော"

သူနှင့် 'ဝဠာ' ပြောနေသမျှကို 'တုန္တိုင်းခ' က ကြည့်နေလေ ၏။ စပ်စုသလိုမျိုး ဝင်မပြောပါချေ။ အနေအေးသည်ဆိုတာ အမှန် ပါပဲလား။ မျက်နှာကိုမြင်ရုံဖြင့် အတွင်းစိတ် မည်မျှဖြူစင်သည်ဆိုတာ



ကို အထင်းသား ဖြစ်နေရတာပါလေ။ ဘယ်လိုဖြစ်ပြီး ဤလူငယ်လေး ကို သူ ဂရုတစိုက်ဖြင့် သတိထားမိရတာပါလိမ့်။

"ငါ့ညီ တုန္တိုင်းခပါ မြင့်မိုရ်"

"အင်း"

"မချောဘူးလား အစ်ကို၊ ဒီကောင်က ကျွန်တော်တို့အုပ်စု ထဲမှာ အချောဆုံး ဗိုးစွံပဲ"

"ဟာ . . . ဝဠာကတော့ လုပ်ပြီ။ မဟုတ်ပါဘူး အစ်ကို၊ ကောင် နောက်နေတာ"

ပြုံးစိစိလေးဖြင့် သူ့ကို ရင်းနှီးစွာပြောလိုက်သည့် လေသံက ဘိုကြီးမပြပါဘဲ ကြည်လင်နေလေ၏။ 'စိုးမိုင်' ပြောဖူးသလိုမျိုး ရှင်မင်းသားနှယ်၊ Model boy နှယ် ဤချာတိတ်လေးက အုပ်စု ထဲမှာ ထင်းနေပြီး သန့်နေတာ အမှန်ပါလေ။ 'ဝဠာ' နှင့် ပြောလက်စ စကားက ပြတ်ပြီး မိတ်ဆက်ခြင်းက ဖြစ်သွားရတယ်လို့။

"ကိုယ်မေးနေတာ မဖြေသေးဘူးနော်"

"ပြောလို့မဖြစ်ဘူးထင်လို့ပါ အစ်ကို၊ သူကြိုက်မှာမဟုတ် ဘူး"

"ဘာပြောသွားသေးလဲ"

"တီချယ်တို့ ပေးလိုက်တာလို့ပဲ ပြောတယ်"

"အဲဒါပဲလား"

"ဟုတ်! "

ထင်ထားသည့်အတိုင်းပါပဲလား။ စကားကို တိုတိုပြတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြောကျင့်က ခုထိ မပျောက်သေးဘူးထင်ပါရဲ့။ အလွမ်းတော်င်မ မပြေရပါလား 'ထက်မြက်ချို'။ ခဏလေးတောင်မှ မတွေ့ချင်ဘူးလား။ တကယ်ဆို နှစ်အကျော်မှာ ဖျတ်ခနဲသာတွေ့ခဲ့ရသည့် ပုံရိပ်ဝါးဝါးလေးကို ထင်ရှားအောင် တွေ့ရမှာပေါ့။ မင်းကြောင့် လွမ်းဆွတ်တမ်းတစိတ် တနင့်တပိုးကြီး ခံစားနေရတဲ့ 'မြင့်မိုရ်ဦး'ကို ငဲ့ကွက်စာနာစိတ် နည်းနည်းလေးတော့ ထားသင့်တာပါလေ။

"အစ်ကိုတို့ ဘယ်သွားကြမလို့လဲ"

"ကား သွားကြည့်မလို့ ညီ"

"ဟာ!...ဒါဖြင့် New စီးရတော့မယ်ပေါ့၊ မိုက်တယ်ကွာ"

"နှိုင်းခက အိမ်မပြန်သေးဘူးလား"

"ပြန်မှာပါကိုကို။ မနက်ဖြန် lab ရှိလို့ သူငယ်ချင်းတွေစုပြီး စာကြည့်နေတာ။ ခဏနေပြန်တော့မှာ"

"အခုတစ်ခါတည်း လိုက်မလား"

"ဟင့်အင်း...မလိုက်တော့ဘူး။ သူတကားနဲ့ပဲ ပြန်ဖြစ်မယ်"

"အေးအေး...ပြီးရော"

အလတ်ကောင်က ကိုယ်တိုင်ပင် ကြိမ်ခြင်းတောင်းကို ကားပေါ်သို့ တင်ပေးလေ၏။ ဒီထက်ပိုပြီး မေးခွန်းတွေ မေးခွင့်မရဘူးလား။ တကယ်ဆို ဟိုအရင်တုန်းက ရှိခဲ့ရသည့် သံယောဇဉ်နှင့် ကိုယ်တို့ ဆုံနိုင်ခွင့်က ရှိသင့်ပါတယ် 'ချာတိတ်' ရယ်။ ခုတော့ဖြင့် စိမ်းကားပြတ်တောက်နေရတယ်လို့။

"ကျေးဇူးပဲ ညီ၊ အားလုံးပဲ သွားဦးမယ်နော်"



ရှုငယ်အုပ်စုကို နှုတ်ဆက်ပြီး ကားပေါ်တက်မောင်းခဲ့ရပါ၏။ အလတ်ကောင်ကို အစအနောက်သန်ပြီး စကားများသည့် ချာတိတ်နှင့် ဤလူအေးလေးက အဘယ်ကြောင့် တစ်အုပ်စုတည်း တွဲမိရပါသလဲ။ အင်းပေါ့လေ။ သူတို့အုပ်စုထဲမှာတောင် 'နေမင်းခ' က ရှိနေတာပဲ။ ခက်တာက မင်းနဲ့ 'တုနှိုင်းခ' တို့ ဆုံကြမှာကို စိတ်ထဲမှ အလိုလို စိတ်ကြောက်လန့်နေရတာကိုပါ။

"မြင့်မိုရ်"

"အင်း"

"ဘာဖြစ်နေတာလဲ"

"ဒီလိုပါပဲ"

"မင်း ချာတိတ်နဲ့ မတွေ့လိုက်ရလို့လား"

"ဆိုပါတော့"

"ရေစက်ပါရင် လွဲခဲပါတယ်ကွာ"

'မင်းခ' ပြောသည့်အတိုင်း ဖြစ်ပါစေဟုသာ စိတ်ထဲမှ ဆုတောင်းလိုက်မိလေ၏။ ကားကုမ္ပဏီထဲသို့ ကွေ့ဝင်လိုက်ပြီး ကားရပ်ထိုးရည့်နေရာမှာ ရပ်လိုက်ပါသည်။ အရောင်းဝန်ထမ်းလေးက သူတို့အနီးသို့ရောက်လာသဖြင့် 'နေမင်းခ' နှင့်အတူ Show Room ထဲမှာ လည့်ပတ်ကြည့်နေမိလေ၏။

"New Model ပဲ ကြည့်မလား အစ်ကို။ ခန့်မှန်းခြေ ဘယ်လောက်ထဲက ကြည့်ချင်လဲ"

"တစ်ရာကျော်ကျော်လောက်ထဲကပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"Nissan, Toyota, Honda မျိုးစုံရှိပါတယ် အခုက Mitsubishi လည်းရှိတယ်။ ကုမ္ပဏီမျိုးစုံတွေ၊ ၂၀၁၀ မှာ ဝင်တာ စောစောကပဲ ဒီလိုတစ်စီး ရောင်းထွက်သွားတယ်"

"ဟုတ်လား"

ကားကုမ္ပဏီမျိုးစုံမှ ဝင်လာသည့် ကားတွေမို့ အကုန်သန့်နေ လေ၏။ ခေါင်း သိပ်မရှည်သည့်အမျိုးအစားကိုသာ သဘောကျသည့် 'မင်းခ' က ပုံစံလှသည့်ကားကို ရွေးကာ စက်စမ်းနေပါသည်။ အားလုံး ကုမ္ပဏီမို့ ဘာမဆို စိတ်ချရလေ၏။ ငွေ အကုန်မရှင်းနိုင်လျှင်လည်း ဘဏ် card ဖြင့် ရှင်းပေးနိုင်တာမို့ အဆင်ပြေလေသည်။ သုံးစီး မြောက်ကားကိုမှ သဘောကျနေသည့် 'နေမင်းခ' ကြောင့် ဒီတစ်စီး ယူဖြစ်ပြီဟု သူတွက်လိုက်မိပါ၏။

"ငွေ ဘယ်မှာ ရှင်းပေးရမလဲ"

"ရုံးခန်းထဲကို ကြွပါ ခင်ဗျာ"

မှန်နေရာရှိရာ ရုံးခန်းဆီသို့ သူတို့ အတူလျှောက်ခဲ့ကြပါ၏။ မှန်ချပ်များသာ ကာရံထားပါသည့် ရုံးခန်းတွင်းသို့ အကြည့်ရောက်သွား မိစဉ် သူ့ခြေလှမ်းတို့ ရပ်သွားရလေသည်။ အမြင်များမှားလေသလား ဟု မျက်တောင်ကို ထဖျတ်ဖျတ်ခတ်လျက် ပြန်၍ သေချာကြည့်လိုက် ပါ၏။ မမှားနိုင်ပါ။ ဒီလိုအသားအညိုလေးနှင့် ခေါင်းငုံ့ထားပါသည့် မျက်နှာသွယ်သွယ်လေး။ စာရွက်စာတမ်းတွေမှာ လက်မှတ်ထိုးရင်း အလုပ်ရှုပ်နေသဖြင့် မျက်တောင်ရှည်တို့ကို အထင်းသား မြင်နေရ ပါလေ၏။



ဘုရားရေ! . . . သူ၏ 'ချာတိတ်' နှင့်မှ ဒီနေရာမှာ လာဆုံရ သယ်လို့။

"အဆင်ပြေပါတယ်နော်"

"ပြေပါတယ် ခင်ဗျာ။ ဟိုအထိ ရောက်အောင် သေချာပို့ပေး မယ်၊ စိတ်ချပါ"

"ဒါဆို ပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ . . . ခင်ဗျာ၊ ဒီအထိလာတဲ့အတွက် ကျွန်တော် တို့က ကျေးဇူးတင်ရတာပါ"

လက်ဆွဲနှုတ်ဆက်နေပါသည့် မန်နေဂျာနှင့် သူမရှေ့မှာ သူတို့ရပ်လိုက်ပါ၏။ စာရွက်စာတမ်းတွေကို အိတ်ထဲထည့်ကာ ပိုက်၍ ထည့်ထွက်လိုက်ပါသည့် သူမနှင့်သူက ရုံးခန်းတွင်းမှာပင် မျက်နှာချင်း ဆိုင် ဆုံသွားရလေသည်။ ရုတ်တရက်မို့ အံ့အားသင့်သွားပါသည့် မျက်နှာလေးကို သူငေးမိသွားရပါ၏။ ကြည့်ပါဦး! မဆုံဖြစ်တာကြာပြီ ဖြစ်သည့် မျက်နှာလေးက ဝင်းပနေသည့်နှယ်ပါလေ။

"ကိုကို"

"ချာတိတ်"

"ဒီအစ်ကိုက ဒီတစ်စီးကို ငွေချေမှာပါ"

'နေမင်းခ' က စာချုပ်စာတမ်းနှင့် ငွေရှင်းနေပေမယ့် သူက ကြည့်ပါပဲ ချာတိတ်နှင့်အတူ ရုံးခန်းအတွင်းမှ လိုက်ထွက်ခဲ့မိလေ၏။ ခင်ထိုတို့ညှပ်ထားပါသည့် ဆံပင်အောက်နားကုတ်ပေါ်ကို လက်ဝါးဖြင့် ပွတ်သပ်ရင်း နေရခက်ဟန်ကို မြင်နေရပါသည်။ ရှေ့ကော် မကုန်သေး

www.burmeseclassic.com

www.burmeseclassic.com



လို့ အခုလို ပြန်ဆုံရပြန်တာလား။

"ကားလာဝယ်တာပေါ့လေ"

"ဟုတ်ကဲ့ သူများဝယ်နိုင်းလိုက်လို့ပါ"

"လူကြုံပေးလိုက်တာ အခုပဲ ဝင်ယူခဲ့တယ်"

"အင်း"

"ဘာလို့ ကိုယ်တိုင်လာမပို့ချင်ရတာလဲ၊ မတွေ့ချင်ဘူးလား"

"ဘာပဲဖြစ်ဖြစ် ကိုကိုရပြီးပြီ မဟုတ်လား။ ပြီးပြီပေါ့"

နှုတ်ကျိုးခဲ့ပါသည့် အခေါ်အဝေါ်ကို မပြောင်းမလဲ ခေါ်နေ သေးတာမို့ တော်ပါသေးရဲ့။ လူပုံစံ Design ကိုဖြင့် ဒီအတိုင်း လုံးဝ မပြောင်းတော့တာ ဘာကြောင့်ပါလဲ။ ဒီလိုချည်း ဆက်တိုက် နေသွားတော့မို့ အပြီးတိုင် ဆုံးဖြတ်ထားခဲ့လေသလား။

"Phone ခဏပေးပါလား"

"အဲဒါက"

"ဟိုအရင်ခင်ခဲ့ဖူးတဲ့ သံယောဇဉ်ကို အသိအမှတ်ပြုရင်တော့ ပေးပါ ထက်မြက်ချို။ တစ်သက်လုံး မေ့ဖို့စဉ်းစားထားရင်တော့"

သူ့ စကားကို ဆက်မပြောဖြစ်ပါ။ သူမက တစ်ခုခုကို စဉ်းစား နေပုံဖြင့် ဘာမှ မတုံ့ပြန်ပေါခဲ့။ ပေကပ်ကပ်ဖြင့် ရပ်နေပုံက ဟိုတုန်း ကအတိုင်းပါပဲလား။ စိမ်းကားဖို့ ဆုံးဖြတ်ထားပြီလားဟု တွေးမိရင်း ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရလေသည်။ ကိုယ့်ကို တမင်နှိပ်စက်ချင်သူ များ ဒီရန်ကုန်ကို ရောက်လာရပါသလား 'ထက်မြက်ချို' ရယ်။

✻

(၉)

အိပ်ရာထက် လူးလှိမ့်နေမိပါ၏။ တစ်ညလုံး အိပ်မပျော်ဖြစ် ... ဘယ်လိုများလုပ်ရပါ့မလဲ။ မှားများမှားပြီလား။ သူ့ အတော့်ကို ... ဆိုသွားလိမ့်မည်ဟူသည့်စိတ်က ရင်ကို ပူလောင်စေတာ အမှန်ပါ။ ... တဲ့လား။ မဟုတ်ပါဘူး 'ထက်' တို့နှစ်ယောက်က အစကတည်းက ... ဝေးဝေးမှာ ရှိနေကြတဲ့သူစိမ်းသက်သက်ပါပဲ 'ကိုကို' ရယ်။

မျက်နှာကြက်ကို မော့ကြည့်နေရင်း ချမိသည့်သက်ပြင်းက ... ယ်နှကြိမ်မြောက်မှန်းပင် မသိတော့ပါ။ အစဉ်သဖြင့် ဆိုတာတွေ ... ညည်သဖြင့် မြင်ရတာတွေကြောင့်မို့ပါလေ။ ပေးတော့ရော အကျိုးက ... မှာမို့လို့လား။ ခဏတစ်ဖြုတ်မြင်၍ တောင်းတာလည်းဖြစ်နိုင်တာ ... ရှုပ်ပ့် 'ထက်မြက်ချို'။ အရင်က အကြည့်တစ်ချက်ကြောင့် ခဏတာ ... ခွင့်မြှင့်းချိုး' ဖြစ်ရတယ်လို့။

"သမီးကြီး ... မထသေးဘူးလား"

မနက်စောစော ဘုရားရှိခိုးဖို့ အပေါ်ထပ်သို့ တက်လာပါသည့်

www.burmeseclassic.com

www.burmeseclassic.com



မေမေပင် ဘုရားရှိခိုးပြီးလေပြီ။ ရန်ကုန်ကပြန်ရောက်ပြီးကတည်းက အပျင်းထူပြီး အခန်းအောင်းနေမိတာ ဘယ်နှရက်ရှိနေပါပြီလဲ။ စိတ်ထဲမှာ မပျော်ရွှင်တာမို့ပဲ အိပ်မပျော်တာများလား။

"သမီးကြီး"

"ထပြီ မေ"

မေမေ့ကို အသံပြန်ပေးလိုက်ရပါ၏။ အိပ်ရာထဲမှ ထကာ ခုတင်ပေါ်မှ ဆင်းလိုက်ရလေသည်။ အပြင်မှာ နှင်းတွေကျနေသဖြင့် နေထွက်လာတာကို မမြင်ရသေးပါချေ။ နာရီက မနက် (၇) နာရီကို ပြနေပြီမို့ အိပ်ရာထနောက်ကျနေပြီး သိလိုက်ပါ၏။ အခန်းတံခါးကို ဖွင့်၍ လှေကားမှ အောက်ထပ်သို့ ဆင်းခဲ့ပါသည်။

"တီတီ အိပ်ပုတ်သိုး"

"အံမယ် ... တစ်ရက်တလေ စောပြီး ထတဲ့သူကများ ဟာ! ခါးခါးတောင် လှုးပြီးနေပြီလား။ မုန့်! ... မွှေးကြည့်မယ်"

"ဟင့်အင်း ... ဟင့်အင်း ... မွှေးနဲ့။ တီတီ ဖက်တီးကျွာ ဖေဖေနဲ့ တိုင်ပြောမယ်"

"တိုင်ပေ့ါ ... မကြောက်ပေါင်။ အား! မွှေးလိုက်တာကွာ"

"အီး! ... ဖေဖေရေ!"

"အေး! ... ဘာဖြစ်လဲ သမီး"

"တာ! ... ယောက်ဖ ဘယ်တုန်းက ရောက်သလဲ"

"ညကတည်းကပဲ မထက်ရဲ့"

"ဘယ်နှစ်ရက် ခွင့်ရခဲ့လဲ"



"သုံးလေးရက်ပဲ ရတယ်"

"မိချိုရော"

"ဈေးသွားတယ် မထက်"

"မေမေက သဲသဲဖို့ မုန့်ဝယ်လာမှာတဲ့၊ တီတီ့ကိုကျွေးဘူး"

"အံမာ! ငတီမက အားကိုးရှိတာနဲ့ပဲ ငါ့ကို အာခံနေပြီ။ ညည်းကို နေ့တိုင်း ကြိုပို့ပေးနေတာ ဘယ်သူလဲ၊ ပြော"

"အခု ဖေဖေက ပို့ပေးမှာတဲ့"

"တွေ့လား"

"ကလေးနဲ့ဖက်ပြီး စကားများနေပြန်ပြီ။ မျက်နှာသစ်မယ့်ဟာ မျက်နှာသစ်စမ်းပါ"

"မေမေ့မြေး ပြောတာ ကြားလား"

မေမေက ကျောဘက်မှ အတင်းတွန်းနေပြီမို့ နောက်ဖေးခန်းသို့ လျှောက်ခဲ့ရပါ၏။ အေးသည့်ရာသီမှာ မျက်နှာသစ်၊ သွားတိုက်ဖို့အတွက် 'မိချို'က ရေနွေးတည်ပေးထားတတ်တာမို့ မီးဖိုထက်ရှိ အိုးကို ဖွင့်ကြည့်လိုက်ပါသည်။ ကျိုပြီးသားရေနွေးမို့ ပူနေတုန်း ပါပဲ။ ဆည့်အတူနေစကားများတတ်သည့်ညီမက 'ထက်' ကို ချစ်မုန်းထားသည့် အကြီးဖြစ်သည့် ထက်ကိုက ဆတ်ဆတ်ထိမခံ ဖြစ်နေတာပဲ ဆိုပါရဲ့။

အိုးထဲမှရေကို ဖလားထဲသို့ အနည်းငယ်ခန့် လောင်းထည့်လိုက်ပါ၏။ ပြီးနောက် ကျောက်စည်ထဲမှ ရေခွက်ဖြင့် ရေခပ်ကာ ထည့်လိုက်ပါသည်။ လက်ဖြင့် ရေခွက်ထဲမှရေကို ထိလိုက်စဉ် ခပ်

www.burmeseclassic.com

www.burmeseclassic.com



ချွေးစွေး အဝတ်ပဲမို့ သွားမွှတ်တဲ့ထဲသို့ သွားတိုက်ဆေးထည့်ကာ သွားတိုက်ပြီး မျက်နှာသစ်လိုက်ပါ၏။

"ဟေး!... မေမေ ပြန်လာပြီ။ သဲသဲဖို့ မုန့်ပါလား မေမေ"

"ပါပါတယ်ရှင် ... ရော့ပါ။ မထက်ရော နိုးပြီလား"

"ငါ ဒီမှာဟေ့"

ပန်းပေါ်တင်ထားသည့် တဘက်အလတ်လေးနှင့် မျက်နှာသုတ်နေစဉ် 'မိချို'က 'ထက်' ရှိနေပါသည့် မီးဖိုခန်းသို့ ဈေးခြင်းတောင်းကိုင်လျက် ရောက်လာလေ၏။ 'ထက်' အကြိုက် ဘာများဝယ်လာသလဲဟု ဈေးခြင်းတောင်းထဲသို့ လှမ်းလျော၍ ကြည့်ပေမယ့် ခါတိုင်းဝယ်နေကျ အသား ငါး ဟင်းရွက်တွေပဲမို့ မေးဆတ်ပြလိုက်ပါသည်။

"ဘာလဲဟ"

"မထက်"

"ပြော"

"ညက ငါ့ဆီကို phone ဆက်မေးတယ်"

"ဘယ်သူလဲ"

"ရှူး!"

မေမေ ဝင်လာပြီမို့ 'မိချို'က ဆက်မပြောတော့ဘဲ မျက်ရိပ်ကာ အိမ်သာရှိရာ အပြင်ဘက်သို့ ခေါ်ထုတ်ခဲ့လေ၏။ တဘက်အစိုနိုင်လွန်ကြိုးတန်းမှာ လှန်းလိုက်ရင်း အဝတ်ညှပ်ကလစ်ဖြင့် ညှပ်ထားလိုက်ပါသည်။ ကွင်းပြင်မို့ လေတိုက်လျှင် အဝတ်တွေ လွင့်ကျ



တတ်သဖြင့် ဂရုတစိုက် လုပ်ရလေ၏။

"ကိုကိုမြင့်မိုရ်ရဲ့ ဆက်တာ"

"ဘာ!... နင့်နံပါတ်ကို ဘယ်လိုသိပြီး"

"ငါ့ phone နံပါတ်က အိမ်မှာ အမြဲသုံးနေတာ၊ လူတိုင်းအသိပဲဟာ။ သိတော့မှာပေါ့"

"ဘာတဲ့လဲ"

"နင့်နံပါတ်ကို မေးတာနဲ့ ငါပြောလိုက်ရတယ်"

"ဟာ!... သေစမ်း ငါ တမင်မပေးဘဲ ထားခဲ့တာ မိချိုရဲ့"

"ပြောပါတယ် ဟိုကလည်း"

"ခက်တော့တာပဲ မိချိုရာ"

"ခက်မနေနဲ့၊ ဒီလထဲ ငြိမ်းသည်ခေါ်ပြီး ပုဂံဘုရားဖူးဖို့လာမှာမို့ မေးတာတဲ့။ ဒီမနက်ပဲ တီချယ်နဲ့ ဈေးမှာဆုံလို့ ငါ့ကိုကြားသလိုပြောလိုက်သေးတယ်။ ကိုကိုနဲ့ ကြိုက်နေတဲ့ ဆရာဝန်မလှလှလေးပါ ခေါ်လာမှာတဲ့လေ။ ဒါကြောင့် ငါလည်း အဲတော်တင်းပြီးပြန်လာတာ။ သူမောင် ဘယ်သူနဲ့ကြိုက်ကြိုက်ယူယူ ငါတို့ကိုပြောပြစရာလား"

"အဲဒါကြောင့် ငါ ခင်ကင်းကင်းနေတာ မတွေ့ဘူးလား။ သူတို့အမျိုးတွေအကြောင်း နင်သိရဲ့သားနဲ့"

"ငါရိပ်မိပါတယ် မထက်ရယ်"

"ဘာကိုလဲ"

"ကိုကိုမြင့်မိုရ်ဦးက နင့်ကို စိတ်ဝင်စားခဲ့တာ အခုထိပဲ"

"လာပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မထက်ရဲ့။ မထက်မှာ ရည်းစားရှိနေပြီလားတဲ့"

"ဘာ! ... တောက်! ရှိတယ်၊ ကောင်မလေးလို့သာ ပြောလိုက်ပါလား"

"ယုံလိမ့်မယ် အားကြီး။ နင့်ကို ရန်ကုန်မှာတွေ့လိုက်ရကတည်းက သူ့ အရမ်းပျော်ခဲ့တာတဲ့။ ရေစက်မကုန်သေးဘူးဆိုပဲ"

"သေလိုက်လို့ ပြောလိုက်ပါလား"

"နင်ကလည်း"

"သူ့ရည်းစား ပါလာမယ်ဆို၊ ဒါကိုများ ငါ့ကို ဒီလိုအထင်တသေးနဲ့ မေးရတယ်လို့၊ အရေးမပါတာ"

"သူ့ရည်းစား ဟုတ်ချင်မှလည်း ဟုတ်မှာပါ မထက်ရာ။ သူငယ်ချင်းလည်း ဖြစ်နိုင်တာပဲ။ တမင်တကာ အိမ်ကလူတွေ ပွားတာမျိုးလည်း ဖြစ်မှာပါ"

"မသိဘူးဟာ၊ သူတို့လာရင် ငါလိုက်မပို့နိုင်ဘူး။ တကယ်ပဲ ဒီလိုမှန်းသိရင် ငယ်လေးဆီမှာပဲ နှစ်လလောက် သွားနေလိုက်ပါတယ်။ ဒီမှာ အလုပ်တွေရှိလို့ ပြန်လာတာ မှားတာပဲ"

'မိချို' ကို မကျေမနပ်ဖြင့် ပြောခဲ့ပြီး လက်ဖက်ရည်ဆိုင်သွားရန် အဝတ်အစား တက်လဲရလေ၏။ အဲဒါကြောင့် ဒီဘဝမှာ မိန်းမမဖြစ်ချင်တာလေ။ မိန်းမဆိုတဲ့အမျိုးက ဘူးတစ်ရာသာ အပေါက်ပိတ်နိုင်မည်။ မိန်းမတွေရဲ့ပါးစပ်ပေါက်ကဖြင့် ပိတ်ရခက်တာ မဟုတ်ပါလား။ 'ထက်' ကိုယ်တိုင် မိန်းမဖြစ်နေခဲ့ရတာမို့ ကိုယ့်ကိုယ်ကိုယ်ပင် မကျေမနပ် ဖြစ်ရပြန်လေသည်။



"တောက်!"

စိတ်တိုလိုက်တာနော်။ လူကို phone နံပါတ်တောင်းမရတာနဲ့ အလိမ်ခံကျပြီး 'မိချို' ဆီက လှည့်တောင်းတာမဟုတ်လား။ ရန်ကုန်ရောက်နေတာများသည်နှင့် ရန်ကုန်သားတွေနှယ် လူလည်ကျလာတော့တာလေ။ ဘယ်လိုဖြစ်သွားရတာပါလိမ့်။ 'ကိုကိုမြင့်မိုရိုး' ဆိုတာ အဲဒီလိုမှ မဟုတ်ခဲ့တာလေ။

'ထက်' တို့ကျူရှင်တက်ကြစဉ်က ကိုကို့ကို ဒဲ့တိုးကြီး မတွေ့ဖူးသော်လည်း တာတောင် ရိပ်ခနဲ၊ ဖျတ်ခနဲ ဖြတ်သွားဖြတ်လာတော့ မြင်ခဲ့ရတာပါ။ မြင်ဆောင်ပေါက်ကျောင်းသူတွေအတွက် ရင်ခုန်ဖွယ်ရာ အစ်ကိုကြီး ဖြစ်နေပေမယ့် 'ထက်' ကတော့ လေးစားအားကျမိရုံပါ။ စာလည်း အလွန်တော်ပြီး ရုပ်ရည်ချောမောလွန်းပါသည့် 'ကိုကို' ကို သူများတွေလို ဘာတာညာညာ အတွေးမျိုးဖြင့် မကြည့်မိခဲ့တာအမှန်ပါ။

ဤမျှ ကဲကဲဆတ် ဆူညံနေတတ်ပါသည့် ကောင်မလေးတွေကြားထဲကမှ စကားသိပ်မပြောသည့် 'ထက်' ကိုမှ ရွေးပြီးမြင်ခဲ့တာက ကိုကို့ပါပဲ။ သောက်ရေတော့ သောက်တတ်ပြီး ရေပူရေအေးစက်ပေါ် ရေသန့်ဗူး မှောက်တင်ဖို့ကိုဖြင့် ဘယ်ကောင်လေးမှ မလုပ်ချင်ပါ။ သောက်တာသာ ရေလည်းစိုနိုင်တာမို့ ရှောင်ရှားခြင်းလည်း ဖြစ်နိုင်ပါ၏။ 'ထက်' က သောက်ရေကို နေ့စဉ်များများသောက်တတ်ကျင့် ရှိသဖြင့် ဒီအလုပ်ကို အမြဲလုပ်ဖြစ်တော့တာပါ။

"မိန်းကလေးလုပ်ရမယ့်အလုပ် မဟုတ်ဘူးလေ"

ခပ်တိုးတိုးအပြောနှင့်အတူ 'ထက်' ၏လက်ထဲမှ ရေသန့်ဗူး

www.burmeseclassic.com



ကို လုယူလျက် စင်ထက်မြှောက်တင်တာကို လွယ်လင့်တကူ လုပ်ပေးလေသည်။ ဒါက 'ကိုကို' နှင့် ဒုတိယအကြိမ်မြောက် ဆုံရခြင်းပါပဲ။ အကြည့်နွေးနွေးလေးနှင့် အပြုံးချိုချိုလေးကြောင့် ရင်ထိတ်သွားခဲ့ရတာ အမှန်ပါလေ။

"နာမည်နဲ့လိုက်အောင် ထက်မြက်စေချင်တာ မှန်ပေမယ့် မျက်နှာလေး ချိုတာက သူများတွေအပေါ်မှာ မရှိစေချင်ဘူး ချာတိတ်ရဲ့"

အဘယ်မျှ စိတ်ကသိကအောက် ဖြစ်စေသည့် စကားကိုမှ ပြောတာပါလိမ့်။ တခြား သူငယ်ချင်းတွေလို အကြောင်းမရှိ အကြောင်းရှာပြီး 'ကိုကို့' ကို ရောတာမျိုး 'ထက်' မလုပ်ခဲ့ပါ။ တီချယ့်မောင်ဖြစ်နေသည့်အတွက်ကြောင့်လည်း လိုတာထက် မပိုရဲခဲ့တာလည်း ဖြစ်နိုင်ပါ၏။ စကားအများကြီးပြောတာမျိုးထက် မျက်လုံးချင်းဆုံပြီး ပြုံးပြရုံနှင့် စိတ်ထဲ ကျေနပ်ခဲ့ရတာပါ။

သို့သော် 'ကံ' ဆိုတာ လူကြောင့်ဖြစ်တာဆိုပြီး 'ထက်' ရဲ့ ကံတရားကဖြင့် ထိုသို့ မဟုတ်ခဲ့ပါလေ။ စာမေးပွဲကြီးနီးနေသဖြင့် ကျောင်းသားတို့ထုံးစံအတိုင်း လောဘတကြီး စာကျက်ကြတာ။ ခေါင်းတွေရှုပ်ထွေး ကိုက်ခဲရတာတို့ကို 'ထက်မြက်ချို' လည်း ကြုံခဲ့ရတာပေါ့။ မနက်အစောကြီးထပြီး စာကျက်ခဲ့ရတာမို့ မနက် (၉) နာရီခွဲမှာ အိပ်ငိုက်တာမို့ ခဏတစ်ဖြုတ်လေး အိပ်ပျော်ခဲ့တာပါ။

ဆတ်ခနဲနိုးခဲ့စဉ် နာရီက (၁၀) နာရီထင်ပြီး ရေချိုးရင်း ခေါင်းလျှော်မိခဲ့သည့် ရက်က 'ထက်မြက်ချို' အတွက် 'သေမိန့်



လိုမျိုး ရက်စက်စွာ ချမှတ်ခံခဲ့ရတာလေ။ ကျူရှင်ချိန်စာမေးပွဲကို (၁၀) မိနစ်လေးသာ နောက်ကျခဲ့ရတာက ကြီးမားသည့်အပြစ်များလား။ သို့သော် နောက်ကွယ်မှ မဆီမဆိုင် အကြောင်းပြချက်ကိုဖြင့် ငယ်လွန်းပါသည့် 'ထက်' က မသိနားမလည်ခဲ့ပါချေ။

"အဲဒီလောက် အလှမက်နေရင် စာမေးပွဲက ထူးထူးချွန်ချွန်နဲ့ အောင်ပါလိမ့်မယ်၊ မပြောလိုက်ချင်ဘူး"

သူငယ်ချင်းအားလုံးရှေ့မှာ အာကျယ်ကျယ်ဖြင့် ပြောချလိုက်သည့် တီချယ့်အသံကဖြင့် ကရုဏာတစ်စက်ကလေးမျှ မပါဝင်ပါလေ။ အရင်ကဖြင့် စာတော်လွန်း၍ဆိုပြီး 'သမီး' ဆိုပြီး နှုတ်ဖျားမှမချ ရွတ်ခဲ့သည့်ကာလက မည်မျှကြာခဲ့ပါသလဲ။ မောင်ဖြစ်သူရဲ့ အရေးပေးမှု ယောင်ယောင်လေးမျှကို ဥစ္စာခြောက်ပြီး တပည့်ဖြစ်သူကို ပစ်ပစ်ခါခါပြောပြီး အရှက်ရစေခဲ့တာလေ။

ထိုနေ့က 'ထက်မြက်ချို' ရဲ့ တာတာ့တိုင့်ဘိုင် Day ပါပဲ။ နောက်နေ့မှစ၍ ချော့ပြောလည်းမရ ဆူလည်းမရတော့ပါပဲ စိတ်ထင်ရာအတိုင်း စိုင်းခဲ့ဖြစ်တာပါ။ သံယောဇဉ်၏ အတိမ်အနက်ကို မည်သည့် ပေတံမျိုးဖြင့် မည်သို့တိုင်းတာနိုင်ပါသလဲ။ ချစ်ခြင်း၏ကျမ်းကို နှုတ်စလေးတောင် မပစ်မိပါဘဲ ခံစားချက်ခပ်ပြင်းပြင်းဖြင့် တွယ်တာမှုကို တိခနဲ ဖြတ်ပြခဲ့တာပါလေ။

ဟုတ်ပါတယ်၊ 'ထက်မြက်ချို' ဆိုတာ သူများအမိန့်နဲ့ ပိုက်လျော့ပြီး ခေါင်းငုံ့လိုက်နာတတ်သည့် ချာတိတ်မလေး မဟုတ်ခဲ့ပါ။ ကိုယ်မှန်သည်ဟု တရားသေစွဲမှတ်ယူဆထားပါက ကိုယ်ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ယူဆချက်ပန်းတိုင်ကို မဆုတ်မနစ် ဖွဲကြီးကြီးဖြင့် ရယူတတ်ခဲ့တာပါ။ ဒါကို 'ကိုကိုမြင့်မိုရ်ဦး' လည်း သိခဲ့ပါတယ်။

လက်တွေ့ကြုံနေရပါသည့် အခြေအနေမှာ ပြုံးပြနှုတ်ဆက်ရုံထက် မပိုနိုင်မှန်းသိပါလျက်နှင့် အဘယ်ကြောင့်များ လူကို ချာတိတ်လေးဆိုပြီး အထင်တသေးနှင့် မထိတထိ ကလိချင်နေရပါသလဲ။

✱

## (၁၀)

ရေချိုးခန်းထဲမှာ ရေစိမ်ချိုးရင်း ပြုံးလိုက်မိပါ၏။ တစ်ယောက်နှင့်တစ်ယောက် နီးစပ်ဖို့အတွက် ယောကျ်ားဖြစ်သည့်သူက ရှေ့တိုးရမှာပါ။ သို့သော် သူ၏ချာတိတ်မက နေရာမှာ ရပ်စောင့်မနေဘဲ နောက်ကို ခြေလှမ်းဆုတ်ချင်နေတာ မဟုတ်ပါလား။ မမြင်တာကြာခဲ့ပြီဖြစ်သည့် မျက်နှာလှလှလေးကို မထင်မှတ်ဘဲ မြင်တွေ့ခွင့်ရခဲ့တာ သူ့အတွက် အဘယ်မျှ ကံကောင်းစေပါလဲ။

"ကိုကို" တဲ့။ မကြားတာကြာပြီဖြစ်သည့် ခေါ်သံသဲ့သဲ့က သူ့နှလုံးသားကို အရည်ပျော်သွားစေတာပါလေ။ ငယ်စဉ်က ခပ်ပေါ့ပေါ့ ပုံရိပ်တို့က ပျောက်ကွယ်နေခဲ့ပြီး လေးနက်တည်ငြိမ်ဟန်တို့က ပြည့်နှက်နေသည့်နှယ်ပါ။ မိန်းမဆန်သည့်အရိပ်တို့ မရှိတော့ပေမယ့် ဒီလိုယောကျ်ားလျာပုံစံလေးကလည်း သူ့မကို တစ်မျိုးလေး စွဲဆောင်မှုရှိနေသလိုပါလေ။

"တီတီ! တီတီ! တီတီ!"

www.burmeseclassic.com



Alum ပေးထားပါသည့် စားပွဲတင်နာရီမှ အချက်ပေးသံကြောင့် ရေချိုးတာကို ရပ်သင့်ပြီမှန်း သိလိုက်ပါသည်။ ရေချိုးကန်ထဲမှ ထွက်ကာ ရေပန်းအောက်မှာရပ်၍ အပြီးသပ်ရေချိုးလိုက်ကာ ခလုတ်ပိတ်လိုက်ပါ၏။ ရေလဲပုဆိုးကို ခါးမှာဝတ်လိုက်ပြီး တဘက်ဖြင့် မျက်နှာနှင့် တစ်ကိုယ်လုံးကို သုတ်လိုက်ပါသည်။ စိုနေပါသည့် ခေါင်းထက်မှ ဆံပင်တို့ကို သုတ်ရင်း ရေချိုးခန်းထဲမှ ထွက်လိုက်ပါ၏။

"ချာတိတ်လေး"

နှုတ်ဖျားမှ တီးတိုးရေရွတ်ရင်း တစ်ယောက်တည်း ကျိတ်ရယ်လိုက်မိလေသည်။ သူငယ်ချင်းတွေသာမြင်လျှင် သူ့ကို "အရူး" ဟု ပြောကြမည်မှာ အမှန်ပါ။ အိပ်ခန်းရှိရာသို့ လျှောက်ခဲ့ပြီး တံခါးဖွင့်၍ ဝင်လိုက်ပါသည်။ မှန်ရှေ့မှာခဏရပ်ရင်း ရေသုတ်တာကို ပြီးအောင်လုပ်လိုက်၏။ တောင့်တင်းသည့်ခန္ဓာကိုယ်ကို ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိတာ မဟုတ်လား။ သူငယ်ချင်းအုပ်စုထဲမှာတော့ သူက ဖြူသလို ထင်ရပေမယ့် ဟိုချာတိတ် 'တုန္နိုင်းခ' ကိုဖြင့် မမီပါလေ။

သူက Body တောင့်ပေမယ့် ဟိုချာတိတ်က ခပ်ပါးပါးလေးဖြင့် အရပ်ပိုရှည်နေတာလေ။ 'နေမင်းခ' တောင် သူ့လောက် အရပ်မမီပါ။ အထူးသဖြင့် ငယ်လွန်းပြီး အသားအရေလှကာ မျက်နှာချိုလွန်းတာကိုက 'တုန္နိုင်းခ' ကို ပို၍ နာမည်ကြီးစေတာထင်ပါရဲ့။ မနာလိုမဖြစ်တတ်သော်ငြား စိတ်ထဲမှာတော့ တစ်မျိုးလေးဖြစ်ရပါ၏။

"တုန္နိုင်းခ"



ရေရွတ်မိပြန်၏။ အမည်ဆန်းဆန်းလေးနှင့် လူချောလေးက သူ့ထက်ပိုပြီး စွမ်းဆောင်နိုင်မှာတဲ့လား။ 'ထက်' နှင့် တစ်ကြိမ်မျှ မဆုံသေးဘူးဆို၍ စိတ်နည်းနည်းအေးသွားခဲ့ရသည်။ 'ကိုကို' ဟု သူ့ကို ချစ်ခင်စွာ ခေါ်ခဲ့သည့် 'ချာတိတ်လေး' က 'တုန္နိုင်းခ'ကို မည်သို့ခေါ်မှာပါလိမ့်။ ကြည့်စမ်း! မဆီမဆိုင် ဘာအတွေးတွေ သူ့ခေါင်းထဲဝင်လာတာပါလိမ့်။

"ဟူး!"

လေပူကို ပါးစပ်မှမှုတ်ထုတ်ပြီး အကျီဝတ်ရင်း ဗီရိုဖွင့်ရင်း Sport Shirt နှင့် Style Pants ကိုဝတ်လိုက်ပါ၏။ မျက်နှာထက် ယောကျ်ားသုံး မျက်နှာ cream ခပ်ပါးပါးလေး လူးလိုက်ကာ ဆံပင်တွေကို Gel ဖြင့် လူးပြီးဖြီးလိုက်ပါသည်။ ဖျတ်ခနဲ တွေးလိုက်မိသည်က 'တုန္နိုင်းခ' ၏ ဆံပင်ပျော့လေးတွေကိုပါပဲ။ 'နေမင်းခ' ပြောသည့်စကားထဲမှာ ညီလေးက ငယ်ဆံပင် ခပ်ပျော့ပျော့လေးကြောင့် ကလေးဆန်ပြီး ချစ်မွေးပါသည့် ကလေးတဲ့လေ။

ဘုရားရေ! ဒီလို ကလေးဆန်သည့် ချာတိတ်က 'ထက်' ၏နှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့လျှင် ဘယ့်နှယ်လုပ်မလဲ။ မဖြစ်နိုင်တာ။ သူ၏ 'ထက်'က ဤမျှ စိတ်ပျော့တာမှ မဟုတ်တာလေ။ ရည်ရွယ်သူရဲ့ အမည်ကြောင်းကို တစ်ချက်လောက် ငဲ့ကြည့်ပေးပါ 'ထက်မြက်ချို'။ ထိုကြောင့် ခုန်လှုပ်ခဲ့ရတဲ့ နှလုံးသားကို မြင်ယောင်ကြည့်ပေးပါ။ ထိုကြောင့် ချစ်တတ်လာခဲ့တာကို သိနားလည်ပေးပါ 'ကလေး' ရယ်။

"ဟော!...ဒါက ဘယ်ကိုသွားဦးမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အပြင်ခဏပါ ကြီးမေ"

"တစ်ယောက်တည်းပဲလား"

"ဟုတ်ကဲ့၊ ဘော်ဒါတွေက ဒီနေ့ duty မို့ပါ။ သိပ်မကြာ ဘူး ကြီးမေ၊ နေမစောင်းခင် ပြန်ခဲ့မှာပါ"

"အေးပါကွယ်"

လှေကားမှဆင်းခဲ့စဉ် ကြီးမေနှင့် တွေ့လိုက်ရသဖြင့် အပြင် သွားဖို့အတွက် ပြောလိုက်ရလေ၏။ တိုက်ရှေ့ရပ်ထားပါသည့် ကားပေါ် သို့ တက်၍ စက်နှိုးလျက် ထွက်ခဲ့ရပါသည်။ 'နွယ့်' မွေးနေ့တုန်းက ပေးလိုက်ရသည့် ရွှေ Handchain ကို မနှောမျှောမိပေမယ့် အနေ နယ်ပြန်လျှင်ဖြင့် 'ထက်' အတွက် လက်ဆောင်ကို သွားရှာဖို့ ထွက် လာတာပါ။ ဘယ်သူမှပါမလာသဖြင့် သူ့ကို ပွစိပွစိပြောမည့် တာမြ မည့်သူ မရှိပါလေ။ အေးအေးဆေးဆေးပါပဲ။

ဟိုတစ်ခါ လာဝယ်ဖူးသည့် Plaza မှဆိုင်ကိုသာ ဦးတည် လိုက်၏။ လမ်းကြောရှင်းအောင်စောင့်ရင်း Plaza အနီးရှိ platform နားမှာ ကားကိုရပ်လိုက်ပါသည်။ Plaza ထဲသို့ ခပ်မှန်မှန်ခြေလှမ်း ဖြင့် လျှောက်လိုက်၏။ စက်လှေကားမှတစ်ဆင့် အပေါ်ထပ်တွေကို တစ်ဆင့်ချင်းတက်ခဲ့ပါသည်။ ကြားရက်မှာလည်း ဒီလိုနေရာတွေမှာ လူများနေတာပါပဲလား။

"မင်္ဂလာပါရှင်"

ရွှေဆိုင်ရှေ့ ရပ်လိုက်သည်နှင့် အပြုံးမျက်နှာဖြင့် နှုတ်ဆက် လိုက်ပါသည့်ဝန်ထမ်းကောင်မလေးကြောင့် ကောင်တာမှန်ပုံး



ကြည့်ရောက်နေပါသည့်သူက အနုကြောင်ကြောင် ဖြစ်သွားရပါသည်။ ရှာမည့်ဆိုင်ကို ရောက်ကာမှ ဘာစပြောရမည်မှန်း မသိ ဖြစ်ရတယ် ။

"ဘာများ ရှာနေပါသလဲရှင်"

"ဟိုလေ ... ဟိုတစ်ခါ ဝယ်သွားတဲ့ Handchain လေးမျိုး သေးလားလို့ပါ"

"ဒီမှာ အများကြီးရှိပါတယ်ရှင်။ ရွှေချည်းသပ်သပ်နဲ့လည်း ပါတယ်။ ကျောက်စီထားတာတွေလည်း ရှိပါတယ် အစ်ကို"

"အင်း ... ဒီလို အပြားကြီးကြီးမျိုး မဟုတ်ဘူးလေ။ ခပ် လတ်လတ်လေးမျိုးပါ။ ဟိုတစ်ခါက စတုရန်းပုံအတုံးလေးတွေ ထားတာကို ဝယ်သွားတာ"

"Catalogue ကြည့်ပြီး မှာသွားတဲ့ပစ္စည်းပါလားရှင်"

"No! no! မဟုတ်ဘူး။ ဒီမှာ ပြထားတဲ့အထဲကပဲ ရွေးဝယ် သွားတာပါ"

"ဪ ... ခဏလေးနော်။ မန်နေဂျာမကို မေးပေးမယ်"

ဝန်ထမ်းမိန်းကလေးက Calculater ဖြင့် နှိပ်ရင်း အလုပ်ရှုပ် နေပါသည့် အစ်မကြီးဆီ လျှောက်သွားပြီး မေးနေလေ၏။ မတ်တတ်ရပ် နေရတာကြာပြီမို့ ဆိုင်တွင်းရှိ ခုံမှာ သူ ဝင်ထိုင်လိုက်မိပါသည်။ ရည်းဝယ်မှာမို့ စိတ်ချလက်ချပင် ဝင်ထိုင်လိုက်ခြင်း ဖြစ်ရလေ၏။ အကြာမှာဖြင့် မိန်းကလေးက ဘူးပြားတစ်ဘူးကို ယူလာပြီး ကောင်တာမှန်ပုံးထက် ဖွင့်ပြလိုက်ပါသည်။ ဝင်းလက်တောက်ပနေ

www.burmeseclassic.com



ပါသည့် Handchain တို့က (၆) ခုနဲ့ အစီအရီရှိနေလေ၏။

"Design အသစ် ထပ်လုပ်နေလို့ ဘူးကို သိမ်းထားမိတာ အစ်ကို။ စိတ်ကြိုက်ရွေးပါရှင်"

သူ့အကြည့်က အသည်းပုံလေးတွေ ဆက်ထားပါသည့် Handchain လေးထံ စူးစိုက်သွားရပါ၏။ လှလိုက်တာ၊ ဒီ Design မျိုးနှင့်မှ သူ၏ 'ထက်' ကပိုလိုက်ဖက်မှာလေ။ 'နွယ်' ကို ပေးသည့် လက်ဆောင်ထက် ပိုလှပြီး ကလေးပိုဆန်တာ အမှန်ပါ။

"ဒါလေးလှတယ် အစ်ကို"

"ကိုယ်လည်း အဲဒါကိုပဲ ကြည့်နေတာ"

"ဩော် . . . အင်း အင်း။ ဝါးမှုသားကျော်ရှိပါတယ် အစ်ကို၊ ချိတ်လုံးဝမပြုတ်စေရဘူး။ အာမခံပါတယ်ရှင်။ ကြည့်ကြည့်ပါနော်"

"ဆွဲဖြုတ်ရင်တော့ ပြုတ်မယ်ပေါ့လေ၊ ဟုတ်လား"

ကောင်မလေးက သူ့အပြောကြောင့် သဘောကျပြီး ရယ်လေ၏။ သူက ချိတ်ကောင်းတာကို သေချာစစ်ပြီး ထိုအသည်းပုံကြိုးလေးကိုပင် ငွေချေရန် ရွေးလိုက်ပါသည်။ မိန်းကလေးက သူရွေးသည့် Handchain ကို ဖယ်လိုက်ပြီး ဘူးကို အဖုံးဖွင့်ထားလျက် မှန်ပုံးအပေါ် ကာ စီထည့်လိုက်လေ၏။ ပြီးနောက် ကတ္တီပါဘူးနက်ပြာလေးတစ်ခု ယူလာလျက် တင်ပေးထားကာ ရွှေချိန်တွယ်တာ ဘောက်ချာရေးတာ တို့ကို လုပ်ပေးနေပါသည်။

ရယ်သံသဲ့သဲ့မျှ ကြားလိုက်ရပြီး ဆိုင်ထဲသို့ လူငယ်အုပ်စု ဝင်လာလေ၏။ သူရပ်နေပါသည့် ကောင်တာရှေ့မှာပင် လာရပ်လျက်



စကားပြောလိုက်ပါသည့် ချာတိတ်ကို ငဲ့ကြည့်လိုက်မိသည်။ အလို! မနေ့က်တဲ့ တွေ့ခဲ့မိသည့် 'တုန်နိုင်းခ' ကို အခုပင် plaza ရှိ ရွှေဆိုင်ထဲမှာ ဆုံရတယ်လို့။

"ဒီမှာခင်ဗျ . . . ကျွန်တော့်ပြင်ထားတဲ့ ပစ္စည်းလေး ရပြီလား မသိဘူး"

"ဩော် . . . ရပြီ သားရဲ့၊ ခဏလေးနော် . . . ရှာပေးမယ်၊ မောင်ရေ . . ."

မန်နေဂျာအစ်မကြီးက သူရှိနေစဉ် စကားလုံးမပြောပါဘဲ ချာတိတ်ရောက်လာမှ အရေးတယူရှိတာပါလား။ ပစ္စည်းလာပြင် သည့်လူနှင့် ဝယ်သူမှာ ဘယ် customer က ပိုပြီးအရေးပါပါသနည်း။ အခြားဝန်ထမ်းတွေက ကျန်ကောင်တာတွေမှာ ပစ္စည်းရောင်းနေကြ တာမို့ သူ ရပ်နေသည့်ကောင်တာမှ ကောင်မလေးကိုပင် အစ်မကြီးက ခိုင်းလိုက်လေ၏။

သူ့ကို ပစ္စည်းပြင်ဆင်ထည့်ပေးနေလျက်မှ ကောင်မလေးက ကော်ရိခန်းဘက် ဝင်သွားပြန်လေသည်။ မျက်နှာလိုက်လွန်းတာမို့ သူ သတ်ပြင်းရှိုက်လိုက်မိပါ၏။ ဘေးမှ ချာတိတ်က နောက်လှည့်ပြီး စကားလှည့်ပြောနေသဖြင့် သူ့ကို သတိမထားမိပုံပါ။ အစ်ကိုဖြစ်သူကို တော့ အဝေးကတောင် မြင်တတ်ပြီး အစ်ကို့သူငယ်ချင်းကို မမှတ်မိ တာများလား။

"ဆွဲသီးရပါပြီရှင်"

"ဩော် . . . ဟုတ်ကဲ့၊ ဘယ်လောက်ကျလဲမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကွင်းလေးက ပြတ်သွားလို့ လာပြန်လုပ်ရတာ။ ကံကောင်းလို့ ကျုတ်လေး မပျောက်တယ်"

"ဟင်းမောင်း ... အန်တီခခ သေချာပြောထားလို့ နှိုင်းနဲ့ ပစ္စည်းကို ဦးစားပေးပြီး ပြင်ပေးထားတာပါ။ ကွင်းအထူနဲ့မို့ မပြတ်နိုင်တော့ဘူးနော်။ နောက်ကို ဘယ်ဆိုင်ဝယ်ဝယ် ဆွဲသီးကွင်းထူထာကို ရွေးပြီးမှ ဝယ်ပါ"

"ဟုတ်ကဲ့"

"လေးသောင်းနဲ့တစ်ထောင့်ငါးရာ ကျပါတယ်ရှင်"

"တစ်ထောင့်ငါးရာ၊ အင်း"

ချာတိတ်က ပိုက်ဆံအိတ်ထဲမှာ မွှေနှောက်ရှာနေလေ၏။ တစ်သောင်းတန်တွေ အပြည့်ထည့်လာပါသည့် ခေါက်ပိုက်ဆံအိတ်လေးက သစ်လွင်တောက်ပနေလေသည်။ ဆွဲထုတ်လိုက်ပါသည့် ငွေတစ်ထပ်က လျှောခနဲလွင့်ကာ သူ့ shoe ဖိနပ်အနီးကျလာလေတော့၏။ ချာတိတ်က ဘာမှ ပူပန်ပုံမရပါဘဲ အေးအေးဆေးဆေးပင် ပြန်ကျသွားပါသည့် ပိုက်ဆံတို့ကို ကုန်းကောက်နေလေသည်။

"နှိုင်းခကတော့ ငွေတွေပေါ်လွန်းလို့ ကြဲနေပြီဟေ့"

သူငယ်ချင်းတွေ နောက်နေပြီမို့ ချာတိတ်က ရယ်မောရင်း မတ်တပ်ပြန်ရပ်လိုက်စဉ် သူနှင့် အကြည့်ဆုံသွားရလေ၏။ အစီအစဉ် မကျပါဘဲ ရှုပ်ယှက်ခတ်နေတာတောင်မှ ချာတိတ်ပုံစံက ပျာပျာသလဲ မဖြစ်ပါလေ။ သူတို့ဆေးကျောင်းသားပေါက်စတုန်းကနှင့် နည်းနည်းမှ မတူပါဘဲ ကလေးဆန်နေသည့်ပုံစံက အပြည့်ပါပဲ။



"ဟာ! ... အစ်ကို"

"အေး"

ရောက်နေတာကြာပြီလား။ ကျွန်တော် သတိမထားမလိုက်မိဘူး Sorry ပါ အစ်ကို"

"ရပါတယ်"

"ပစ္စည်းလာဝယ်တာလား"

"ဆိုပါတော့"

"ဒီမှာပါ ခင်ဗျာ"

"အစ်ကို့ပစ္စည်းနဲ့ဘောက်ချာပါရှင်"

သူ့လက်ထဲရောက်လာပါသည့် ဘောက်ချာကိုကြည့်ပြီး ငွေရှင်းလိုက်ပါ၏။ ချာတိတ်လည်း ပြင်ထည့်ဖိုး ပြန်အမ်းငွေစောင့်နေသဖြင့် သူနှင့်အတူရပ်နေလေသည်။ အုပ်စုထဲမှာ 'ထက်' မောင်လေး ပါသဖြင့် သူ့ကိုသိသည့်သူ မရှိပါလေ။ ချာတိတ်ကလည်း လူအေးမို့ မိတ်မဆက်ပေးပါချေ။

"အစ်ကို"

"ပြော"

"ကျွန်တော်တို့ ကျောက်ပန်းတောင်းကိုရောက်ရင် အိမ်လည် ခေါ်မှာလားဟင်"

"ဩော် ... ခေါ်မှာပေါ့ ညီရဲ့။ ကိုယ်တို့က နယ်ခံပဲဟာ"

"ဟုတ်ကဲ့ ... ကျေးဇူးပါအစ်ကို။ ခရီးထွက်မို့တောင် အိမ်မှာ အတော်ပြောယူရမှာ"

www.burmeseclassic.com

www.burmeseclassic.com



ညည်းသလိုပြောဟန်က အဘယ်မျှ ကလေးဆန်ပါသလဲ ဒါကြောင့်မို့ အိမ်က စိတ်မချတာပဲ ထင်ပါ၏။ ဘယ်လိုလဲ ...ငယ်စဉ်က ပုံစံမျိုးပါပဲလား 'တုန့်ငဲ့ခ' ရယ်။

✻

(၁၁)

'မိုးသူ' နှင့်အတူ ညနေစာစားနေစဉ် အိတ်ကပ်ထဲမှ phone သံ မြည်လာလေ၏။ ည (၇) နာရီကျော်ပြီမို့ ဒီအချိန် အလုပ်ကိစ္စနှင့် phone ဆက်စရာမရှိပါ။ အရေးကြီးသည့် phone မဟုတ်မှန်း သိနေသဖြင့် စိတ်ချ လက်ချ မကိုင်ဖြစ်ပါတဲ ထမင်းကိုသာ ပြီးအောင် စားနေ၏။

"ဟယ် ... ဒီလောက်အသံမြည်နေတာ မကိုင်ဘူးလား"

"ပြောချင်ရင် ပြောပေးလေ ... ရော့"

အုန်းနို့ကျောက်ကျောပန်းကန်ကို ရေခဲသေတ္တာထဲမှ ယူလာသည့် 'မိုးသူ' လက်ထဲသို့ phone ကိုပေးလိုက်ပါသည်။ တစ်ခါတလေ 'ထက်' phone မပြောချင်လျှင် 'မိုးသူ'က ကိုယ်စား ပြောပေးတတ်တာမို့ပါပဲ။ စားပြီးသားပန်းကန်တွေကို ဝန်ထမ်းကောင်မလေးတွေ လာသိမ်းပေးနေပြီမို့ ခုံမှထရပ်လိုက်ပါ၏။ ကျောက်ကျောတစ်တုံးကို ခက်ရင်းလေးဖြင့် ထိုးပြီး စားလိုက်ရင်း ရေသောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ရေသန့်ဘူးဖွင့်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ချာတိတ်လား"

"ရှင်!"

"ကိုယ်ပါ ချာတိတ်ရဲ့။ ကိုကိုပါ"

"ဟင်!"

'မိုးသူ' က ပါးစပ်ကို လက်ဝါးဖြင့်ပိတ်လိုက်ပြီး မျက်လုံးပြူးကာ 'ထက်' ကို လှည့်ကြည့်လိုက်လေ၏၊ ဘာကိုများ အံ့ဩနေတာများလဲ။ အသံတိတ်မေးခွန်းဖြင့် မေးဆတ်ပြလိုက်စဉ် 'ထက်' ၏လက်ထဲသို့ phone ကို ပြန်ထည့်ပေးလေတော့သည်။ ရှောဘူးမော့သောက်နေသဖြင့် စကားမပြောဖြစ်သေးပါဘဲ phone ကိုင်လိုက်ရလေ၏

"ကလေး . . . စိတ်ဆိုးသွားလား"

"ဟင်! . . . ဖရုံး! အဟွတ်! အဟွတ်!"

"ဟဲ့! . . . ဘယ်လိုဖြစ်ရတာလဲ"

"ချာတိတ်! ဟယ်လို! ချာတိတ်!"

သေစမ်း! 'ကလေး'တွေ 'ချာတိတ်' တွေဆိုပြီး ခေါ်ကာပြောနေပါရောလား။ ဘယ်သူဆိုတာကို သိလိုက်တာမို့ အလန့်တကြားဖြစ်ကာ မော့သောက်နေပါသည့် ရေတို့က သီးပြီး ပြန်ထွက်ကုန်လေတော့၏။ 'မိုးသူ' က 'ထက်' ကျောကို အသာလာပုတ်ပေးရင်း ရယ် နေလေပြီ။

"ရယ်မနေနဲ့"



"အေးပါ . . . ဟိုကပြောတာကို နားစိုက်ထောင်ပါဦး"

"ဟယ်လို!"

"ဟုတ်! . . . ပြောပါ"

"ထက်ကမပြောတော့ ကိုယ်လည်း ထက်ညီမဆီကနေ မေးပတ်တောင်းလိုက်မိတာပါ"

"အင်း . . . မိချို့ ပြောပါတယ်"

"ကိုယ်မေးတာ မဖြေသေးဘူးနော်"

"ဘာကိုလဲ"

"စိတ်ဆိုးလားလို့"

"ရပါတယ်"

"တော်သေးတာပေ့ါ ချာတိတ် မပေးချင်တာကို မရမကယူမိတာ စိတ်မအေးနိုင်ဘူး"

"ဘာပြောစရာရှိလို့လဲ၊ အရေးကြီးတာမဟုတ်ရင် ပိတ်လိုက်တော့မယ်"

"နေပါဦး၊ ထက်ရဲ့။ ကိုယ်ပြောစရာရှိလို့ပါ"

မျက်မှောင်ကျုံ့လျက် စိတ်ရှုပ်နေသည့် 'ထက်' ကို 'မိုးသူ' က အသည်းယားပြီး ခါးကို လက်ညှိုးဖြင့် ထိုးနေလေ၏။ ခါးထိလျှင် ယားတတ်သည့် 'ထက်'က မရယ်ချင်သဖြင့် အသက်အောင့်ကာ ကိုယ်လုံးတွန့်နေလေသည်။ 'ထက်' ကို ဤသို့ အခေါ်အဝေါ်ဖြင့် ခေါ်ကတည်းက ဘယ်သူဆိုတာကို 'မိုးသူ' သိနေလေပြီ။

"မလုပ်နဲ့ ချစ်လေးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အနားမှာ ဘယ်သူရှိနေလို့လဲ"

"မိုးသူပါ ကိုကို၊ မိုးမြင့်သူပါ"

"ဟာ! ကျစ်!"

"ဩော် . . . မိုးမြင့်သူကိုး"

တစ်ဖက်မှ သူကြားစေရန် အသံကျယ်ဖြင့် ပြောလိုက်ပါသည်။ 'မိုးသူ' ၏တင်ပါးကို ဖျတ်ခနဲ ရိုက်လိုက်မိလေ၏။ အရေးကြီးလျှင် ကူညီမယ်မရှိဘဲ ဟိုဘက်ကို တွန်းပို့ချင်နေတာပါလေ။ ကျူရှင်အတူ တက်ခဲ့ပါသည့် သူငယ်ချင်းမို့ 'မိုးသူ' ကို သူလည်း သိနေမှာပါ။ သူက ဘာကို သဘောကျသွားမှန်းမသိပါဘဲ ခပ်တိုးတိုးရယ်လိုက်လေ၏။

"ဟဲလို!"

"ပြောမှာပါ ချာတိတ်ရဲ့။ စိတ်မရှည်တော့ဘူးလား"

"ကျွန်တော် အလုပ်ရှိသေးတယ်ဗျ"

"ဒီအချိန်ကြီး အလုပ်ရှိစရာလား။ ယုံအောင်လည်း ရှိပါဦး"

"အလုပ်အကိုင်နဲ့လူဗျ။ အားအားလျားလျား phone သမား လုပ်နေတဲ့သူ မဟုတ်ဘူး သဘောပေါက်!"

သူ ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။ ရော်! ဘယ်လို ဖြစ်ပြီး လူကို လှောင်နေရပါသနည်း။ အရွယ်ရောက်နေပြီ ဖြစ်သည့် 'ထက်မြက်ချို' ကို ခုချိန်ထိ ကလေးလိုပဲ မြင်နေတုန်းများလား။ ချစ်သူရှိနေပါသည့် လူက 'ထက်' ကို မထိတထိ ခေါ်ပြီး အထာ တသေးဖြင့် စနောက်ချင်နေရတယ်လို့ စိတ်တိုလိုက်တာနော်။



"ကိုယ်က ချာတိတ်ကို ကိစ္စမရှိဘဲ အလကားခေါ်ပြီး နောက်နေတာမှ မဟုတ်တာ"

"ဒါဖြင့်လည်း လိုရင်းကို ပြောပေါ့"

"Ok! ဒီရက်ပိုင်းအတွင်း ကိုယ်ပြန်လာဖြစ်မယ်။ သုံးလေးရက်လောက် နားမယ်ဆိုပါတော့"

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာကို ပြောမယ်လေ"

"ကျွန်တော် အလုပ်မအားတဲ့အတွက် ဘယ်နေရာကိုမှ ဘယ်ဧည့်သည်မျိုးကို လိုက်မပို့နိုင်ဘူးနော်။ အစောကြီးကတည်းက ကြိုပြောထားတယ်"

"ဟော! အဲဒီလိုတော့ ဝိတ်မပြောနဲ့လေ။ ကိုယ်က"

"မသိဘူး။ ကျွန်တော်က မလုပ်ဘူးဆို တစ်ခွန်းပဲ။ ကျွန်တော့်စိတ်ကို သိမှာပါ"

"ကိုယ် ဧည့်သည်ပါလာမှာမို့ပါ ချာတိတ်ရယ်။ ကူညီပေးပါ။ please!"

"ကိုယ်တို့ပြန်လာမည်" ဟု မသုံးပါဘဲ "ကိုယ်ပြန်လာမယ်" ဆိုပြီး 'ထက်' ကို ဘောင်လို့ ဘယ်ရပါ့မလဲ။ ရှုပ်ရှုပ်ယှက်ယှက် ယောင်သွားဆွဲဖို့ မကြိုးစားပါနဲ့ 'ကိုကိုမြင့်မိုရ်'။ ခပ်ညှို့ညှို့အကြည့်တွေနှင့် ချော့မြူးယောင်းခံခဲ့ရသည့် ဆယ်ကျော်သက်အရွယ်ကို 'ထက်' ကျော်လွန်ခဲ့တာ ကြာခဲ့ပါပြီလေ။

"ဒီလောက်ထိ စိမ်းကားမပြပါနဲ့လား ထက်ရယ်"

www.burmeseclassic.com



ဟော! လေပြည်လေးဖြင့် အချိုသပ်ပြနေပြန်ပါပြီ။ တတ်လည်း တတ်နိုင်ပါရဲ့။ လူကို ကိုယ်တိုင်ပြောလို့မရလျှင် အိမ်မှ မိသားစုဝင်တွေကို မရမက အပူကပ်တော့မည်မှန်း ကြိုသိနေပါ၏။ မပတ်သက်ချင်လို့ ခပ်ကင်းကင်းနေချင်တာတောင် မရဘူးလား။ 'ကိုကို' အိမ်မှ လူကြီးတွေရဲ့ စိတ်သဘောထားကို ဘယ်လိုဆိုတာကို သိသိကြီးနဲ့တောင်မှ 'ထက်' ကို ဘာလို့များ စိတ်ရှုပ်စေချင်ပါသလဲ။

"သူစိမ်းတွေပဲမို့ ဒီလိုပြောစရာမှ မလိုတာ"

"သေချာတယ်၊ ထက် ကိုယ့်ကို စိတ်ခုနေပြီ"

"ဟင်!...မဆိုင်လိုက်တာ"

"ဘာလဲ...ကိုယ့်ညီမသည် ဘယ်သူဘယ်ဝါဆိုပြီး ကြိုသိနေတာများလား"

"မဟုတ်ပါဘူး"

"မဟုတ်တဲနဲ့တော့ ဒီလို ခါးခါးသီးသီးလေသံမာမျိုး ထွက်စရာမှမရှိတာ ချာတိတ်ရဲ့။ ပြော! ဘယ်သူက ဘာတွေပြောထားလို့လဲ"

"မပြောပါဘူး"

"မပြောလို့မရဘူးလေ၊ အဲဒီလို မပြီးမပြတ်ထားလိုက်ရင် ကိုယ် တစ်ညလုံး အိပ်ပျော်မှာမဟုတ်ဘူး။ ပြောပါ၊ ပြောမှ ကိုယ်သိမှာပေါ့"

အလို! ဒါ ခြိမ်းခြောက်မှုများလား။ ကိုယ်ပြောချင်ရာကိုသာ လိုရာ ဆွဲပြောသည့်နေရာမှာ 'ကိုကို'က ကျွမ်းကျင်နေတုန်းပါပဲ။ သူထက် အသက်အများကြီးငယ်ပါသည့် 'ထက်' ပင် ဤမျှ စကားလုံး



အုံး မကျွမ်းကျင်ပါလေ။ ဘယ်လိုပြောရပါ့မလဲ။ တီချယ်ပြောလိုက်သည့် စကားကဖြင့် 'မိချို' သာကိုယ်တိုင်ကြားခဲ့ရတာ မဟုတ်လား။

"မမ ဘာပြောပြန်ပြီလဲ"

"အဲ!"

"ကျစ်! ထင်တယ်။ ကိုယ်ပြန်မရောက်ခင် မဟုတ်မဟပ်သတင်းက မြို့မှာ ပျံ့နေပြီလား။ ဟုတ်လား"

"တီချယ်ပြောတာ၊ ကျွန်တော် မပြောဘူးနော်၊ လာပုံမချနဲ့"

"ဘာတဲ့လဲ၊ ယဉ်လေးနွယ်နဲ့ကိုယ့်ကို ဘယ်လိုပြောထားလို့လဲ"

"မသိဘူးဗျာ"

"ကိုယ်တို့က လုပ်ဖော်ကိုင်ဘက်၊ ကျောင်းအတူပြီးခဲ့ကြတဲ့ သူငယ်ချင်းပါ။ အဲဒါထက် နည်းနည်းလေးမှ မပိုပါဘူး။ ကိုယ်ကျိန်ဆိုကျိန်ပြရဲတယ်"

"ဟာဗျာ... ကျွန်တော်က ဘာပြောမိလို့လဲ၊ မဟုတ်တာတွေ"

"ထက်ယုံအောင် ပြောပြတာလေ။ စိတ်ဆိုးတာ ပြေသွားပြီလား။ ကိုယ်နဲ့နွယ်က အရင်းကြီးပါ ချာတိတ်ရဲ့"

"မသိချင်ပါဘူး။ ကျွန်တော်နဲ့ မဆိုင်တာ ဘာမှကို မသိချင်ဘူး"

"နှစ်ယောက်တည်း အတူသွားတာတောင် စကားပြောဖော်ဆိုလို့ပါ။ မိန်းမဖော်လည်း ဖြစ်ပြီးထက်က Guide လုပ်ပြီးရှင်းပြတော့

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေမှာမို့လေ။ ကိုယ်ပြောတာ မှန်ရဲ့လား”

“ကျွန်တော် ပြောပြီးလေ၊ မအားဘူးလို့။ ပြီးတော့ ကျွန်တော် Guide မလုပ်ဖြစ်တာကြာပြီ။ ဘာဆို ဘာမှကို မမှတ်မိတော့ဘူး။ အားလုံးကို မေ့ထားလိုက်ပြီ။ ခေါင်းထဲမှာရှိနေတာ ငွေရှာဖို့နဲ့ နေ့စဉ်လုပ်နေကျ အလုပ်တွေပဲ ရှိနေလို့ပါ။ ဒါဆို ဒါပဲနော်၊ နောက်ဆို ကျွန်တော့်ကို phone ဆက်စရာမလိုဘူးလို့ ယူဆပါတယ်”

အပြတ်ပြောလိုက်ပြီး phone ပိတ်လိုက်ပါ၏။ တောဇော ဝါးနေပါသည့် ကျောက်ကျောချိုချိုလေးတွေပင် ဘယ်ရောက်ကုန်သွားမှန်း မသိတော့ပါ။ ပြောတော့ဖြင့် စိတ်က မငြိုးပြတ်လျှင် အိပ်မပျော်တတ်ဘူးတဲ့လေ။ တကယ်တမ်းမှာဖြင့် ‘ထက်’ ကို အိပ်မရအောင် စိတ်ရှုပ်စေပြီ မဟုတ်ပါလား။ ‘ထက်’ phone က လုပ်ငန်းမှာသည်း သုံးနေရသဖြင့် card ကို လွှင့်ပစ်ရခက်နေပါသည်။ စိတ်ညစ်တဲ့အထဲမှာ အဲဒါက ထပ်ဆုံးပါပဲ။

“ဘာတွေ အသည်းအသန် ရှင်းပြနေတာလဲ”

“အရေးမပါတာတွေပါဟာ”

“ငါ သိနေပြီနော်”

“ဘာကိုလဲ”

“ကိုကို နှင့်အပေါ်ထားတဲ့ စိတ်ထားကို ပြောတာလေ”

“လာပြန်ပြီတစ်ယောက်။ ဟိုနေ့ကပဲ မိချိုကို ကောပြီးပြီ။ နင်တို့ မိန်းမတွေဟာလေ၊ နှုတ်ကို မလုံကြဘူး”

“နင်က အပြားမဟုတ်လို့ အလုံးလား”



ကောင်မလေးတွေ ရယ်ကုန်လေပြီ။ တစ်နေ့လုံး သုံးထားပါသည့် ခေါင်းလျှော်၊ မျက်နှာသစ် ပေါင်းတင်ရသည့်ပစ္စည်းတွေကို လျှော်ဖို့အတွက် ဖလုံတွေထဲထည့်ကာ တာဝန်ကိုယ်စီ ခွဲနေကြတာမို့ ‘ထက်’ တို့ပြောနေတာကို အတိုင်းသားကြားနေရလေ၏။ အောက်ထပ် ဆိုင်ခန်းထောင့်မှာပင် စကားထိုင်ပြောနေတာမို့ အကုန်လုံး ကြားကြသောပါ။

“ငါ့ကို စိတ်တိုအောင် မလွှနဲ့နော်”

“ကိုယ့်ဘာသာ ကိုကို့ကို တင်းနေပြီး လူကို လာမရမ်းချင်ပါနဲ့။ ကိုကြီးနဲ့ တိုင်ပြောလိုက်မယ် … ဟင်း!”

“နင့်ကိုကြီးလောက်များ … ငါမမှု အဲ!”

“ဟယ်! … ကိုကိုကြီး လာပြီဟေ့!”

ခါတိုင်းလိုပင် စကားနိုင်လုနေကြတာမို့ ဆိုင်ရှေ့ပေါက်မှ ဝင်လာပါသည့် ‘မိုးသူ’ ၏ချစ်သူကို ရုတ်တရက် တွေ့လိုက်ရသဖြင့် တန့်သွားရလေသည်။ လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက် သယ်လာခဲ့သည့် ချစ်သူကို ‘မိုးမြင့်သူ’ က ဝမ်းသာအားရ ကြိုနေပြီမို့ အခုလိုက် သိတတ်ရတော့မှာပါ။ ‘မိုးသူ’ ၏ ‘ကိုကြီး’ က Boss မို့ ဒီလိုအိမ်မျိုးမှာ မတည်းဘဲ Hotel လို Guest House လိုနေရာမှာပင် အမြဲ တည်းတတ်လေသည်။

“ငါလစ်ပြီ”

“နေဦးလေ ထက်ရဲ့”

“ဝဋ်လည်မှာ ကြောက်လို့ဟေ့”

www.burmeseclassic.com

www.burmeseclassic.com



အဝတ်လျှော်ကြမည့် ကောင်မလေးသုံးယောက်နှင့်အတူ ဆိုင်နောက်ပေါက်မှ အမြန်ဆုံးလစ်ထွက်ခဲ့ရတော့၏။ ချာတိတ်မလေးတွေက အိမ်နောက်ဘက်ထိ ဆက်သွားကြပေမယ့် 'ထက်' ကဖြင့် အိမ်ပေါ်ထပ်သို့သာ တက်ခဲ့ရလေသည်။ အိမ်နောက်ဘက် လသာဆောင်မီးကို ဖွင့်ကာ အပြင်ဘက်ထွက်ရပ်နေမိပါ၏။ ရေချိုးခန်းထဲမှ ကောင်မလေးတွေ အဝတ်လျှော်သံနှင့် ရယ်သံတို့က ထွက်နေသေးသည်။

သူများတွေကဖြင့် သက်ဆိုင်သူ ရောက်လာတာမို့ ဝမ်းသာနေကြလေပြီ။ ဒါဖြင့် 'ထက်' ကရော ဘာလို့ ဝမ်းမသာရပါသလဲ။ 'ကိုကို' က 'ထက်'ရဲ့ သက်ဆိုင်သူမှ မဟုတ်တာလေ။ 'နွယ်' နဲ့ အရှင်းကြီးပါတဲ့လား။ ဘာလို့များ ဒီလောက်ကြီး အသည်းအသန် ဖြေရှင်းပြရပါသလဲ။ 'ထက်' စိတ်ရှုပ်တယ် 'ကိုကို'။ ကျေးဇူးပြုပြီး အိပ်ရေးဝဝနှင့် အိပ်ပျော်ခွင့်ရပါရစေလား။

*

(၁၂)

ခရီးဆောင်သေတ္တာထဲသို့ ယူသွားမည့် အဝတ်အစားတွေကို ထည့်နေပါ၏။ အိမ်မှာလည်း သူ့အဝတ်အစားတွေရှိပေမယ့် လျှော်ဖွပ် မီးပူတိုက်ပေးရသည့် မမကို အားနာတာမို့ အိမ်မှ ကောင်မလေး လျှော်ပြီး မီးပူတိုက်ပေးထားသည့် အဝတ်တွေကိုသာ သေချာစစ်ပြီး ထည့်နေတာပါ။ လိုအပ်အောင် မဖြစ်စေရန် အကုန်ထည့်ပြီး သေတ္တာကို သော့ခတ်လိုက်ပါသည်။

ရေချိုးရန်အတွက် အဝတ်အစားချွတ်ရင်း မျက်နှာက အလိုလို ပြုံးလိုက်မိလေ၏။ နောက်ဆုံးတော့လည်း ရှောင်နေသူကို တည့်တည့်ကြီး တိုးမိစေရန် အဝေးကနေ အပြေးရောက်လာတော့မှာပါ။ [illegible]း ဘယ်ပြေးမလဲ 'ထက်မြက်ချို'။ မအားဘူး။ မလိုက်နိုင်ဘူး။ [illegible]ပ်တော့ဘူးဆိုပြီး ငြင်းဆန်ရတယ်လို့။ မင်းရဲ့အကြောင်းကို ပေါ်ဦး [illegible]ည်းက အကုန်သိခဲ့တာပါ 'ထက်' ရယ်။

မိဘတွေ တစ်ခွန်းပြောလိုက်ရုံနဲ့ ဦးတို့အန်တီတို့က အမိန့်

www.burmeseclassic.com

www.burmeseclassic.com



ပေးတော့မှာလေ။ မျက်နှာရှုပုပ်ပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ ခရီးအထု လိုက်ပို့ပေးမှာကို ကြိုမြင်ယောင်မိပါရဲ့။ အကြီးဖြစ်သူကို အငယ်ဖြစ်သူ က ဘယ်လောက်များ ငြင်းဆန်ပြီး ဆန့်ကျင်လို့ ရပါ့မလဲ 'ထက်' ရယ်။

ရေချိုးခန်းထဲဝင်လိုက်စဉ် မနက်အတော်စောသေးသဖြင့် အေးနေသေးတာမို့ ရေပူရေအေးပိုက်ဖွင့်ကာ ချိုးလိုက်ရပါသည်။ 'နွယ်' ကိုပါ ဝင်ခေါ်ရမှာမို့ သူက ဝီရိယရှိစွာ ကြိုပြီး အိပ်ရာထရ တာပါ။ ယူသွားမည့်ပစ္စည်းတွေကို အစောကြီးကတည်းက ပုံထားပြီး သနပ် ကြေမှာစိုးပြီး မနက်မှသာထည့်ဖြစ်တော့တာပါလေ။

"ဒေါက်! ဒေါက်!"

ရေချိုးခန်းတံခါးကို လာခေါက်နေသဖြင့် gel ဆပ်ပြာဆိုင်း ရေချိုးနေရင်း တံခါးကို ခပ်ဟဟလေး ဖွင့်လိုက်ရပါသည်။ အပြင်မှာ ဘယ်သူမှမရှိသဖြင့် နားကြားမှားသွားသလားဟု ထင်ပြီး ပြန်ပိတ်လိုက် စဉ် တံခါးခေါက်သံကို ထပ်ကြားရပြန်လေ၏။ မနက် (၅) နာရီကြီး ဘယ်သူများ လာနောက်နေတာပါလိမ့်။

"သားရေ မြင့်မိုရ်"

"ဗျာ ကြီးမေ"

"သမီးနွယ် phone ဆက်နေလို့ ကြီးမေပဲကိုင်လိုက်တယ် သူ ready ဖြစ်ပြီးပြီတဲ့။ သားလာခေါ်ဖို့ Ok ပဲတဲ့လေ"

"ဩော် ဟုတ်ကဲ့ပါ ကြီးမေ"

"မြန်မြန်ချိုးနော်၊ အအေးမိနေဦးမယ်၊ ဆရာဝန်ကို ဆေး



ဆုပ်မိပြန်ပြီ"

ကြီးမေက သူ့ကိုပြောပြီး ရယ်ရင်း အောက်ထပ်သို့ ပြန် ဆင်းသွားလေတော့၏။ စိတ်သောနေတာက သူဖြစ်ပြီး မိန်းကလေး ဖြစ်သည့် 'နွယ်' က မြန်နေရတယ်လို့။ "ဘုရားလည်းဖူးရင်း လိပ်ဥ လည်း တူးဖြစ်အောင် တူးခဲ့" ဟု သူငယ်ချင်းတွေ မှာကြသဖြင့် သူ ပြုံးခဲ့ရတာပါလေ။ အတူ ခရီးသွားမည့် 'နွယ်' နှင့် ယှဉ်တွဲပြီး နောက်ကြတိုင်း ဘာမှမဖြစ်သလို နေနိုင်ခဲ့တာပါ။ သူ့ချာတိတ်နှင့် တော်သက်လျှင်ဖြင့် ပျာယာခတ်ရတော့တာ မဟုတ်ပါလား။

ကားဝယ်စဉ်က ရုတ်တရက် မြင်ခဲ့ရပြီး ဒီရင်ဘတ်ကြီးက ဘယ်လောက်တောင် အခုန်မြန်ခဲ့ရပါသလဲ။ တွေ့ချင်စိတ်က ရင်ထဲမှာ ပြည့်နှက်နေချိန်မို့ တအံ့တဩဖြင့် စိတ်လှုပ်ရှားခဲ့ရတာပါ။ ဒါကို မသိ သလိုဖြင့် သူ့ချာတိတ်က အေးစက်စက်လေသံ ခပ်စိမ်းစိမ်းအကြည့် ဖြင့်သာ တုံ့ပြန်ခဲ့ရတယ်လို့။ တကယ်ဆို ကိုယ်တို့က အခုမှမြင်ပြီး သိကြရတဲ့ သူစိမ်းတွေမှ မဟုတ်တာ 'ထက်' ရယ်။

ရေချိုးပြီးပြီမို့ အိပ်ခန်းထဲ ပြန်ဝင်ကာ အဝတ်အစား အပြီး သတ် ဝတ်ဖြစ်လေ၏။ ကားတောက်လျှောက်မောင်းရမည်မို့ ဘောင်းဘီ မဝတ်တော့ဘဲ ချည်ပုဆိုးကိုသာ ခပ်ပွပွလေး ဝတ်ဖြစ်လေသည်။ ခရီးဝေးသွားရမည်ဖြစ်သဖြင့် 'နွယ်' ကားမူးမှာစိုးပြီး ဆေးကိုတော့ အဆုံပါအောင်ထည့်ဖြစ်ပါ၏။ အားလုံးပြီးပြီဆိုမှသာ ခရီးဆောင်သေတ္တာ ကို ဆွဲလျက် အိမ်အောက်သို့ ဆင်းခဲ့ပါသည်။

"ဘာမှ မစားသွားကြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မစားတော့ဘူး ကြီးမေ။ လမ်းမှာ ဆာမှပဲ ကားရပ်ပြီး ဆိုင်ရှာစားတော့မယ်။ နွယ်လည်း ဆာတတ်မှာမို့ ခပ်ဖြည်းဖြည်းပဲ မောင်းရမှာမို့ပါ"

"အိပ်ရေးဝရဲ့လား"

"ဟုတ်ကဲ့ ... မြိုင်မြိုင်ထင်ထင်သွားမှာပါ ကြီးမေရယ် စိတ်မပူပါနဲ့"

"သမီးနွယ်ကို ဂရုစိုက်ဦးနော်"

"ကလေးမှမဟုတ်တာ" ဟု မပြောဖြစ်တော့ပါ။ လူကြီးဆိုတာ စိတ်ပူတတ်ကြတာ မဟုတ်လား။ ကားကို ဂိုဒေါင်ထဲမှထုတ်ကာ ခရီးဆောင်အိတ်ကိုထည့်လိုက်ပါ၏။ ပြီးမှ အိမ်ရှေ့မှာ ရပ်ကြည့်နေပါသည့် ကြီးမေကို နှုတ်ဆက်လိုက်ပြီး ခြံထဲမှ ထွက်လာခဲ့ပါသည်။ 'နွယ့်' ကို ဝင်ကြိုပြီးမှပင် ဆီဆိုင်မှာ ကားကို ဆီဝင်ထည့်ရမှာပါ။

အိမ်ရောက်လျှင်တော့ မေမေတို့ ဘာပြောကြမည်မသိပါ။ ဆရာဝန်မ လှလှလေးကို ခေါ်ခဲ့မှာမို့ ပတ်ဝန်းကျင်မှာ သတင်းထွက်တော့မှာအမှန်ပါပဲ။ 'နွယ်' ပင်ပန်းမှာစိုးပြီး နားနားနေနေဖြင့် ဘုရားဖူးခွင့်ရစေရန် ပုဂံမှာ တစ်ည Hotel တည်းဖို့ စီစဉ်ထားတာ မဟုတ်လား။ နှစ်ယောက်တည်းသွားဖြစ်ပါက ပိုသတင်းထွက်မှာမို့ အတူတူအဖော်ရစေရန် ညအိပ်ဖော်အဖြစ် သူ့ချာတိတ်ကို မရမက ခေါ်နေရတာလေ။ ဒီလောက်တော့ 'မြင့်မိုရ်ဦး' တို့ ရှောင်တိမ်းတတ်ပါတယ်နော်။

"တီ!"



'နွယ်' တို့ လမ်းထဲရောက်လာပြီး ခြံဝမှ ကားဟွန်းသံပေးလိုက်ပါ၏။ ခြံတံခါးဖွင့်ပေးမှသာ ခြံထဲ မောင်းဝင်ခဲ့ရလေသည်။ အိမ်ပေါက်ဝမှာ ထွက်ရပ်စောင့်နေပါသည့် 'ယဉ်လေးနွယ်' က ခရီးသွားဖို့ အဆင်သင့်ဖြင့် ယဉ်ယဉ်လေးလှနေတာအမှန်ပါလေ။ အိမ်ထဲမှာ အိတ်ဝင်ယူရမည်မို့ ကားပေါ်မှ သူ ဆင်းလိုက်ပါ၏။

"မာမီက ခဏဝင်ခဲ့ဦးတဲ့"

"ဘာလုပ်မို့လဲ"

"ဗိုက်ထဲ အစာဖြည့်ပေးချင်လို့ပါတဲ့ရှင်"

"သြော် ... တကူးတက နွယ်ရယ်။ လမ်းမှာစားလည်း ဖြစ်ပါတယ်"

"ဆိုင်လက်ရာတွေက မာမီ့လက်ရာလောက် ဘယ်ကောင်းပါမလဲ ကိုဦးရဲ့ လာပါ"

လက်မောင်းကို ဆွဲခေါ်နေပြီမို့ အိမ်ထဲလိုက်ဝင်ခဲ့ရလေတော့သည်။ အပြင်အစားအသောက်တွေက အိမ်ထမင်း အိမ်ဟင်းလောက် အရသာမရှိတာတော့ အမှန်ပါလေ။ မနက်စောစော ထမင်းစားကျင့်ရှိသည့်သူက ဒီအိမ်မှာ ထမင်းပူပူကို စားဖြစ်တော့မည် ထင်ပါရဲ့။ ထမင်းစားခန်းထဲမှာ တကယ်ပင် ထမင်းပူပူခူးခပ်ပြီးနေလေပြီ။

"လမ်းသွားရင် ဗိုက်ပူမှာစိုးလို့ ခေါက်ဆွဲတွေ ဘာတွေ ထုပ်မကျွေးတော့တာပဲ သားရယ်။ သမီးလည်း အသားသိပ်မစားချင်ဘူးဆိုတာနဲ့ ရှိတာလေး အဆင်ပြေအောင် ချက်ပေးတာပါ။ ဗိုက်ဆောင်ပါကွယ်။ နည်းနည်းပဲဖြစ်ဖြစ် ဝင်အောင်စားသွားကြနော်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ အန်တီ”

အသားမပါဘူးဆိုပေမယ့် ငါးကြော်နှပ်နှင့် အမဲကြော်ကတော့ ပါနေပါ၏။ အစိမ်းကြော်နှင့် အာလူးအချောင်း အစိတ်လေးတွေ ကြော်ပေးထားပြီး အရည်သောက်က ပဲဟင်းချိုဖြစ်ကာ ငါးပိကြော် စပ်စပ်လေးဖြင့် အစပ်အဟပ်တည့်အောင် ချက်ပေးထားတာပါ။ အစား စားလျှင် အချဉ်အစပ်များများ စားတတ်သည့် ချာတိတ်နှင့်တော့ မိ ထမင်းဝိုင်းက အံမဝင်ပါလေ။

“ဟိုရောက်ရင် ရေကို သတိထားပြီး ချိုးဖို့မမေ့နဲ့နော် သမီး”

“ဟုတ်ကဲ့ပါ မာမီရဲ့”

“သားကို ယုံလို့သာ ထည့်ပေးလိုက်ရတာ။ သူ့အဖေက အစ သမီးကို ကလေးလို့ မြင်ပြီး စိတ်မချဖြစ်တုန်းကွယ်”

“ကျွန်တော် သေချာဂရုစိုက်ပါ့မယ် အန်တီ။ အိမ်မှာလည်း မမတို့ရှိကြတာမို့ နွယ့်အတွက် စိတ်ချပါ”

“မောင်စိုးပိုင် မပြန်ဖြစ်ဘူးပေါ့”

“ဟုတ်ကဲ့ … အလုပ်ကျပါ အန်တီ။ စိုးပိုင်က နွေဘက် တော့ ပြန်ဖြစ်မယ်ထင်ပါတယ်”

“နွေဆိုတော့ အဲဒီမှာ အတော်ပူမယ်ထင်တယ်”

“ဟုတ်ကဲ့ … ခရီးသွားရာသီမို့ လူလည်းများပြီး Hotel ကြိုမှာရတာတွေ ရှိပါတယ်။ အိမ်မှာတော့ အရမ်းမပူပါဘူး”

“ဒါဆို အခုက ခရီးသွားတာ ရှင်းတယ်ပေါ့လေ”

“ဟုတ်ကဲ့၊ ဆောင်းတွင်းက ဝန်ထမ်းပိတ်ရက်မျိုးလည်း



တော့တတ်လို့ပါ”

“အေးပေါ့ … ထည့်စားလေ သားရဲ့။ သမီးအစ်ကိုကို ထည့် ဦး”

“ကျွန်တော် သိပ်မဆာလို့ပါ၊ တော်ပါပြီ အန်တီ”

မနက်ပိုင်း ဝမ်းဟာနေသဖြင့် တစ်ပန်းကန်တော့ ကုန်အောင် စားနိုင်လေ၏။ သူ ထမင်းစားလျှင် ရေနွေးကြမ်းသာသောက်လေ့ရှိ ကြောင်း သိသဖြင့် ‘နွယ့်’ မမေက ရေနွေးပူပူ ထည့်ပေးပါသည်။ ခိုက်မနာစေရန် ပြင်ဆင်ကျွေးတတ်တာမို့ နှစ်သက်မိပါ၏။

“မမတို့ ဟင်းချက်တော်မှာပေါ့နော်”

“အင်း … ဒီလိုပါပဲ၊ သမီးတွေလက်ရာက အမေတွေကို တော့ ဘယ်မီပါ့မလဲ နွယ်ရဲ့”

“မှန်လိုက်တာ”

“နွယ်ရော အတူတူပဲမို့လို့လား”

“သမီးက အိမ်မှုကိစ္စ သိပ်မလုပ်တတ်ဘူး သားရဲ့။ သူက ပါသနာပါတာကိုပဲ အာရုံစိုက်တဲ့သူလေ”

ခေါင်းကိုသာ ညိတ်ပြလိုက်ရပါ၏။ မိန်းမပီသသည်ဟု ထင် ရသည့် ‘ယဉ်လေးနွယ်’ က အိမ်မှုကိစ္စ မနိုင်နင်းပါတဲ့လေ။ ဒါဖြင့် မိန်းကလေးမပီသတော့သည့် သူ့ချာတိတ်ကရော ငွေရှာသည့်အလုပ် အလုပ်လုပ်နေတာမှန်ပေမယ့် အချက်အပြုတ်ကိုတော့ အနည်းအပါး တတ်မြောက်သေးတာပါလေ။ လူ့စိတ်ဆိုတာကို အပေါ်ယံအမြင်နဲ့ ကြည့်ပြီး ဆုံးဖြတ်လို့ မရနိုင်တာ အမှန်ပါပဲလား။

www.burmeseclassic.com



"စားလို့ကောင်းပါတယ် အန်တီ၊ ကျေးဇူးအများကြီးတင်ပါတယ်နော်"

"ရပါတယ် သားရယ်၊ ဂရုစိုက်ပြီး သွားကြနော်။ ကားကို အရမ်းမမောင်းပါနဲ့။ ဖြည်းဖြည်းပဲသွားပါ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့" ဟုသာ ပြောရမှာပါ။ လမ်းပေါင်းမှသွားလျှင် ကားကြပ်မှာမို့ အမြန်လမ်းအသစ်မှ သွားရမှာမဟုတ်ပါလား။ အမြန်လမ်းမှသွားလျှင်ဖြင့် ဖြည်းဖြည်းမောင်းလို့မှ မရတာလေ။ သတ်မှတ်ထားပါသည့် မိုင်နှုန်းအမြန်နှုန်းသာ မောင်းရမှာကို လူတိုင်းသိနေပေမယ့် အိမ်မှာ အမြဲနေရသည့်အန်တီက ဘယ်နားလည်နိုင်မှာတဲ့လဲ။

အန်တီ့ကို နှုတ်ဆက်ပြီး ကားနောက်ဖုံးထဲသို့ 'နွယ်' ၏ ခရီးဆောင်သေတ္တာအိတ်ကို ထည့်ပေးလိုက်ပါ၏။ ရာသီဥတုအေးအေးသဖြင့် 'နွယ်' က အနွေးထည်ခပ်ပါးပါး အဖြူရောင်လေးကို အပေါ်မှ ထပ်ဝတ်ထားပြီး ကားရှေ့ခန်းမှာ ထိုင်ကာ slim-bag ကို သူ့ကား dash board ထက်မှာပင် ခင်ထားလိုက်လေ၏။

"OK ပြီနော်။ ဘာကျန်ခဲ့သေးလဲ စဉ်းစားဦး"

"မှတ်ပုံတင်နဲ့ ပိုက်ဆံအိတ်ပါရင် ပြီးရော မဟုတ်လား ကိုဦးရဲ့"

"ဟုတ်ပါပြီ ... Let's go!"

သူက ကားစက်နှိုးပြီး မောင်းထွက်ခဲ့ပါ၏။ Auto ဂီယာနှင့် နောက်ဆုံးပေါ်ကားမို့ ကားမောင်းရ မပင်ပန်းဘဲ အဆင်ပြေပါသည်။



ကားစက်သံလည်း ခပ်တိုးတိုးသာ ကြားရပါ၏။ ဒီလိုကားအကြောင်းကို နားလည်သည့် သူ့ချာတိတ်လည်း သဘောကျလိမ့်မည် ထင်ပါသည်။ ကိုယ်တို့က ပုပ္ပားတောင်ကို အရင်ဆုံးသွားဖြစ်ရင် လိုက်ပို့မလား။

"ဗျတ္တပန်းဆက်လမ်း" လှလှလေးမှာ ခဏရပ်ပြီး ကိုယ် ဓာတ်ပုံရိုက်ပေးတုန်းက ဆံပင်ရှည်ရှည် အပြုံးချိုချိုလေးနှင့် နွယ်သည့် အလှတရားတို့နှင့် ပြည့်စုံခဲ့သည့် အတိတ်ပုံရိပ်ကို ပြန်မြင်ချင်လို့ပါ 'ထက်မြက်ချို'။ အဲဒီနေရာလေးရဲ့ သာယာမှုမြင်ကွင်းကို ပြန်မြင်ရသွင် မျက်ဝန်းလဲ့လဲ့လေးဖြင့် ရင်ခုန်သံကို ပြန်ကြားခွင့်ရစေချင်လို့ပါလေ။

"ကိုဦး"

"------"

"ကိုဦး"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ။ ခေါ်နေတာတောင် မကြားဘူး"

"သြော် ... ခါတ်သီဆိုင်အရင်ဝင်ဖို့ တွေးနေမိတာပါ။ ဗိုက်သိပ်မဆာပေမယ့် ခပ်ဖြည်းဖြည်းပဲသွားမှာမို့ ကော်ဖီဖြစ်ဖြစ်သောက်ရင်းအမောင့်တော့ နားမယ်နော်"

"အင်းလေ ... ကိုဦးသဘောပါ"

"အစောကြီး ထလာရလို့ အိပ်ငိုက်နေပြီလား။ အိပ်ချင်ရင် ခုံလှဲပြီးဖြစ်ဖြစ် နားလေ။ ဒါမှမဟုတ် နောက်ခုံမှာပဲ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး အိပ်ပြီး လိုက်မလား”

“ဟင့်အင်း . . . မအိပ်ပါဘူး”

“ကားမငြိမ်လို့လား”

“မဟုတ်ပါဘူး ကားမောင်းနေတဲ့သူဘေးမှာ ငိုက်ပြီးလိုက်လို့ မဖြစ်မှန်း သိလို့ပါ”

“ကြောက်တယ်ပေါ့လေ”

“အင်းပေါ့ . . . ခရီးသွားတာ မကြောက်တဲ့သူ ဘယ်မှာရှိပါ့မလဲ”

“ဟုတ်ပါတယ် နွယ်ရယ်။ ကိုယ်တို့အိမ်မှာ ညအိပ်ပြီး မနက်စောစောလေးပဲ ပုပ္ပားတောင်သွားကြမယ်။ အိမ်ကို နေ့ခင်းဘက်ရောက်မှာဆိုတော့ နွယ် အေးအေးဆေးဆေး နားလို့ရမှာပါ”

“အင်း . . . Thanks! ကိုဦး”

‘နွယ်’က သူ့ကို ပြုံးပြလိုက်လေ၏။ ဦးဆုံးတွေ့ရသည့် ဓာတ်ဆီဆိုင်မှာပင် ဆီနှစ်ဂါလံ ဖြည့်လိုက်ပြီး အမြန်လမ်းမှာ မောင်းထွက်ခဲ့ပါသည်။ အရှိန်များလာပါက ကားလမ်းမထက်မှာ အသံမြည်ပြီး သတိပေးတတ်တာမို့ သတ်မှတ်ထားသည့် မိုင်နှုန်းသာ အမြန်လေး မောင်းခဲ့ရလေ၏။ မင်းနဲ့ ဆုံတွေ့ဖို့အတွက် ကိုယ် ‘မြင့်မိုရ်ဦး’ က အမြန်ဆုံး ခရီးနှင်လာပါပြီ ‘ထက်မြက်ချို’။

(၁၃)

အရုဏ်ဦးအလင်းရောင်က အခန်းတွင်းသို့ ဖြာကျနေပြီ ဖြစ်သော်ငြား ရာသီဥတု အရမ်းအေးနေတုန်းမို့ အိပ်ရာမှ မထဖြစ်သေးဘဲ ဗွမ်းစောင်ထူထူအောက်မှာ အိပ်ကောင်းကောင်းဖြင့် ဆက်နှပ်နေမိပါ၏။ မနေ့က ဆိုင်ကယ်တွေ ဝင်လာတာမို့ ဝပ်ရှော့မှာ အလုပ်များခဲ့ပြီး ပင်ပန်းခဲ့ရလို့ပါပဲ။ ပြန်ရောင်းရန်အတွက် အစီး (၂၀) လာပို့ပေးသည့် ဖေဖေ့သူငယ်ချင်းကုမ္ပဏီကိုလည်း phone ဆက်ပြီး ကျေးဇူးတင်ကြောင်းကို ‘ထက်’ ပင် ပြောရတာလေ။

နယ်ဘက်မှ ဝင်လာတာဖြစ်ပေမယ့် ရန်ကုန် အဆက်အသွယ်သာမရှိရင် မည်သို့မျှ အဆင်ပြေမည် မဟုတ်ပါ။ မော်လမြိုင်မှာ ကုမ္ပဏီခွဲထောင်ထားသည့်အတွက် ‘အနိကာယဦးအိုက်ပန်’ ကဖြင့် ချမ်းသာပြီးရင် ချမ်းသာနေပြီ မဟုတ်လား။ ဖေဖေ ငွေအခက်အခဲရှိချင်လည်း ကူညီပေးတတ်သဖြင့် တကယ့်မိတ်ဆွေကောင်းတစ်ဦးပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်!"

"မထက် ... မထက် ... မထသေးဘူးလား"

"ဒေါက်! ဒေါက်!"

အိပ်ကောင်းနေတုန်း တံခါးလာခေါက်နေသဖြင့် စိတ်တိုသွားရပါ၏။ တစ်ရက်တလေလေး အနားယူချင်တာတောင်မှ နားအေးပါးအေး ဆက်အိပ်လို့မရပါလား။ ညကတည်းက မနက်ကို အစောကြီးမထနိုင်ဘူးဟု မှာထားပါလျက် အလိုက်မသိ လာနှိုးကြပြန်ပြီ။

"မထက်!"

"ဟာ! ဘာလဲဟာ"

"ထတော့ဆိုနေမှ ... မနက် (၆) နာရီရှိနေပြီဟဲ့"

"ရှိရှိဟာ၊ ငါ မထဘူးလို့ပြောထားတယ် မဟုတ်လား။ (၉) နာရီလောက်မှထမယ်၊ ဒါပဲ!"

"အခု မထလို့မရဘူး။ ပုပ္ပားသွားဖို့ နင့်ကိုလာခေါ်တဲ့ ကိုကို ရောက်နေပြီ။ ထတော့"

"ဘာ!"

ခေါင်းနပန်းကြီးသွားရပါ၏။ ဘုရားရေ! လာမယ်ပြောထားတဲ့လူက ဘယ်လိုဖြစ်ပြီး မြန်မြန်ဆန်ဆန်ကြီး ရောက်လာရပါသလဲ။ လိုက်မပို့နိုင်ဘူးဟု အစောကြီးကတည်းက ပြောခဲ့တာတောင်မှ အခုလို ရောက်လာရတယ်လို့။ လူက ဆတ်ခနဲဖြစ်သွားရပြီး အိပ်ရာထက် ငုပ်တုတ်ထိုင်လျက်သား ဖြစ်သွားလေသည်။

လူကိုယ်တိုင်ရောက်နေပြီမို့ ထမတွေ့လို့ မရတော့ပါချေ။



အဖေတို့သိလျှင် ပိုဆိုးတော့မှာလေ။ လူကြီးတွေကိုပြောလျှင်ဖြင့် ထက် က သူတို့နှင့် မလိုက်ချင်ဘူးဆိုပြီး ငြင်းဆန်ခွင့်က ပျက်တော့မှာ မဟုတ်ပါလား။ ခုတင်ထက်မှ အမြန်ဆင်းကာ တံခါး lock ကို ဖွင့်လိုက်ရပါ၏။

"ငါမလိုက်ဘူးလို့ ပြောထားတယ်လေ။ ဘာလို့ရောက်လာတာလဲ"

"အဲဒါ ကိုယ့်ဘာသာ သွားပြောလေ"

"ကျစ်!"

အိပ်မှုန်စုံမွှားဖြင့် အိပ်ခန်းထဲမှထွက်ကာ အပေါ်ထပ်ရှိ လှေကားမှ အောက်သို့ဆင်းလိုက်ရလေသည်။ ဧည့်ခန်းမှာ ထိုင်နေပါသည့် သူက 'ထက်' ကို ပြုံးမြမြ မျက်နှာဖြင့် ကြည့်လိုက်လေ၏။ အခုတော့မှာပဲ မျက်နှာမသစ်ရသေးသည့် ဒီပုံစံကိုမှ မြင်သွားရတယ် လို့။

"ချာတိတ်"

"ကျွန်တော်မလိုက်နိုင်ဘူးလို့ ပြောပြီးပြီလေ"

"အဲဒီလို မလုပ်ပါနဲ့ထက်ရယ်။ ကိုယ့်ဧည့်သည်ပါလာတုန်း အိမ်ရှင်ဘက်က တာဝန်ကျေပြရမှာပေါ့"

"ဘာဆိုင်လို့လဲ ... ကိုကို့ဧည့်သည်က ကျွန်တော်တို့ ဧည့်သည်မှမဟုတ်တာ"

"ကိုယ်တို့က မြို့ခံအိမ်ရှင်လေ ချာတိတ်ရယ်။ ဘာလို့ဖြစ်ပြီး အသည်းအသန် ငြင်းဆန်နေရတာလဲ။ နွယ်ကလည်း ထက်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တယ်လို့ ပြောနေတာ။ နည်းနည်းပါးပါးလေးတောင် အားမနာဘူးလား''

''အားမနာပါဘူး ဘာလို့နာရမှာလဲ။ ပုပ္ပားလည်း မလိုက်ဘူး။ ပုဂံလည်းမလိုက်နိုင်ဘူး။ အပြတ်ပြောလိုက်မယ် ... ကျွန်တော် မအားဘူး''

''သမီးကြီး ... ဘာဖြစ်နေပြန်ပြီလဲ''

ဟိုက်! မေမေ အလုပ်မသွားသေးပါလား။ မနက်စောစော လက်ဖက်ရည်ဆိုင်ဘက် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပြီး ဝင်လာသည့် မေမေ့ကြောင့် မျက်နှာကို ရှုံ့တွလိုက်ပါသည်။ 'ထက်' က မေမေ့သမီးဖြစ်ပြီး 'မိချို'က မေမေ့သမီးမို့ နားဝင်အောင်ပြောလျှင်ဖြင့် 'ထက်' ကို မေမေသာ အေးအေးဆေးဆေး ပြောတတ်တာ မဟုတ်လား။ နင်တော့သေပြီ 'ထက်မြက်ချို'။

''ဪ ... မောင်မြင့်မိုရ် ရောက်နေပြီကိုး''

''ဟုတ်ကဲ့ပါ ဦး''

''ဘုရားဖူးထွက်ကြမလို့ပေါ့လေ။ ညီ့သည် ပါလာသေးလား''

''ဟုတ်ကဲ့ ... အိမ်မှာစောင့်နေပါတယ် ဦး။ ဒီနေ့က မနက်ပိုင်း ပုပ္ပားသွားပြီး ညနေကို မြို့တွင်းဘုရားတွေပဲ လိုက်ပို့ပေးမှာပါ''

''သမီးက ဘာမှမပြင်ရသေးပါလား''

''ဟာဗျာ! မေမေကလည်း ကျွန်တော်မလိုက်ဘူး ပြောနေတာကို''



''မလိုက်လို့ ဘယ်ဖြစ်မှာလဲ သမီးရဲ့။ မြို့တွင်းစေတီတွေ လိုက်မပို့တာက ကိစ္စမရှိဘူးလေ။ ပုပ္ပားကိုတော့ သမီးလိုက်မှပေါ့။ မောင်မြင့်မိုရ်ကို အားနာစရာ''

''ဟုတ်ပါတယ် ထက်ရယ်။ အလွန်ဆုံးကြာလှ တစ်နာရီခွဲလောက်ပဲဟာ''

''မသိဘူးဗျာ ... စိတ်ရှုပ်တယ်။ အိပ်ရေးကမဝရတဲ့ကြားထဲ''

''သမီးနော် ... ဂျစ်ကန်ကန် ပေကပ်ကပ်လုပ်ပြမနေနဲ့။ မင်းအစ်ကိုက သူစိမ်းမှမဟုတ်တာကို။ ဘာသာရေး ကုသိုလ်ရေးဆိုတာ နောက်လို့ကောင်းတဲ့အရာ မဟုတ်မှန်း သိလျက်သားနဲ့''

''အင်းပါ ... အင်းပါ ... လိုက်ပါ့မယ်။ ပုဂံမကလို့ နတ်ပြည်အထိပဲတက်တက် ခေါ်ရင်လိုက်မယ်ဗျာ။ ပြီးရော မဟုတ်လား''

''ကြည့်! ... ဒီကလေးမကတော့လေ''

စိတ်တိုတိုဖြင့် ဘုပြောရင်း ရေချိုးမျက်နှာသစ်ဖို့ ပြင်ရလေတော့၏။ ကြည့်ပါဦး။ မေမေ့ပြောပုံက ကောင်းပါရဲ့။ သူစိမ်းမဟုတ်ဘူးတဲ့လေ။ သူစိမ်းမဟုတ်ရင် 'ထက်' နဲ့ 'သူ'က ဘာဖြစ်ရမှာလဲ။ တော်ပြီ မတွေးချင်ဘူး။ စောစောစီးစီးရောက်လာပါသည့် 'ဒေါက်တာမြင့်မိုရ်ဦး' က မွေးကြိုင်လန်းဆန်းနေတာမို့ ညှိုးသိုးသိုး 'ထက်မြက်ချို' အတွက် မနာလိုချင်စရာ ဖြစ်နေပြီ မဟုတ်ပါလား။

ရေချိုးလိုက်ပြီး မျက်နှာပြောင်ကြီးဖြင့် မသွားချင်သဖြင့် သနပ်ခါးရေကျဲတော့ လူးဖြစ်ပါ၏။ ပေါ့ပေါ့ပါးပါး T-shirt ပေါ် shirt လက်ရှည် ထပ်ဝတ်လိုက်ပြီး အောက်က Jeans အညိုနက်ပြာကို

www.burmeseclassic.com

www.burmeseclassic.com



တွဲဝတ်လိုက်ပါသည်။ T-shirt က အဖြူနှင့် အပေါ်က sky blue ရွေးလိုက်တာများ မှားပြီလား။ ကိုကိုလည်း ဒီအရောင်နှင့် ခပ်ဆင်ဆင်တူသည့် colour ရွေးဝတ်ထားသဖြင့် အထင်လွဲစရာ ဖြစ်တော့မှာလေ။

"ဟောကြည့်! ဘာလုပ်ဖို့ ပြန်တက်ရပြန်ပြီလဲ"

"ဘာမှမဟုတ်ဘူး"

"ရုပ်အကျီလဲဦးမလို့ မဟုတ်လား။ လဲမနေနဲ့။ အဲဒါမှ ရှင်းအရောင်နဲ့လိုက်တာ။ ဝတ်သွားပါ မထက်ရဲ့"

မေမေလှမ်းပြောတာကို မဖြေဘဲ လှေကားမှ ပြန်ပြေးဆင်းခဲ့စဉ် အပေါ်မှ ဆင်းလာပါသည့် 'မိချို' နှင့်တိုးကာ လက်မောင်းချင်းခွဲခေါ်လာလေတော့၏။ ငါနော် သေလိုက်ချင်တော့တာပါပဲ။ ဒီလက်ကလည်း အလွယ်ကိုလိုက်လှန်းတာပါ။ ဘယ်လိုဖြစ်ပြီး ချိတ်ထားသည့် ရှပ်တွေထဲကမှ ဒီအရောင်ကို ရွေးလိုက်မိတာပါလိမ့်။

"ပြီးရင် သွားကြမယ်လေ။ ကျွန်တော်တို့ သွားလိုက်ပါဦးမယ်ဦး"

"အေးအေး"

"မေမေ ဘာမှာဦးမှာလဲ"

"မမှာပါဘူး။ မြေအတွက် မုန့်တစ်ခုခုသာ ဝယ်ခဲ့ပေးလာရင် ပြီးရော"

"ဟုတ်!"

အိမ်ရှေ့ (ဆိုင်ဘေးလမ်း) မှတစ်ဆင့် ခြံရှေ့သို့ရောက်သော



အခါ။ ရပ်ထားပါသည့် ကားနားသို့ရောက်စဉ် သူက ငုံ့ကြည့်လျက်ပြုံးလိုက်မိလေသည်။ ကားရှေ့ခန်းတံခါး ဖွင့်ပေးနေသဖြင့် ဖျတ်ခနဲမော့ကြည့်လိုက်သည့် မျက်ဝန်းနက်တို့နှင့် အကြည့်ချင်းဆုံသွားရပါ၏။ မျက်တောင်းလှလှလေးကို မိမိရရ မြင်လိုက်ရလေသည်။

"ဘာပြုံးတာလဲ",

"သဘောကျလို့"

"သိပ်ကြည့်တာ မဟုတ်ဘူးနော်။ နောက်မယ် မကြံနဲ့"

"ရော် . . . ဒါလေးပြောတာ စိတ်ကောက်စရာလား"

"မကောက်ပါဘူး။ ဘယ်မှာကောက်လို့လဲ"

"မျက်နှာက ဒီလောက်စူပုတ်နေပြီးတော့။ အဲဒါ မကောက်ဘူးလား"

"စောစောစီးစီး ဗိုက်ဟောင်းလောင်းနဲ့ ဆာတယ်ဗျ"

"ဖြည့်ပေးမှာပေါ့ ချာတိတ်ရယ်။ နွယ့်ကိုခေါ်ပြီး ဆိုင်မှာအတူထိုင်စားပြီးမှ သွားကြတာပေါ့။ အလျှင်မှ မလိုတဲ့ဟာ"

ဘာမှမပြောတော့ဘဲ ကားပေါ်တက်ထိုင်လိုက်လေ၏။ အနှုတ်ခမ်းများ ရှုံ့နေလေသလား။ ဒီတိုင်းခေါ်ပြီးသွားလျှင် ရပါလျက်နှင့် သူက တမင်ပင် 'နွယ်' နှင့် 'ထက်' ကိုရင်းနှီးစေလို၍ ယခုလို ခေါ်ခိုင်းလိုက်ခြင်းပါ။ ကိုယ့်တာသာ ကြိုက်ရာရွေးဝတ်ခဲ့ပြီး သူနှင့် colour တူနေမှန်း သတိထားမိကာ ပြန်လဲရန် လှည့်တက်သွားပုံက ရယ်ချင်စရာပါလေ။ မင်း ရှက်တတ်နေပြီလား 'ထက်မြက်ချို'။

"ဟင်! . . . ဘာပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မယလို့ ခေါ်ရမလား။ ဒါမှမဟုတ် ခေါက်တာလိုပဲ ခေါ်ရ မလားလို့ မေးလိုက်တာ"

"ထက်က ဘယ်လိုခေါ်ချင်လို့လဲ"

"ကိုကို့နဲ့ ပတ်သက်တာဆိုတော့ မမလို့ခေါ်မှ အဆင်ပြေမှာ ပေါ့။ မဟုတ်ဘူးလား"

"Ho! ho! စကားကို လွှတ်မပြောနဲ့။ နွယ်က ကိုယ့်သူငယ် ချင်းလို့ပြောပြီးသားနော်။ Very simple friend"

အိမ်ရှေ့သို့ရောက်ပြီမို့ 'နွယ်' က ပြင်ဆင်ခြယ်သပြီး စောင့် နေသဖြင့် မြို့ထဲမှ ထွက်လာလေ၏။ သူချာတိတ်က ကားပေါ်မှဆင်း ကာ တံခါးဖွင့်ထားပေးသဖြင့် 'နွယ်' က အံ့ဩသွားပါသည်။ ထူးထူး ခြားခြား ဒီနေ့မှ သုံးယောက်သား မိုးပြာရောင်တွေ တောက်ပလို့ပါလေ။

"တို့က နောက်ကပဲ လိုက်မလားလို့"

"ဟုတ်တယ် ... အဲဒါမှ အဆင်ပြေမှာ။ နွယ်သိချင်တာတွေ ထက်ကို မေးလို့ရမှာလေ။ ကိုယ်မောင်းမှာမို့ နောက်မှာ နှစ်ယောက် ထိုင်ကြပေါ့။ လောလောဆယ် Tea shop သွားကြစို့"

လက်ဖက်ရည်ဆိုင်မှာ ခဏဝင်ထိုင်ဖြစ်ကြလေ၏။ 'နွယ်' က 'ထက်' ကိုသာ သေချာကြည့်နေသဖြင့် အကြည့်လွှဲနေတာက သူချာတိတ်သာ ဖြစ်နေရပါသည်။ ဆိုင်ထဲဝင်ထိုင်နေသည့် သူတို့ကို လူတွေ သတိထားမိကြတာ အမှန်ပါပဲ။ သူချာတိတ်ကို လမ်းသွားရင်း နှုတ်ဆက်သူတွေက အတော်များနေလေ၏။

"ဘယ်လဲ ထက်မြက်"



"ဧည့်သည်တွေကို ပုပ္ပားလိုက်ပို့ပေးမလို့"

"ကိုယ်ကဧည့်သည်လား"

"ဒီမှာအမြဲနေတာမဟုတ်လို့ ကိုကို့ကို ဘယ်သူမှတ်မိမှာလဲ။ ဒီလိုပဲ စကားအဖြစ်ပြောလိုက်တာပါ။ ဟုတ်တယ်မဟုတ်လား မမ"

"အင်း"

"အသိတွေက အဲဒီလောက်များရလား"

"များတာပေါ့၊ ဖေဖေ့ဝပ်ရှော့ခ်က လူ့အဝင်အထွက် ...လောက်များတဲ့ဟာ။ ဝယ်ရောင်းလုပ်ရင်လည်း ကျွန်တော်ပဲ သွားရ ...များတယ်။ ဖေဖေက ဒူးသိပ်ကောင်းတော့တာ မဟုတ်ဘူး"

"အားကိုးရတယ်ပေါ့လေ၊ ထက်က အိမ်မှာအကြီးဆုံး ထင် တယ်"

"ဟုတ်! ... မမ၊ မောင်နှမလေးယောက်ထဲမှာ အကြီးဆုံးပါ"

'နွယ်' က ဟုတ်တိပတ်တိ ဘာမှ သိပ်မစားဖြစ်ပေမယ့် သူ့... ချာတိတ်ကဖြင့် ပဲကြွပ်တစ်ပွဲနှင့် အီကြာကွေးနှစ်ချောင်း၊ စမူဆာ ...ကို လက်ဖက်ရည် တိုင်ကီခွက်ကြီးဖြင့် အသာလေး မျှောချလိုက် ...သော၏။ ဗိုက်ဆာနေတယ်ဆိုတာ အမှန်ပဲ ပြောနေတာပါလား။ 'နွယ်' ကဖြင့် 'ထက်' ကို တအံ့တဩဖြင့် ကြည့်နေလေတော့၏။

"သွားကြမယ်လေ ... ရှင်းမယ်"

"ကိုယ်ရှင်းပါ့မယ် ချာတိတ်ရဲ့"

"ကျွန်တော်က အများကြီးစားတာမို့ ရှင်းမလို့ပါ ကိုကိုရဲ့ ...ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်တာ၊ ကလေးက ရှင်းစရာလား။ Bill ရှင်းမယ် ညီရေ!”

ဘောင်းဘီအိတ်ထဲမှ ခေါက်ပိုက်ဆံအိတ်ထုတ်ကာ ငွေရှင်းဖို့ ပြင်နေသည့် ချာတိတ်၏လက်ကို ဆွဲထားရင်း စားပွဲထိုးလေးကို လှမ်းခေါ်လျက် သူပင် ငွေရှင်းလိုက်ပါ၏။ ထိုင်ခုံမှ ထလိုက်ပေမယ့် ကိုင်ထားသည့် လက်ကို မလွှတ်ပေးသဖြင့် ချာတိတ်က သူ့လက်ကို ရုန်းလိုက်လေသည်။ ယောက်ျားလေးပုံစံဖြင့် နေနေပေမယ့် မိန်းကလေး ဆိုတာကို လိမ်လို့မရဖါလား ‘ထက်မြက်ချို’။

နောက်ခန်းမှာထိုင်ရင်း ‘နွယ်’ ကို ပုပ္ပားတောင် ရှာဖွေ ရှင်းပြနေသည့် ချာတိတ်ကို ကားမောင်းနေရင်း နောက်ကြည့်မှန်မှ မကြာခဏ ကြည့်နေဖြစ်လေ၏။ စိမ်းသက်နေမည်ဟု ထင်ထားပေမယ့် ဖော်ရွေရင်းနှီးစွာ ပြောတတ်သည့် ‘ထက်’ ကြောင့် ‘နွယ်’ ထံမှ ရယ်သံသဲ့သဲ့ပင် ကြားနေရတာပါ။ အမြင့်ကြောက်သည့် ‘နွယ်’ ကြောင့် တောင်ပေါ်သို့မတက်ဖြစ်ပါဘဲ တောင်ခြေမှာပင် ဓာတ်ပုံရိုက်ဖြစ်လေသည်။ ‘ဗုဒ္ဓပန်းဆက်လမ်း’ မှာရော ရှုခင်းလှသည့် နေရာတို့မှာ ‘နွယ်’ နှင့်သူ့ကို အမှတ်တရအဖြစ် ဓာတ်ပုံရိုက်ပေးသည်က ‘ထက်’ ပါပဲ။

✱

## (၁၄)

ညနေဘက် မြို့တွင်းဘုရားဖူးစဉ် ပြောသည့်အတိုင်း ‘ထက်’ လိုက်ဖြစ်ပါ၏။ ပုပ္ပားသွားစဉ်တစ်လျှောက်လုံး စကားပြောခဲ့ရသဖြင့် မောပြီး နေ့လယ်ခင်း တစ်ရေးတစ်မော တစ်ဝကြီးအိပ်နေခဲ့ပါ၏။ ညကိုလည်း လိုက်ရမှာဖြစ်သဖြင့် အားမွေးရဦးမှာ မဟုတ်လား။ အိပ်ရေးပျက်ထားတာကို သိသဖြင့် အိမ်မှ မိသားစုဝင်တွေကလည်း နှောင့်ယှက်ဘဲ လာမနှိုးကြပါလေ။

“မမဒေါက်တာ’ က ဓာတ်ပုံရိုက်အတော်ဝါသနာပါလွန်းသဖြင့် ပုပ္ပားမှာတင် အတော်များများ ရိုက်ဖြစ်လေသည်။ ပုဂံရောက်ပြီး ဆက်လျှင်ဖြင့် အဘယ်မျှ ရိုက်ဖြစ်လေမည်နည်း။ ‘ကိုကို’ က ‘မမ’ အကြောင်းသိပြီးသားမို့ Phone ဖြင့် မရိုက်ပေးဘဲ camera ယူလာပေးသဖြင့် အဆင်ပြေသွားရတာပါ။ မြို့တွင်းမှာက ဘုရားဖူးရန် အချိန်မရှိသဖြင့် သိပ်မကြာပါချေ။

“တီတီ တီတီ”

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တီတီလို့ခေါ်နေတာ မကြားဘူးလား"

"ဟာ … ဘာလဲ အသည်းရာ။ တီတီ အိပ်ပျော်နေတာ မသိဘူးလား"

"သဲသဲ ဗိုက်ဆာနေပြီ တီတီရဲ့။ ထတော့လေ … မုန့်စားမယ်"

"မုန့်စားချင်ရင် မေမေ့ကို ပြောလေ"

"မရှိဘူးတဲ့"

"ဘာမရှိတာလဲ"

"ကုန်ပြီလို့ပြောတာ"

"ကျစ်! … ဒါဆိုလည်း ထမင်းစားပေါ့ သမီးရာ"

"မေမေက ခုမှဆန်ဆေးတာ တီတီရဲ့။ သဲသဲ စိတ်ညစ်လာပြီ"

အမလေးနော်။ မိန်းမခကတော့ စကားကြီးစကားကျယ်တွေ ပြောလာပါပြီ။ အိမ်ရဲ့အသည်းလည်းလေးမို့ လူကြီးတွေပြောသမျှ အကုန်မှတ်ထားပြီး ပြောတတ်နေတာပါလေ။ မျက်နှာလေး တကယ်ပဲ မှုန်နေပြီမို့ 'ထက်' ရယ်ချင်သွားရပြီး ပြုံးလိုက်မိပါ၏။

"စိတ်တော့မညစ်ပါနဲ့ အသည်းရယ်။ တီတီ သွားဝယ်ပေးပါမယ်။ ဘာစားချင်လဲပြော"

"ဟင့်အင်း … အပြင်မှာသွားစားမှာ"

"ဒါဖြင့် အသည်းပါ လိုက်မှာပေါ့ဗျာ"



"ဟုတ်!"

"ကဲ! … ဒါဆိုလည်း တီတီ မျက်နှာသစ်ပြီး လိုက်ပို့ပါ့မယ်။ ဘာ ဘယ်နှနာရီရှိနေပြီလဲ"

"လေးနာရီရှိပြီဗလေ … တီတီက အိပ်ပုတ်ကြီးနေတာကိုး ဗျ"

"ဟုတ်ပါပြီ မမလေးရယ်။ တီတီ ညကညဥ့်နက်တဲ့အထိ အလုပ်များသွားရလို့ပါ။ မနက်အစောကြီးလည်း ညည်းအမေ လာနိုးလို့ အိပ်ရေးပျက်ရတယ်လေ။ မသိဘူးလား"

"မေမေနိုးတာ … ဦးဦးဒေါက်တာ လာခေါ်လို့ပါနော်"

"သူ့အမေကျ တယ်သိတတ်ပါ့။ ရှုတ်!"

"အာ တီတီ ဒက်တီးကွာ"

'သဲသဲ' ကို ကောက်ချီလျက် ပါးကိုမွှေးလိုက်စဉ် အိပ်ယောင်ယောင် အသံထွက်လာပြန်လေ၏။ လှေကားမှဆင်းလာပြီး ညှော်ခန်းမှ ခြင်ကာ မီးဖိုခန်းအထိ ချီလာသည့်တူမကို ရေစည်နားရောက်မှသာ ဘက်ထဲမှ ချပေးလိုက်ပါသည်။ ဟင်းချက်ရန် ပြင်ဆင်နေပါသည့် ချို က မျက်စောင်းလှည့်ထိုးလိုက်လေ၏။ ရော်! သားအမိတွေ ပေါက်ကျပြန်ပြီ ထင်ပါရဲ့။

"ငကြိမ အခေါ်ကို သွားနိုးပြန်ပြီ မဟုတ်လား"

"မေမေနဲ့ မခေါ်ပါဘူး"

"မခေါ်နဲ့ပေါ့ သက်သာတယ်။ ခေါက်ဆွဲပြုတ်ကျွေးမယ်ဆို ညည်းမရ ovaltine ဖျော်ပေးမယ်ဆိုလည်း ခေါင်းခါနဲ့ အတော်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာတဲ့ဟာလေး"

"ကလေးမှမစားချင်တာ မိချို့ရာ"

'နှင်ရှိနေလို့ တမင်ကိုပြနေတာလေ"

"ဘာဖြစ်လဲ . . . တီတီ့ကို မေမေ့ထက် ပိုချစ်တာ မဟုတ်လား သမီး၊ ပြောပြလိုက်"

"အင်း"

"အံမာ . . . ညကျ ငါနဲ့ အတူမအိပ်ချင်လို့လား"

"ဟုတ်တယ်၊ တီတီနဲ့အိပ်မှာ"

"နှင့်တီတီက ခေါ်သိပ်မှာတဲ့လား။ မနက်ကျ ပုဂံညောင်ဦး သွားရဦးမှာ။ နှင့်ကို အလိုလိုက်မယ် မထင်လေနဲ့"

"ဟုတ်လား တီတီ"

"တစ်ညပဲ ပြန်မလာတာပါ အသည်းရာ"

"နှင့်တီတီကို ဦးဦးဒေါက်တာက ရန်ကုန်အပြီးခေါ်သွား မငိုနဲ့၊ ဂျစ်မရဲ့"

"အီး! တီတီ့ကို မပေးပါဘူး။ ဦးဦးဒေါက်တာကို မချစ်တော့ ဘူး။ မေမေ့ကိုလည်း မချစ်တော့ဘူး"

"ကလေးငိုအောင် စပြန်ပြီ မိချို့ရာ။ မဟုတ်ဘူး သမီး မေမေ ပေါက်ကရပြောနေတာ မယုံနဲ့၊ လာလာ တီတီတို့ အပြင်သွား ကြမယ်"

'သဲသဲ' လက်ကို ဆွဲ၍ အိမ်ထဲမှ ထွက်လိုက်ပါ၏။ ဆိုင်ဘေး မှ လျှောက်ခဲ့စဉ် ဆိုင်ပြတင်းပေါက်မှ ခေါင်းပြူထွက်လာပါသည်



'မိုးသူ' က 'ထက်' တို့ တူဝရီးကို မြင်သွားလေသည်။ ဆိုင်က နေ့တ် (၁၀) နာရီမှ ညနေ (၆) နာရီအတွင်း အမြဲလူကျနေပါ၏။

"အလုပ်ရှုပ်နေလား"

"ဖြောင့်ခေါင်း သုံးယောက်လေ။ လက်အံသေနေပြီ ဘယ် သွဲ ထက်"

"သဲသဲ ဆာတယ်ဆိုလို့ မုန့်သွားကျွေးမလို့"

"မိုးသူ့ဖို့လည်း အချဉ်ဝယ်လာပေးပါ ထက်ရဲ့"

"စားပြန်ပြီလား၊ ဗိုက်အောင့်ဦးမယ်"

"ဗိုက်ထုပ်မဟုတ်လည်း မရှမ်းပြား သရက်ပြားတို့ ဝယ်လာ ပေးလေ"

"အင်းပါ"

"သဲသဲက အန်တီမိုးကို မခေါ်ပါလား"

"ခေါ်ဘူး"

"သူ့အမေနဲ့ ကောက်နေကြတယ်ဟေ့"

"ဖြစ်ကြပြန်ပြီ"

ဟိုနား ဒီနားပဲမို့ ဆိုင်ကယ်မယူဖြစ်တော့တဲ့ သမီးလက်ကို ဆွဲ၍ လမ်းလျှောက်လာခဲ့ပါ၏။ ဒီအချိန် လက်ဖက်ရည်ဆိုင်မှာ မုန့်တွေ ကုန်တော့သဖြင့် အသုပ်ဆိုင်ရှိရာဆီသာ ဦးတည်ခဲ့ရလေသည်။ မုန့်ဆိုင်မှာ ခေါက်ဆွဲသုပ်ကို မန်ကျည်းမှည့်ရည်ဖြင့် အချိုတစ်ပွဲမှာပေး ပြီး 'ထက်' အတွက် ချဉ်နှင့်စပ်သုပ်တစ်ပွဲမှာစားဖြစ်ပါ၏။ ဟင်းခါးက အတော်ကောင်းအရမ်းပူလွန်းသဖြင့် 'သဲသဲ' အတွက် ရေနွေးမှုကိုပင်

www.burmeseclassic.com

www.burmeseclassic.com



အအေးခံပေးထားရလေသည်။

"တီတီ"

"ပြော"

"အာလူးကြော် စားဦးမယ်နော်"

"စားပါဗျာ ... စားပါ။ အာလူးကြော်ရော၊ ငါးမုန့်ရော တို့ဟူးကြော်ပါ အကုန်ဝယ်ကျွေးပါ့မယ်။ အသုပ်သာ ကုန်အောင်စား ပါ"

သမီးက 'ထက်' စကားကြောင့် ကျေနပ်သွားပါသည်။ 'မိုးသူ' မုန့်မှာလိုက်သဖြင့် မုန့်ဆိုင်ကိုဝင်ရဦးမှာပါ။ 'ထက်' က စား တာ မြန်ပေမယ့် 'သဲသဲ' က ဖြည်းဖြည်းချင်း စားနေသဖြင့် ထိုင်စောင့် ပေးရလေ၏။ Phone သံမြည်လာသဖြင့် ရှပ်အင်္ကျီအိတ်ကပ်ထဲမှ phone ကိုယူ၍ ကြည့်လိုက်ပါသည်။

"အေး! ... မောင်မောင် ပြောလေ"

"မထက်"

"အေး"

"ကျွန်တော် ဒီနေ့ ပြန်လာမယ် မထက်"

"ဟုတ်လား၊ မေမေသိရင် သိပ်ဝမ်းသာမှာပဲ။ ဘယ်လ လောက်လဲ"

"(၅) လပိုင်းလောက်ပေါ့"

"Ok! Ok အဲဒီလလောက် နင့်အစ်ကိုလည်း ခွင့်ရမယ် ပြောတယ်"



"ဟုတ်လား။ ပြန်ရောက်ရင် ကျွန်တော်တို့ ဘုရားဖူးထွက်ကြ ဦးမယ်နော်"

"အေးပါ၊ အဝေးကြီးတော့ ငါလည်းမလိုက်နိုင်ဘူး အငယ် လေးရဲ့။ အဲဒီလတွေဆို မေမေ့အတွက်-အရောင်းအဝယ်က-ပိုကောင်း တာ နင်သိပါတယ်"

"မေမေရော နေကောင်းရဲ့လား"

"လူက ကောင်းတယ်၊ ခြေထောက်က ဒီရောဂါဆို သူ့ဇာတ်ရာ ဘဲ ဗိုက်ကိုက်လို့ ငါပဲ မေမေ့ကိုယ်စား လုပ်ပေးနေရတာ"

"ကိုလတ်ကို ပြောလိုက်ဦးနော်။ အား မအားမသိလို့ မထက် ဆီပဲ ဆက်လိုက်တာ"

"နင့်တူမနဲ့ ပြောဦးမလား"

"ဘေးမှာရှိတယ်"

"ပြောမယ်လေ"

"လေးမောင်လား သဲသဲပါ။ အင်း ... အရုပ်လိုချင်တယ်။ ဘုတ်! မေမေ့ဖို့ ဘာမှမယူလာနဲ့နော်။ သဲသဲကိုရိုက်လို့၊ နာတာပေါ့။ ဘတ်ကြီးနဲ့ သဲသဲတင်ပါးကို အရမ်းရိုက်တာ လေးမောင်ရဲ့။ ဟုတ်တယ် ချစ်တော့ဘူး။ အရုပ်အကြီးကြီးနော်၊ အင်း! ... ချစ်တယ်"

တူမဖြစ်သူက ဦးလေးကို တိုင်နေသဖြင့် အသုပ်ရောင်းသည့် 'ဒေါ်စိန်' ပင် သဘောကျနေလေ၏။ Phone ကို ပြန်ယူလိုက်ပြီး အရောရှိတာကို မှာရပါသည်။ ဟိုမှာဝယ်လျှင် ပစ္စည်းဈေးကြီးနေတာ နှင့် ဒီမှာမရှိတာကိုသာ ဝယ်ရန် သေချာပြောရလေ၏။

www.burmeseclassic.com



"အင်းပါ ... စိတ်ချပါ။ ဒါနဲ့ မထက်ကို ညက အိပ်မက်မက်လို့"

"ဘာရယ်"

"ဟုတ်တယ် ... အိပ်မက်ထဲမှာ မထက် ယောကျ်ားရသွားလို့လေ၊ ရယ်ရတယ်"

"ဟာ! ... ဒီကောင်လေးတော့"

"အခု ရည်းစားရနေပြီလား"

"မရပါဘူး၊ ပေါက်ကရတွေ"

"သတိထားဦးနော်။ မျက်ခုံးတွေ ဘာတွေ မလှုပ်ဘူးလား ... ဟား ဟား ဟား ဟား"

'ထက်' ကို စရင်း ရယ်နေသည့် မောင်လေးကြောင့် မျက်နှာကို ရှုံ့ရင်း phone ပိတ်လိုက်ပါ၏။ အိပ်မက်ကလည်း ကောင်းလှ 'ထက်' မှာဖြင့် တစ်နေ့တစ်နေ့ ပင်ပန်းလွန်းပြီး တစ်ရေးတော မနိုးဘဲ ညအက်မှ မနက်အထိ တစ်ခါတည်း သိုးအိပ်ခဲ့ရတာ အမှန်ပါလေ။

"သွားကြစို့ သဲသဲ"

'ဖေါ်စိန်' ကို ပိုက်ဆံပေးလိုက်ပြီး အသုပ်ဆိုင်ထဲမှ ထွက်ပါ၏။ ကွမ်းယာဆိုင် (မုန့်ဆိုင်) မှာ 'သဲသဲ' အတွက်ရော 'မိုးရွာ' အတွက်ပါ မုန့်တွေဝယ်ရင်း ကွမ်းယာနံ့ မွှေးမွှေးကြောင့် စားချင်စိတ်ဖြစ်လာသဖြင့် အနံ့မွှေးယိုအချိုကွမ်းယာတစ်ရာမှာပြီး ပါးစပ်ထဲသို့ ထည့်ဝါးလိုက်ပါသည်။ ငယ်စဉ်က ဖေဖေ ကွမ်းယာစားတိုင်း ဝါး



သည့်ကွမ်းကိုမှ တောင်းစားခဲ့တာ မရှုံ့တတ်သည့် 'ထက်' တစ်ယောက်သာ ရှိခဲ့တာပါလေ။

"ဒီတစ်ထုပ် စားနော် ... ဒါတွေက အိမ်မှာ ချိတ်ပေးထားမယ်"

ကားလမ်းကို ဟိုဒီကြည့်၍ ကူးပြီး လျှောက်လာစဉ် 'ထက်' တို့ရှေ့နည်းနည်းအကျော်မှာ ရပ်သွားပါသည့်ကားက 'ကိုကို့' ကား ဖြစ်နေလေ၏။ ဒီမှာ စီးနေကြသည့် ကားတွေနှင့် Design မတူသည့် ကားနှို 'ထက်' မြင်ရုံနှင့် သိနိုင်တာပါ။ ကားပေါ်မှ ဆင်းလိုက်သည်က 'ကိုကို' သာ ဖြစ်နေလေ၏။

"ထက်"

"ရှာ"

"ကြည့်စမ်း! ကွမ်းတွေ စားနေတယ်"

"အချိုပါ"

"အချိုပဲဖြစ်ဖြစ်၊ အစိမ့်ပဲဖြစ်ဖြစ် စားစရာလား။ အခုတွေးပါ။ ရှုပ်ဆိုးတယ်"

"ဟာဗျာ ... ကျွန်တော့်တာသာ စားတာ ဘာဖြစ်လဲ"

"ထက်နော် ... မြန်မာ့ရောက်တုန်း ကုသိုလ်တတ်နိုင်သလောက် ရှာနေတာ။ ကိုကို အကုသိုလ်မရချင်ဘူး။ တွေးဆို အသေသွားပစ်ပေါ့။ လူကြီးပြောရင် နာခံတတ်ရတယ်"

"မတွေးဘူးဗျာ"

"ကြည့်! ... ကိုယ် ဖေါ်သမတွက်ချင်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ပါးစပ်နဲ့ကိုယ် စားတာ ကိုကိုအမှုလား။ စိတ်ညစ်လိုက်တာ"

"ကွမ်းစား၊ ဆေးလိပ်သောက်တာ ရုပ် ဘယ်လောက်ဆိုးတယ် ထင်လဲ။ ခန္ဓာကိုယ်ထဲ ရောက်သွားရင် ဘယ်လိုရောဂါတွေ ရတတ်လဲ ဆိုတာ"

"တော်ပြီ ... တော်ပြီ။ ထွေးလိုက်ရင် ပြီးရောမဟုတ်လား"

'ထက်' က ပြောရင်းဖြင့် လမ်းဘေးရှိ မြောင်းထဲသို့ ဝါးနေသည့် ကွမ်းကို ထွေးထုတ်လိုက်ရပါ၏။ သူ့ကို ဆရာလာလုပ်တာ လောက် ဒေါသဖြစ်တာ မရှိတော့ပါ။ နဂိုကတည်းက လေးစားခဲ့ သည့် အစ်ကိုမို့ သူ့ရှေ့မှာ ခဏတော့ လိမ္မာပြရတော့မှာလေ။

"ရော့! ... ပါးလုပ်ကျင်း။ အိမ်ရောက်ရင် သွားချက်ချင်းတိုက်။ နောက် ဘယ်တော့မှ မစားတော့ဘူးလို့ ကတိပေး"

"ကျစ်!"

"ခေါင်းမမာနဲ့နော်"

"ပေးတယ် ... ပေးတယ်"

ရေသန့်ဘူးကို လက်ထဲလာထည့်ပေးနေပြီမို့ ပြောသည့် အတိုင်း ပါးလုပ်ကျင်းလိုက်ရပါ၏။ 'သဲသဲ' က မျက်လုံးလေး ကလယ် ကလယ်ဖြင့် နားမလည်သလို ကြည့်နေပေမယ့် ကားပေါ်မှ 'အေး' ကဖြင့် မျက်နှာတည်နေတော့တာလေ။ ဘာလဲ 'ထက်' အပေါ် 'ကိုး' ဤသို့ဆက်ဆံတာကို မနှစ်သက်တာများလား။

"Hotel ငှားဖို့ ကြိုပြောရမယ်လေ"



"သိပါတယ်၊ Twin Room နဲ့ Single Room မဟုတ်လား။ Twim Room က ကိုကိုနဲ့မမဖို့ပေါ့"

"ဟာ!"

"ဒါပဲ မဟုတ်လား၊ လာ သွားမယ် သဲသဲ"

လမ်းလျှောက်လျှင် ကြာနေမည်စိုး၍ 'သဲသဲ' ကို ပွေ့ချီ၍ အမြန်ဆုံးနှုန်းဖြင့် အိမ်သို့ ပြန်ခဲ့လေတော့၏။

✽

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

မှတ်လောက်သားလောက်အောင် ပြောလိုက်ပြီး ညဘက် ခင်စောစောအိပ်မှာမို့ phone ပိတ်၍ အေးအေးဆေးဆေးပင် အိပ် လိုက်ပါ၏။ 'ကိုကို' တော့ 'ထက်' ကို စိတ်ဆိုးပြီး တစ်ညလုံး အိပ် လို့ပျော်ပါ့မလား။ မှတ်ထားပေါ့ဗျာ။ 'ထက်' ကို ဒီလိုမျိုး ပိတ်ပ ဆန့်ကျင်တာမျိုး လုပ်လာရင် 'ထက်' ဘက်က အကြီးကြီး ပြန်လုပ်လေ့ရှိတာကို မေ့နေပြီလား။

'ကိုကို' ရဲ့ အစ်မပြောစကားကြောင့် အမြွတ်တနိုးနှင့် ထား တဲ့ ဆံပင်အရှည်ကြီးကို နှမြောတွန့်တိုခြင်းမရှိ မျက်ရည်တစ်ပေ မကျဘဲ ဖြတ်ချခဲ့သေးတာလေ။ စာမေးပွဲကြီးနီးမှ ကျူရှင်ဆက်မ ဖြစ်ပါဘဲ D (၅) လုံးနှင့် အောင်မြင်ခဲ့တာက မခံချင်စိတ်တွန်း ကြောင့် အများကြီးပါခဲ့တာပါ။ " 'ကိုကို' နဲ့အတူ ဆေးကျောင်း မှာလား" ဟူသည့် အမေးကို 'No!' တစ်ခွန်းနဲ့ ငြင်းပြခဲ့ ရင်တွင်းရှိ မီးအပူကို ဘယ်သူများ မြင်ခဲ့လို့ပါလဲ။



နာရီ Alum ပေးထားသဖြင့် ခပ်စောစောအချိန်ပင် နိုးလာ ပါ၏။ တစ်ညအိပ်ခရီးဖြစ်ပေမယ့် လိုအပ်သည့်ပစ္စည်းတွေကိုတော့ (ခရီးသွားနေကျအိတ်) ကျောပိုးအိတ်ထဲ ထည့်လိုက်ပါသည်။ ဘုရား ဖူးတော့လျှင် ခိုင်ကယ်ဖြင့်သွားပါက Jeams သာ ဝတ်ဖြစ်ပေမယ့် 'ကိုကို' နှင့် အတူ ကားဖြင့်သွားလျှင် ဝတ်လို့ရမည်မထင်ပါ။

ဂျိုဂျောင်ကျပြီး ပွစိပွစိပြောလျှင် ဘုရားဖူးဖို့ အာရုံမရပါဘဲ ခေါင်းနောက်ရမှာ အသေအချာပါ။ ဘာပဲဖြစ်ဖြစ် အပြန်ခရီးမှာတော့ 'ထက်' စိတ်ကြိုက် 'ထက်' သဘော ဘောင်းဘီသာ ဝတ်မှာမို့ တစ်စုံတော့ ထည့်ဖြစ်အောင် ထည့်ထားလိုက်ပါသည်။ လုံချည်ဝတ် သော့ရော 'မမဒေါက်တာ' လို ယဉ်သကိုလေး လှနေမှာမှ မဟုတ်တာ သေား။

အလို! ဘယ်လိုဖြစ်ပြီး သူစိမ်း 'မမ' နှင့် ယှဉ်ပြီး တွေးလိုက် မိတာပါလိမ့်။

ဘယ်သူမှ မထသေးခင် ရေချိုးရန်အတွက် ခြေသံလုံလုံဖြင့် အောက်ထပ်သို့ ဆင်းလာပါ၏။ အိမ်နောက်ဘက်တံခါးကို အသံမမြည် အောင် သတိထား၍ ဖွင့်လိုက်ပြီး ရေချိုးခန်းဝင်ခဲ့ပါသည်။ ခါတိုင်းလို ဖြစ်သလို ရေတဝုန်းဝုန်းဖြင့် မချိုးဖြစ်ပါပဲ သန့်ရှင်းစင်ကြယ်အောင် သေချာချိုးပါ၏။ ခေါင်းကိုပါ shampoo မွှေးမွှေးလေးဖြင့် လျှော် လိုက်ပါသည်။ အုတ်ကန်ထဲမှ ရေကအေးနေသဖြင့် ရေစင်မှ ရေနွေး ယူ၍ ရေနွေးနွေးလေးဖြင့် ချိုးဖြစ်တာပါ။

အိမ်ထဲပြန်ဝင်ခဲ့စဉ် 'မီချို' က မနက်စောစောပဲမြွတ်ထဝယ်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နီးနေလေပြီ၊ တဘက်ခြမ်း၌ ဝင်လာသည့် ထက်ကို လှည့်ကြည့်လိုက်သည့် 'မိချို' မနိုးရပါဘဲ နိုးနေသဖြင့် အံ့သြသွားပါသည်။ ထမင်းကြော်ရန် ပြင်နေရင်း ပြောဖို့ မေ့နေတာကို သတိရသွားလေ၏။

"ဩော် . . . မေ့တော့မှာပါပဲ မထက်"

"အေး . . . ဘာလဲ"

"ကိုကို ညက phone ဆက်တယ်"

"သိသားပဲ၊ ငါ တမင် phone ပိတ်ထားတာ။ ဘာလဲ လုံချည်ဝတ်ဖို့ပြောတာ မဟုတ်လား။ ငါသိပါတယ် မိချိုရာ"

"ဟယ် . . . တကယ်ပါပဲ"

"ဘာကိုလဲ"

"နင်နဲ့ကိုကိုက စိတ်ချင်းဆက်နေသလိုပဲလေ"

"တော် . . . ဆက်မပြောနဲ့။ နဂိုကမှ ဟိုမမက မကြည်ရတဲ့ကြားထဲ"

"မမဒေါက်တာလား"

"ဟုတ်ပ၊ ငါ့ကို မနေ့ညနေက မျက်နှာတည်တည်နဲ့ ကြည့်နေလို့ ပိတ်ပြောခဲ့တာ"

"ပြောပ . . . ပြောပ၊ အစ္စတိုက်ကျင့်က မပျောက်သေးဘူးလားတဲ့။ ကိုကိုပြောသေးတယ် . . . နှစ်ယောက်ခန်းယူတာ နင်နဲ့ အဲဒီမမအတွက်တဲ့ သေချာပြောခိုင်းတယ်"

"သိတယ်"

"အပြတ်ရှိုင်းသွားစမ်းပါ မထက်ရာ။ နင်က သူ့ရည်းစားယောင်



အရွယ်ကြီးငယ်ပြီး နေပါတယ်။ အရောင်နုနုလေးတွေပဲ ရွေးဝတ်စမ်းပါဟဲ့"

"အေး . . . မနေ့က သုံးယောက်စလုံး ပြာပြာဝင်းရွှေ ဖြစ်ကုန်တာလေ။ တော်ပါပြီ . . . ငါ ဝတ်ချင်တာပဲ ဝတ်ပါ့မယ်။ လုံချည်ဖြစ်ရင် ပြီးရောပေါ့"

ပြောတတ်ပါ့မေ့။ ဆရာဝန်မလှလှလေးနှင့်များ ယှဉ်ဝတ်နိုင်းနေပြန်ပါပြီ။ မိန်းကလေးလို့ မနေဖြစ်တာ အဘယ်မျှ ကြာနေပြီလဲ။ တွဲ့သော မရှောင်သာနေရာမျိုး မေမေနဲ့ ဘုန်းကြီးကျောင်းသွားရတဲ့အခါမှသာ ဝတ်ဖြစ်ခဲ့တာပါ။ Blouse အင်္ကျီတွေချုပ်မဝတ်တာဖြင့် ကြာနေလေပြီ။ မေမေက 'ထက်' အတွက် ချိတ်တာဝထားသည့် လုံချည်ပျော့ပျော့လေးတွေနှင့် တွဲဝတ်၍ရစေရန် ကော်လံပါ ရှပ်ပုံစံလေးတွေ ချုပ်ထားပေး၍သာ တော်သေးတာလေ။

မြန်မာဆန်ဆန်အင်္ကျီတို့ကဖြင့် တော့တာ ဘိုင့်ဘိုင် ပြခဲ့တာကြာလေပြီ။ အပေါ်ထပ်သို့ ပြန်တက်ခဲ့ပြီး ခေါင်းခြောက်အောင် ရေသုတ်ကာ ခုတင်ထက် တင်ထားပါသည့် အင်္ကျီနှင့် လုံချည်ကို ဗီရိုထဲ ပြန်ထည့်လိုက်ရပါ၏။ ကဲ! အရောင်နုနုဝတ်ဆိုတော့လည်း အစ္စတိုက်ဒီ ဝတ်ပြရုံပဲပေါ့။ ခင်ဗျားကို ယှဉ်ဝတ်တယ်ထင်လည်း ထင်ရုံပေါ့ 'မမဒေါက်တာ' ရယ်။

အဝတ်အစားလဲဝတ်ပြီး မျက်နှာထက် အောက်ခံ cream ပါးပါးလူးကာ သနပ်ခါးရေကျဲ လူးလိုက်ပါသည်။ ခါတိုင်း သနပ်ခါးခြယ်မြဲဖြစ်သည့် မျက်ခုံးကို brush ဖြင့် နာနာလေး ဖြီးလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ မျက်နှာတွေနှင့် နှုတ်ခမ်းတို့မှာ ဘာအရောင်ကိုမှ မဆိုးခြယ်ပါ။ ခေါင်းဖြီးရင်း အုန်းဆီမွှေးမွှေးလေးကို လေတိုက်လျှင် ဆံပင်မွှေးစေရန် လူးဖြစ်လေသည်။

Phone နှင့် အားသွင်းကြိုးအပါအဝင် ပိုက်ဆံအိတ်ကိုပါ မှတ်ပုံတင်ထည့်၍ ကျောပိုးအိတ်ကို Zip ပိတ်လိုက်ပါ၏။ နေပူမှာစိုး၍ လျှာထိုးဦးထုပ်ကို ယူလိုက်ရမှ လျှာသေးသေးနှင့် ဦးထုပ်လုံးလုံးကိုသာ ယူလိုက်ရပါသည်။ လုံချည်ဝတ်လျှင် ဒီလိုဦးထုပ်နှင့်မှသာ လိုက်ဖက်မှာမဟုတ်လား။

"မထက် ပြီးပြီလား"

"ပြီးပြီ"

"ရှေ့မှာ ကိုကိုတို့ရောက်နေပြီ။ မမက အတော်လှတာပဲဟဲ့"

အခန်းတံခါးဖွင့်၍ ထွက်ခဲ့စဉ် 'မိချို' က မျက်လုံးပြူးသွားလေ၏။ အစ်မဖြစ်သူကို အချွန်နှင့် 'မ'တုန်းက 'မ' ပြီး ဒီလိုဝတ်ပြတော့မှ မအံ့သြပြနိုင်ပေ။ လှေကားမှဆင်းခဲ့ပြီး အိမ်တံခါးစေ့ထားတာကို တွန်း၍ ထွက်လိုက်ပါသည်။ အဆာပြေမစားရသေးတာမို့ လမ်းမှာ တစ်ခုခုတော့ စားရပေမည်။

"ဟော!... လာပါပြီ"

ကားပြင်ထွက်စောင့်နေသည့်သူက ခြံထဲမှ ထွက်လာသည့် သူ၏ချာတိတ်ကို ငေးခနဲ ကြည့်လိုက်မိပါသည်။ ကြည့်ပါဦး! အပေါ်က ရှပ်အင်္ကျီပုံစံ ကော်လံပါ blouse အဝါဖျော့လေးနှင့် အောက်မှာက ချိတ်အဆင်နက်ထက် အဝါရောင်ချိတ်လိုင်းလေးဖော်ထားပါသည့်



လုံချည်လေးနှင့် ယဉ်နေတော့တာပါလေ။ လုံချည်ဝတ်တာ မမြင်ရတော့တာ အဘယ်မျှ ကြာခဲ့ပြီလဲ။ လှလိုက်တာ ချာတိတ်ရယ်။

"အိတ်ပေးလေ"

"ရတယ်"

"လွတ်လွတ်လပ်လပ်ထိုင်ပါလား"

"နေပါစေ ... ပေါင်ပေါ်ပဲတင်ထားမယ်။ ကိုကိုမောင်းမှာ မဟုတ်လား"

"အင်း ... ညက ဘာလို့ phone ပိတ်ထားတာလဲ၊ ဆန္ဒပြတာပေါ့လေ"

မကြားယောင်ဆောင်၍ နောက်ခန်းတံခါးကို ဖွင့်လျက်ဝင်ထိုင်လိုက်ပါ၏။ အလို! 'မမ' ကရှေ့ခုံမှာပင် ထိုင်နေပါလား။ ကောင်းသားပေါ့။ ဒါမှ လွတ်လွတ်လပ်လပ်ထိုင်ရပြီး လေလည်းများစရာ ရှိတော့ပါလေ။ 'ကိုကို' က ကားပေါ်တက်၍ စက်နှိုးလိုက်လေ၏။

"Breakfast စားပြီးပြီလား"

"No! မိချို ပဲပြုတ်နဲ့ထမင်းကြော်နေတာ စားမလားလို့ ကိုကိုက စောရောက်လာတာကိုး"

"Sorry ကွာ၊ အခု ဘာစားမလဲ"

"မစားတော့ပါဘူး။ ဆာမှပဲ တစ်ခုခုစားမယ်။ ကိုကိုတို့ စားလာခဲ့တယ် မဟုတ်လား"

"ဘယ်အရပ်ဝင်မှာလဲ၊ တစ်ခါတည်း ညောင်ဦးကို တန်းသွားမလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့၊ ဒီအချိန် နန်းတော်မှမဖွင့်သေးတာ။ လေးရှု စေတီတော်ကို မနက်မြန်မှ တောတောထဖူးပြီးရင် ညနေစောင်းဝင်ကြည့်ဖို့ အတော်ပဲ"

"Ok! ဒီနေ့တော့ မီသလောက်ဖူးကြတာပေါ့"

ကားစမောင်းနေပြီမို့ ခုံနောက်ကျောကိုမှီရင်း မျက်စိမှိတ်ပြီး လိုက်ခဲ့ပါ၏။ ဖျတ်ခနဲ မျက်စိဖွင့်မိတာက ကားရပ်တာမို့ပါပဲ။ ရှေ့ကို ကြည့်မိစဉ် နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်လိုက်ပါသည့် 'ကိုကို' နှင့် အကြည့်ချင်းဆုံသွားရလေ၏။ မသိချင်ယောင်ဆောင်၍ မျက်စိပြန်မှိတ်လိုက်ရပါသည်။

"ရှေ့က သဲဖြူဖြူလေးတွေနော်"

"ဟုတ်တယ်၊ မိုးတွင်းဆို လမ်းကိုဖြတ်ပြီး ရေစီးတယ်လေ။ ရေစီးမြန်လို့ ဒီလမ်းကိုဖြတ်လို့မရဘူး။ အန္တရာယ်ရှိလို့ ရေနည်းချိန်ကို စောင့်ရတယ်"

"ဪ"

"ခေါ်လာတဲ့ Guide က မရှင်းပြဘဲ နှုတ်ပိတ်နေပါလား"

"ကိုကိုလည်း သိတာပဲဟာ။ ရှင်းပြလိုက်ပေါ့။ ဟိုရောက်ရင်လည်း ဘုရားသမိုင်းစာအုပ်တွေရော ကျောက်စာတွေပါ အကုန်ရှိတယ်။ မမက ကျွန်တော့်ထက် ပညာရိုတတ်တော့ ဖတ်တတ်မှာပါ။ သေချာရှင်းပြဖို့ မလိုပါဘူး"

"အင်း . . . မနေ့ကစိတ်ပွဲက ခုထိ မကျေညက်သေးပါလား"

"မနေ့ကကိစ္စ ဒီနေ့အထိ မယူလာတတ်ပါဘူး။ ကျွန်တော့်



အကြောင်း ကိုကို သိပါတယ်"

"ဟုတ်ပါတယ်၊ စိတ်ဘယ်လောက်ပြတ်သလဲဆိုတာ ပေါင်ဘယ်လောက်ရှိတဲ့ ဆံပင်ရှည်ကို တိခနဲဖြတ်ချ ညှပ်ချလိုက်ကတည်းက သက်သေပြလိုက်မှန်း သိပြီးသားပါ"

"ဟယ်! . . . အဲဒီလောက်ထိ ဆံပင်ရှည်ထားခဲ့တာလား"

"အမှန်ပဲ"

"ဘာလို့ ညှပ်ပစ်လိုက်တာလဲ"

"မေးရင်ပြောမှာမဟုတ်ဘူး။ ကိုယ့်အစ်မရောလိုက်တာနဲ့ ရှဲပြီး ညှပ်လိုက်တာလေ။ နောက်နေ့ကစပြီး မျက်နှာတောင်မမြင်ရတော့ဘူး"

"ကျူရှင်တက်တုန်းကလား"

"Final Exam နီးတုန်းလေ"

"စာမေးပွဲရော ကောင်းကောင်းဖြေခဲ့ရဲ့လား"

"Five D တောင်ပါခဲ့သဗျ။ သူ့မောင် ဝဠာတောင် သူ့လောက် မတော်ဘူး။ ထက်က မောင်နှမထဲမှာ ဉာဏ်အထက်ဆုံး"

လူတစ်ယောက်လုံးရှိနေတာတောင်မှ 'ထက်' အကြောင်း အတင်းအုပ်နေကြသေးတာပါလား။ ဘာကြောင့် ဆူသလဲတော့ မမေးဘူးလေ။ 'ထက်' ကိုတော့ စကားလှည့်မပြောဘဲ 'ကိုကို' နှင့်သာ နမ်းပါးကြည်နေမှဖြင့် လူကို ဆေးရိုးသည်လို ကန့်လန့်ဖြစ်အောင် ခေါ်လာစရာမှ မလိုတာနော်။ အမြင်ကပ်လိုက်တာ။

"ထက် . . . စကားပြောဦးလေ"

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

သူနှင့် 'နွယ်' က ဗိုက်မဆာသေးပေမယ့် အတူလိုက်ပါလာသည့် 'ထက်' ကို ဦးစားပေးရတော့မှာပါလေ။ ရည်ရွယ်ပြီး ယူလာသည့် ဆေးတွေက 'နွယ်' မသောက်ဖြစ်ပါပဲ 'ထက်' အတွက်ဖြစ်နေပြီ မဟုတ်ပါလား။ ဘယ်လိုလဲ 'မြင့်မိုရ်ဦး' တစ်ယောက်ကို ရည်ရွယ်တိုင်း အခြားတစ်ယောက်အတွက်သာ ဖြစ်နေတာက ဘာကြောင့်များပါလိမ့်နော်။

"ထမင်းရပြီလား မသိဘူး"

"ရပါပြီ . . . အစ်ကို၊ ဟင်းတွေသာ မရသေးတာပါ"

"ကြက်ဥကြော်တို့၊ ဘာတို့ မရနိုင်ဘူးလား"

"ဪ . . . အဲဒါတော့ ရပါတယ်။ ကြော်ထားတာတွေက ကြက်သား၊ အမဲသား၊ ကြက်အူချောင်း၊ ကြက်ဟင်းခါးသီး၊ ချဉ်ပေါင်အဲ . . . အသီးအရွက်ကြော်က လက်ဆောင်ပါခင်ဗျာ။ ဟင်းတွေသာမကျက်သေးတာပါ"



"ဒါဆို ကြက်သားကြော်နဲ့ အရင်ပေးပါ၊ ချဉ်ပေါင်ကြော်ဆေးပါနော်"

"ဟာ! . . . ဗိုက်အောင့်နေတယ်ဆိုပြီး ချဉ်ပေါင်မစားရဘူး။ ကြက်ဟင်းခါးသီးလည်း မတည့်ဘူး။ ဆီနဲ့သားနဲ့နယ်ပြီးစား ငရုတ်သီးလည်း မစားနဲ့"

"အဲလိုစားမှတော့ ဘာအရသာရှိမှာလဲ"

"ဟိုလေ . . . ပုစွန်ခြောက်ကြော် ထည့်ပေးရမလားခင်ဗျ။ သိပ်မစပ်ပါဘူး"

"ပြီးရော . . . မြန်မြန်လေး လုပ်ပေးပါ"

သူနှင့် 'နွယ်' က ကော်ဖီတစ်ခွက်စီသာ မှာလိုက်ပြီး သူမထမင်းစားတာကို စောင့်ရလေ၏။ တကယ်ပဲ ဆာနေတာပါလား။ ဘာမှ ဖွယ်ဖွယ်ရာရာဟင်းမရှိပေမယ့် ထမင်းတစ်ပန်းကန်ကိုတော့ ကုန်အောင် စားနိုင်လေ၏။

ထမင်းစားပြီး ရေနွေးသောက်တော့မှာမို့ ရေနွေးအအေးခံထားပါသည့်ဖန်ခွက်နှင့်အတူ ဆေးကိုပါ 'ထက်'၏ လက်ထဲသို့ သူထည့်ပေးလိုက်ပါသည်။

"ဘာကြီးလဲ"

"ဆေးသောက်ဖို့ပေးနေတာ ယူလေ။ ပါးစပ်ထဲ ခွံ့ပေးရမှာလား"

"ထက်က အဲဒီလောက် မပျော့ပါဘူးနော်။ မနေ့က ညစာစားဖြစ်ခဲ့လို့ အောင့်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အစာကို အချိန်မှန်စားမှပေါ့။ အစာအိမ်တော့ ဖြစ်တော့မှာပဲ"

"ထက်ကိုယ်ထက် ဂရုစိုက်ပါတယ် ကိုကိုရာ။ ဒီလောက်တော့ သိပါတယ်ဗျ"

"ခုထိ စိတ်က မကြည်သေးဘူးလား"

"ကျွန်တော့်အတွက် မလိုပါဘူး။ ကိုကိုတို့နှစ်ယောက် ကြည်ဖို့ပဲ လိုပါတယ်ဗျ"

"ဘာ"

အသံကိုနှိမ့်၍ ပြောလိုက်တာမို့ 'နွယ်' မကြားလောက်ပါ။ အလို! ချာတိတ်တော့ သူနှင့် 'နွယ့်' ကိုများ Jealous ဖြစ်နေတာများလား။ အနှောင့်အသွားမလွတ်သည့် စကားတွေကိုမှ ရွေးပြောနေတော့တာလေ။ သူပေးသည့်ဆေးကိုတော့ သောက်လိုက်တာမို့ တော်ပါသေးသည်။

"သွားကြစို့နွယ်"

"ဘယ်အရင်ဆုံးရောက်မှာလဲ ကိုဦး"

"သရပါတံခါးပေါ့ မမရဲ့။ ညောင်ဦးအဝင် ငှက်ပစ်တောင်ဘုရားကို အရင်ဆုံးဖူးကြရမှာ"

'ထက်' ကို စကားမပြောချင်ပေမယ့် အိမ်ရှင်နယ်မြေဖြစ်သည့် 'ထက်' က အငယ်မို့ 'မမ' ကိုပြောရပါ၏။ ပဲ့လိုက်တာနော်။ မာနဆိုတာမျိုးက 'ထက်' မှာလည်း ရှိနေတာပါလေ။ အောင့်ထားလိုက်ပါ 'ထက်မြက်ချို'။ ကုသိုလ်ရှာဖို့ ရောက်လာသည့်ခရီးမှာ



အကုသိုလ် မရချင်ပါနဲ့။ ညဘက်လည်း တစ်ခန်းတည်းအတူအိပ်ရမှာမို့ မမြင်ချင်လည်း ကြည့်နေရမှာလေ။

"သရပါတံခါးဆိုတာက"

"ချာတိတ်ပြောပြလိမ့်မယ် နွယ်"

"ဒါဆို နောက်မှာပဲ ထိုင်ရတော့မယ်ပေါ့"

နောက်ခန်းတံခါးကို ဖွင့်လိုက်စဉ် 'မမ' ကပါ 'ထက်' နှင့်အတူ ထိုင်လိုက်လေ၏။ ဘယ်လိုလဲ၊ မခွဲနိုင် မခွာရက် ပုံစံမျိုးများလား။ အလုပ်အတူတူလုပ်ခဲ့ကြတာတောင်မှ ခဏတစ်ဖြုတ်လေးတောင် မခွဲနိုင်ဘူးလား။ 'ကိုကို့' ပုံစံက သည်းသည်းလှုပ်မျိုး မဟုတ်တာပဲ တော်ပါသေးရဲ့။

"ဆက်ပြောလေ ထက်မြက်ရဲ့"

"အင်း ... ပုဂံမင်းဆက် (၅၅) ဆက်ရှိတာ လှည်းဝင်ရိုးသံအညံ့ည ပုဂံဘုရားပေါင်းဆိုတာတွေကိုတော့ မမလည်း သိနေမှာပါ။ သရပါတံခါးက မြို့ဟောင်းနဲ့ မြို့သစ်ကြားမှာ ရှိတာပေါ့။ ပြီးတော့ မနေ့က မမကိုပြောပြခဲ့တဲ့ ပုပ္ပားနဲ့ ဒီပုဂံက ဆက်စပ်မှုရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဂံသူ့ရဲ့ကောင်းစားရင်းထဲမှာ ဗျတ္တက ပါဝင်နေသို့ပါပဲ"

"ပုဂံခေတ်မှာ ကြီးစိုးခဲ့တာက အရည်းကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေ ပါ"

"အဲဒါတော့ တို့သိတယ်"

"ပုဂံဆိုတဲ့နေရာ ဖြစ်ပေါ်ဖို့ထက် တို့ရဲ့မြင်စွာဘုရားက

www.burmeseclassic.com

www.burmeseclassic.com



သက်တော်ထင်ရှားရှိစဉ်အခါတုန်းက မဇ္ဈိမဒေသအရပ်ကနေ ဒေသစာရီကြွလာပြီး ရောဝတီမြစ်တစ်ဖက်ကမ်း တန့်ကြည့်တောင်ပေါ်ကနေ ကြည့်ပြီး ဒီအရပ်ဒေသမှာ တိုင်းပြည်ကြီးတစ်ပြည် ပေါ်လာမယ်လို့ ဗျာဒိတ်တော်ရှိခဲ့တယ်။ ဒါပေမဲ့ ဒီနေရာက ပေါက်ပင်မှာ လျှာနှစ်ခုရှိတဲ့ ဖွတ်က အပင်ခွကြားမှာရှိတာကို မြင်ခဲ့ရလို့ ဒီအရပ်ဒေသကလူတွေဟာ အရောင်းအဝယ်နဲ့ အသက်မွေးဝမ်းကြောင်းလုပ်ကြပြီး မမှန်သောစကားကို ဆိုတတ်ကြလိမ့်မယ်တဲ့လေ”

“အမှန်တော့ သထုံအရပ်ကနေ ရှင်အရဟံက ဒီအရပ်ဒေသကို ကြွလာခဲ့လို့ သာသနာပျံ့ပွားစေခဲ့ပြီး အနော်ရထာမင်းက စေတီတော်တွေ တည်ဖြစ်ခဲ့တာမို့ ပုဂံဆိုတာ ဖြစ်လာတာပဲ။ မမ တွေ့မှာပါ ရှင်အရဟံရုပ်တုတော်နဲ့ စေတီရှိတယ်လေ။ အဲဒီမှာ ကမ္ဗည်းကျောက်စာလည်း ရှိတယ်။ ခေါင်းလောင်းကြီးနဲ့ အုတ်ကျောင်းရဲ့အတွင်းနံရံမှာ နံရံဆေးရေးပန်းချီတွေ ရှိတာပေါ့”

“အင်း”

ညောင်ဦးမြို့အဝင်မှာ အရင်ဆုံးရောက်တာက ငှက်ပစ်တောင် စေတီတော်ပါ။ ကားကိုရပ်လိုက်ပြီး ဆင်းခဲ့ပါ၏။ ကိုကို စေတီတော်ကို အရင်ဆုံးဖူးစေပြီး ‘မမ’ ကို ဓာတ်ပုံရိုက်ပေးလေသည်။ ‘ထက်’ ကအရင်ကတည်းက ဒီကို မကြာခဏ ရောက်တာမို့ ဓာတ်ပုံ မရိုက်ပါဘဲ ဟိုဒီလှည့်ပတ်ကြည့်နေမိလေသည်။ အေးအေးဆေးဆေး တစ်နေကုန်ပြီးမှ Hotel ဝင်နားဖြစ်မည်မှန်း သိနေပါ၏။

“No! no! We have a special guide. Yes, Thanks.”



အနားသို့ရောက်လာကြသည့် ကလေးတွေကို အင်္ဂလိပ်လို ပြော၍ ‘ကိုကို’က သွားနိုင်းလိုက်လေ၏။ ဒီက ကလေးတွေက English စာအနည်းငယ်မျှသာ တတ်သလို ဘုရားသမိုင်းကို နှုတ်တိုက်ကျက်ထားပြီး ရှင်းပြနေကြမှန်း သိသာလေသည်။ ဤနည်းဖြင့် မုန့်ဖိုးရှာကြတာမို့ အပြစ်မပြောနိုင်ပါလေ။ ဒီဘက် ငှက်ရုပ်ကြီးနှင့် ငှက်တွင်းပေါက်ကို ကြည့်ပြီးမှ ရုပ်ပုံပန်းချီကားချိတ်ထားရာအဆောင်သို့ ရောက်လာလေ၏။ ‘ထက်’ က စာအုပ်ဝယ်ချင်လျှင် ရသည်ဟု ညွှန်ပေမယ့် ‘မမ’ က မဝယ်ပါချေ။

စာဖတ်လျှင် ရှင်းပြရသက်သာမှာ မဟုတ်ပါလား။ ‘ထက်’ ကို ရှုပ်မှာစေချင်လို့များလား။ သူ့ရဲ့ကောင်း ‘ပျူစောထီး’ အကြောင်းကို အကျဉ်းမျှသာ ရှင်းပြမိလေ၏။ လူကို ငွေပေးပြီး ခေါ်လာသည့် ဧည့်သည်တော်အကူလိုမျိုးများ သတ်မှတ်ထားတာများလားဟု စိတ်ထဲမှာ ထင်မိပါသည်။

“အလိုတော်ပြည့်ဘုရားကို သွားကြစို့”

“မနက်ဖြန်စောစော စွယ်တော်လေးဆူစေတီဖူးမှ အဲဒီ လေးဆူအကြောင်း ရှင်းပြပါ့မယ်။ အရှေ့တော်ခွမ်းအဓိကပ်ရင်း ဆုတောင်းရပါ။ အလိုတော်ပြည့်ဘုရားက ကျန်စစ်မင်းကြီးက ဒီနယ်မြေရောက်ချိန်မှာ စစ်မက် မလိုလားတဲ့ စိတ်မျိုး ဖြစ်ပေါ်လာခဲ့လို့ ထူးကဲတဲ့ အောင်မြေလို့ ယူဆပြီး ဆုတောင်းခဲ့တာက (၃) ခုပါ။ အဲဒီ (၃) ခု ပြည့်ခဲ့တဲ့အတွက် ကတိအတိုင်း ဒီစေတီကို တည်ခဲ့တာလေ”

“ဆုတောင်းပြည့်တယ်ပေါ့လေ”

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုပဲ ကောင်းရပါတယ်။ အဲဒီခုကို ပြည့်ဖို့ဆိုရင် သက်ဝင်ယုံကြည်မှုနက်နဲရပြီး အဓိဋ္ဌာန်ပြုဆုတောင်းနည်း (၆) ချက်နဲ့ တွဲလုပ်ရတာပါ"

"ဪ"

ပြီးနောက် 'ကန်တော့ပလ္လင် ဘုရားကြီး' သို့ ဆက်ခဲ့ပါ သေသေချာချာ ဘုရားရှိခိုးနေလျှင်ဖြင့် အချိန်အများကြီးကုန်မှာ 'ထက်' က ဦးသုံးကြိမ်သာ ရှိကျိုးစွာကန်တော့ရင်း အလှူခံပုံးတွေ သို့ တမင်စုထားပါသည့် ငွေတစ်ထောင်တန် အသစ်လေးတွေကို ဘုရားရှိခိုးတိုင်း လှူဖြစ်လေသည်။

"ထက်တို့အထက်တန်းမှာ သင်ခဲ့ရတဲ့ ဥဇနာမင်းက ခမည်း တော် နရပတိစည်သူမင်းကြီး နတ်ရွာစံခါနီးမှာ ဒီဘုရားကို တည် တာပါ။ ကျောက်စာမှာ မွန်ဘာသာနဲ့ 'တိလောက မင်္ဂလာ' လောက ကျက်သရေဆောင်လို့ အဓိပ္ပာယ်ရှိပေမယ့် အဖတ်မှား ထီးလိုမင်းလိုဆိုပြီး ဖြစ်လာတာလေ။ သားတော်ငါးပါးရဲ့အလယ် ထီးဖြူတစ်လက်စိုက်ပြီး ဘယ်သားတော်က ထီးနန်းနဲ့ ထိုက်တန်သ ရွေးတော့ ထီးချက်စောင့်နတ်သမီးက ဥဇနာဆိုတဲ့ ဇေယျသိင်္ခ ထီးဖြူညွှတ်စေခဲ့တာနဲ့ ဘုရင်ဖြစ်ခဲ့ရတာတဲ့"

"ထိုက်တဲ့သူ စံရတာပေါ့လေ"

ပြောနေသူနှင့် နားထောင်သူက အခုတော့ အပေးအ မျှနေသည်မို့ သူ ပြုံးလိုက်မိပါ၏။ အလာခရီးမှာ သူချာတိတ် မကြည်သည့်ပုံစံမျိုးက 'နွယ်' ထံမှာ မြင်နေရသဖြင့် ရင်ထိတ်ခဲ့ရ



အမှန်ပါ။ ငယ်တဲ့သူက ငယ်တဲ့အလျောက် စိတ်ဆတ်ပြီး ဘွင်းဘွင်း ပြောတတ်တာမို့ ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပါက ကြားထဲမှာ သူ နေရခက်မှာလေ။ ဓာတ်ပုံသီးသန့်ရိုက်သည်က 'နွယ်' တစ်ယောက် သာရှိပြီး သူချာတိတ်ကိုဖြင့် လျှပ်တစ်ပြက်ပုံတွေချည်း ရိုက်ဖြစ်နေလေသည်။

"ဒါပြီးရင် ဘယ်လဲ"

"ထီးလိုမင်းလို ဘုရား" ကို ဝင်ဖူးကြပြီးနောက် "အာနန္ဒာဘုရား" သို့ ရောက်ခဲ့ပါ၏။ မတ်ရပ်ဆင်းတုတော်လေးဆူရှိသည့် ဘုရားမို့ ဓာတ်ပုံရိုက်သူတွေ အတော်များနေတာပါ။ ကားရပ်လိုက်သည်နှင့် 'ထက်' က ခပ်တိုးတိုးဖြင့် ရှင်းပြပြန်လေသည်။

"ကျန်စစ်မင်းကြီးတည်ခဲ့တဲ့ ဘုရားတွေထဲမှာ ဒီဘုရားက ဗိသုကာလက်ရာအကောင်းဆုံးပေါ့။ ထုမှာ မွမ်း၊ ဉာဏ်မှာသဗ္ဗညု၊ အနန္တမှာ အာနန္ဒာတဲ့။ မြောက်ဘက်မှာ ကကုသန်ဘုရားက ပဲခူးက ကျောက်သားနဲ့ ထုထားတဲ့ မူလအစစ်ပါ။ အရှေ့ဘက် ဂေါဏာဂမန ဘုရားကြီးက မာလာယုကျွန်းကရတဲ့ စန္ဒကူးအနှစ်နဲ့ ထုခဲ့ပေမယ့် မီးလောင်ပျက်စီးသွားလို့ ကျွန်းနဲ့ အစားထိုးထားတာပါ။ တောင်ဘက် ကဿပဘုရားကြီးက ဟိမဝန္တာက ထင်းရှူးသားနဲ့ ထုထားတဲ့ မူလအစစ်ပါ။ အနောက်ဘက် ဂေါတမဘုရားက ပဉ္စလောဟာဆိုတဲ့ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ ငါးမျိုးနဲ့ ထုခဲ့ပေမယ့် မီးလောင်ပျက်စီးခဲ့လို့ သစ်နဲ့ပဲ အစားပြန်ထိုးခဲ့ရတာလေ။ မူလအစစ်အမှန်က 'ကကုသန်ဘုရား' နဲ့ 'ကဿပဘုရား' ဆင်းတုတော်နှစ်ဆူပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မမ သေချာကြည့်ရင် သိလိမ့်မယ်။ ဆင်းတုတော်အစစ်တွေက အဝေးကကြည့်ရင် ပြုံးနေပြီး အနီးကိုကပ်လာပြီးမှုရင် မျက်နှာတော်က တည်ကြည်တဲ့ရုပ်ကြီး ဖြစ်သွားတယ်လေ။ ဒီမြောက်ဘက်က စမ္ပူးရင်း သေချာကြည့်ပါ"

လှိုဏ်ပတ်လမ်း သုံးဆင့်အကြောင်းကိုပါ သေချာရှင်းပြကာ ဘုရားလေးဆူကို လှည့်ပတ်၍ ဖူးမြော်ကြလေသည်။ စာတွေ ကြိုးစား ကျက်ခဲ့ရသည့် 'နွယ်' က ဒီလိုခရီးသွားဖမှာသုတမျိုး သိပ်မရှိသလို သူချာတိတ်လို စာပေဖတ်ဖို့ ဝါသနာလည်း သိပ်မရှိပါ။ ကိုယ်လုပ်နေရသည့်အလုပ်ကိုသာ အာရုံစိုက်နေရသဖြင့် အချိန်မပေးနိုင်တာမို့ တစ်ခါတလေ စိတ်အားငယ်ရလေ၏။

"မွေ့ရုံကြီးဘုရားက ဒီအာနန္ဒာဘုရားနဲ့ ခပ်ဆင်ဆင်ရှိတယ်လေ"

"နေသိပ်ပြင်းလာပြီ lunch စားပြီး ညနေတစ်ပတ်ပတ်ဖို့ အားယူရအောင်"

"Hotel မှာနားကြမှာလား"

"မမ နားမယ်ဆိုနားလေ၊ Room ကြိုမှာထားတာပဲဟာ ပြဿနာမရှိဘူး"

နေ့ခင်း (၂) နာရီကျော်မို့ နေက အတော်လေးပူနေချေပြီ။ အေးအေးဆေးဆေး နားချင်သည့် 'နွယ့်' ကို ဦးစားပေးရင်း အစားအသောက် ကောင်းမည့်ဆိုင်ကို 'ထက်' က ရွေးချယ်၍ လမ်းညွှန်လိုက်ပါ၏။ ရန်ကုန်သူ 'နွယ်' က အပင်ပန်းမခံနိုင်၍ နေပူဒဏ်ကြောင့်



မျက်နှာတစ်ပြင်လုံး နီရဲနေလေသည်။ ကားထဲမှာ Aircon လွှတ်ထားသော်လည်း ဒီလောက် မခံနိုင်တာပါပဲလား။ သူချာတိတ်ကဖြင့် ဘာမှမဖြစ်သည့်နှယ် အေးအေးဆေးဆေးပါ။

"နွယ် အသားရှောင်တာရှိလား"

"ဟင့်အင်း"

သူက ချာတိတ်အသီးအရွက်ကြိုက်တာကို သိပြီးသား ဖြစ်သဖြင့် အသားဟင်းပါမက အစိမ်းကြော်နှင့် အသုပ်ကို မပါမဖြစ် မှာရလေ၏။ ဘာမှ သိပ်မစားနိုင်သည့်နွယ်က ညဘက်ပင်ပန်းပြီး အိပ်တော့မည့်ပုံစံပါ။ 'ထက်' ကဖြင့် ဒီကို အမြဲလို ရောက်ဖြစ်တာမို့ သိပ်ကြီး ထူးကဲစွာ ပင်ပန်းညိုးနွမ်းပြီး နွမ်းနယ်ပုံမရပါချေ။

"ဘယ်နှဆူလောက် ကျန်သေးလဲဟင်"

"ဘာလဲ ပင်ပန်းနေပြီလား"

"ပုဂံဘုရားတွေက လက်ညှိုးထိုးမလွဲ တည်ရှိနေတာ မမနဲ့ အထင်ကရ ဘုရားတွေပဲ ရွေးပြီးဖူးကြလို့ ဘယ်တော့မှမစုံဘူး"

"သူများတွေ တစ်ရက်နဲ့ဖူးကြတာ၊ နွယ်ပင်ပန်းမှာစိုးလို့ ခင်ညနားစေတာပါ"

"ကျေးဇူးပါ ကိုဦး"

"Hotel မှာ တစ်ရေးလောက်မှေးချင် မှေးလေ၊ ညနေ ၅ နာရီကျော်လောက် ပြန်ထွက်ကြမယ်"

ထမင်းစားပြီးမှ 'ထက်' ကြိုမှာထားပါသည့် Hotel မှာ ခဏနားဖြစ်လေ၏။ ညနေဘက် ရေချိုးပြီး အေးအေးလူလူ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဖူးလျှင် စိတ်ရော ခေါင်းပါ ကြည်လင်ကြမှာပါလေ။ တစ်ယောက်ခန်းမှာ သူ့ပစ္စည်းတွေထားရင်း ယူလာပါသည့် လက်ဆောင်ဘူးလေးကို ထုတ်ကြည့်မိလေ၏။ ဒီညတော့ မင်းကို ပေးဖြစ်မယ် ထင်ပါရဲ့။

*

(၁၇)

နေ့လယ်နေ့ခင်း အိပ်လေ့အိပ်ထမရှိပေမယ့် ညကလည်း ကောင်းကောင်းအိပ်မပျော်ခဲ့ရသဖြင့် (၄၅) မိနစ်လောက်တော့ အိပ်ပျော်သွားပါ၏။ အဝတ်အစားတွေ ပိုထည့်လာမိ၍ တော်ပါသေးသည်။ ညနေ ရေချိုးပြီး ပြန်ထွက်လျှင် လန်းဆန်းနေမည်မဟုတ်လား။ တစ်ခါ ခုတင်ထက်မှာ 'ထက်' ကို ကျောပေးလျက် 'မမ' က အိပ်ပျော်နေလေပြီ။

တစ်နာရီကျော်ကြာနေပြီမို့ ဒီထက်ပိုအိပ်မိလျှင် ခေါင်းပိုကိုက်သွားမှာပါ။ အိပ်ရာထက်မှ အသာထပြီး ရေချိုးခန်းဝင်လိုက်ပါ၏။ တစ်ရေးအိပ်ပြီးပြီမို့ အပူဒဏ်လည်း သိပ်မရှိတော့ပါ။ သောက်ရေသန့်ခံများများသောက်လိုက်ပြီး ရေချိုးလျှင် အပူမရှုပ်နိုင်ပါလေ။ ရေချိုးပြီးထွက်လာချိန်အထိ 'မမ' က အိပ်မောကျနေလေ၏။ ရန်ကုန်သူတွေ အတော်ပျော့တယ်ဆိုတာ လက်တွေ့မှ ယုံရတော့တာပါပဲ။

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



ဟိုဒီလိုမှ်လျှက် ညည်းသံနှယ် ကြားလိုက်ရပါ၏။ အဝင်အစားလဲတာကို အမြန်လုပ်လိုက်ရပါသည်။ 'ထက်' အကျီလဲတာကို မညီသူမျှ မမြင်စေချင်ပါ။ ဘာမဆို မြန်မြန်လုပ်ကျင့်ရှိပြီး ဖွဲ့ရှိတာနဲ့ အလုပ်မှန်သမျှ အမြန်ပြီးမြောက်တာ မဟုတ်ပါလား။

"ဟင်! ရေချိုးပြီးနေပြီလား"

"ဟုတ်! မမ"

"ဘယ်နှနာရီရှိနေပြီလဲ"

"သုံးနာရီခွဲပါ"

"တို့ကို ဘာဖြစ်လို့ မနှိုးတာလဲ"

"အိပ်ရေးဝစေချင်လို့ပါ မမရဲ့။ ဖြည်းဖြည်းဆေးဆေး လုပ်လည်းရပါတယ်။ နေအေးတော့ ပိုကောင်းတာပေါ့"

"အပြင်မထွက်နဲ့ဦးနော်။ တို့ ရေချိုးလိုက်မယ်"

အပြင်ထွက်လျှင် 'ကိုကို' နှင့် သွားတွေ့မှာစိုး၍များလား။ ထင်တာထက် ရေချိုးချိန်က ပိုမြန်ပြီး အလှပြင်တာကိုပါ 'မမ' က ခပ်သွက်သွက်လုပ်နေလေသည်။ 'ထက်' က အိပ်ခန်းတွင်းရှိ ဆက်တီခုံမှာ ထိုင်စောင့်ရင်း phone ဖြင့် game ဆော့နေမိပါ၏။ စာဖတ်ချင်စိတ်မရှိ၍ ဘာစာအုပ်မှ မယူလာခဲ့ဖြစ်ပါချေ။ ညကျမှ ဈေးဝယ်ထွက်ရင်း စာအုပ်တွေ ရှာဝယ်ရမည်ဟု စိတ်ကူးမိလေသည်။

"ကိုဦး နိုးပြီလား"

"သိဘူးလေ"

"Message ပို့နေတာ မဟုတ်ဘူးလား"



"မဟုတ်ပါဘူး၊ ကျွန်တော် game ဆော့နေတာ"

"ထက်မြက်"

"ဗျာ"

"စာတွေအများကြီးဖတ်ခဲ့တယ် မဟုတ်လား။ ဒီလောက်နှင့်ပြိုနိုင်တာ ကြည့်ကတည်းက သိတယ်"

"ဟုတ်ကဲ့ . . . ဖေဖေနဲ့ ဝပ်ရှော့မှာ ကူလုပ်ခင်က ကိုယ်ပိုင်အချိန်လည်း မရှိခဲ့တော့ အချိန်လည်းရခဲ့တယ်လေ၊ နဂိုကတည်းက စာဖတ်ဝါသနာပါခဲ့တာတော့ အမှန်ပဲ"

"ဒါနဲ့များ စာမကျက်ချင်လို့ ဆေးကျောင်းမတက်ခဲ့တာဆို"

Phone ကို ပိတ်လိုက်ရင်း လှည့်ကြည့်လိုက်မိပါ၏။ 'မမ' က ဆံပင်ရှည်ကို ကျစ်ဆံမြီးပွပွလေးကျစ်နေရင်း မှန်ထဲမှတစ်ဆင့် 'ထက်' ကို ပြန်ကြည့်လေသည်။ မနက်က ဖက်ဖူးရောင်လေးဝတ်ပြီး အခု လိမ္မော်ရောင် ရွေးထားတာမို့ အမြင်လည်းအေးကာ တောက်ပနေသည့်နှယ်ပါ။ 'ထက်' က blouse အဖြူကို အနက်ခံမှာ အဖြူချိတ်လေး ထိုးထားပါသည့် ချည်သားလုံချည်အေးအေးလေးကိုသာ ရွေးဝတ်ထားပါ၏။

"စာကျက်တာနဲ့ စာဖတ်တာက တူမှမတူတာ မမရဲ့။ ပြီးတော့ အဲဒီဆေးကျောင်းကို နှစ်အကြာကြီးတက်ပြီး အချိန်ကုန်တာကို မပေးချင်လို့ပါ"

"ဒါဖြင့် ထက်မြက်ရဲ့မောင်လေးကရော"

"ကိုယ်မလုပ်နိုင်တဲ့အရာကို ကိုယ်စားဝင်ယူပေးလို့ အလတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို ထက်က ကျေးဇူးတင်ရတာပါ မမ။ သူလည်း ထက်ရဲ့စိတ်ကို သိနေတာပဲလေ''

''ဆေးရုံ ဆေးခန်းတွေ မသွားချင်တာကရော''

''အင်း ... အဲဒါက ထက်ရဲ့သီးသန့်ခံစားချက်တစ်ခုပါ။ ဘာရယ်တော့မဟုတ်ပါဘူး။ လူဆိုတာ ကိုယ်ထမ်းနိုင်တဲ့ဝန်ကိုပဲ တာဝန်ယူနိုင်ရတယ်လေ။ ဘဝအတွက် ကြိုးစားနေသူတိုင်းမှာ ပန်းတိုင်ဆိုတာ ရပ်တယ်ရယ်လို့မှ မရှိတဲ့''

''Life is the way ပေါ့လေ''

''မမက ကျွန်တော့်ထက် ပညာပိုတတ်တဲ့သူပဲဟာ ပိုသိမှာပါ''

ရုတ်တရက် 'မမ' phone မြည်လာသဖြင့် စကားပြောရပ်သွားရပါ၏။ 'ကိုကို' ဆက်နေမှန်း သိလိုက်သဖြင့် ရင်ထဲ အောင့်သွားရတာအမှန်ပါ။ တကယ်ဆို 'ထက်' ကိုသာ မေးသင့်တာပေါ့။ ခုတော့ ညှော်သည်က first ဖြစ်နေပြီး အိမ်ရှင်ဖြစ်သည့် 'ထက်' က second ဖြစ်နေသည်က နည်းနည်းတော့ အောက်သည်ဟု ယူဆမိလေ၏။ ထားပါတော့လေ၊ သူတို့က ရင်းနှီးကြသည့် သူငယ်ချင်းတွေကိုး

''ကိုဦးက ready ဖြစ်ရင် ထွက်ခဲ့တော့တဲ့''

''အပြန်အေးလိမ့်မယ် မမ၊ အပေါ်ဝတ်ယူဖို့ မမေ့ပါနဲ့''

''ရပါတယ်''

စေတနာနှင့် သတိပေးလိုက်သော်ငြား အရာမထင်ပါ။ 'ထက်' က ဂျင်းဂျာကင်အပါးလေး ယူလာတာမို့ လက်မှကိုင်လျက်



ထွက်ခဲ့ပါ၏။ အင်္ကျီလှလှလေး ဖုံးကွယ်ထားမှာစိုး၍များ အင်္ကျီကို အပေါ်မှ ထပ်မဝတ်ချင်လို့များလားဟု စိတ်ထဲမှ ထင်လိုက်မိပါသည်။ ကိစ္စမရှိပါ။ 'ထက်' ကအငယ်မို့ အကြီးတွေကို ပူစရာမှ မလိုတာလေ။

''ဟော! လာကြပြီလား''

Lobby မှာစောင့်နေသည့် 'ကိုကို' က ရှပ်အင်္ကျီအဖြူနှင့် သုံ့ချည်ကို အနက်လေးရွေးဝတ်ထားလေ၏။ ရှေ့သွားနောက်လိုက် ညီနေပါသည့် စုံတွဲနှစ်ယောက်ကြားမှာ 'ထက်' က ကြားညပ်နေသည့် နယ်ပါ။ အားငယ်စိတ်မရှိခဲ့ပါဘဲ စိတ်ထဲ တစ်မျိုးတစ်မည်လေးတော့ ခံစားသွားရတာပါလေ။

''တစ်ခုခုစားမယ်လေ''

''ကိုကိုတို့ စားချင်စားလေ၊ ကျွန်တော် မဆာသေးဘူး''

''ထမင်းမစားလည်း ဖျော်ရည်ဖြစ်ဖြစ် သောက်ပေါ့ ထက်ရယ်''

''ဗုဒ္ဓဘုရားမှာ ဆုံရင် ဖြစ်တာပဲ မဟုတ်လား ကိုကိုရဲ့''

''မရဘူး။ တစ်ယောက်တည်း လျှောက်သွားရင်း ပျောက်သွားရင် ဘယ်နှယ်လုပ်မလဲ။ ဦးတို့နဲ့ ကိုယ် ပြဿနာမဖြစ်ချင်ဘူးနော်''

''ထက်က ကလေးမှ မဟုတ်တာဗျာ''

''ကလေးမဟုတ်လို့ စိတ်ပူရတာပေါ့။ လူကြီးပြောရင် နားခံထက်စမ်းပါ''

လက်မောင်းမှ ကိုင်၍ ဆွဲခေါ်နေပြီမို့ ကားပေါ်သို့ တက်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့၏။ 'မမ' က ထုံးစံအတိုင်း 'ကိုကို' ဘေးမှာပင် ထိုင်လေသည်။ ဒီလောက်အတူထိုင်ချင်လည်း မနက်ဖြန်အပြန်လမ်းမှာ 'ထက်' က driver အဖြစ် ဝန်ဆောင်မှုပေးမှာပါလေ။ ဒီတစ်ကြိမ်ခဲလိုက်ပို့တာပါ 'ကိုကို'။ နောက်တစ်ကြိမ် နောက်ထပ်ညှိသည့်တွေ ပါလာပြီး ပို့နိုင်းရင်ဖြင့် so sorry ပါပဲ။

"ဘာသောက်မလဲ"

"ဒိုမိန္ဒ"

"ဖြစ်နိုင်တာကိုပြော၊ မဟုတ်တာ ဂျစ်ပြုမနေနဲ့"

"Orange Juice ပဲပေးပါ"

ဆိုင်ထဲရောက်နေပြီမို့ လူငယ်တစ်စု ရှိနေပါသည့် စားပွဲ၏ ဘေးမှ စားပွဲမှာ နေရာယူလိုက်ပါသည်။ အအေးကိုယ်တိုင်မှာလိုက်သဖြင့် အသံကြားလိုက်တာမို့ ဘေးမှ ကောင်လေးတွေက 'ထက်' ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လေ၏။ ကိစ္စမရှိပါ။ ကိုယ့်ပုံစံက လူထပတာလေး မဟုတ်တာမို့ အန္တရာယ်ကို မကြောက်တတ်ပါလေ။

"ဟုတ်ပါတယ်ဆိုကွာ"

"မဟုတ်ပါဘူးကွာ၊ ရှစ်ဆင်တာပါ"

"အစစ်ပါဆိုကွာ၊ မယုံရင် ငါမေးကြည့်မယ်"

"Ok! မှန်တဲ့လူ ဒီပိုင်းရှင်းကြေးပဲ"

"Ok!"

အအေးပုလင်းတွေ ရောက်လာပြီမို့ တပ်ထားသည့်ပိုက်ကို လက်ညှိုးဖြင့် ဝိတ်လျက် ပုလင်းထဲမှထုတ်ကာ စားပွဲဘေးသို့ယူပြီး



လက်ညှိုးလွှတ်ကာ ပြောင်းပြန်သွန်၍ ပိုက်ဆေးလိုက်စဉ် ဘေးမှ ကောင်လေးနှင့် အကြည့်ဆုံသွားရလေ၏။ ခေါ်ချင်သလို နှုတ်ဆက်ချင်သလို ပုံစံမျိုး မျက်ဝန်းအကျင့်မို့ ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားရလေသည်။ အလို! 'ထက်' ကို မှတ်မိနေပါသည့် တစ်စုံတစ်ယောက်များလား။

"ဒီမှာခင်ဗျ . . . စိတ်မရှိပါနဲ့နော်၊ ဘုရားမှာ Guide လုပ်ပေးတဲ့ ကိုထက်နဲ့ ဘာများတော်သလဲ"

"အဲ!"

"အောင် ဝပ်ရှော့ခ်ကလေ"

"ဟုတ်တယ်"

"ဗျာ!"

"ထက်မြက် ဟုတ်တယ်လို့ ပြောတာပါ"

"တကယ်!"

ကောင်လေးအုပ်စုမှ ကျွတ်စီကျွတ်စီ အသံတွေ မြည်လာလေသော့၏။ မှတ်မိလို့ နှုတ်ဆက်တာက အပြစ်မှမဟုတ်တာလေ။ အံ့ဩနေရင်းမှ ချီးမြွှာ ပြုံးလိုက်သဖြင့် ဘာပြန်ပြောရမည်မှန်း မသိတော့ပါ ချေ။

"ကျွန်တော်တို့၊ ကျွန်တော်တို့က ယောက်ျားလေးလို့ပဲ ထင်ထားတာ၊ အဟုတ်ပဲ ဖြစ်နေတာကိုး"

"သိလို့လား"

"ဟုတ်ကဲ့၊ ကျန်ခဲ့တဲ့နှစ်က မိသားစုလာတုန်း ကိုထက်၊

www.burmeseclassic.com

www.burmeseclassic.com



အဲ! ... မထက်ပဲ လိုက်ပို့ခဲ့တာလေ”

“ဪ ... မမှတ်မိလို့ sorry နော်”

“ဟုတ်ကဲ့”

“ပြီးရင် သွားကြမယ်”

“ဟာ! ဒီမှာ တစ်ဝက်ကျန်သေးတယ်”

“မဆာဘူးဆိုပြီး သောက်မနေနဲ့၊ လာတော့”

“သွားဦးမယ်နော်”

လက်ကိုလာကိုင်ပြီး ဆွဲခေါ်နေသည့် သူ့ကို ပြန်မကြည့်ပါဘဲ ဟိုကောင်လေးကို ပြုံးပြကာ နှုတ်ဆက်နေသဖြင့် အတော် စိတ်ဆိုးရလေပြီ။ စောစောကဖြင့် ဗိုက်မဆာဘူးပြောပြီး အခုလို အအေးကို စိမ်ပြေနပြေသောက်ချင်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါက တမင်အချွဲတိုက် ပြနေတာပေါ့လေ။

“ကျစ်!”

“ကိုကိုကလည်း အသိနဲ့ နှုတ်ဆက်နေတာကို”

“ဘာအသိလဲ။ တွေ့တာဖြင့် တစ်နှစ်ကျော်နေပြီကွ စကားမရှိ စကားရှာပြီး လာရောတိုင်း ပြန်ရောရလား”

“ရှုမှုရေးဆိုတာ ရှိတယ်လေ။ ထက်အလုပ်နဲ့ ပတ်သက်ပြီး ဖူးတာပဲဟာ”

“ဘာပတ်သက်တာလဲ၊ ထက်နော် ... ရှုပ်ရှုပ်ယှက်ယှက် လုပ်မယ်မကြံနဲ့။ အခု မင်းကို guide လုပ်ဖို့ ခေါ်လာတာက ကိုယ်ပေ ဂရုစိုက်ပေးရမှာ ကိုယ့်ကိုမဟုတ်ဘူးလား။ ဘယ်လိုဖြစ်ပြီး သူစိမ်းတွေ



ရောရောရှိ လုပ်နေရတာလဲ”

“ဟာ! ဘယ်လိုပြောလိုက်တာလဲ”

“ဒီလိုပဲ ပြောမှာပဲ”

“ကိုကိုက လူကြီးဆိုပြီး သဘောထား သေးသိမ်လိုက်တာ”

“ဘာ!”

“ဟုတ်တယ်လေ၊ ကိုကို့မှာပဲ သူငယ်ချင်းမိတ်ဆွေ ရှိရမှာလား။ ထက်မှာလည်း မိတ်ဆွေအပေါင်းအသင်းဆိုတာ ရှိတယ်။ နည်းနည်းပါးပါး နားလည်မှု ရှိသင့်တာပေါ့”

“ဘာကိုနားလည်ပေးရမှာလဲ။ ဟိုက ဖြီတီတီလာလုပ်နေမှန်းသိသိကြီးနဲ့ အထာပြန်ပေးနေတာကို ကိုယ်က လက်ပိုက်ကြည့်နေရမှာလား။ စဉ်းစဉ်းစားစားလည်း ပြောဦး”

“ကိုကို!”

“ဘာလဲ!”

“ဟယ်! တော်ကြပါတော့။ နားကို အူသွားတာပဲ။ ဘယ်လိုဖြစ်ပြီး ဒေါသတွေ ထွက်နေကြတာလဲ။ ဘုရားဖူးထွက်ပါတယ်ဆိုမှ စိတ်ရှုပ်ရအောင်”

“အဲဒါ မလှကြီး စပြောလို့ဖြစ်တာ”

“ဘာ တောက်! စကားကို လက်လွှတ်စပယ် ပြောပြန်ပြီလား။ ကိုယ် ဘယ်နှခါ ပြောမှ နားလည်မှာလဲ”

“တော်ပါတော့ ကိုဦးရယ်။ နှယ့်အမြင်လည်း ထက်မြက်နဲ့ အတူတူပဲ။ ကိုဦးကိုက စကားပြောမတတ်တာ။ အကြီးက အငယ်ကို

www.burmeseclassic.com



အလျှော့ပေးမှပေါ့''

အရှေ့နှင့်အနောက် လှည့်အော်ပြီး ပြောနေရာမှ စကားပွဲက ရပ်လေတော့၏။ နောက်ဆုံးတော့ သူ လွန်တာပဲတဲ့သာ။ ကိုယ်တိုင် ဘာအပြစ်မှ မလုပ်မိပါဘဲ ပစ်တင်ဝေဖန်ခြင်းက ဟိုးတစ်ချိန်တုန်းက လို အခုတစ်ဖန် ထပ်ဖြစ်ရပြန်ချေပြီ။ ကုသိုလ်ရှာနေရင်း ဘယ်လိုဖြစ်ပြီး အကုသိုလ်က တက်ရတာပါလိမ့်။

မင်းနဲ့ကိုယ် စာရင်းရှင်းဖို့လိုနေပြီ 'ထက်မြက်ချို'။ မင်းရင်ထဲမှာ အစိုင်အခဲတစ်ခုခုများ ရှိနေတာများလားကွယ်။

*

(၁၈)

ညနေလည်း စောင်းနေပြီမို့ သိပ်ဝေးဝေးလံလံ ဘုရားတွေ နေဖြစ်တော့ပါဘဲ 'ဖူးဘုရား' ကိုသာ ဦးတည်လိုက်ပါ၏။ ရှင်းပြမည့် သူရော ကားမောင်းနေသည့်သူပါ စကားမပြောဘဲ အသံတိတ်နေ သဖြင့် ညှိုသည်ဖြစ်သည့် 'နွယ်' ပင် နေရခက်လာပုံပါ။ သူ့ကို ခဏ ခဏ လှည့်ကြည့်နေပေမယ့် စိတ်မကြည်လင်၍ ဘာမှမပြောဘဲ ကားကိုသာ ရောဝတီမြစ်ကမ်းဘေး၌ ရပ်လိုက်ပါသည်။

ကားပေါ်မှဆင်းလိုက်စဉ် မြစ်ကို ဖြတ်၍ တိုက်ခတ်လာသည့် လေတို့က အေးနေလေ၏။ ဘုရားဖူးညှိုသည်တို့က ဤနေရာမှာ သာ၍ စုရုံးနေသည့်နှယ် များပြားနေလေသည်။ လူရှုပ်သည့်နေရာကိုမှ သာမိရတယ်လို့။ သူ ဦးဆောင်သည့်နောက်ကိုသာ နှစ်ယောက်စလုံး လိုက်လာသဖြင့် စိတ်ချသွားပြီး သက်ပြင်းကိုုတ်ရှိုက်လိုက်မိပါ၏။

ရင်မောရပါလား 'ချာတိတ်' ရယ်။

''ဘာမှရှင်းမပြတော့ဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းခဲလိုက်ခြင်းကို ခံရလေ၏။ ဒီလောက်နှင့်ပြီးလျှင် ကောင်းပေမည်။ မနက်ဖြန်မှ ဆုတောင်းရမှာမို့ ယခုလို စိတ်မကြည် မလင် မဖြစ်ချင်ပါ။ ဘုရားကို ဦးချရှိခိုးပြီး တစ်ပတ်ပတ်ခါ ထ လျှောက်ခဲ့ကြပါသည်။ ဒီမှာပဲ မိုးချုပ်သွားလျှင် Hotel ပြန်ဖို့ခက်မှာ နီးသဖြင့် အေးအေးလူလူ လျှောက်ဖြစ်ကြတာပါ။

“ထက်တို့ အရင်ဆုံးဖူးခဲ့တဲ့ ငှက်ပစ်တောင်ဘုရားက သူ့ရဲ ကောင်း ပျူစောထီးနဲ့ ဒီဘုရားက ဆက်စပ်မှုရှိပါတယ်။ ပြီးတော့ ဒီဘုရားကို ရေတိုက်စားခဲ့တာမို့ (၁၉၇၅) ခုနှစ်တုန်းက ရေထဲကျခဲ့ တယ်။ အရင်က သစ်သားနဲ့ဆောက်တဲ့ ပြသာဒ်တွေပဲ ရှိခဲ့တာလေ။ အခုတော့ အုတ်နဲ့ပြန်ဆောက်ထားခဲ့တာ။ ဘုရားကို (၁၉၇၈) နှစ်မှာ ပြန်တည်နိုင်ခဲ့တယ်တဲ့”

“ဩော် . . . ပျူစောထီးအကြောင်း ထက်မြက် သေချာမပြော သေးဘူးနော်”

စကားပြောစေချင်၍ တမင်အကြောင်းရှာလေသလား။ ငှက်ပစ်တောင်ဘုရားဖူးစဉ်ကဖြင့် မသိချင်သလို ဟန်ကြီးတစ်ခွဲသား ဖြင့် လုပ်ပြခဲ့တာလေ။ သိချင်တော့လည်း ရှင်းပြရုံပေါ့နော်။ ‘ထက်’ က ဒီအလုပ်ကို တာဝန်ကျေအောင်ရော စေတနာအပြည့်နှင့်ပါ လုပ် ပေးဖို့ လိုက်လာခဲ့တာလေ။

“ထက်တို့ငယ်ငယ်ကလည်း မြန်မာစာမှာ သင်ခဲ့ဖူးပါတယ် အဲဒီတုန်းကတော့ အနည်းအကျဉ်းသိခဲ့တာမျိုးပေါ့။ ပုဂံသူရဲကောင်း လေးဦးဖြစ်တဲ့ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီး



လေ။ အဲဒီသူရဲကောင်းတွေလိုပဲ ပျူစောထီးလည်း အထင်ကရရှိခဲ့တာ ပါ”

“ကျန်စစ်သားကတော့ သူတို့ထဲမှာ ဘုန်းကံအကြီးဆုံးဖြစ်ပြီး တော့ မြင်းမှုသား ငထွေးရူးက ထန်းပင်တစ်တောင်ကို မနားတမ်း အဆင်းအတက် လုပ်နိုင်တယ်။ ပုပ္ပားသား ငလုံးလက်ဖယ်က နွား အရှည်သုံးဆယ်နဲ့ တစ်ပြိုင်တည်း အခေါက်ခေါက်အခါခါ လယ်ထွန် နိုင်ပြီး ညောင်ဦးသား ညောင်ဦးဖီးကတော့ ဒီဧရာဝတီမြစ်ကို ကမ်းပါး က အပြေးဆင်းပြီး တစ်ဖက်ကမ်းကိုကူး၊ ဟိုရောက်ရင် ဒီဘက်ကို လက်ပစ်ပြန်ကူးနိုင်တဲ့ လူစွမ်းကောင်းပါ။ ဒါကြောင့် သူတို့ လေး ယောက်ကို အနော်ရထာမင်းကြီးက ပုဂံနန်းတော်ကိုခေါ်ပြီး စစ်သည် လေးသိန်းရဲ့ အင်အားနဲ့ညီမျှတဲ့ သူရဲကောင်းတွေဆိုပြီး သတ်မှတ်ခဲ့ တာပါ”

လက်ထဲကိုင်လာပါသည့် ရေသန့်ဘူးလေးထဲမှရေကို အနည်းငယ်မျှ မော့သောက်လိုက်ပါသည်။ သက်သောင့်သက်သာဖြင့် လိုက်စီးသည့် ‘မမ’ က လေကုန်သည့် ‘ထက်’ နှင့် ကားမောင်းပို့ရ သည့် ‘ကိုကို့’ လောက်မှ မပင်ပန်းတာအမှန်ပါ။ ‘ထက်’က ဘယ်သွား သွား ကျောပိုးအိတ်ထဲ ရေဘူးထည့်သွားကျင့်ရှိသူပါ။ အခု သိပ်အေး သေးသဖြင့် ဂျင်းဂျာကင်အပါးလေးကို ကားထဲမှာ ထားရစ်ခဲ့ပေမယ့် ရေဘူးကိုတော့ လက်မှာကိုင်လာပါ၏။

“ရာဇဝင်ထဲမှာတော့ ပျူစောထီးကို နေနတ်သားနဲ့ နဂါးမတို့ က မွေးဖွားလာတာလို့ ပြောခဲ့ကြတယ်။ နေနတ်သားက ကိုယ်ဝန်လွယ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ နဂါးမဆီကို ရောက်မလာတော့ နဂါးမက စိတ်နာပြီး ဥက္ကာ ရေမှာ မျှောလိုက်တာတဲ့။ အဲဒါနဲ့ မျှောလာတဲ့ဥက ညောင်ဦးဆိပ်ကမ်းမှာ ကပ်လာတော့ ပျူအိုလင်မယားက ဆယ်ပြီး သိမ်းထားရာက ပျူစောထီးကို မွေးခဲ့တာ"

"အဲဒါက တစ်မျိုးပေါ့။ နောက်တစ်မျိုးကတော့ သာကီဝင်နွယ် သတိုးအာဒိစ္စရာဇာမင်းနဲ့ မိဖုရားက မွေးတာလို့ဆိုတယ်။ ပြည်နှာ မငြိမ်သက်လို့ မင်းကြီးက ဆင်းရဲသား အယောင်ဆောင်ပြီး ဥယျာဉ်ထဲမှာ အလုပ်လုပ်နေတုန်း မိဖုရားက မွေးခဲ့တာပေါ့။ သူ ခုနစ်နှစ်အရွယ်မှာ တက္ကသိုလ်တောင်ဆရာ ရသေ့ဆီမှာ ပညာသင်စေပြီး လေးအတတ်ကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်တတ်မြောက်ခဲ့တာတဲ့"

"သူ့အသက် (၁၆) နှစ်မှာ ပုဂံမှာ ရန်မူနေတဲ့ ငှက်ကြီးကျားကြီး၊ ရှုးပုံကြီး၊ ငှက်ကြီးနဲ့ ဗူးရိုင်းပင်ကြီးတို့ကို နှိမ်နင်းအောင်မြင်ခဲ့တယ်။ အဲဒါကိုတော့ ထက်တို့ငယ်ငယ်က သင်ခဲ့ရတာပါ။ ပျူစောထီးက ပုဂံနန်းကို (၁၅) နှစ်စံခဲ့ပါတယ်။ တက္ကသိုလ်တောင်ဘက်သွားတဲ့အခါမှာ မြေသင်းတွင်းရွာဆိုတာ ရှိပြီး ပျူစောထီးတည်ခဲ့တဲ့ သစ္စာပါဘုရားရှိပါတယ်။ အဲဒီရွာက ဆက်ပြီးသွားရင် ဖီးအိုရွာရောက်ပြီး နတ်ထိန်းတောလို့ခေါ်တဲ့ အင်ကြင်းတောကြီးရှိတာပေါ့"

"အဲဒီတောင်ကို နတ်မောင်နှမစောင့်ရှောက်ပြီး သမီးညှော်တွေ သွားလို့မရဘူး။ ဘာညာသာရကာတွေ မပြောရဘူးတဲ့"

"ဘာလဲ ဘာညာသာရကာ"

"ချစ်စကား ကြိုက်စကားကို ပြောတာပေါ့ မမရဲ့။ အပ်ချော



အကိုင်းတွေ မချိုင်ရဘူး။ မီးစိုက်တာတို့ ယူတာတို့လုပ်လည်း နိုက်တယ်တဲ့။ ဒါကြောင့် ပုဂံခေတ်က နတ်တွေကို ယုံကြည်အားထားကိုးကွယ်ကြတာပေါ့။ ရွှေစည်းခုံဘုရားရောက်ရင် (၃၇) မင်း နတ်ရုပ်တွေကို တွေ့ပါလိမ့်မယ်။ ပုပ္ပားကစပြီး မင်းမဟာဂီရိနတ်ဆိုတဲ့ ပန်းပဲမောင်တင့်တယ် (အိမ်တွင်းနတ်) ရယ်။ သူ့ညီမ ဖြစ်တဲ့ ရွှေနပေ (ရွှေမမနဲ့) ရယ်။ သူ့ရဲ့ကောင်း ဖျတ္တနဲ့ အကြောင်းပါခဲ့တဲ့ ပုပ္ပားသူငယ်ဝဏ (ပုပ္ပားမယ်တော်) က မွေးလာတဲ့ ရွှေဖျင်းညီနောင် နှစ်ပါးရယ်။ မမကြားဖူးတဲ့ မြင်းဖြူရှင်နတ်ဖြစ်လာတဲ့ မြင်းသူ့ရဲ့ကောင်း ချိုမြိန်တော် ပြေည့်က စပြီး အားလုံးအပါအဝင်ပေါ့"

'ကိုကို' ပြီးလိုက်မှန်း 'ထက်' မြင်လိုက်ပါ၏။ အကြီးကတော့ စမပြောပေမယ့် 'ထက်' ပြောတာကိုတော့ နားထောင်နေတာ ဟုတ်ပါလား။ မာနကြီးတယ်ဆိုတာ လူတိုင်းမှာ အနည်းနှင့်အများတော့ ရှိမှန်း 'ထက်' လည်း သိနေပါ၏။ တစ်ခန်းတည်းအတူအိပ်ရသည့် 'မမ' နှင့် စိတ်ခုစရာမရှိဖို့သာ သတိထားရမှာပါလေ။

"အကုန်လုံး ဘယ်လိုသိနေတာလဲ"

"ကျက်ရတာတွေ၊ မှတ်ရတာတွေလည်း ရှိတယ်။ လွယ်ကူအောင် gids ထုတ်ပြီး မှတ်ခဲ့ရတာပေါ့ မမရဲ့။ ဘယ်သူက ဘာရွာသား ဘယ်ဘုရား ဘယ်သူတည်တယ်ဆိုတာကအစ မမှားရအောင်ပေါ့။ အချို့ကိုတော့ လူကြီးမိဘတွေ ပုံပြင်လိုပြောခဲ့သမျှ နားထဲမှာ ရှိတာပေါ့"

"မိဘစကား နားထောင်တဲ့သူက ကိုယ့်စကားကျ ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



နားမထောင်သလဲ"

"ကိုကိုနဲ့ မခေါ်ပါဘူး"

"ဟောကြည့်!"

'မမ' ရယ်လေ၏။ နှစ်ယောက်သား စိတ်ကောက်နေသဖြင့် ငြိုသည့် နေရခက်နေတာကို အလိုက်သိစွာ စိတ်ပြေလိုက်ရတာပါ။ သိပ်မကြည့်ပေမယ့် အငယ်ဖြစ်သည့် 'ထက်' က သိတတ်ရမှာပါလေး ကားပေါ်တက်ကာ 'ရွှေစည်းခုံဘုရား' သို့ ခရီးဆက်လိုက်ပါ၏။

"သူ့ရဲကောင်းတွေအကြောင်းလည်း အကုန်သိနေတာပဲ လား"

"နည်းနည်းပါးပါး အကြမ်းဖျင်းလောက်တော့ သိထားရတာ ပေါ့"

"မှိုးချုပ်တော့မယ်နော်"

"ဒီတစ်ဆူဖူးပြီးရင် Hotel ပဲပြန်တော့မယ်လေ။ မမ ညစာ စားတာ နောက်ကျမှာစိုးလို့ပါ။ ရွှေစည်းခုံကို မနက် အရုဏ်ဆွမ်းကပ် အမီ မနက်စောစောလေး နိုးရမှာဆိုတော့ စောစောအိပ်မှဖြစ်မယ်"

"ဖြစ်လား ကိုဦး"

"ဖြစ်တယ်လေ"

"ရွှေစည်းခုံဘုရား" သို့ရောက်စဉ် နေစဝင်လေပြီ၊ မုခ်ဝမှာ ဖိနပ်ချွတ်ပြီးမှ ဘုရားတစ်ပတ်ပတ်ပြီး ကန်တော့ဖြစ်လေ၏။ ညမီး ရောင် ထိန်ထိန်ဖြင့် စေတီက အလွန်တစ်ရာမှ သပ္ပာယ်လွန်းပါသည်။ မနက်ပိုင်းဆို လှကျိတ်ကျိတ်တိုးစည်ကားတော့မည်မို့ ဒီလိုအချိန်မှာသာ



အေးအေးလူလူ အချိန်ယူ၍ ဘုရားရှိခိုးလို့ရလေ၏။

"စွယ်တော်ဘုရားပေါ့နော်"

"ဟုတ်ပါတယ် မမ၊ အနော်ရထာတည်ခဲ့တဲ့ စွယ်တော် လေးဆူဘုရားတွေက တန်ခိုးအကြီးဆုံးနဲ့ ဆုတောင်းအပြည့်ဆုံးဖြစ် သလို ဗုဒ္ဓဘာသာဝင်တွေ အဓိကထားပြီး လာဖူးကြတိုင်း ဒီလေးဆူ အမြဲပါတယ်လေ။ ဒီလေးဆူမတည်ခင် စတည်ခဲ့တာက ရွှေဆံတော် ဘုရားပါ။ ဥဿာပဲခူးကို ဂျွန်း (ကြွမ်း) စစ်သည်တွေ လာနှောက်ယှက် တော့ အနော်ရထာမင်းက ခုနစ်သည်လေးဦးကို စစ်ကူစေလွှတ် နိုင်းစေခဲ့လို့ စစ်အောင်တာနဲ့ ဥဿာမင်းက သမီးတော် မဏိစန္ဒာ (ခင်ဦး) နဲ့အတူ မြတ်စွာဘုရားရဲ့ ဆံတော်တစ်ဆူကို ဆက်သလိုက် တယ်။ မူလဘွဲ့က မဟာဝိန္ဒုပါ။ အခု ရွှေဆံတော်လို့ ခေါ်ပါတယ်။ ဘုံနေဝင်ချိန်ကို အကြည့်များတဲ့ ဖလ္လယာငါးဆင့်ရှိတဲ့ စေတီပါ။ အပေါ် တက်ပြီး ဖူးလို့ရတယ်လေ"

"မဏိစန္ဒာဆိုတာ ခင်ဦးလား"

"ဟုတ်ကဲ့၊ ကျန်စစ်သားနဲ့ ကြိုက်ခဲ့တဲ့သူတွေထဲက တစ် ယောက်လေ။ အပယ်ရတနာရယ်၊ ခင်ဦးရယ်၊ ထီးလှိုင်ရှင်သူကြီးသမီး သံဒါန်ရယ်။ မသီးတူမ သမ္ဘူလရယ်ပါ။ သမ္ဘူလက ရာဇကုမာရ်ကို မွေးတဲ့ မိခင်ပါ။ အပယ်ရတနာက ရွှေအိမ်စည်ကိုမွေးပြီး အဲဒီ ရွှေအိမ် စည်က အလောင်းစည်သူမင်းကြီးကို မွေးသွားခဲ့တာလေ"

"ဪ"

"ရွှေစည်းခုံအကြောင်း ဆက်ပြောမယ်နော်။ မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com



အရုဏ်ဆွမ်းအမီ လေးဆူကို လိုက်ကပ်ရရင် ရှင်းပြချိန်မရတော့ဘူး"

"ပြောပါ ထက်မြက်ရဲ့၊ မမက မောတာမှ မဟုတ်တာ"

အညောင်းပြေ စောင်းတန်းတစ်နေရာမှာ ခဏမျှ ထိုင်လိုက်ကြပါ၏။ 'ကိုကို' က 'ထက်' ဟုဆိုင်နေတာကို ခါတ်ပုံရိုက်ပြီးမှ နဘေးမှာ ဝင်ထိုင်လိုက်လေသည်။ ညလေက စအေးနေလေပြီ။ ကားထဲမှာ ဂျာကင်ထားရစ်ခဲ့သဖြင့် လက်စက blouse လေးက အချက်ပြုပြီ မဟုတ်ပါလား။ 'မမ' က လက်ဖောင်းအရှည်လေး ဝတ်လာတာမို့ အေးပုံမပေါ်ပါချေ။

"ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော့ မီးသင်္ဂြိုဟ်ရာမှာ ဓာတ်တော် (၈) ဆူကြွင်းပါတယ်။ အဲဒီဓာတ်တော်တွေထဲမှာ ညှပ်ရိုးတော်နှစ်ဆူ၊ စွယ်တော်လေးဆူနဲ့ နဖူးသင်းကျစ်တော်တစ်ဆူက မလောင်ကျွမ်းဘဲ ပကတိအိုင်း ကျန်ရှိတော်မူခဲ့ပါတယ်။ စွယ်တော်လေးဆူမှာ လက်ျာဘက်အထက်စွယ်တော်ကို သိကြားမင်းက ပင့်ဆောင်ပြီး တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီတည်ပြီး ဌာပနာပါတယ်။ လက်ဝဲဘက်အထက်စွယ်တော်ကို သီဟိုဠ်သားတွေ ပူဇော်ခွင့်ရပြီး လက်ယာဘက်အောက်စွယ်တော်ကို တရုတ်ပြည်မှာ ကိုးကွယ်ပူဇော်ခွင့် ရပါတယ်။ လက်ဝဲဘက်အောက် စွယ်တော်ကိုတော့ နဂါးပြည်မှာ ကိုးကွယ်ပူဇော်ပါတယ်"

"အနော်ရထာမင်းက လူ့ပြည်နှစ်ခုမှာ ရှိတဲ့ စွယ်တော်နှစ်ဆူလုံးကို ဌာပနာချင်တော့ တရုတ်ပြည်ကို သွားပြီး ပင့်ပေမယ့် မြတ်စွာဘုရားရဲ့ ဗျာဒိတ်တော်ထားခဲ့တာကြောင့် ယူဆောင်ခွင့်မရဘဲ



မြွှေဆင်းတုတစ်ဆူသာ ရခဲ့တယ်။ သီဟိုဠ်က စွယ်တော်ကိုတော့ သဘောနဲ့ ပင့်ဆောင်လို့ ရခဲ့တာကြောင့် အနော်ရထာမင်းကိုယ်တိုင် ရေထဲဆင်းပြီး ပင့်ဆောင်ခဲ့တာပါ။ တရုတ်ပြည်က ပင့်လာတဲ့ မြွှေဆင်းတုရယ်၊ သရေခေတ္တရာက ပင်ခဲ့တဲ့ နဖူးသင်းကျစ်ရယ်၊ စောစောက စွယ်တော်ကို ထည့်ပေါင်း ဌာပနာပြီး ရွှေစည်းခုံကို တည်ခဲ့တာပါ။ အတွင်းစေတီကို အနော်ရထာမင်းတည်ပြီး အပြင်စေတီကို ကျန်စစ်မင်းကြီးတည်တာ ဖြစ်ပါတယ်"

"စွယ်တော်ပွား နောက်တစ်ဆူကို ဆင်ဖြူရတနာပေါ်တင်ပြီး အဓိဋ္ဌာန်နဲ့ စေလွှတ်တော့ ဆင်ဖြူတော်က ရောဝတီမြစ်ကို ကူးပြီး တန့်ကြည်တောင်ထိပ်မှာ ဝပ်လို့ တန့်ကြည်တောင်စေတီ ဖြစ်လာတယ်။ နောက်တစ်ဆူတင်လာတဲ့ ဆင်ဖြူတော်က လောကနန္ဒာ ဆိပ်ကမ်းမှာ ဝပ်လို့ လောကနန္ဒာစေတီဖြစ်လာတယ်။ နောက်ထပ်တစ်ဆူတင်လာတဲ့ ဆင်ဖြူတော်က တုရင်တောင် (တူရွင်းတောင်) မှာဝပ်လို့ တုရင်တောင်စေတီ ဖြစ်လာပါတယ်။ ပထမက ရွှေစည်းခုံ၊ ဒုတိယကတန့်ကြည်တောင်၊ တတိယက လောကနန္ဒာ၊ စတုတ္ထက တုရင်တောင် ဆိုပြီး စွယ်တော်လေးဆူတွေပါ မမ"

"ကျေးဇူးပါ ထက်မြက်ရယ်။ ဗဟုသုတ တိုးလိုက်တာနော်"

"ထက်က ရာဇဝင်သမိုင်းတွေကို စိတ်ဝင်စားခဲ့လို့ ဝိဇ္ဇာတွဲလို့ပဲ ယူခဲ့ပါတယ် မမ။ ဒါပေမဲ့ သိပ္ပံခေတ်ကိုလည်း လက်မှမ်းမီသလောက်တော့ လေ့လာဖြစ်ပါတယ်။ သူများထက် ခေတ်နောက်ကျသို့ မရဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့"

"ပြန်ကြရအောင် ...မိုက်လည်း ဆာလှပြီ၊ ထက်ရော ဆာပြီလား"

"အင်း"

သုံးယောက်သား ဘုရားမှပြီး Hotel သို့ ပြန်ခဲ့စဉ် 'ထက်' ၏ မျက်ခမ်းတွေ လှုပ်သွားသဖြင့် လန့်သွားရပါ၏။ ဘာများဖြစ်လို့ ပါလိမ့်။ ရာသီဥတုအေးလာတာကြောင့်လည်း ဖြစ်နိုင်တာမို့ စိတ်မှ သည့်ကိစ္စမျိုး မဖြစ်နိုင်ပါ။ Hotel သို့ တန်းမပြန်ဖြစ်တဲ့ ထမင်းဆိုင် ကောင်းကောင်းမှာ ထမင်းမှုပူဖြင့် ညစာစားဖြစ်လေ၏။

တကယ်ပါ၊ အဲဒီညက 'ထက်' ဘာကြောင့် မျက်ခမ်းလှုပ်ခဲ့ ရပါသလဲဆိုသည့် မေးခွန်း၏အဖြေကို ညအက်အချိန် ည (၉) နာရီ ကျော်မှ သိခဲ့ရလေသည်။ ဤအဖြစ်ကို ကြိုသိခဲ့မိပါက message ပို့ပြီး အခန်းမှ ခေါ်ထုတ်သည့် 'ကိုကို' ဆန္ဒကို ဖြည့်ပေးမိမည် မဟုတ်ပါလေ။

✻

(၁၉)

အခန်းသို့ပြန်ရောက်စဉ် ည (၇) နာရီခန့် ရှိပြီဖြစ်လေ၏။ 'မေ' ခြေလက်ဆေး အဝတ်အစားလဲကာ အနားယူဖို့ ပြင်နေလေပြီ။ 'ထက်'က ဝယ်စရာရှိသေးသဖြင့် ဈေးပတ်ရန်အတွက် အဝတ်အစား ထဲလိုက်ပါ၏။ ဒီလို လွတ်လွတ်လပ်လပ်လှည်ချင်၍ ဝတ်စုံကို ထည့် ထားတာ မဟုတ်လား။

"အပြင်ထွက်ဦးမလို့လား"

"ဟုတ်ကဲ့"

"ညမှောင်နေပြီလေ"

"ဟိုနား ဒီနား လျှောက်ပတ်ရုံပါ မမရာ။ နောက်ကျလည်း မြင်းလှည်းနဲ့ ပြန်လာလို့ ဖြစ်ပါတယ်။ ဆိုင်ကယ် ကယ်ရီတွေလည်း ရှိသားပဲဟာ"

"အန္တရာယ်ဖြစ်မှာ မကြောက်ဘူးလား"

ဂျင်းဘောင်းဘီဝတ်ထားတာတောင်မှ 'ထက်' ကို မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးဟု မြင်နေသေးပါလား။ ညနေက နှုတ်ဆက်ကြသည့် ကောင်လေးတွေ အံ့ဩသွားတာမို့ ကိစ္စမရှိပါ။ ပြဿနာက 'ကိုကို' အုတ်ပုံးပြ နေတာကို 'မမ' သိမှာစိုးလို့ပါပဲ၊ ပြဿနာကိုတော်ဖြစ်ခဲ့တာမို့ "ရွှေစည်းခုံဘုရား" မှာ စိတ်ပြန်ပြေခဲ့ရတာလေ။

"ထက်က ညှိသည်တွေလိုက်ပို့လည်း ဒီလိုထွက်နေကျပါ မမရဲ့၊ Don't worry"

"မိုးသိပ်မချုပ်စေနဲ့နော်"

"ဟုတ်! အလွန်ဆုံးကြာ ဂျစ်နာရီလောက်ပါပဲ၊ သွားပြီး မမ"

"အင်း"

စိတ်မချသည့်နှယ် corridor လမ်းအထိ လိုက်ထွက်ကြည့်လေ၏။ 'ကိုကို' အခန်းက ဓာတ်လှေကား ဟိုဘက်အခြမ်းမို့ ဒီရှေ့မှ လှမ်းကြည့်ရုံနှင့် ထွက်လာတာကို တွေ့နိုင်လေသည်။ Lift ခလုတ်ကို ဖွင့်ဝင်လိုက်ပြီး မြေညီထပ်သို့ ဆင်းခဲ့ပါ၏။ အခုမှပဲ စိတ်ရော ကိုယ်ပါ လွတ်လပ်စွာ လျှောက်ပတ်ခွင့်ရတာမဟုတ်လား။

"ဒေါက်! ဒေါက်!"

အခန်းတံခါးကို ခေါက်လိုက်စဉ် တံခါးက ချက်ချင်းပွင့်မလာပါ။ သူစိမ်းထင်နေ၍ မဖွင့်ခဲ့မှာမို့ သူ အသံပြုလိုက်ပါ၏။ ခြေသံ ရှပ်ခနဲ ကြားလိုက်ရပြီး တံခါးဖွင့်လိုက်သည်က ချာထိတ်မဟုတ်ဘဲ 'နွယ်' ဖြစ်နေလေသည်။ ရေမျှားချိုးနေလေသလား။ ရာသီဥတုက အတော်အေးနေလေပြီ။



"နွယ်တို့ ညဘက်ဆာနေမှာစိုးလို့ မုန့်လာပို့တာပါ။ ထက် ရေချိုးနေလား"

"ဟင့်အင်း"

"ဘယ်ထွက်သွားလဲ"

"Shopping လို့ ပြောသွားတာပဲ"

"ဟာ! ... နွယ်က မတားဘူးလား။ ဒီလောက် မိုးချုပ်နေပြီကို"

"ပြောပါတယ်၊ သူကမှ နားမထောင်တာ"

"ကျစ်! ဒီချာတိတ်မကတော့ မွှေဖောက်လာပြန်ပြီ၊ စိတ်ပြေ ဘာက နာရီဝက်လောက်ပဲရှိသေးတယ်၊ တောက်!"

အိတ်ကပ်ထဲမှ phone ဖြင့် ခေါ်လိုက်ပါ၏။ တော်တော်နှင့် ဆိုင်းသဖြင့် စိတ်က ပို၍တိုလာလေသည်။ သွားမယ်ဆိုလည်း သူကို ခေါ်ရမှာလေ။ 'နွယ်' နှင့်ပတ်သက်ပြီး လူကို ရှောင်ဖယ်ဖယ်လုပ်ချင်နေတာ အသိသာကြီးပင် မဟုတ်ပါလား။

"ဟယ်လို"

"ဘာလို့ အခုမှကိုင်ရလဲ၊ ဘယ်ရောက်နေလဲ ပြောစမ်း!"

"ဈေးထဲပတ်နေတာပေါ့ ကိုကိုရဲ့"

"အဲဒါ ကိုယ့်ကိုပြောရမှာပေါ့"

"မမကို ပြောခဲ့တာပဲလေ"

"တစ်ယောက်တည်း ဒီလိုထွက်သွားလို့ ဖြစ်မလား။ တော်ကြာ တစ်ခုခုဖြစ်နေရင် ဘယ့်နှယ် လုပ်မလဲ၊ အန္တရာယ်တို့ နည်းနည်းမှ

www.burmeseclassic.com

www.burmeseclassic.com



ထည့်မတွက်ကဘူး။ အခုလဲ ဘယ်အချိန်ရှိနေပြီလဲ''

“(၈) နာရီပဲ ထွန်းပါသေးတယ်”

“ဘယ်ရောက်နေလဲ အတိအကျပြော”

“အခုပဲ ပြန်လာတော့မှာပါ။ လိုက်မရှာချင်နဲ့ တွေ့မှာ မဟုတ်ဘူး”

Phone ကို အရင်ပိတ်လိုက်သဖြင့် ဒေါသက ပိုဖြစ်စေသေး၏။ တော်ကြာ ညနေကကောင်လေးတွေအုပ်စုနှင့် Date ပြီးလို့နေလျှင် ဘယ်လိုလုပ်မလဲ။ အစက ယောကျ်ားလေးဟု ထင်ပြီး ဒီညနေလေးမှ မိန်းကလေးမှန်းမြင်သွား၊ သိသွားကြတာလေ။ မင်းအနီးမှာ အန္တရာယ်တွေ ဝိုင်းနေတာ မသိဘူးလား ‘ထက်မြက်ချို’။

‘နွယ်’ တို့အခန်းရှေ့မှ ထွက်လာခဲ့ပြီး Hotel အောက်ထပ်သို့ ဆင်းခဲ့ပါ၏။ Hotel ရှေ့ မီးရောင်အောက်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် စောင့်နေမိလေသည်။ ရင်တွေပူလိုက်တာနော်။ သူ့ရင်ဘတ်ထဲကို ဒီမီးခဲရောက်လာအောင် သူမ မည်သို့ အစွမ်းထက်နေပါသလဲ။ ရင်မောစွာဖြင့် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိသေးတော့၏။

ဝယ်စရာရှိတာ အတော်စုံနေပြီမို့ ဈေးဝယ်တာကို ရပ်လိုက်ရပါသည်။ ‘သဲသဲ’ အတွက် အကျီသုံးလေးထည်နှင့် ဒီမှာရောင်းသည့် အရုပ်အချို့အပြင် စားစရာပါ ဝယ်လိုက်သဖြင့် လက်ထဲ အတော်များနေလေ၏။ ကျွတ်ကျွတ်အိတ်နှစ်လုံးဖြင့် ခွဲထည့်ကာ မြင်းလှည်းဂိတ်သို့ ရှာလိုက်ပါသည်။



“ဒီအချိန် မြင်းလှည်းမရှိတော့ဘူး မောင်လေးရဲ့။ ဆိုင်ကယ်ပဲ စီးလို့ရမယ်”

ခပ်ငယ်ငယ် လူငယ်၏ဆိုင်ကယ်ကိုပင် မုန့်ဆိုင်က အစ်မ လှမ်းခေါ်ပေးသဖြင့် နောက်မှ ခွထိုင်လျက် လိုက်ခဲ့ရလေ၏။ Hotel ရှေ့အထိ လိုက်ပို့ပေးတာမို့ အဆင်ပြေသွားရပါသည်။ Hotel ဝင်းထဲ ဆိုင်ကယ်ကွေ့ဝင်လိုက်သည်နှင့် ခါးထောက်၍ ရပ်နေပါသည့် သူ့ကို မြင်လိုက်ရပါ၏။ ပြဿနာပါပဲ။ ခုထိ မအိပ်သေးပါလား။

“ကြည့်စမ်း! ပြောတော့ တစ်နာရီလောက်ပဲကြာမှာဆိုပြီး အခု ဘယ်အချိန်ရှိနေပြီလဲ”

“ဆိုင်ကယ်ဖိုးရှင်းပေးပါ ကျွန်တော် လက်မအားလို့”

“ကျစ်!”

သူက ပိုက်ဆံအိတ်ထုတ်လျက် ဆိုင်ကယ်ခရှင်းပေးလိုက်လေ၏။ Lobby ထဲဝင်လျက် Lift ရှိရာသို့ လျှောက်ခဲ့စဉ် ခြေလှမ်းကျဲဖြင့် နောက်မှပါလာသည့်ကိုကိုက ခဏလေးဖြင့် မီသွားပါသည်။ Lift ထဲရောက်စဉ် လက်ထဲမှအထုပ်တွေကို ယူရန် ပြင်လိုက်ပေမယ့် ‘ထက်’ က ပေးမကိုင်ပါချေ။

“လူကို စိတ်အတော်ဒုက္ခပေးတယ်”

“အပြစ်ရှာပြန်ပြီ”

“သွားမယ်ဆိုလည်း ပြောမှပေါ့”

“လွတ်လွတ်လပ်လပ် သွားချင်လို့ တမင်မပြောတာလေဗျာ၊ ရှင်းပြီလား”

www.burmeseclassic.com

www.burmeseclassic.com



"ထက်မြက်ချို"

"တော်ပြီနော်၊ ကျွန်တော် ကိုကိုနဲ့ ပြဿနာထပ်မဖြစ်ချင်တော့ဘူး"

"သိရင်ပြီးတာပဲ"

အခန်းရှိရာဆီ လျှောက်ခဲ့စဉ် သူလိုက်မလာတော့ပါလေ။ တော်ပါသေးရဲ့။ အခုမှပဲ အေးအေးဆေးဆေး အနားယူရတော့မှာပါ။ တံခါး lock က စေ့ရုံစေ့ထားတာမို့ အတတ်နိုင်ဆုံး အသံမမြည်အောင် သတိထား၍ ဖွင့်ဝင်လိုက်ပါ၏။ ကျောပေးလှဲနေပါသည့် 'မမ'က ဖျတ်ခနဲ လှည့်ကြည့်ကာ မျက်လုံးအနည်းငယ် ဖွင့်ကြည့်လိုက်သေးသည်။

"ပြန်ရောက်ပြီလား"

"ဟုတ်! မမ"

"မီးပိတ်လိုက်ဦးနော်"

"အင်းပါ"

အိပ်ချင်မူးတူးဖြစ်နေမှန်းသိသဖြင့် ညအိပ် မီးလုံးကိုသာ ဖွင့်ထားလိုက်ပြီး မီးချောင်းတွေကို ခလုတ်ပိတ်လိုက်ပါသည်။ ပစ္စည်းတွေကို မနက်တက် check out ထွက်သည်နှင့် တစ်ပါတည်းယူသွားရမှာမို့ စားပွဲပေါ်မှာပင် ဒီအတိုင်း တင်ထားလိုက်ပါ၏။ အိပ်ရာထက် လှဲချပြီး မျက်စိမှိတ်ကာ အိပ်စက်ရန် ကြံလိုက်စဉ် vibration ပေးထားသည့် phone က အသံခပ်တိုးတိုးမြည်လျက် message ရောက်ကြောင်း သိစေလေသည်။



'ထက်'

'နွယ်' အိပ်ပျော်ရင် ခဏလောက်ထွက်လာပါ။ ကိုယ်စောင့်နေတယ်။

အလို! ဘယ်လိုဖြစ်ပြီး 'မမ' မသိအောင် ခေါ်ရပြန်ပါသလဲ။ အရှူးရှူးဖြင့် အသက်ရှူသံမှန်မှန်ကြောင့် 'ဒေါက်တာယဉ်လေးနွယ်' အိပ်မောကျနေပြီမှန်း သိလိုက်ပါသည်။ နာရီက ည (၉) နာရီကျော်ကို ညွှန်ပြနေလေ၏။ စောစောကဆူမည့်ကိစ္စ မပြီးပြတ်သေးဘူး ထင်ပါရဲ့။ ခေါ်သထွက်နေပါက အိပ်မပျော်ဖြစ်မှာကို သိနေ၍ ခြေသံဖွနင်းကာ အခန်းထဲမှ ထွက်လိုက်ပါသည်။

လက်ကောက်ဝတ်ကို ဆုပ်ကိုင်လျက် ဆွဲခေါ်ခဲ့သဖြင့် လသာဆောင်ရှိရာဆီသို့ ပါလာလေ၏။ ခရီးသွားတွေ အိပ်မောကျနေချိန်မှာ 'ထက်'တို့နှစ်ယောက်က အသံကျယ်ဖြင့် ရန်ဖြစ်နေလို့ ကောင်းပါ့မလား။ လက်ကို ရုန်းလိုက်သော်ငြား အချည်းနှီးသာ။ လသာဆောင် ရောက်မှသာ ဆုပ်ကိုင်ထားသည့် လက်ကို လွှတ်ပေးလိုက်လေသည်။

"နာလိုက်တာ အရမ်းကြီးပဲ"

"မျက်စိခဏမှိတ်"

"ဟင်! ဘာလို့လဲ"

"မှိတ်ခိုင်းရင် မှိတ်မှပေါ့"

ကောင်းပြီ၊ မှိတ်ဆိုလည်း မှိတ်ရုံပေါ့။ ဘယ်ဘက်လက်ကောက်ဝတ်နေရာမှာ တစ်စုံတစ်ရာ ဝတ်ပေးမှန်း သိလိုက်သဖြင့် မှိတ်ထားသည့်မျက်စိကို ဖျတ်ခနဲ ဖွင့်လိုက်မိပါ၏။ အလိုလေး!

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဝင်းနေပါသည့် Handchain လေးက 'ထက်' ၏လက် သွယ်သွယ်မှာ ဝတ်ပြီးနေလေပြီ။

"ဘာလုပ်"

"မဖြုတ်ရဘူး ငြိမ်ငြိမ်နေ"

"မဟုတ်တာ"

"ကိုယ်ပြောမယ် နားထောင်"

"ကိုကို ဘာတွေလျှောက်လုပ်"

"ကိုယ် မင်းကိုချစ်တယ်"

"ဟင်!"

"ချစ်နေခဲ့တာ ကြာပါပြီ"

"ကိုကို ထက်က"

"ကိုယ့်ချစ်ခြင်းတွေကို အသိအမှတ်ပြုပေးပါ ချာတိတ် ရယ်"

လေသံအဆုံးမှာ 'ထက်' ၏ခန္ဓာကိုယ် ကျစ်ကျစ်လေးက သူ့ရင်ခွင်တွင်းသို့ ရောက်သွားရလေ၏။ တစ်ကိုယ်လုံး ထူပူလျှက် ရုန်းလိုက်သော်ငြား သူက လွှတ်မပေးပါလေ။ လရောင်က ဒီညမှ အတော်အင်အားပြည့်ပြီး 'ထက်' တို့ခေါင်းထက်မှာ ပိုလင်းနေသည် နှယ်ပါ။ ဘုရားရေ! ဘာတွေဖြစ်ကုန်ပြီလဲ။

ချစ်တယ်တဲ့။ ချစ်နေခဲ့တာ ကြာပြီတဲ့လေ။ ယုံရမှာလား။ အငယ်တွေရော၊ သူငယ်ချင်းကပါ မကြာခဏ စနောက်လျက် ပြော လေ့ရှိပေမယ့် အပြောင်အပျက် သဘောမျိုးသာ သဘောထားခဲ့ပြီး



စိတ်လှုပ်ရှားမှုက အလျှဉ်းမရှိခဲ့ပါလေ။ အလို! ... မမျှော်လင့်ပါဘဲ 'ထက်မြက်ချို' တော့ စိတ်တွေ ကမောက်ကမ ဖြစ်တော့မှာပါလား။

"ကိုကို"

"စဉ်းစားပေးမယ်လို့ ကတိပေးလေ"

"ဒါကို လက်မခံနိုင်ဘူး"

"အဲဒါ ဖြုတ်လိုက်ရင် ကိုယ့်ကို ခေါင်းညိတ်လိုက်ပြီလို့ မှတ်လိုက်မှာနော်။ မယုံမရှိနဲ့"

"အာ ... ခက်လိုက်တာကွာ"

"ဘာများခက်လို့လဲ။ ချစ်တယ်လို့ ပြန်ဖြေရမယ့်အဖြေက လွယ်လွယ်လေးပါ ထက်ရဲ့။ ရာဇဝင်တွေ ပြန်လှန်နေစရာမှ မလိုတာ။ မြင့်မိုရ်ဦးရဲ့ အချစ်ကို ထက်မြက်ချို ပိုင်တယ်။ ရှင်းရှင်းလေးပါပဲ"

အဖြေက လွယ်ပို့။ နောက်ဆက်တွဲပြဿနာကိုဖြင့် မတွေး ထားပါလား။ ဒီခရီးမှာ အတူပါလာသည့် 'ဒေါက်တာယဉ်လေးနွယ်' တို့ တမင်များ မေ့ထားလေသလား။ ရှေ့နောက် မဆင်ခြင် နောင် အရှည်ကို မြင်မကြည့်ပါဘဲ လုပ်ချင်ရာ ဖွတ်လုပ်၊ ပြောချင်ရာ ဖွတ် ပြောနေတော့တာလေ။ ပြောတော့ဖြင့် 'ထက်' ကို ကလေးဆိုပြီး အတာယ်တမ်းကလေးဆန်သည့်လုပ်ရပ်ကို လုပ်နေသည်က သူဟု သည့် 'မြင့်မိုရ်ဦး' ပါလေ။

"ဒါကြီးဝတ်ထားတာ မမမြင်ရင် ဘယ်လိုရှင်းပြရမှာလဲ"

"ပြောလိုက်ပေါ့။ သိရင် ပိုတောင်မှ ကောင်းသေးတယ်"

"ကျစ်! ... ဆိုးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုယ် ဝိုဆိုးပြီမယ်လေ"

နဖူးပြင်ထက် နွေးခနဲဖြစ်သွားရလေ၏၊ ဘယ်သူတွေ မြင်ကုန်ပြီလဲ။ နှစ်ယောက်တည်း လွတ်လပ်စွာရှိနေ၍ မသင့်လျော်ပါ။ သူ့ရင်ဘတ်ကို တွန်းဖယ်လျက် Hotel ထဲသို့ ပြန်ပြေးဝင်ခဲ့မိလေ၏။ ရှက်လိုက်တာနော်။

ညမီးရောင်မှိန်မှိန်အောက်မှာ အသည်းလေးတွေ ချိတ်ဆက်ထားပါသည့် Handchain လေးကို ကိုင်ကြည့်ရင်း သက်ပြင်းချွတ်မိလေတော့၏။ နောက်ဆက်တွဲအရုပ်တွေကို ရှင်းထုတ်ဖို့ 'ထက်မြက်ချို' မှာ အားတွေရှိပါဦးမလား မသေချာ မရေရာပါလေ။

အချစ်ဆိုတာ ဘာများပါလိမ့်။

အရမ်းလေးလံပြီး ကြောက်ဖို့ကောင်းသည့်အရာဟုသာ 'ထက်မြက်ချို' ဖြေလိုက်ချင်ပါသည်။

❋

(၂၀)

မနက်ငါးနာရီ မတိုးခင် ရေချိုးခြင်းကို အပြီးအစီးလုပ်ရပါ၏။ ခရိုင်စေချင်သည့်အရောင်ကို ဝတ်ပါဆိုပြီး ပြောလိုက်သည့် 'မိချို' ကြောင့် လုံချည်အနီလေးကိုတော့ ထည့်လာပါသည်။ အင်္ကျီအနီရောင်ကို ချန်ခဲ့ပြီး အဖြူလက်ဖောင်းလက်ရှည်ကို လိုရမယ်ရ ထည့်ခဲ့တာမို့ အဲ့ပြီးဝတ်ရတော့မှာပါ။ လုံချည်က အပျော့သား အေးအေးလေးဖြစ်ပြီး အောက်အနားမှာ အဖြူရောင်ပန်းပွင့်လေးတွေ ကြဲထားပါသည့် အဆင်ဆန်းလေးမို့ မဝတ်ဖြစ်ခဲ့တာ ကြာလေပြီ။

"သနပ်ခါးလူးဦးမလား ထက်မြက်။ မမှာ ဘူးယူလာတယ်"

"ဟင့်အင်း ... မလိမ်းတော့ဘူး မမ၊ နေပါစေ"

ဘီးနှင့် မျက်နှာလိမ်း cream သာ ယူလာသဖြင့် ခေါင်းဖြီးကာ မျက်နှာကို cream ပါးပါးလူးတာတို့ကိုသာ လုပ်ဖြစ်လေသည်။ ပြင်ဆင်ပြီးထွက်လာစဉ် Corridor မှာ 'ကိုကို' နှင့်ဆုံလေ၏။ ပစ္စည်းတွေ ဝိုင်းကူသယ်ပေးရင်း မျက်ခုံးပင့်ပြတာမို့ 'မမ' မမြင်စေရန်

www.burmeseclassic.com



အကျီလက်ရှည်ကို အသာဆွဲပြကာ Handchain ဝတ်ထားတာကို ပြရပါသည်။

"အပြန်ကို ကျွန်တော် မောင်းမယ်နော်"

"မဟုတ်တာ"

"တစ်ယောက်တစ်လှည့်စီ မောင်းမယ်လို့ အလာကတည်းက ပြောထားတာယ်လေ"

"ဟုတ်သားပဲ၊ ကိုဦး ပင်ပန်းနေပြီမို့ နားလိုက်ပေါ့"

"အင်းပါ . . . (၁၂) နာရီမထိုးခင် စွယ်တော်လေးဆူ အပြီးဖူးရမှာဆိုတော့ တန့်ကြည်တောင်ကို အရင်သွားမှာလား"

"မဖြစ်ဘူး၊ လူတိုင်းက အဲဒီကိုပဲ အရင်ဆုံးသွားကြတာဆိုတော့ မြစ်ဆိပ်မှာ စက်လှေရှားလိမ့်မယ်။ ဒီက သုံးဆူအရင်ဆုံးဖူးပြီးမှ သွားတာပေါ့။ စင်းလုံးငှားပြီးသွားမှာ မဟုတ်လား"

"အဲဒါဆို ပိုမြန်လား"

"မြန်တာပေါ့၊ ဟိုဘက်ကမ်းကို ရောက်ရင် မမ မပင်ပန်းအောင် Aircon ကားကြီးမှာထားပေးတယ်"

"ဘယ်တုန်းကလဲ"

"Hotel မှာ အခန်းကြိုမှာကတည်းက အကုန်ကြိုလုပ်ထားတာပါ"

'ရွှေစည်းခုံဘုရား' မှာ အရင်ဆုံးဝင်ပြီး အရုပ်ဆွမ်း (၉) မျိုး ကပ်လှူပါ၏။ အေးအေးချမ်းချမ်းအချိန်မို့ ဘုရားကို အာရုံစိုက်၍ ရှိခိုးလို့ရလေသည်။ ပြီးနောက် . . . 'လောကနန္ဒာဘုရား' ရှိရာသို့ ဆက်ခဲ့ပါသည်။ တဝီယမြောက် စွယ်တော်ဘုရား 'လောကနန္ဒာစေတီတော်' က မြစ်ကမ်းအနီးမှာပဲမို့ သိပ်ကြီး မဝေးပါဘဲ အေးချမ်းသည့်လေတို့ကို ရှူရှိုက်ရင်း အရုပ်ဆွမ်းကပ်လှူဖြစ်ပါ၏။

ထို့နောက် တုရင်တောင်ရှိရာဆီသို့ ကားကို ဦးတည်လိုက်ပါသည်။ တောင်ပတ်လမ်းမို့ မနက်အလင်းရှိမှသာ စတက်ခဲ့ရလေ၏။ လှကားလည်း မတ်စောက်လွန်းသဖြင့် နှင်းတွေကြားမှာ မြင်မြင်ထင်ထင်ရှိမှသာ ဖြည်းဖြည်းချင်း တက်လာခဲ့ကြတာပါ။ တောင်ပေါ်မှနေ၍ တောင်အောက်ကိုကြည့်ပါက မြင်ကွင်းအရမ်းလှသည်မို့ ဓာတ်ပုံရိုက်၍ အလွန်ကောင်းလွန်းလေသည်။

အရုပ်ဆွမ်းကပ်ပြီးနောက် တောင်အောက်သို့ ဆွမ်းစွန့်ထားသမျှကို သတ္တဝါလေးတွေ စားသုံးနိုင်ရန် ရည်စူးကာ ကြဲချကြပါ၏။ သောက်တော်ရေကိုပါ လောင်းရင်းဆုတောင်းဖြစ်လေသည်။ ရင်ပြင်တော်ပေါ်၌ ခေါင်းလောင်းထိုး၍ အမျှဝေခဲ့ပါ၏။ View လှလှလေးကို အရင်း ခဏမျှ နားစဉ် 'မမ' ကို ရှင်းပြရပြန်ပါသည်။

"ထက်တို့ (၉) တန်းတုန်းက မြန်မာစာမှာ မြကန်ဆိုတဲ့ ကဗျာ သင်ခဲ့ရတာ မှတ်မိလား မမ"

"အင်း . . . မှတ်မိတယ်"

"အဲဒါ ဟိုမှာမြင်နေရတဲ့ကန်ပဲ။ အရင်က တုရင်းတောင်ခြေမှာ ဆည်ဖို့ပြီး ပြုလုပ်ထားတဲ့ တစ်ဖက်ဆည်ကန်က ကျယ်သင့်သလောက်တော့ ကျယ်ခဲ့မှာပေါ့နော်။ အခုတော့ အိုင်လေးလောက်ပဲ ကျန်ရစ်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... အလောင်းစည်သူမင်းကြီးကို အမှတ်ရနေပြီလား နှယ်"

"ဟုတ်တယ်နော်၊ ဂူရှင်းတောင်ခြေမှာ ဦးပေါင်းကျားနဲ့ မြင်းကျားကြီးစီးပြီး လူဆိုးတစ်ယောက် သောင်းကျန်းနေတယ်ဆိုပြီးတော့ စကားပြေမှာ သင်ခဲ့ရတာ"

"မမက မှတ်မိသားပဲ။ တကယ်တော့ အလောင်းစည်သူမင်းကြီးက ကံလည်းကောင်းသလို ကံလည်းဆိုးခဲ့ပါတယ်။ ဘိုးတော် ကျန်စစ်မင်းက မြေးဖြစ်တဲ့ အလောင်းစည်သူကို နန်းလျာပြီးမှ သားဖြစ်တဲ့ ရာဇကုမ္မာက နောက်ကျပြီးမှ ရောက်ခဲ့လို့ သူပဲ ရှင်ဘုရင်ဖြစ်ခွင့်ရခဲ့တာပါ။ ဒါပေမဲ့ အဲဒါကို သူ ဘုန်းတန်ခိုးကြီးလို့ဆိုပြီး ဘိုးဘေးလောင်းတော်တွေကို ပစ်မှားမိခဲ့တာနဲ့ မျက်စိနှစ်ဖက်အလင်းကွယ်ခဲ့ရတယ်လို့လည်း ပြောကြသေးတယ်။ ကံဆိုးတယ်လို့ ပြောရတာက ထီးနန်းလိုချင်တဲ့ သားတော် နရသူက လုပ်ကြံလို့ သေခဲ့ရတာတဲ့လေ"

"ဪ"

"ပုဂံသမိုင်းမှာ သားသတ်လို့သေရတဲ့ မင်းတစ်ပါးအဖြစ် ပထမဦးဆုံးက အလောင်းစည်သူမင်းကြီးပါပဲ။ သူကုသိုလ်ယူဖြစ်ခဲ့တဲ့ သဗ္ဗညုနဲ့ ရွှေဂူကြီးဘုရားကို ဖွယ်တော်လေးဆွဲဖူးပြီးရင် လိုက်ပို့မယ်"

"အိမ်ပြန်စောမှာလား"

"မမ အစုံရောက်ချင်ရင်တော့ နည်းနည်းနေစောင်းမှာပေါ့။



နန်းတော်လည်း ဝင်ချင်သေးတယ်ဆို"

"နေရာအစုံ မှတ်မိရဲ့လား။ ကျန်ခဲ့တာတွေ ရှိဦးမယ် ထင်တယ်"

"ရှိသေးတာပေါ့ အများကြီးပဲ။ နန်းတော်မပိတ်ခင် အချိန်မီပြန်လို့ရမှာပါ"

"ပြီးရောလေ၊ မမက ကားမောင်းရတာမှ မဟုတ်ဘဲ"

"Ok! ... ဒါဖြင့် တန့်ကြည့်တောင်ကို သွားကြစို့"

ဘုရားကအဆင်းမှာ မုန့်ဈေးတန်းဝင်၍ မလိုင်ဘူးတွေ၊ မုန့်တွေ ဝယ်ဖြစ်ပါ၏။ ကားကို တောင်ပေါ်အထိ မောင်းလာခဲ့သဖြင့် သိပ်ပြီး လမ်းမလျှောက်ရပါချေ။ တောင်အတက်မှာသာ မောပြီး အဆင်းက မြန်လေ၏။ ကားပေါ်ရောက်စဉ် 'ထက်' က မြစ်ဆိပ်မှာ မော်တော်အဆင်သင့် ရှိ မရှိ phone ဆက်မေးလိုက်ပါသည်။ အသွားအပြန် စင်းလုံးငှားမှာမို့ အေးအေးလူလူ ချောင်ချောင်ချိချိ သွားဖြစ်မှာမို့ပါလေ။

"ဗိုက်ဆာနေကြပြီလား"

"ထက်မြက်ရော"

"ဟင့်အင်း ... ဟိုတက်ကမ်းက ပြန်လာမှပဲ စားကြမယ်လေ။ ဖြစ်တယ်မဟုတ်လား။ (၉) နာရီမထိုးလောက်ပါဘူး။ မမ ခံနိုင်ရင်ပြီးပဲလိုတယ်။ နို့မို့ အရမ်းနေပူလာမှာ စိုးလို့ပါ"

"ဟုတ်တယ် ကိုဦးရဲ့ ထက်မြက်ပြောသလို ကိုက အပြန်မှာပဲ စားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှာ ပြန်ဆင်းကာ မြစ်ဆိပ်ကို ပြန်ခဲ့ရပါ၏။ ကြိုစီစဉ်ထားတာမို့ မော်တော်က မစောင့်ရပါပဲ အဆင်သင့် ရှိနေလေသည်။ မော်တော်ငှားခကို အပြန်မှရှင်းရန် ပြောထားပေမယ့် 'ကိုကို'က အသွားကတည်းက ရှင်းလိုက်လေ၏။ မြစ်လေကြောင့် ဆံပင်တွေလွင့်ကုန်လေသည်။ 'မမ'က ကျစ်ဆံမြီးကျစ်ထား၍ တော်ပါသေး၏။ ဆံပင်တိုတိုညှပ်ထားပါသည့် 'ထက်' ကဖြင့် ရှုပ်ပွကုန်တော့တာပါ။ ဦးထုပ်ဆောင်းပါက လေတိုက်လျှင် လွင့်ပါသွားတတ်သဖြင့် ပိုဆိုးလေတော့သည်။

တောင်ပေါ်တက်သည့် မှန်လုံကားကို စင်းလုံးငှားသဖြင့် လမ်းမလျှောက်ရပါဘဲ တောင်ပေါ်သို့ အမြန်ရောက်ပါ၏။ မြစ်ကူးချိန်မှာသာ အချိန်ကြာတာပါ။ အရုဏ်ဆွမ်းကပ်လှူ ဘုရားရှိခိုးပြီးနောက် စွယ်တော်လေးရှုဖူးပြီးပြီမို့ အမိဓာန်ပြုချက် တစ်ခုတည်းသော ဆုကို တောင်းဖြစ်ကြလေသည်။ 'ကိုကို' ရော 'မမ' ပါ အတော်ကြာကြာ မျက်စိမှိတ်ထားပြီး ဆုတောင်းနေသဖြင့် 'ထက်' ကခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေမိလေ၏။

"ပြန်ကြတော့မလား"

"သွားမယ်လေ၊ မော်တော်စောင့်နေတာ ကြာမှာစိုးလို့"

စိတ်လက်ပေါ့ပါးစွာဖြင့် မြစ်ကို စက်လှေစီး၍ ပြန်ကူးခဲ့ကြပါ၏။ စက်လှေထဲမှာနေ၍ ဆွမ်းတော်စွန့်လာတာကို ငါးရေသတ္တဝါတို့အား ရည်စူးပြီး ရေထဲသို့ ဖြည်းဖြည်းချင်း နည်းနည်းစီကုန်အောင် ကျွေးခဲ့ကြလေသည်။ ဒီဘက်ကမ်းပေါ်ရောက်မှ ဈေးဆိုင်မှာအပ်ထားခဲ့ပါသည့်



ကားပေါ်ပြန်တက်စီးခဲ့ရပါ၏။

"ဘယ်ကိုမောင်းရမလဲ"

"ခဏလေး။ ဒီနားမှာ အနီးဆုံး 'မဟာဗောဓိဘုရား' ကို သွားတာပေါ့။ လမ်းက"

လမ်းမှားမှာစိုး၍ 'ထက်' က အိတ်ထဲထည့်သယ်လာပါသည့် စာအုပ်လေးကို ယူကာ မြေပုံဆွဲထားသည့်အတိုင်း ညွှန်လိုက်ပါသည်။ ဒီတစ်ခေါက် လိုက်ပို့ပေးသည့် စေတီအမည်စာရင်းကို စစ်ရင်း ဖူးပြီးသည့် ဘုရားအမည်တွေကို ဘောပင်ဖြင့် အမှန်ခြစ်၍ မှတ်နေပါ၏။ အချိန်ရလျှင် ရသလို စုံသလောက်ပို့ပေးနိုင်တာ မဟုတ်ပါလား။

"ဘယ်နှဆူကျန်သေးလဲ"

"(၁၁) ဆူလောက်ရှိဦးမယ်"

"အများကြီးပါပဲလား"

"မဝင်ဖြစ်ဘဲ ကျန်ခဲ့တာတွေ ရှိလို့ပါ။ ပြီးတော့ စေတီတိုင်း သမိုင်းရှင်းပြစရာမလိုတော့ဘူးလေ။ ရွှေဆံတော်ရယ်၊ မြစေတီရယ်၊ အဲဒီစေတီတော်တွေအကြောင်းက မမကို မနေ့ကပြောပြီးသား"

"မြစေတီအကြောင်း မပြောရသေးပါဘူး"

"ဟုတ်လို့လား"

"ဟုတ်တယ်နော် ကိုဦး"

"ဟုတ်မယ်ထင်တယ်"

"အင်း ... ဒါဖြင့် ရောက်ရင်ပြောမယ်လေ။ မဟာဗောဓိ သို့ထဲဂူတော် ဘုရားမှာက ဆင်းတုတော်နှစ်ဆူရှိပါတယ်။ ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



မြင်းကပါ ရွာဘက်သွားရမှာ။ အခု သဗ္ဗညုနဲ့ ဓမ္မရာဇိကဘုရားကို အရင်ဖူးကြမယ်နော်"

'မဟာဗောဓိဘုရား' သို့ဝင်ပြီးနောက် 'သဗ္ဗညုဘုရား' သို့ ဦးတည်ခဲ့ပါ၏။ ထမင်းဆိုင်က မြစ်ကမ်းအနီးမှ ပေါ်သဖြင့် ကမ်းပေါ် ပြန်ရောက်ကတည်းက စားခဲ့ပြီမို့ ဘုရားဖူးဖို့ အေးအေးဆေးဆေးပါပဲ။ 'သဗ္ဗညုဘုရား' ဖူးပြီးနောက် 'ဓမ္မရာဇိက ဘုရား' သို့ ရောက်ခဲ့ပြီး 'ဓမ္မရံကြီးဘုရား' သို့ ဆက်ခဲ့ပါ၏။

"ငါးမျက်နှာဘုရားထဲမှာ ဓမ္မရာဇိကဘုရားက အကြီးဆုံးပါ။ တည်ခဲ့တဲ့မင်းက နရပတေ့စည်သူမင်းပေါ့။ အဲဒီဘုရားကို ဓမ္မပါလ ဆိုသူကြီးက နတ်ဖြစ်ပြီး ခုချိန်ထိ စောင့်ရှောက်နေတယ်တဲ့။ ဘုရားကို ဓာတ်ပုံရိုက်စဉ်က ဖလင်ထဲမှာ ပုံပေါ်ခဲ့လို့ သိခဲ့ရတာပါ။ အဲဒီက လှမ်းကြည့်ရင် ရွှေစည်းခုံစေတီကို လှမ်းမြင်ရပါတယ်"

"အခုရောက်တာက ထုမှာဓမ္မရံဆိုတဲ့ ဓမ္မရံကြီးဘုရားပါ။ မမကိုပြောခဲ့တယ်လေ။ အာနန္ဒာဘုရားနဲ့ ဆင်တူတယ်လို့။ ဓမ္မရံကြီးကို တည်တာက နရသူမင်းပါ။ ဖခမည်းတော် အလောင်းစည်သူမင်းကို လုပ်ကြံခဲ့မိလို့ နောင်တရပြီး တည်ခဲ့တဲ့ဘုရားပေါ့"

'စူဠာမဏိစေတီ' နှင့် 'ပြဿဒ်ကြီးဘုရား' တို့ကိုဖူးပြီးနောက် မြင်းကပါရွာမှ 'မနူဟာဘုရားကြီး' သို့ ဝင်ခဲ့ကြပါ၏။ ဘုရားဖူးပြီးနောက် သပိတ်တော်ကြီးကိုပါ ဓာတ်ပုံရိုက်ကာ အလှူတော်ငွေများ ထည့်လှူဖြစ်ခဲ့လေသည်။ ထို့နောက် 'အပယ်ရတနာဘုရား' နှင့် 'မြစေတီ ဘုရား' တို့ကို ဖူးဖြစ်ပါ၏။



"အပယ်ရတနာဘုရားကတော့ ကျန်စစ်သားနဲ့အပယ်ရတနာ တို့ ဆုံခဲ့တဲ့နေရာမှာ တည်ခဲ့တဲ့ ဘုရားပါ။ မြစေတီအကြောင်း ပြောပြ ပါမယ်။ ဥဿာမင်းသမီး မဏိစန္ဒာနဲ့ ကျန်စစ်သားတို့အကြောင်းကို အနော်ရထာမင်းသိသွားတော့ အရိန္ဒမာလှံနဲ့ ကျန်စစ်သားကို ပစ်ခဲ့ တယ်လေ။ ကျန်စစ်သားက အဲဒီလှံကိုယူပြီး ထွက်ပြေးရင်းနဲ့ သမထီး ရွာက သမ္ဗူလနဲ့ ဆုံခဲ့တာပါ။ အရိန္ဒမာလှံနဲ့ ချဉ်တဲ့အသီးကို ခွာပြီး စားနေတဲ့ ကျန်စစ်သားက အသီးကို ချိုတယ်ပြောလို့ မောင်ကျန် စစ်တို့ဆိုတဲ့စကားတောင် ပေါ်ခဲ့သေးတယ်။ သမ္ဗူလက ရာဇကုမာကို မွေးပြီး နန်းတော်ကိုရောက်တော့ ဟိုမှာက မြေးတော်က နန်းလျှာ နေရာရပြီးနေပြီ။ ဒါကို ရာဇကုမာက စိတ်မခုပါပဲ ဖခမည်းတော်ရဲ့ ကျေးဇူးကို ကျောက်စာထွင်းပြီး မြစေတီတည်ခဲ့ပေးတာပါ"

အပြန်ခရီးမှာ 'ရွှေဆံတော်ဘုရား' နှင့် 'ရွှေဂူကြီးဘုရား' တို့ကို ဝင်ဖူးခဲ့ပါ၏။ 'သီရိဇေယျာဘူမိ ပုဂံရွှေနန်းတော်' သို့ရောက်စဉ် ညနေစောင်းနေလေပြီ။ တကယ့် မူလနန်းတော်ကို ကားလမ်းတစ် ဖက် မျက်နှာမူရာ မြေ၌ စတင်တူးဖော်နေတာဖြစ်ပြီး မည်သူမျှ ဝင်ခွင့်မရှိပါချေ။ နန်းတော်ဝင်းထဲမှာ ဓာတ်ပုံရိုက်ပြီးနောက် 'ကိုကို' ကို နားစေပြီး 'ထက်' က လူစားလဲ၍ ကားမောင်းကာ ကျောက်ပန်း တောင်းသို့ ပြန်လာခဲ့ကြလေသည်။

"အိမ်အထိလိုက်ပါလား ထက်မြက်"

"မလိုက်တော့ဘူး မမ"

"ရန်ကုန်ပြန်ခါနီး ထမင်းဖိတ်ကျွေးဖို့ အန်တီပြောလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



မမတို့ ထမင်းလက်ဆုံစားရအောင်လေ"

"နေပါစေ မမရယ်၊ ထက်က ညွှေသည့်မှ မဟုတ်တာ"

"ကိုယ် phone ဆက်လိုက်မယ်"

"ဟုတ်!"

'ကိုကို' လက်ပြတာကို ခေါင်းသာပြန်ညိတ်ပြလိုက်မိ၏။ ကျောပိုးအိတ်ကို လွယ်လျက် ဝယ်လာသည့် ပစ္စည်းအိတ်တို့နှင့်အတူ 'မိုးသူ' ၏ Beauty Saloon ရှေ့မှာရပ်ကျန်ခဲ့ရလေသည်။ ဒီ Handchain ကို မည်သို့ ပြန်ပေးရပါ့။ သူ့အိမ်သို့သွားပို့မိပါက ဒိုက်မီးတက်ရှိသည်နှင့် တူတော့မှာလေ။

ဒီတစ်ခေါက် ဘုရားဖူး Guide လုပ်ခဲ့တာ ကုသိုလ်မှ ရပါ့မလား။ စိတ်ရှုပ်ထွေးရတာ၊ ဒေါသတွေဖြစ်ခဲ့တာ၊ အကြီးကို ပြန်အော်မိတာ၊ စကားမပြောတဲ့ စိတ်ကောက်မိတာ ဟူသည့်အပြစ်တွေ တစ်ပုံကြီးကိုသာ ကျူးလွန်ခဲ့မိတာပါလေ။ ရပ်မောရပါလား။ ခပ်စိမ်းစိမ်းနေ့ အကြောင်း ရှိခဲ့ပါလျက် 'ထက်' ရဲ့နှလုံးသားကို ဘာကြောင့် ပုတ်နှိုးချင်ရတာပါလဲ 'ကိုကိုမြင့်မိုရ်ဦး' ရယ်။

*

(၂၁)

## လေးလကျော်ကြာပြီးနောက်

ဖေဖေက မောင်မောင် (အာကာအောင်) ကို မန္တလေးလေဆိပ်မှတစ်ဆင့် ပြန်လာနေပြီမို့ သွားကြိုနေလေ၏။ ကားမောင်းပေးသည့် လူပါသဖြင့် 'ထက်' ကမလိုက်ဖြစ်ပါလေ။ အိမ်မှာတော့ 'မိချို' မှလွဲ၍ 'ထက်' နှင့် 'ကိုကို' ကိစ္စကို မည်သူမျှ မသိကြပါ။ ထိုးစားပေးမည်ဟူသည့် အဖြေကိုသာ ပေးခဲ့ပြီး 'ကိုကို' ရန်ကုန်ပြန်သွားသည်နှင့် ပေးထားသည့်ပစ္စည်းကို လုံခြုံစွာ သိမ်းဆည်းထားလိုက်ပါ၏။

အလတ်ကောင်လည်း ဒီရက်ပိုင်းပြန်လာတော့မှာမို့ အိမ်မှာ မိသားစု စုံညီတော့မှာအမှန်ပါ။ 'မိချို' ၏ အမျိုးသားလည်း တစ်ပတ်ခန့် ခွင့်ရမှာမို့ အိမ်မှာ ဆူညံတော့မှာမဟုတ်ပါလား။ 'သဲသဲ' တစ်ယောက် ခုန်ပေါက်ပျော်မြူးနေသဖြင့် မျက်စိပင် နောက်နေရလေ၏။

"ဆူညံနေတာပါပဲလားကွာ၊ သဲသဲအသံချည်းပဲ"

"ဒီနေ့ လေးမောင်ပြန်လာမှာ အန်တီမိုးသူရဲ့

www.burmeseclassic.com



“ဟုတ်လား”

“သဲသဲဖို့ ဘိုမရုပ်အကြီးကြီး ဝယ်လာတယ်တဲ့။ ရယ်တဲ့ အရုပ်တဲ့”

“ဒါဆို အန်တီမိုးသူ့ကို ပေးဆော့မှာလား”

“ဟင် ... မရပါဘူးနော်။ အရုပ်ဆိုတာ ကလေးပဲဆော့ရတာ”

“ဒါဖြင့် အန်တီမိုးသူ့ရဲ့ ဂေါ်ဝံရုပ်ကြီးကို ဘာလို့ လာဆော့လဲ။ သဲသဲအရုပ်ကိုလည်း အန်တီ့ကိုပေးဆော့မှ မျှတမှာပေါ့”

“မဆော့ရပါဘူး”

“စိတ်ပုတ်လိုက်တာဟယ်”

ရေချိုးခန်းမှပြန်လာသည့် ‘မိုးသူ’ နှင့် ‘သဲသဲ’ အား ဧည့်ခန်းမှာ စကားနိုင်လုနေလေ၏။ ဝပ်ရှော့ခ်မှာလုပ်နေရင်း ဗိုက်ဆာလာသဖြင့် အိမ်သို့ပြန်လာသည့် ‘ထက်’ က ဧည့်ခန်းမှ အသံတွေကြောင့် နောက်ဖေးမှထွက်လာမိလေသည်။ ‘မိုးသူ’ တစ်ယောက် ရေစိုကြီး (ရေလဲဝတ်) နှင့် ကလေးကိုစနေတော့တာပါ။

“အအေးမိဦးမယ်နော်၊ အကျီမြန်မြန်ဝတ်မှပေါ့”

“ထက်တူမက တကယ်စိတ်ပုတ်တယ်ဟယ်”

“မပုတ်ပါဘူးနော်၊ အန်တီမိုးသူကမှ ပုတ်တာ”

“အစ္စာလေး”

“ကဲပါ ... မြန်မြန်သွားပါဆိုနေမှ”

“နေ့လယ်စာ ပြန်စားတာလား”



“အေး”

“မိုးသူနဲ့ လာစားလေ၊ ဒီနေ့ သီးစုံဟင်းနဲ့ ငါးခြောက်ကြော်တယ်”

“Good တယ်၊ လိုက်စားမယ်၊ ထမင်းထည့်လာမယ်နော်”

“ပြီးရော”

မီးဖိုခန်းသို့ ပြန်ဝင်ခဲ့ပြီး steel ဇလုံထဲသို့ ထမင်းထည့်ကာ ဟင်းအိုးတွေ အဖုံးဖွင့်ကြည့်လိုက်မိပါ၏။ မေမေက သားငယ် ပြန်လာမည်ဆိုသည်နှင့် အသားဟင်းတွေချည်း ချက်ထားတော့တာလေ။ ဘာတစ်ခုမှ စားချင်တာမရှိသဖြင့် ဇလုံထဲ ဖွန်းတစ်ကာ ‘မိုးသူ’ရှိရာ ဆိုင်အပေါ်ထပ်သို့ ဆိုင်နောက်ဖေးတံခါးဆွဲဖွင့်၍ တက်လာခဲ့ပါ၏။

“မောင်နှမတွေဆုံကြရင် ကျွတ်ကျွတ်ညံတော့မှာပဲ”

“ဟုတ်ပါရဲ့၊ ဒါနဲ့ ကိုကိုရော အခြေအနေ ဘယ်လိုလဲ”

“ဘယ်လိုမှမလဲဘူး။ သူ့ဘာသာ ဖွင့်ပြောပြီး ပြန်သွားတာပဲ ကို”

“နင်ကလည်းဟယ်၊ ကိုကိုသနားပါတယ်။ အဖြူအမည်း သဲသဲကွဲကွဲ ဖြေပေးရမှာပေါ့။ ဘယ်လိုဖြစ်ပြီး ကြိုးရှည်ရှည်နဲ့ လှမ်းထားချင်ရတာလဲ”

“အောင်မယ် ... ငါ့ကိုများ အဲဒီကာလီလုပ်နေတဲ့ မိန်းမ ထင်နေလား။ ဘာကြိုးမှ ရှည်မထားလို့ ပြန်လွှတ်ပေးလိုက်တာပဲ”

“မဆိုးဘူး။ ကိုယ့်ကိုယ်ကိုယ် မိန်းမဆိုတာတော့ ခံသား ဒဲ့”

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမနော် . . . မင်္ဂလာဆောင်ကာနီး အကြောသမပြနေနဲ့"

"အေးပါ။ ဝဋ်ကောင်းကောင်းကို လည့်လိမ့်ဦးမယ်"

"ငါက ဘာများဝဋ်လည်ရမှာလဲ။ ဘယ်သူ့ကိုမှ မတော်မတရား မလုပ်တတ်တာကို"

"ဒါဆို ကိုကို့ကို လှည့်နေပတ်နေခဲ့တာက ဘာသဘောလဲ"

"ပြောပြီးပြီလေ၊ ဒီထဲမှာ ဘာမှမဖြစ်တာ"

"သေချာလို့လား"

"နင် သိရဲ့သားနဲ့ မမေးနဲ့"

"အချစ်ကို အချစ်လို့ပဲ ရိုးရိုးရှင်းရှင်းတွေးပါလို့ ပြောထားတယ်လေ ထက်ရယ်"

"အဲဒီအချစ်ရဲ့နောက်ဆက်တွဲ စာမျက်နှာမှာ ဘာရှိလဲဆိုတာ ငါပဲသိတယ် မိုးသူရဲ့"

"ဘာလဲ . . . တီချယ်တို့ကို ပြောချင်တာလား"

"လေများလိုက်တာ။ ငါ ဗိုက်ဆာနေပါတယ်ဆိုနေမှ ဝပ်ရှော့ကို ပြန်သွားရဦးမယ်"

"ပြင်စရာ သိပ်မရှိဘူးဆို။ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့"

"ဘာပဲဖြစ်ဖြစ် နင်ကိုကို့အပေါ် ဆိုးခဲ့သမျှ ဝဋ်ကတော့ ကောင်းကောင်းလည့်ဦးမှာပါ"

"အဲဒီပါးစပ်က နာတော့မယ်"

တကယ်လည်း ဗိုက်အရမ်းဆာနေသဖြင့် 'မိုးသူ' နှင့်အတူ



ထမင်းစားဖြစ်လေ၏။ ဒီမှာစားနေမှန်းသိ၍ 'မိချို' က ငါးပိထောင်း မန်းကာန်လုံးလေးကို လာပို့ပေးလေသည်။ အဘယ်မျှ အံလိုက်သိတဲ့ ညီမပါလဲ။ မေမေတစ်ယောက်တည်းဖြင့် သားတွေပြန်လာမှာကို အမေကြီး (ဘွားဘွား) နှင့် ဆွေမျိုးတွေကို သွားပြောနေလေပြီ။ 'ထက်' တို့ ကလေးတွေက အမေကြီးတို့ဆီ မကြခဏ ရောက်ပေမယ့် မေမေတို့လူကြီးတွေက သိပ်မရောက်ဖြစ်ပါ။

"စားကောင်းလား"

"ကောင်းပါ့"

"အရန်လုပ်ပေးဖို့ စိတ်ကူးမရှိဘူးလား"

"ဘာ! အဟွတ်! အဟွတ်!"

"မေးကြည့်ရုံပါဟယ်။ ဒီလောက် လန့်မသွားပါနဲ့။ တကယ် မလုပ်နိုင်းပါဘူး"

"နင့်နားမှာ ဆွိတီတို့ နီလာတို့ရှိနေတဲ့ဟာ ငါ့ကို မေးစရာလား။ ကလေးတွေက ငါ့ထက် အပုံကြီးလှတာကို"

"တူမလားဟဲ့၊ နင်က ငါ့သူငယ်ချင်းပဲဟာ"

"မလုပ်နိုင်ဘူး"

"ဘာလို့လဲ"

"ပွဲလို့ပေါ့၊ ပွဲလို့။ သတို့သမီးက မှုန်နေအောင် လှပနေပြီး အရန်က ချော်တကီးပုံ ဖြစ်နေမှ ဟာသတွေဖြစ်ကုန်မယ်။ တော်ပြီ၊ ငါအလုပ်ပြန်သွားရဦးမယ်။ ဖေဖေမရှိရင် မန်နေဂျာဆီမှာပဲ အလုပ်အပ်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာက အတုကိုများ"

ထမင်းစားပြီးသားဇလုံကို ကိုင်၍ အိမ်သို့ ပြန်ခဲ့ပါ၏။ မိချို ဆေးမည်ဆို၍ ရေဇလုံထဲမှာပင် အဝေဇလုံကို ထည့်ခဲ့ရလေသည်။ နောက်ဖေးချီထဲသို့ တံခါးပေါက်မှ ကူးခဲ့ပါ၏။ ထုရိုက်သံ၊ ဂဟေဆော် သံတွေ ညံနေသဖြင့် ရုံးခန်းတံခါးကို ပိတ်ထားလိုက်ပါသည်။ ဒီရက် ပိုင်း ဆိုင်ကယ်အရောင်းအဝယ် အရမ်းကောင်းနေသဖြင့် အမှာစာ စာရင်းတွေ တော်တော်ရောက်နေလေ၏။

အချစ်ကို အချစ်လို့ပဲ ရိုးရိုးရှင်းရှင်း တွေးပါတဲ့လား။ မဖြစ် နိုင်တာ၊ ချစ်မိသွားတဲ့အခါမှာ ချစ်ရုံနဲ့မှ မပြီးတာလေ။ လိုချင်တပ်မက် ခြင်းတွေ၊ ပိုင်ဆိုင်ချင်စိတ်တွေက ဆက်တိုက်ဖြစ်လာတော့မှာ မဟုတ် လား။ 'ထက်' ဘက်က ဘာမှ ထွေထွေထူးထူး မရှိပါ။ ဖေဖေနှင့် မေမေက သားသမီးစိတ်ကြိုက် ကိုယ်နှစ်သက်သည့်လူလွတ်ကို ရွေး ချယ်ခွင့်ပြုထားတာလေ။

ဒါဖြင့် 'ကိုကို' ကရော 'ကိုကို့' မေမေက ပြဿနာမရှိပေမယ့် အဒေါ်တွေနဲ့ အစ်မဖြစ်သူက မတူမတန်ဆိုပြီး ကန့်ကွက်ကြမှာ အမှန်ပဲ ပဲ။ အိမ်တွင်းရေးနှင့် နှလုံးသားရေးက ရှုပ်ယှက်လာလျှင်ဖြင့် 'ကိုကို' လည်း စိတ်ညစ်ပြီး ပျော်ရွှင်နိုင်မှာမဟုတ်တော့ပါ။ ဒီတော့ အချစ်က နေ စစ်ပွဲချည်းသာ ရင်ဆိုင်ရတော့မှာပါပဲ။

လွယ်လွယ်တွေး လွယ်လွယ်ခေါင်းညိတ်၊ လွယ်လွယ်ချစ် တတ်ကြသည့် ဆယ်ကျော်သက်အရွယ်ကို ဖြတ်သန်းပြီး ဒီအရွယ် ရောက်မှ စိတ်ကို အလိုလိုက်သင့်ပါ့မလား။ တကယ်ဆို 'ထက်



ထက် အသက်ဝိုကြီးသည့် 'ကိုကို' က ဝိုစဉ်းစားတတ် ပိုချင့်ချိန် တတ်ရမှာလေ။ လူကြီးက လမ်းပြမှားလျှင်ဖြင့် လူငယ်က လိုက်မှား တော့မှာ မဟုတ်ပါလား။

"ကျွီ!"

"ဟဲ့!"

ရုံးခန်းတံခါး ပွင့်သွားသဖြင့် လန့်သွားရပါ၏။ ခေါင်းပြူကြည့် နေပါသည့် မျက်နှာလေးကို မြင်လိုက်စဉ် 'ထက်' ရယ်လိုက်မိပါသည်။ အငယ်ဆုံးလေး ပြန်ရောက်ပြီကိုး။ အိမ်ထဲကလူတွေကို စကားပြော နှုတ်ဆက်တာ မလုပ်ဘဲ အကြီးဆုံးအစ်မဆီ အပြေးရောက်လာသည် ဘာ ဘယ်သူ့ကို ပိုချစ် ပိုသံယောဇဉ်ရှိလဲဆိုတာ သိသာနိုင်လေ၏။

"မောင်မောင်"

"မထက်"

"ရောက်တာ စောသားပဲ"

"ငါ့အစ်မ ပိုလုနေပါလား။ မရှိးတော့ဘူးနော်"

ရုံးခန်းတွင်းဝင်လာသည့် မောင်လေးကို ဝမ်းသာအားရ ဖက် လိုက်မိပါ၏။ နှစ်နှစ်ပြီး ဝေးကွာနေရပါသည့် မောင်ငယ်လေးကြောင့် အိမ်မှာတော့ ပွဲစည်တော့မှာ အသေအချာပါ။ ဆံပင်ရှည်နေပြီမို့ 'မိုးသူ' ဆိုင်မှာ ညှပ်ခိုင်းရတော့မှာပါပဲ။ ရောက်တုန်းတော့ နားပါစေလေ။

"ပြော"

"ဘာပြောရမှာလဲ"

"ရှည်စားရနေပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုကြိုဖန်ဖန်"

"မညာနဲ့နော်၊ မျက်နှာလေးဝင်းပြီး မျက်လုံးလေးတွေပါ တောက်ပနေတာပဲ။ မထက်ရင်ထဲမှာ အချစ်တွေရှိနေပြီ"

ရောက်ရောက်ချင်း အစ်မဖြစ်သူကို နောက်လိုက်သဖြင့် မအောင့်နိုင်တော့ဘဲ 'ထက်' တဟားဟားအော်ရယ်လိုက်မိတော့၏။ မောင်လေးက 'ထက်' ကို အံ့သြစွာကြည့်ရင်း လိုက်ရယ်လေသည်။ ဒီကလေးကို 'ထက်' ပဲထိန်းကျောင်းပေးခဲ့ရတာပါ။ ထို့ကြောင့် မေမေ့ ထက်ပင် 'ထက်' အပေါ် ပို၍ ခင်တွယ်တာ မဆန်းတော့ပါချေ။

"မေမေနဲ့ တွေ့ပြီးပြီလား"

"ဟင့်အင်း ... အမေကြီးတို့အိမ်သွားနေတာ ပြန်မရောက်သေးဘူး"

"ဗိုက်ဆာရောပေါ့၊ ဖေဖေနဲ့အတူတူ စားလိုက်လေ။ ကိုဖိုးကျော်ကိုပါ ခေါ်လိုက်"

"မထက်ရော"

"ခုနကပဲ ဆာလို့စားလိုက်ပြီ။ မိုးသူနဲ့အတူတူစားတာ"

"ရှယ်တူတွေက စွံကုန်ပြီ၊ မမိုးကို မနာလိုမဖြစ်ဘူးလား"

"ဝေးသေး"

ဖေဖေ့ကားကိုပါ လိုက်မောင်းပို့ပေးသည့် ကိုဖိုးကျော်ကိုပါ တစ်ခါတည်း ခေါ်ပြီး ထမင်းကျွေးရန်ပြင်ဆင်နေပါသည်။ မေမေ တစ်ယောက်တော့ အပျော်လွန်ပြီး ပြန်မရောက်သေးပါ။ ဆွေမျိုးအိမ် ရောက်လျှင် တော်တော်နှင့် မပြန်နိုင်တာ သဘာဝပါပဲ။



"နင်တို့အမေကော"

"အမေကြီးတို့ အိမ်မှာပဲရှိသေးတယ်။ ခေါ်လိုက်ရမလား ဖေဖေ"

"မခေါ်နဲ့လေ၊ ဒီအချိန်ပြန်ရင် နေပူမှာပေါ့။ ညနေ နေအေးမှ လိုက်ပို့ခိုင်းလိုက်ချေ"

"ထက် ... သွားကြိုလိုက်ပါ့မယ် ဖေဖေ"

"အေးအေး ... စားပြော့ ငါ့သားလေး။ အိမ်ထမင်းလွမ်းနေပြီ မဟုတ်လား"

"အသားဟင်းတွေချည်းပါပဲလား"

"အဲဒါ မင်းအမေလေ။ သူ့သားပြန်ရောက်မယ်ဆိုတာနဲ့ စေတနာဗရပွ ချက်ပေးထားတာ။ စားပြီးရင် နားလိုက်တော့ သားယ်"

"ဟော! "

'သဲသဲ' ၏ ဖုန်းခေါ်သံကြောင့် ဖေဖေတို့အတွက် ထမင်းဆွဲ ပြင်ပေးပြီး အိမ်ရှေ့သို့ ထွက်ခဲ့ပါ၏။ ဧည့်ခန်းမှာ အရုပ်ကြီးကို တစ်ဖက်ကိုင်ရင်း phone ပြောနေသည့် 'သဲသဲ' က ခုန်ဆွခုန်ဆွ ဖြစ်နေလေသည်။ ဘယ်သူနဲ့များ ပြောနေပါလိမ့်။

"ဘာဖြစ်တာလဲ"

"ဖေဖေ ဒီညပြန်လာမယ်တဲ့။ ပြီးတော့ လေးလေးဝည်း နောက်နေ့လာမယ်လို့ ပြောနေတာ"

"နောက်နေ့မဟုတ်ပါဘူး သမီးရယ်၊ ဒီကြာသပတေးအတွင်းလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ''

''သိဘူး၊ အင်း . . . တီတီနဲ့ ပြောမယ်တဲ့''

'မိချို phone က 'ထက်' ၏ လက်ထဲသို့ ရောက်လာလေ၏။ 'ထက်' ကို မဆက်ဘဲ အငယ်မဆီပဲ ဆက်ရပါသလား။ အလှတ်ကောင်တို့ကဖြင့် ဒီအစ်မနှစ်ယောက်ကို ရှယ်တူနှယ် သဘောထားပြီးစနောက်မှ စားဝင်အိပ်ပျော်ကျင့်ရှိတာလေ။

''ဘာလဲ''

''မထက်ဖို့ လက်ဆောင်ယူလာမယ်''

''မလိုပါဘူး။ ငါ့မှာပြည့်စုံပြီးသား။ နင့်ဘူမဖို့သာ ဝယ်လာပေး''

''သဲသဲကိုက ညီဝယ်လာပေးတယ် မဟုတ်လား။ မထက်ကမှ လိုတာလေ''

''ငါ ကလေးမဟုတ်ဘူး''

''ကလေးမဟုတ်လို့ ပေးရမှာပေါ့။ စောင့်နေနော်။ See you my beloved sis ''

အလို! လက်ဆောင်တဲ့။ ထူးထူးဆန်းဆန်း ဘာလက်ဆောင်များ ဝယ်လာပေးဦးမှာပါလိမ့်။ 'ထက်' က Jeans ကြိုက်တာမို့ ဒါလည်းဖြစ်နိုင်ပါ၏။ Size နည်းနည်းကြီးမှ ဖြစ်မှာလေ။ ခုတလော 'ထက်' နည်းနည်းပြည့်နေလို့ပါပဲ။

❋

(၂၂)

မှန်လုံယာဉ်ပေါ်မှ ဆင်းလိုက်ကြပါ၏။ နွေရာသီမို့ တိုက်ခတ်လိုက်သည့် လေကလည်း မအေးဘဲ ပူနေလေသည်။ ကျောပိုးအိတ်ကိုယ်စီနှင့် မတ်တတ်ရပ်နေကြစဉ် ဆိုင်ကယ်သုံးစီးက အနားသို့ရောက်လာကြလေ၏။ 'ဝဠာ' က ညီဖြစ်သူကို မေ့ဖက်နှုတ်ဆက်ရင်း အံရင်းဆိုင်ကယ်ပေါ်တက်လိုက်ပါသည်။

''သုတက ငါ့ယောက်ဖနဲ့ လိုက်စီးလေ။ ဟုတ်ပြီ . . . နှိုင်းခအာ ထက်မြက်နောက်မှာစီး''

''ဒီဆိုင်ကယ်နဲ့လား''

''အေး''

''ကျွန်တော်ကြောက်တယ် အစ်ကိုရ''

''ကြောက်ရင် ထက်မြက်ခါးကို ဖက်ပြီး လိုက်ပေါ့ကွာ''

''အလတ်ကောင်! ''

''ဟူး!''

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် ဆိုင်ကယ်နှစ်စီးက သူမျက်စိရှေ့မှာတင် မောင်းထွက်သွားလေပြီ။ တစ်ခါမှမစီးဖူးတာကြောင့် ကြောက်ပါတယ် ဆိုတာတောင် မစောင့်ကြပါချေ။ လှမ်းပေးသည့်ဆိုင်ကယ်ဦးထုပ်ကို ဆောင်းလိုက်ပြီး နောက်မှာတက်ထိုင်လိုက်ပါ၏။ စက်နှိုးလိုက်စဉ် သူ့လက်က ဖျတ်ခနဲ 'ဝဋ္ဋာ' အစ်ကို၏ခါးကို ဖက်ထားမိသား ဖြစ်သွားရလေသည်။

"ဟာ! ကျစ်! ... ဘာလုပ်တာလဲ"

"အစ်ကိုပဲ ဖက်လို့ရတယ်ဆို"

"ငါပြောလို့လား ... အခုလွှတ်စမ်း။ နောက်မှာ ကိုင်လို့ ကိုင်းပါတယ်"

"ကျောပိုးအိတ်ကြီးခံနေလို့ ကိုင်တာမရဘူး"

"ခက်တာပဲ ... ဒါဖြင့် ပခုံးကိုကိုင်။ ခါးကိုင်ရင် ယားတယ်ကွ"

"ဟုတ်ကဲ့ ... ဖြည်းဖြည်းမောင်းနော်၊ အမယ်လေး!"

သတိပေးနေလျက်မှ ဆိုင်ကယ်ကို အရှိန်ဖြင့် မောင်းလိုက်လေ၏။ ရင်ထဲမှာ တဒိန်းဒိန်းအခုန်မြန်ရင်း အစ်ကို့ပခုံးကို ကျစ်ကျစ်ပါအောင် ကိုင်ထားမိပါသည်။ စိတ်ထဲမှ ကြောက်လန့်တကြား ရွတ်မိသည့် ဘုရားစာတို့က ကမောက်ကမဖြစ်ပြီး တစ်ခုမှ မမှန်တော့ပါ။ ဘုရားသိကြား ကယ်တော်မူပါများ။

ရှေ့မှဆိုင်ကယ်တွေကို မီလာစဉ် 'ဗွော' ကလှည့်ကြည့်ရင်း လက်မထောင်ပြလိုက်လေ၏။ သူ့ကိုတင်လာသည့် အစ်ကို



လက်သီးပြန်ဆုပ်ပြလိုက်သဖြင့် 'ဝဋ္ဋာ' တို့ညီအစ်ကို ရယ်သံက လမ်းမှာ ဆူညံနေလေတော့သည်။ ဘာကိုများ သဘောကျနေကြပါလိမ့်။ သိပ်ကြာကြာမစီးရပါဘဲ အိမ်ကိုရောက်ရှိသွား တော်ပါတော့သည်။

"နှိုင်းခ ... ဘယ်လိုလဲဟေ့"

"ရင်တုန်လိုက်တာဗျာ"

"ဟေ! ... ဟား ဟား ဟား ဟား"

ဆိုင်ကယ်ပေါ်မှ ဆင်းဆင်းချင်း မေးတာကို ဖြေလိုက်စဉ် အလှောင်ခံရလေ၏။ ရန်ကုန်သားစစ်စစ်ကို အညာသားတွေက ရယ်စရာဟု မြင်နေကြလေသလား။ ညှော်သည်မို့ ချစ်စနိုးနှင့် နောက်ကြတာလည်း ဖြစ်နိုင်ပါ၏။ 'ဝဋ္ဋာ' အစ်ကိုက ဆိုင်ကယ်ပေါ်မှဆင်းသည်နှင့် 'ဝဋ္ဋာ' လက်မောင်းကို တဖတ်ဖတ်ထိုးလေ၏တော့သည်။

"ဟာ! အား! နာတယ်ဗျ"

"ဘာဖြစ်လို့လဲ"

"ငါ့ကိုနောက်ချင်ဦး"

"ချစ်လို့ ကျီစားမိတာပါဗျာ။ ကျွန်တော် ပြောသားပဲ မထက်ရို့ လက်ဆောင်ပါတယ်လို့"

"ဘယ်မှာလဲ လက်ဆောင်"

"အဲဒီမှာလေ တုန့်နှိုင်းခတဲ့။ ဆေးကျောင်းသား Model ကလေး"

"နင့်ချာတိတ်က ချောတာပဲ ရှိတယ်။ ဘာမှ သုံး[illegible] မရဘူး။ နောက်က ထိုင်လိုက်တာ ပါးစပ်က ရွတ်နေတာမှ ဂုဏ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ငါ့ပခုံးတောင် အဆစ်လွဲပြီလား မသိဘူး။ အသေကိုင်ဆုပ်ထားတာ"

Helmet ကို ချွတ်လိုက်ပြီးမှ သူကြည့်လိုက်မိပါ၏။ 'မထက်' ဟု ခေါ်သံကြားလိုက်မှသာ သူ့ကိုတင်မောင်းလာပေးသည်က ယောကျ်ားလေးမဟုတ်ပါဘဲ မိန်းကလေးဖြစ်နေမှန်း သိလိုက်ရတာပါ။ အလိုလေး! ဒါကို သူက ဘုမသိ ဘမသိဖြင့် 'ဝဠာ' ပြောသည့်အတိုင်း သူမခါးကို အားပါးတရ ဖက်လိုက်မိတာလေ။ သေတော့မှာပဲ။ အားနာလိုက်တာနော်။

"မထက်ဆိုတော့"

"အေး ... အဲဒါ ငါ့အစ်မကြီး"

"ဟာ!"

"ဟာမနေနဲ့ ... မင်းပဲ ရင်တုန်သွားတယ်ဆို"

"အလတ်ကောင်"

"ဝဠာကလည်းကွာ ... မျက်နှာပူလိုက်တာ"

"ပူရင် မထက် ရေအေးလေးပေးလိုက်မယ်။ အခု အိမ်ထဲ ဝင်ကြစို့"

အလုပြင်ဆိုင်ဘေးလမ်းကြားမှ ဝင်လိုက်ရပါ၏။ တိုက်အိမ်ကြီးက အတော်ကို ကျယ်ဝန်းနေလေသည်။ အိမ်ထဲမှာ မိသားစုအစုံ ရှိနေသဖြင့် မိတ်ဆက်ပေးနေကြပေမယ့် သူက စောစောက ပူနေသည့် မျက်နှာကို ပြင်မရသေးပါလေ။ ရောက်ရောက်ချင်း 'တုန္နိုင်းခ' တို့က ဆောက်နဲ့ထွင်းမိပြီ မဟုတ်လား။

"ဒါ ကျွန်တော့်သူငယ်ချင်းတွေပါ မေမေ။ သုတနဲ့ တုန္နိုင်းခ



ပါ။ သူငယ်ချင်းတို့ ... ဒါက ငါ့ဖေဖေနဲ့မေမေ။ ဒါက ငါ့ယောက်ဖနဲ့ အစ်မလေး။ ဒါလေးက ငါတို့အိမ်က ဆည်းလည်းလေးပေါ့။ ဒါက မနေ့တစ်နေ့ကမှ မြန်မာပြည်ပြန်ရောက်လာတဲ့ ညီအငယ်ဆုံး အာကာအောင်တဲ့။ ဒါကတော့ အစ်မအကြီးဆုံး ထက်မြက်ချိုပါ"

"ဘာဖြစ်လာကြလို့လဲ"

ကောင်လေးတွေမျက်နှာက ပြုံးစိစိဖြစ်နေကြပြီး မရယ်အောင် ထိန်းထားတာမို့ ဖေဖေမေးလေပြီ။ ဘယ်သူမှ ပြန်မဖြေဘဲ ပြုံးနေသည်က 'ထက်' အတွက် အနေခက်ရလေ၏။ ဒီချာတိတ်လေးကိုမှ လက်ဆောင်တဲ့လား။ မဟုတ်မဟပ် စနောက်သန့်သည့် အလတ်ကောင်ပါပဲ။

"ဘာမှမဟုတ်ပါဘူး"

"မျက်နှာတွေက ရယ်ဖြီးဖြီးနဲ့ ဖြစ်နေကြပြီ"

"အဲဒါ အလတ်ကောင်က"

"အလတ်ကောင်က ဘာလုပ်လို့လဲ"

အဲ! ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသဖြင့် နှုတ်ဆိတ်သွားရပါသည့် 'ထက်' ကိုကြည့်ပြီး တဟားဟားအော်ရယ်နေကြလေပြီ။ မိန်းကလေးဖြစ်သည့် 'ထက်' က နေရခက်ပြီး ရှက်ရမည့်အစား ဟိုကောင်လေးက မျက်နှာရော နားရွက်တွေပါ ရဲရဲနီလေ၏။ အသားဖြူဖွေးနေတာမို့ သူ့မျက်နှာ ရဲနေတာကို အထင်းသား မြင်နေရတာပါ။

"ကိုကိုက သူ့သူငယ်ချင်းကို ပြောတယ်လေ"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်ရင် ထက်မြက်ခါးကိုဖက်ပြီးလိုက်တဲ့။ အဲဒါနဲ့ ကိုနိုင်းက မထက်ခါးကို တကယ်ဖက်လိုက်ပါရော"

"တော်ကြတော့၊ ငါ့ကို စရောများ မှတ်နေလား"

"မထက် မရှက်ပေမယ့် ကိုနိုင်းကို ကြည့်ပါဦး။ မျက်နှာရဲ့ နီနေပြီ"

ဖေဖေပါ ချာတိတ်ကို သဘောကျပြီး ရယ်လေပြီ။ ဘယ်လိုလဲ ယောက်ျားလေးဖြစ်ပြီး ဤမျှ ရှက်တတ်ရပါသလား။ 'သူတ' လည်း ခန့်တာဖြစ်ပေမယ့် 'တူနိုင်းခ' ဆိုသည့် နာမည်ဆန်းဆန်းလေး နှင့် ချာတိတ်က ကလေးဆန်ပြီး အပြစ်ကင်းသည့်ပုံစံမျိုးပါ။ 'သဲသဲ' နှုတ်မှပင် 'ဒီဦးဦးချောတယ်' ဟူသည့် မှတ်ချက်ကြောင့် ရယ်သံတွေ မဆုံးတော့ပါလေ။

"ခဏနားဦးလေ ... ထမင်းစားကြတော့မလား"

"လမ်းမှာစားခဲ့တယ် ဖေဖေ။ အအေးဖြစ်ဖြစ် သောက်တာပဲ ကောင်းမယ်"

"ဟောတော် ... အိမ်မှာ အအေးကုန်နေမှပဲ"

"ရတယ် ... ကျွန်တော် သွားဝယ်လိုက်ပါ့မယ်"

သောက်ရေသောက်ချင်သဖြင့် မျက်စိဝေ့ကာ ရှာနေသည့် ချာတိတ်ကြောင့် ရေခဲသေတ္တာထဲမှ ရေဘူးကို ထုတ်လာကာ ဖန်ခွက်ထဲသို့ ငှဲ့ထည့်လိုက်ပါ၏။ ကျွန်တော့်လူတွေက အအေးသောက်ချင်ကြတာ မှန်ပေမယ့် ဒီကောင်လေး ရင်ပူနေမှန်း 'ထက်' ရိပ်မိနေလို့ပါ။ အပြင်မထွက်ခင် သူ့လက်ထဲသို့ ရေဖန်ခွက်ထည့်ပေးလိုက်သဖြင့်



မျက်နှာလေးဝင်းပြီး အပြုံးချိုချိုလေး ပေါ်လာလေ၏။

"ကျေးဇူးပါပဲ 'မ' "

"ပြောတယ်၊ မင်းကို ရေအေးအေးလေး မထက် တိုက်လိမ့်မယ်လို့"

"မနောက်ပါနဲ့ဗျာ"

"ဒီကောင်ရှက်ပုံနဲ့တော့ စလို့ကောင်းတော့မှာပဲ။ ငါ့တူမပါ သဘောကျနေပြီ။ ဘယ်လိုလဲ သဲသဲ၊ ဒီဦးဦးကို အပိုင်ယူချင်လား"

"ယူမယ်"

"တွေ့လား"

"ဦးဦးက အရမ်းချောတယ်"

"ဟုတ်လား။ ဦးဦးကို တီတီနဲ့ ပေးစားမှာလား။ သဘောတူလား"

"အလတ်ကောင်! ... တော်တော့နော်၊ နင်တော့နာတော့မယ်"

'သဲသဲ' က မျက်လုံးလေးပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ဘာပြန်ဖြေရမယ်မှန်း မသိပါချေ။ ဧည့်သည်တွေကို အအေးတိုက်ချင်၍ အအေးဆိုင်သို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ပါ၏။ စိတ်တိုလိုက်တာနော်။ "အစ်မလင်နေ မောင် (---) ကြိမ်း" ဆိုသည့်စကားပုံက 'ထက်' နှင့် လုံးဝမသက်ဆိုင်သလိုပါပဲလား။ မောင်တွေက 'ထက်' ကိုသာ ဒီကောင်လေးနှင့်တွဲပြီး စရတယ်လို့။

ကောင်လေးက ရှက်တတ်လို့သာ တော်ပါသေးသည်။ နို့မို့

www.burmeseclassic.com

www.burmeseclassic.com



လောင်စိန်လို မျက်နှာပြောင်တတ်သည့် ယောက်ျားလေးသာ ဖြစ်နေရင် မလွယ်ပါချေ။ 'သုတ' ထက်ပင် 'တုန့်နှိုင်းခ' က ပိုအေးပြီး အရှက်အကြောက်ကြီးပုံရပါ၏။ ကောင်လေးက မျက်နှာချိုလွန်းသဖြင့် တွှမလေးကပင် သဘောကျနေတာလေ။

"ခါတိုင်းလို အကာပ်လိုက်ယူမှာလား"

"ယူမယ်၊ လော်လောဆယ် အေးတာလေးရွေးပေးပါ။ ညှီသည့်တွေရောက်နေလို့"

ယောက်ျားလေးအများစုက "ကွဲရိုင်း" တို့ Cola တို့ကြိုက်တတ်သဖြင့် Plastic ဘူးတွေကို ရေခဲသေတ္တာထဲမှ ယူပြီး ငွေချေလိုက်ပါ၏။ ဆေးကျောင်းသားလေးဖြစ်ပြီး 'တုန့်နှိုင်းခ' က ဘာလို့များ ဒီလောက်တောင်မှ ချောမောရပါသလဲ။ ယောက်ျားလေးဖြစ်ပြီး အသားအရေ ဖြူစွတ်ကာ ရုပ်ရှင်မင်းသား Model boy နှယ် အရပ်အမောင်းမြင့်ပြီး ယောက်ျားပီသစွာဖြင့် ခန့်ချောလေးဖြစ်နေရတယ်လို့။

"ဗျာ! . . . ဘာမေးလိုက်တာလဲ မဝါ"

"ရန်ကုန်က ညှီသည့်လားလို့"

"ဪ . . . ဟုတ်တယ်။ အလတ်ကောင်ရဲ့ သူငယ်ချင်းတွေပါ"

"ဒါဖြင့် ဆေးကျောင်းသားတွေပေါ့"

"ဟုတ်ကဲ့"

"အများကြီးပဲလား"



"နှစ်ယောက်ပါ"

"ချောချောလေးတွေလား"

"ဟုတ်ကဲ့ . . . ကျွန်တော် သွားပြီနော်"

စပ်စုလွန်းသဖြင့် စကားအတင်းဖြတ်ကာ ဆိုင်ကယ်ကို မောင်းခဲ့ပါ၏။ ဘယ်လိုလူတွေပါလိမ့်။ 'ထက်' ကဖြင့် သူများအကြောင်း မပြောချင်ဘဲ ဘာသိဘာသာနေတတ်တာပါ။ မိန်းကလေးဖြစ်ပေမယ့် မျက်ရည်မလွှယ် စိတ်မာတာမို့ ယောက်ျားဆန်သည့်စိတ်ဖြင့် ဒီလိုပုံစံပြောင်းခဲ့ရတာ မဟုတ်ပါလား။

"တီတီ လာပြီ . . . သဲသဲဖို့ ပါလား"

"ပါပါ့ . . . ရော့"

သမီးလက်ထဲသို့ ရေခဲမုန့်ဘူးကို ထည့်ပေးပြီးနောက် ညှီသည့်တွေအတွက် အအေးဘူးတွေကို ညှိခန်းစားပွဲထက် တင်ပေးလိုက်ပါသည်။ 'ထက်' သောက်ရန်အတွက် သက်သက်ဝယ်လာပါသည့် လိမ္မော်ရည်ဘူးကို မထုတ်ဖြစ်ဘဲ ကျွတ်ကျွတ်အိတ်ကို သယ်သိုက်စဉ် ဟိုကောင်လေးက အံ့ဩသွားလေ၏။ ဘာလဲ၊ ဒီလောက်အများကြီးဝယ်လာတာတောင်မှ 'ထက်' ကြိုက်တာကို လုသောက်ချင်များလား။

"မ"

"ဘာလဲ ဒါ သောက်ချင်လို့လား"

"ဟုတ်!"

" 'မ' တဲ့ပေါ့။ နှိုင်းခတို့ကတော့ အပိုင်ပဲ၊ အဲ! "

www.burmeseclassic.com

www.burmeseclassic.com



အချက်ရသွားသည်နှင့် လှမ်းစလိုက်ပါသည့် အလတ်ကောင်၏ ခေါင်းကို အအေးပုလင်းဖြင့် ထုလိုက်မိတော့၏။ Plastic ဘူးဆို သိပ်နာမှာမဟုတ်ပါ။ တခွီခွီနှင့် ရယ်သံတွေထွက်လာပြန်လေသည်။ 'တုန့်ငံ့ခ' ၏လက်ထဲသို့ လိမ္မော်ရည်ဘူးကို ပေးလိုက်ပါ၏။ ပျော်စရာကောင်းတာမှန်ပေမယ့် ညည်သည်ကို ဒီလိုချည်းစတာတော့ မကောင်းပါ။

စိတ်ဆိုးတတ်တာက 'ထက်' သာဖြစ်နေပြီး ဟိုရာထိတ်ကဖြင့် စိတ်ဆိုးဒေါသထွက်တတ်ပုံ မရပါလော။ ဘယ်လိုဖြစ်ပြီး ဒီရေခဲတုံးလေးက အလတ်ကောင်လို့ ပြောင်ချော်ချော်လှူနှင့် တစ်အုပ်စုထဲတွဲဖြစ်ရပါသလဲ။ မင်းတော့ လူပေါင်းမှားပြီး ကောင်လေးရေ။

(၂၃)

အခန်းတံခါးခေါက်သံကြောင့် ရေချိုးပြီး အဝတ်လဲတာကိုအမြန်လုပ်လိုက်ရလေ၏။ ညစာစားသောက်ပြီးတာတောင် လူကိုလာခေါ်နေရပါလား။ သူတို့အတွက် ညည်သည်အိပ်ခန်းကိုလည်း 'မိချို' အားသာဖြင့် 'ထက်' ပင် ပြင်ထားပေးတာလေ။

"ဒေါက်! ဒေါက်! "

"မထက်"

"ဘာလဲကွာ"

"အိပ်ရာခင်းပေးပါဦး"

"ခင်းပေးထားပြီးပြီလေ၊ ဘာဖြစ်ရပြန်ပြီလဲ"

"သူတတို့က ကျွန်တော်နဲ့ပဲ အတူအိပ်ချင်တာတဲ့။ သီးသန့်အိပ်ချင်ဘူးဆိုလို့ပါ"

"ကျစ်! အတော်ရှုပ်တာပဲ။ နင့်ခုတင်နဲ့ သုံးယောက် ဘယ်ဆံ့ပါမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြမ်းပြင်မှာပဲ အိပ်ကြမယ်တဲ့"

"ဟင်း! နှိပ်စက်နော် နှိပ်စက်။ မီချိုက သူယောကျ်ားနား ကပ်နေတာနဲ့ပဲ ငါ့ကိုချည်း ဒိုင်ခံပင်ပန်းအောင် နိုင်းစားနေတယ်"

"အဲဒါ မထက်ကောင်လေးကြောင့်ပါနော်"

"ဘာ!"

"နှင်းခက အိမ်မှာဆိုလည်း သူ့အစ်ကိုနဲ့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူ့အမေနဲ့ပဲ ဖြစ်ဖြစ် အမြဲအတူအိပ်တတ်တာတဲ့။ ဒီကောင်က အဲသည်း ငယ်တယ် မထက်ရဲ့"

"ဒါနဲ့များ ဆရာဝန်လုပ်ချင်သေး"

"ဒါတော့ သူ့ဝါသနာလေ။ ခင်းပေးမယ် မဟုတ်လား"

"သူတို့ရောက်နေပြီလား"

"ဟင့်အင်း . . . ဖေဖေတို့နဲ့ အောက်ထပ်မှာ လေပျားနေ တယ်"

"ပြီးရော"

'ဧည့်ာအောင်' က အောက်ထပ်သို့ ပြန်ဆင်းသွားပြီမို့ ဘေးခန်း သို့ တံခါးဖွင့်၍ ဝင်လိုက်ပါ၏။ ခုတင်ကို ဒေါက်ဖြုတ်ပြီး ထောင်ရမှ မို့ တစ်ယောက်တည်း မလုပ်နိုင်ပါ။ ဟိုဧည့်သည်ခန်းမှာ ပြင်ထားပေး သည့် အိပ်ရာတွေကို သွားပြန်ယူပြီး ပြန်ခင်းပေးရတော့မှာလေ အတော်အလုပ်ရှုပ်ရပါလား။ ဧည့်သည်ကို မပြုပြင်ချင်ပေမယ့် ခါတိုင်း 'မီချို' လုပ်သမျှ အလုပ်တွေကို 'ထက်' လုပ်နေရသဖြင့် စိတ်တိုလာ ရတာ အမှန်ပါပဲ။



"မ"

"ဟင်!"

"ဘာဝိုင်းကူပေးရမလဲဟင်၊ ဝဉ္စာ လွှတ်လိုက်လို့ပါ"

ကြည့်စမ်း! ဒီကောင်လေးကတော့ သူကိုယ်တိုင် ဝိုင်းမကူတဲ့ ဧည့်သည်ကိုကူဖို့ လွှတ်လိုက်ရတယ်လို့။ အိမ်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် လက်ဖဝါးပေါ်တင်ပြီး ဖူးဖူးမှုတ်ခံထားရသည့် ချာတိတ်လေးကိုမှ လက်အနာခိုင်းခံရပါသလား။ မတရားသဖြင့် ကျိုးစည်နေလေပြီ။

မဟုတ်သေးပါဘူး၊ 'ထက်' နှင့် 'တူနှိုင်းခ' ကို ပိုရင်းနှီးစေ ချင်၍ လုပ်တာမျိုးလည်း ဖြစ်နိုင်ပါ၏။ နေနှင့်ဦးပေါ့ မောင်နှစ်ကောင် ရယ်။ နင်တို့အစ်မကြီးက သူများနဲ့ ဆန့်ကျင်တတ်ပြီး ပိုအရွဲ့တိုက် တတ်မှန်း သိထားပါလျက်နဲ့ အရောက်ကို ပို့ပေးတာပေါ့လေ။ တွေ့ ကြသေးတာပေါ့။

"အားရှိမှ လုပ်လို့ရမှာ"

"ရှိပါတယ် 'မ' ရဲ့၊ ကျွန်တော်က ယောကျ်ားလေးပဲကို"

ဧော်! ဒါက သူပြောမှသိတာ ကျနေတာပဲ။ ယောကျ်ားဖြစ်ရုံနဲ့ ပြီးတာမှ မဟုတ်တာ။ ဒီလို ခပ်ပျော့ပျော့ကောင်လေး၊ ကြောက်တတ် ရှက်တတ်ပါသည့် ချာတိတ်မျိုးကို 'ထက်မြက်ချို' က မည်သို့ အားကိုး နိုင်ပါမည်နည်း။ အားနာတတ်တာလည်း နှစ်ယောက်မရှိပါ။ အခု သည်း ဟိုကောင်ချွန်လို့ ချွန်မှန်းမင် မသိဘဲ ရောက်လာတာပဲ ကြည့် တော့လေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ဖူးတဲ့လူက လုပ်တတ်ပါ့မလား"

"မတတ်ရင် သင်ပေးပေါ့ 'မ' ရဲ့"

"အားနာတာပေါ့"

"ရပါတယ်၊ အားမနာပါနဲ့။ ကျွန်တော်က "မ" မောင်လေး ပဲဟာ"

ဟော! ဘာစကားကြီးလဲ။ သူ့စကား ဘယ်ကိုညွှန်းလို့ ညွှန်း မှန်းပင်မသိပါဘဲ ဒီအတိုင်းပြောလိုက်ပုံပါ။ ဟုတ်ပါတယ်၊ 'ဗျော' သူငယ်ချင်းဖြစ်နေမှဖြင့် 'ထက်' ရဲ့မောင်လေးပဲပေါ့။ ဒီလောက်တောင် မောင်ဖြစ်ချင်လျှင် နိုင်းပေးရတာပေါ့ 'တုန္နိုင်းခ' ရယ်။

"ဒါဆို လာလေ ... အရင်ဆုံး ခုတင်ခေါက်တွေဖြုတ်ပြီး ထောင်ရမှာ။ ပြီးမှ တံမြက်စည်းလှဲရမယ်"

"ဟုတ်ကဲ့"

"သတိထားနော် ... လက်နာမယ်။ ဒီအတိုင်း ကိုင်ရုံပဲကိုင် ထား။ ခေါက်ကို ငါပဲ ဖြုတ်မယ်"

" 'မ' ကလည်း"

"ဘာလဲ"

"ငါလို့ မပြောပါနဲ့၊ နားထဲမှာ တစ်မျိုးကြီး ဖြစ်နေလို့ပါ"

အလိုလေး! အခုမှပဲ လေသံတိုးတိုးလေးနှင့် Request လုပ်တာကို ကြားဖူးရလေပြီ။ ကိုယ်က အကြီးဆိုပြီး ခပ်တင်းတင်းလေး ဆက်ဆံပြမည်ပြင်ကာမှ 'ထက်' ပါးစပ်မဟနိုင်အောင် တားဆီးပိတ် ပင်ချင်ရတယ်လို့။ ငါနော် အလတ်ကောင်လို ခေါင်းထုလိုက်ရ



မကောင်းတတ်လို့။ ပြီးတော့ အခုမှ စတွေ့ ခေါ်ရသည့် သူစိမ်း မဟုတ်လား။

"ဒီလိုပဲ ပြောတတ်တယ်"

"မမလို့ပြောပါလား"

"အာ"

" 'မ' လို့ပြောလည်း ဖြစ်တာပဲ"

"မင်း သော်ကြာလား"

"မဟုတ်ပါဘူး၊ 'မ' လို့ စနေပါ။ ဘာဖြစ်လို့လဲ"

"စကားများလို့ တမင်မေးလိုက်တာ"

"Sorry ... ကျွန်တော် တောင်းပန်ပါတယ်"

ဒီလိုတော့လည်း လိမ္မာသားပါပဲ၊ ခုတင်ခေါက်ဖြုတ်ပြီး နံရံ ဘေးမှာ ကပ်ထောင်လိုက်ပါ၏။ တံမြက်စည်းလှဲရန်လိုပြီမို့ သူ့ကို အပြင်ထွက်ခိုင်းပေမယ့် ကောင်လေးက မထွက်ပါလေ။ လှျာထိုး ကြမ်းခင်းကို ရေပတ်တိုက်ချင်သဖြင့် ဒန်ဇလုံထဲသို့ ရေထည့်ခဲ့ပြီး အဝတ်စုတ်ဖြင့် ကြမ်းတိုက်လိုက်ပါသည်။ ပြီးနောက် အဝတ်ခြောက် ဖြင့် ကြမ်းကို ထပ်တိုက်လိုက်ပါ၏။

သင်ဖြူးဖျာကြီးနှစ်ချပ်ကို ဘုရားခန်းမှာ လိပ်ပြီးထောင် ထားရာမှ သွားယူ၍ ခင်းတော့ သူ ဝိုင်းကူပေးလေသည်။ ပြီး ဧည့်သည်ခန်းမှ အိပ်ရာခင်းကိုဖယ်ကာ မွေ့ယာကို ယူခဲ့ပြီး အပေါ်တ် ဘောင်မွေ့ယာနှင့် နှစ်ခုကပ်လျက်သား ခင်းလိုက်ပါ၏။ အပေါ်မှ မွေ့ယာခင်းနှစ်ခုကို ပြန့်အောင် အုပ်လျက်ခင်းလိုက်ပါသည်။ စကားများ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ပြောလိုက်မိ၍ ဘာစကားမှ ထပ်မပြောတော့သည့် ကောင်လေးကြောင့် 'ထက်' ပြုံးမိလေ၏။

"အလယ်မှာ အိပ်မှာလား။ ထောင့်မှာ အိပ်မှာလား"

"ထောင့်မှာ အိပ်မှာပါ၊ ဝဋ္ဋာက အိပ်ရေးဆော့တယ်တဲ့"

နံရံဘက်ထောင့်နေရာမှာ ခေါင်းအုံးစွပ်အပြာနုရောင်လေး စွပ်ထားပါသည့် ခေါင်းအုံးနှစ်လုံးနှင့် ဖက်ရှုံးပါမက စောင်ကိုပါ ထားပေးလိုက်ပါသည်။ အလယ်မှာက ပန်းရောင်တစ်ခုဖြစ်ပြီး အလတ် ကောင်က အညိုရောင်ကြိုက်သဖြင့် အညိုတစ်စုံ ပြင်ဆင်ပေးကာ ဇာခြင်ထောင်အကြီးကြီးကို ထောင်ပေးလျက် ခြင်ထောင်ကို ပြန့်တင် ထားလိုက်ပါ၏။

"နာမည်က ဘယ်သူပေးတာလဲ"

"ဗျာ . . . ကျွန်တော့်နာမည်လား"

"အင်းပေါ့"

"မေမေ ပေးတာပါ။ ဖေဖေ့နာမည်က ဦးမြတ်မင်းပါ။ မေမေ က ဒေါ်ခင်ခင်ခပါ 'မ' "

"ပေးတာတ်လိုက်တာ"

"လှလို့လား"

"အင်း"

"ကိုကိုက နေမင်းခပါ။ အစ်ကိုနဲ့အတူတူ ဆေးရုံမှာ [illegible] ဝင်နေပြီ"

"အစ်ကို"



"ဟုတ်ကဲ့ . . . ဒေါက်တာမြင့်မိုရ်ဦးကို ပြောတာပါ 'မ'။ 'မ' နဲ့ ရင်းနှီးတယ်ဆို"

မျက်နှာမပျက်အောင် သတိထားလိုက်ရပါ၏။ ဘုရားရေ! 'ကိုကို' နဲ့ သူ့အစ်ကိုက အတူတူအလုပ်လုပ်နေတာတဲ့လား။ ဒါဖြင့် ယောကျ်ားချင်းပြောကြသည့် စကားတွေထဲမှာ 'ထက်' အကြောင်း အနည်းနဲ့အများတော့ပါမည်သာ။ ဒါဆို ဒီကောင်လေးကရော 'ထက်' နှင့် 'ကိုကို' အကြောင်းကိုများ သိနေပြီလား။

"အစ်ကို့အိမ်ကို ဝင်လည်ပါလို့တောင် မှာလိုက်သေးတယ်"

"အင်း . . ."

" 'မ' တို့တီချယ်အိမ်ဆို။ လိုက်ပို့ပေးမှာ မဟုတ်လား"

"တို့မလိုက်ဘူး။ သွားချင်ရင် မင်းသူငယ်ချင်းကို ပို့ခိုင်းပါ"

"မင်းလို့ မသုံးပါနဲ့လား 'မ' ရာ။ နိုင်းလို့ပဲ ခေါ်ပါ"

ကြည့်! လေသံတိုးလေးဖြင့် တောင်းဆိုမှုက ပြုံပြန်လေပြီ။ ရေဇလုံကိုယူရန် ငုံ့လိုက်စဉ် ကောင်လေးက ဦးပြီးယူလိုက်လေ၏။ ပျော့စင်းနေပါသည့် ဆံပင်တိုတိုက နဖူးထက် ကျလာသဖြင့် ခေါင်းကို ခါလျက် တင်လိုက်တာမို့ 'ထက်' ငေးခနဲ့ ကြည့်မိသွားရပါသည်။ အလို! ကြည့်လို့ကောင်းလိုက်တာနော်။

"မ"

"ဟင်!"

"ဘယ်မှာသွန်ရမလဲ"

"အင်း။ လသာဆောင်ဘက်ကပဲ သွန်လိုက်လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လသာဆောင်က"

"လာလေ ... တို့လိုက်ပြမယ်။ ပေးပါ"

"ရပါတယ် ... ကျွန်တော် ယူခဲ့မယ်"

ဘုရားခန်းဘက် ပြန်ထွက်ခဲ့ကာ အလယ်ခန်းမှတစ်ဆင့် နောက်ဖေးတံခါးမကြီးကို ဖွင့်လိုက်ပါ၏။ လေပြင်းတစ်ချက် တိုက်ခတ်လိုက်သလို သူ့ထံမှ အာမေဋိတ်သံတစ်ချက် ထွက်လာပြီး တီးတိုးရယ်လိုက်လေသည်။ သဘောကျသွားပုံပါပဲ။

"သွန်ပြီနော်"

"အဲဒါပေါ့ ... မောင်တစ်ထမ်း 'မ' တစ်ရွက်ဆိုတာ"

"အောင်မာ ... အားလုံးပြီးမှ နမ်းလာဖြူးမနေပါနဲ့"

"ဘယ်လိုလဲ ... မထက်နဲ့စကားအများကြီး ပြောဖြစ်ရဲ့လား"

"ငါ့ အိပ်တော့မယ်နော်၊ မနက်ဖြန် ပုပ္ပားသွားမှာလား။ နာဦးမှာလား"

"နှိုးခသသတောလေ"

"လိုက်ပို့မယ်ဆို သွားမှာပေါ့"

"ဘယ်သူပို့မှာလဲလို့ နာမည်တပ်ပြောလေ"

"သူတို့က ဆိုင်ကယ်မောင်းတာ ကြမ်းတယ် 'မ' ရဲ့။ 'မ' မောင်းပို့မယ်ဆိုရင်ကောင်းမှာ"

"ကြားလား မထက်။ ပွဲတောင်းနေပြီ။ မထက်မပါလို့မရဘူး တုန္နိုင်းခရေ မထက်က Travels guide လုပ်ခဲ့တာကွ"



"ဒါဖြင့် သိပ်ညည်းမနက်စေနဲ့။ စောစောထရမှာမို့ စောစော အိပ်ကြ"

မှာချင်တာ သေချာမှာခဲ့ပြီး အိပ်ခန်းထဲ ပြန်မဝင်ခင် အောက်ထပ်မှာ ခြေလက်ပြန်သွားဆေးရပါ၏။ ညဘက်ရေချိုးပြီးကာမှ အလတ်ကောင်အခန်းကို သန့်ရှင်းပေးရတာမို့ ခြေလက်ရေဆေးရတာလေ။ အပေါ်ထပ်သို့ ပြန်တက်ပြီး အခန်းထဲဝင်ကာ ခုတင်ထက် လှဲအိပ်ရန် ခြေသုတ်၍ ထိုင်လိုက်စဉ် ဘေးခန်းမှ တခွိခွိရယ်သံတို့ ကြားရလေသည်။ ဟိုချာတိတ်သုံးကောင်တော့ ညအိပ်ကာနီး ဆော့နေကြပြန်လေပြီ။

"အလတ်ကောင်"

"ဗျာ!"

"ဆော့မနေကြနဲ့လေ ... ငါ အိပ်လို့မရဘူး"

"ရင်တွေခုန်နေလို့ မဟုတ်လား မထက်ရဲ့။ နှိုးခကို လွှတ်လိုက်ရမလား"

"တောက်!"

တက်ခေါက်ပြလိုက်သဖြင့် အသံတိတ်သွားကြပေမယ့် တဟိဟိဖြင့် ကျိတ်ရယ်နေသံကိုတော့ ကြားနေရပါ၏။ ကျောင်းသားတွေမို့ ကလေးဆိတ်ကုန်သေးပုံ မရပါ။ ဒီလိုဆော့ချင်လို့လည်း တစ်ခန်းတည်း ပေါင်းအိပ်ဖို့ ကြိုစည်ထားတာ မဟုတ်လား။

"'မ' ရေ ... ဒီမှာ နှိုင်စက်နေတယ်"

"ဟိုကလေးတွေ ... ငါ လာရိုက်ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"အားကိုးပြီး တိုင်တယ်ပေါ့လေ . . . ဟီးဟီး"

မျက်စိမှိတ်ပြီး အိပ်ပျော်ရန် ကြိုးစားလိုက်စဉ် ခြေသံတရှပ်ရှပ် ကြားလိုက်ရပြီး 'ထက်' အခန်းတံခါးကို လာခေါက်လေ၏။ ဒင်းတို့နှ တော့ ဒီညအိပ်ပျော်တော့မှာပဲ။ ထပ်ခေါက်နေပြန်သဖြင့် မထလို့ မဖြစ်တော့ပါဝေ့။ တံခါးကို သွားဖွင့်လိုက်စဉ် အလတ်ကောင်ခြော သည့်အတိုင်း ဟိုကောင်လေး ဖြစ်နေလေ၏။

"မ"

"ဘာလဲ"

"Charging ကြိုး ခဏငှားပါလားဟင်။ ကျွန်တော့်ကြိုး မေ့ကျန်ခဲ့လို့"

"ဗျွာဆီက ယူလေ"

"သူတို့ phone နဲ့ ကြိုးပေါက်မတူဘူး 'မ' ရဲ့။ 'မ' ကြိုး နဲ့မှ တူမယ်ဆိုလို့ပါ။ မပေးချင်ရင်လည်း ကျွန်တော့် phone ကိုယူသွား ပြီး အားသွင်းပေးလေ၊ နော် please!"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ ကြံဖန်ပြီး လူကိုလာနှိုး နေပြန်ပြီ မဟုတ်ပါလား။ Phone အပြာရောင်လေးကိုယူလိုက်ပြီး အခန်းတံခါးကို ပြန်ပိတ်စဉ် ချိုမြနေပါသည့် အပြုံးလေးကို ပြုံးပြလိုက် ပြန်လေ၏။ ငါနော်၊ သွားတက်လေးကို အသည်းယားမိပါဘိ။ စိတ် ရှုပ်ရပုံနော်။

❋

(၂၄)

Phone ကို Alum ပေးပြီး အိပ်သဖြင့် မနက် (၅) နာရီမှာ ပင် နိုးလာရတာပါ။ ခြေလက်တို့ကို ဆန့်ထုတ်လျက် အကြောဆန့် လိုက်ပြီး ခုတင်ထက်မှ ဆင်းလိုက်၏။ ညက Bettery pad ဖြင့် အားသွင်းထားပါသည့် phone အပြာလေးကို တစ်ချက်ကြည့်လိုက် ပြီး ရေချိုးရန် ပြင်လိုက်ပါသည်။

ညှို့သည်တွေထက် ကိုယ်က ဝီရိယပိုရှိရမှာ မဟုတ်ပါလား။ ယောက်ျားလေးတွေနှင့် ရေချိုးခန်းမလုချင်သဖြင့် 'ထက်' က အရင် ဆုံးနိုးထရတာပါလေ။ အောက်ထပ်သို့ ဆင်းခဲ့စဉ် မည်သူမျှ မနိုးကြ သေးပါ။ နောက်ဖေးတံခါးကိုဖွင့်၍ ရေအိမ်အရင်တက်ပြီးမှ ရေချိုးခန်း ဝင်လိုက်ပါ၏။

ရေလဲလုံချည်ထက် တစ်ဘက်ခြုံလျက် ရေချိုးခန်းထဲမှထွက် စဉ် 'ဝိချိ' နိုးနေပြီမှန်း တွေ့ရလေသည်။ မနက်အဆာပြေကျွေးရန် တစ်ခုခု ထဝယ်မည့်ပုံပါ။ မျက်နှာသစ်သွားတိုက်နေပုံနှင့် 'ထက်'

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာရင် အသိပေးလိုက်ရပါ၏။ ဟိုချာတိတ်တွေလည်း လက်ဖက်ရည်ဆိုင် သွားကြမည့်ပုံပါလေ။

"ငါတို့ဖို့ မနက်စာထည့်မချက်နဲ့ မိချို။ နေ့လယ်မှ ထမင်းစားမှာ"

"ပွဲသွားကြမှာလား"

"အေး . . . လက်ဖက်ရည်ပဲ သောက်သွားကြမယ်"

"ပြီးရောလေ"

အပေါ်ထပ်လှေကားကို တက်ခဲ့ပါ၏။ အိပ်ချင်မူးတူးဖြင့် ကောင်လေးသုံးယောက် ဆင်းလာသဖြင့် လှေကားထစ်တစ်ခုစ်ချိုးမှာ ဘေးကပ်၍ ရပ်လိုက်ပါသည်။ အလို! ဟိုကောင်လေး ပါမလာပါလား။ ဘယ်လိုဖြစ်ပြီး သူတို့ပဲ ဆင်းလာရတာပါလိမ့်။

"နှိုင်းခရော"

"အိပ်တုန်း"

"ဟယ် . . . မနိုးခဲ့ဘူးလား"

"မေးပုံမလားလို့ စိုးရိမ်နေတာ။ ဝါ နိုင်တယ်၊ Tea ဖိုးငွေကို မင်းရှင်းပါ အငယ်ကောင်"

"ကြည့်စမ်း! . . . အလောင်းအစား လုပ်ပြန်ပြီလား"

သူတို့ ဆင်းသွားမှသာ အပေါ်ကို ဆက်တက်ခဲ့ရပြီး အဝတ်အစား အမြန်လဲရလေ၏။ ဆိုင်ကယ်နှင့်သွားမှာမို့ Jeans ကိုသာ ခရူဝတ်လိုက်ရပါသည်။ မျက်နှာကိုတော့ ထုံးစံအတိုင်း cream ခပ်ပါးပါးလေးသာ လူးလိုက်ပါ၏။ ဆံပင်ကိုတော့ Hair-coat နည်းနည်းလူးလျက် ဘီးဖြင့်ဖြီးလိုက်ပါသည်။ Helmet ဆောင်းရမှာမို့ သေချာဖြီးထားလည်း ကောကျက်မှာပါပဲ။



Phone အပြာလေးကို ကိုင်လျက် တစ်ဖက်ခန်းကို တံခါးဖွင့်၍ ဝင်လိုက်ပါ၏။ အိပ်ရေးမဆောတတ်သည့် လူက ထောင့်မှာ ခွေခွေလေးဖြစ်နေပြီး စောင်အောက်မှာ ခြေထောက်နှစ်ချောင်းက ဒူးနားထိ ပေါ်နေတာပါ။ ဘောင်းဘီစကဝတ်အိပ်တာမို့ တော်ပါသေးရဲ့။ ခြင်ထောင်ကြိုးတို့ကို ဖြုတ်၍ ဖယ်ချိန်အထိ ကောင်လေးက တုတ်တုတ်မျှမလှုပ်ပါလေ။

"ကောင်လေး"

"ကောင်လေး"

ခပ်တိုးတိုးခေါ်နေပေမယ့် မနိုးတာမို့ သူ့ခြေမကိုကိုင်ပြီး လှုပ်နှိုးလိုက်မိပါ၏။ ပထမတော့ မနိုးပေမယ့် 'ထက်' အသံကြောင့် မျက်လုံးတို့က ဖျတ်ခနဲ ပွင့်လာလေတော့သည်။ အိပ်ချင်မူးတူးပုံစံလေးက တကယ့်ကလေးလေးလိုနှယ်ပါလေ။

"အင်း . . . 'မ' "

"ထတော့လေ"

"ဟိုကောင်တွေရော"

"ရေချိုးနေပြီ"

"ကျွန်တော့်ကို မနိုးပါလား"

"ဒါကြောင့် လာနိုးတာပေါ့။ မြန်မြန်လုပ်လေ၊ ဒါတွေထားခဲ့ . . . ရော့ phone "

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး 'မ' "

စောင်ခေါက်ရန် ပြင်နေသဖြင့် တားလိုက်ရပါ၏။ သူ ထွက်သွားတော့မှ ခြင်ထောင်ကို ဖြုတ်လိုက်ပြီး ခေါက်ကာ အိပ်ရာကိုပါ ပြင်ပေးလိုက်ရပါလေသည်။ လုံးထွေးနေပါသည့် စောင်တို့ကိုပါ ခေါက်လိုက်ပြီး ခေါင်းအုံးတို့ကို ထုရိုက်၍ ပြန်ဖောင်းစေလိုက်ပါ၏။

'ထက်' အိပ်ခန်းထဲမှ ယူစရာရှိတာကို ဝင်ယူပြီး အောက်ထပ်သို့ ဆင်းလာစဉ် အလတ်ကောင်တို့အုပ်စုက အလုအယက် ပြေးတက်လာကြလေသည်။ လက်ဖက်ရည်ဆိုင်ကို ကြိုပြီးသွားထိုင်ချင်ပေမယ့် ဆိုင်ကာယ်နှင့် တစ်ခါတည်း ခေါ်သွားရမှာမို့ မဖြစ်ပါလေ။

"သမီးကြီးရေ"

"ရှာ ... ဖေဖေ"

"ဟိုရောက်ရင် ဖေဖေ့ဖို့ ဆေးမြစ်လေး ဝယ်လာပေးပါဦး။ ဖေဖေ့သူငယ်ချင်းလည်း မှာထားလို့ များများဝယ်လာခဲ့ပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဆိုင်ကာယ်ကို ဖြည်းဖြည်းမောင်းကြနော်။ ဟိုကလေးက ကြောက်တတ်ပုံရတယ်"

"နေပြောနောက်ကြည့်" ဆိုသည့်အတိုင်း ဖေဖေ့နောက်မှ ရောက်လာသည့် 'တူနိုင်းခ' က သူ့အကြောင်းပြောနေမှန်းသိသဖြင့် ပြုံးပြနေလေသည်။ ဖေဖေလည်း သူ့ကို သားတွေလိုပင် သဘောထားတာမို့ သဘောကျပြီး ရယ်လိုက်လေ၏။ ရေလဲပုဆိုးလေးဖြင့် တဘက်ခြုံထားသည်က ရယ်စရာဖိုကောင်းနေတယ် မဟုတ်လား။



"မြန်မြန်လုပ်လေ သားရဲ့။ အအေးမိနေဦးမယ်။ အော! ... ငါလည်း ဆေးကျောင်းသားကို ဆရာလုပ်မိပြန်ပြီ"

"ရပါတယ် ဦးရဲ့၊ စောင့်ဦးနော် 'မ' "

"အင်းပါ"

"ခေါ်ပုံကလည်း အဆန်းပဲ။ 'မ' တဲ့။ ကောင်းရောကွာ"

"ဖေဖေနော် ... ကလေးတွေနဲ့အပြိုင် ထက်ကိုလိုက်မစနဲ့"

"ငါ ဘာမှမပြောရသေးပါဘူး"

"ပြောမှာစိုးလို့ ကြိုပြောထားတာလေ"

"ဟိုကလေးကလည်း စလို့ကောင်းတာကိုး သမီးရဲ့"

"အရှုပ်မှမဟုတ်တာ မစနဲ့"

"ကျွန်တော်တို့ အရင်သွားနှင့်ပြီ မထက်။ ဆိုင်မှာစောင့်မယ်နော်"

တွေ့လား။ တမင်တကာကို နှစ်ယောက်တည်းဖြစ်အောင် လုပ်ပြန်လေပြီ။ ဟိုကောင်လေးကလည်း ဘာလုပ်လုပ် အေးအေးဆေးဆေးနှင့် ကြာတတ်တာ အကျင့်ထင်ပါရဲ့။ စိတ်မြန်လက်မြန်ဖြစ်သည့် 'ထက်' နှင့်တော့ စိတ်မရှည်ချင်စရာပါလေ။ တစ်အောင့်လောက် ကြာလေမှ ဆင်းလာလေ၏။

Sport shirt အဖြူလေးနှင့် style pants အပြာရင့် ဝတ်လာတာမို့ 'ထက်' နှင့် ဆင်တူနေပါသည်။ 'ထက်' ၏ Jeans ကလည်း အပြာဝင်မဟုတ်ပါလား။ နေပူမှာဟုပြောထားသဖြင့် ဂျာကင်အကီရောင်လေးကိုတော့ အပေါ်မှထပ်ဝတ်လာလေ၏။ Show က

www.burmeseclassic.com



တော့ အပြည့်ပါပဲလား 'တုနှိုင်းခ' ရယ်။

"ပြီးပြီ 'မ' "

"သွားကြစို့"

Helmet ကိုပေးလိုက်ပြီး အိမ်မှထွက်လိုက်ပါ၏။ အိမ်ရှေ့ ထုတ်ထားပါသည့် ဆိုင်ကယ်ကို တွန်းထုတ်ခဲ့ပြီး ကားလမ်းသေးရောက်မှ စက်နှိုးလိုက်ပါသည်။ သူတာက်ထိုင်ပြီးမှသာ အသာလေး မောင်းထွက်လိုက်၏။ လက်ဖက်ရည်ဆိုင်မှာ မောင်တွေက ရယ်ရယ်မောမော ဖြင့် ပျော်နေလေသည်။

"ဟော! ... ကြည့်ကြပြန်ပြီ"

"ဘာကိုလဲ"

"နှိုင်းခကို လှည့်ကြည့်တဲ့ ကောင်မလေးတွေကိုပြောတာ (၁၀) ယောက်ကျော်ပြီ"

သူက ဘာမှမပြောဘဲ ပြုံးစိစိဖြစ်နေလေ၏။ ဒီလိုပဲ ဖြစ်နေကျပဲထင်ပါရဲ့။ စားသောက်ပြီးစဉ် အငယ်ကောင်က အလောင်းအစား အတိုင်း ဗိုင်းကို ငွေရှင်းပေးလေသည်။ အုပ်စုထဲမှာ 'အာကာအောင်' က Boss ပင် မဟုတ်ပါလား။

"သွားကြမယ်"

"တွေ့လား ... ငါနိုင်ပြန်ပြီ"

"ဘာကို လောင်းပြန်ပြီလဲ"

"နှိုင်းခကို မထက် ၂ ဝင်ပြီး အရင်ဆုံးထရပ်လိမ့်မယ်လို့"

"အဲဒီလိုထင်နေရင်လည်း အငယ်ကောင်နဲ့ သူ လိုက်စီး



ပါစေ။ သုတာက တို့နဲ့လိုက်စီး။ ဖြစ်တယ် မဟုတ်လား"

"ဘယ်ဖြစ်မှာလဲ။ ကျွန်တော် 'မ' နဲ့ပဲ စီးမှာ"

"စီးပါကွာ ... စီးပါ။ ငါ မလုပ်ပါဘူး"

"အဲဒါကြောင့် မနိုင်သီချင်းပေါက်တာ"

"ဘာသီချင်းလဲ ဝဏ္ဏ"

"ချစ်ခြင်းကို မခွဲပါနဲ့ ++ ချစ်ခြင်းကို မခွဲကြပါနဲ့"

"ပေါက်ဖတ်ကရတွေ လျှောက်ပြောရင် မလိုက်ကြနဲ့။ နတ်ကြီးတဲ့ခရီးလမ်းကိုနော်"

"ဝိတ်ပြီ ... ဝိတ်ပြီ ... ပါးစပ်"

ဆိုင်ကယ်သုံးစီးမို့ 'ဝဏ္ဏ' နှင့် 'သုတ' က အတူစီးပါ၏။ 'အာကာ' က တစ်ယောက်တည်းဖြစ်ပြီး 'တုနှိုင်းခ'က 'ထက်' ဆိုင်ကယ်ဖြင့် လိုက်စီးလေသည်။ နံနက်စောစော အလင်းပြုပြုမှာပင် ပုပ္ပားသို့ ထွက်ခဲ့ပါ၏။ ဆိုင်ကယ်နှင့်မို့ မြန်ပြီး ခရီးလည်းတွင်ပါသည်။ ဓာတ်ပုံရိုက်ချင်သည့်နေရာမှာ ရပ်လျက် phone ဖြင့်ပင် ရိုက်ဖြစ်ကြလေ၏။

"Phone တွေ၊ ပိုက်ဆံအိတ်တွေ သတိထားနော်"

"ဘာဖြစ်လို့လဲ"

"မျောက်တွေက အစာထင်ပြီး လုတတ်လို့"

ချာတိတ်တွေကို သတိပေးပြီး တောင်ခြေမှာရပ်လိုက်ပါ၏။ 'ဝဏ္ဏ' တို့သုံးဦးက တောင်ပေါ်တက်ကြသော်ငြား 'တုနှိုင်းခ' က အမြင့်ကြောက်တတ်၍ လိုက်မသွားဖြစ်ပါ။ နတ်ကွန်းကို ဝင်ကန်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြီး မျောက်တွေကို အစာဝယ်ကျွေး အလှူပြုပြီးမှ နေရောင်ခြည်နွေးနွေး ရသည့်နေရာကို ရွှေ့လျက် ထိုင်ဖြစ်ကြလေ၏။

"နတ်ကြီးတဲ့နေရာလို့ ဘာလို့ပြောသလဲဟင် 'မ' "

"နတ်တွေ စံပျော်ရာတောင် ဖြစ်လို့ပေါ့။ သိချင်လို့လား"

"အင်း"

"ရာဇဝင်ခင်းရတော့မယ် ထင်တယ်"

"ပြောပြပါ 'မ' ရဲ့"

" 'မ' တို့ ပုဒ္ဓဘာသာအိမ်တွေမှာ ကိုးကွယ်ကြတဲ့ နတ်တွေ ရှိတာ နှိုင်းလည်းသိမှာပါ"

"ဟုတ်ကဲ့"

"ခြံဝင်းထဲမှာထားတဲ့ နတ်စင်ဆိုတာမျိုးလည်း ရှိကြတယ်။ အိမ်ခေါင်းရင်းတိုင်မှာ နတ်စင်ထားပြီး နတ်အုန်းသွဲ့ထားကြတာလည်း ရှိတယ်။ ရေလမ်းခရီးသွားကားနီး ပင့်ကြတဲ့ နတ်ဆိုတာလည်း ရှိတယ်။ အခုက ပုပ္ပားနဲ့ဆိုင်တာကိုပဲ ပြောမှာပါ။ ပုဂံရာဇဝင်မှာ သူ့ရဲ့ကောင်း လေးယောက်ရှိတာ မှတ်မိရဲ့လား"

"သိတယ် 'မ'၊ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီးလေ"

"ဟုတ်တယ်။ အနော်ရထာမင်းလက်ထက်မှာ ဗျတ်ဝိ ဗျတ္တ ဆိုတဲ့ ညီနောင်နှစ်ပါးရှိခဲ့တယ်။ အဲဒီညီနောင်နှစ်ပါးဟာ ပင်လယ် သင်္ဘောပျက်ပြီး သထုံပြည်ကို ရောက်လာတာ၊ သထုံမင်းဆရာတော် က ကယ်ပြီး ကျောင်းမှာထားခဲ့သတဲ့။ တစ်နေ့မှာ ဆရာတော်က



တောထဲလှည့်လည်တုန်း ဇော်ဂျီအသေကောင် (ဇော်ဂျီဝိဇ္ဇာသား) တွေ့တာနဲ့ ကောက်ပြီး ကျောင်းကိုယူလာခဲ့တယ်"

"အဲဒါကို ခိုးစားမိပြီး ဗျတ်ဝိတို့ညီနောင်နှစ်ပါးဟာ ခွန်အား ဗလကြီးပြီး လူစွမ်းကောင်းတွေ ဖြစ်လာသတဲ့။ ဒါကိုကြားတော့ သထုံ မင်းက အကြီးဖြစ်တဲ့ ဗျတ်ဝိကို ဖမ်းပြီးသတ်တယ်။ သူတို့စားထားတဲ့ ဇော်ဂျီသားကြောင့် လွယ်လွယ်နဲ့သတ်လို့မရတော့ ဗျတ်ဝိရဲ့ချစ်သူ မအိုဓာကို ကွမ်းတစ်ရာနဲ့ ရောတစ်မှတ်တိုက်ခိုင်းပြီး ဘုန်းကံနိမ့်စေကာ မှ သတ်လို့ရခဲ့သတဲ့။ ပြီးတော့ ဗျတ်ဝိရဲ့အလောင်းကို အပိုင်းပိုင်း ခုတ်ဖြတ်ပြီး သထုံမြို့ရိုးမှာ မြှုပ်ထားတာပေါ့။ အစ်ကိုက နတ်စိမ်းဖြစ် ပြီး အစောင့်အရှောက်လိုနေရချိန်မှာ ဗျတ္တကတော့ ပြေးတာ လွတ် မြောက်ပြီး အနော်ရထာမင်းဆီကိုရောက်တယ်"

"အနော်ရထာမင်းက သူ့ရဲ့ကောင်းမြှောက်လိုက်တယ်လေ။ 'မ' တို့ ငယ်ငယ်ကသိခဲ့တာ မိဖုရားအတွက် ပန်းဆက်ဖို့ ဗျတ္တက ဒီပုပ္ပားကို နေ့စဉ်လာရတာပါ။ တောင်ပေါ်မှာ မယ်ဝဏ္ဏနဲ့တွေ့ပြီး မေတ္တာမျှခဲ့ကြတာတဲ့။ ဒါကြောင့် 'မ' တို့လာတဲ့လမ်းမှာ ရှင်းလင်းနေ တဲ့ ဗျတ္တပန်းဆက်လမ်းဆိုတာရှိတာပေါ့။ သူတို့မောင်နှမကမှတစ်ဆင့် ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေးဆိုတဲ့ ရွှေဖျဉ်းညီနောင်သားတော်နှစ်ပါးကို ဖွားမြင်ခဲ့တာပဲ။ ခုနနတ်ကွန်းထဲမှာတွေ့ခဲ့တယ် မဟုတ်လား။ မယ်ဝဏ္ဏ ကွယ်လွန်တော့ ပုပ္ပားမယ်တော်ဖြစ်ပြီး သားတော်နှစ်ပါးနဲ့အတူ ကိုးကွယ် ကြတာလေ"

"အဲဒီ ရွှေဖျဉ်းညီနောင်ကို အနော်ရထာမင်းက မြေအရင်း

www.burmeseclassic.com

တွေ့လိုချစ်ပြီး အလိုလိုက်ခဲ့လို့ အရမ်းဆိုးခဲ့ကြသတဲ့။ မလုပ်သင့်တာ မှန်သမျှကို လုပ်ကြတယ်။ အဆိုးဆုံးက ဝါးရင်းတုတ်ရွာမှာ လင်ရှိ မယားကို စော်ကားမိလို့ ရွာသားတွေနဲ့ ပြဿနာဖြစ်ပါရော။ လက်လွန် ခြေလွန်ဖြစ်သွားပြီးမှ အနော်ရထာမင်းကြီးရဲ့ အချစ်တော်မြေးတွေမှန်း သိခဲ့ရပေမယ့် လက်လွန်ပြီးနေပြီလေ။ ဒါကြောင့် တောင်ပြုန်းမှာ ဘုရားတည်တော့ သူတို့ညီနောင်နှစ်ပါးရဲ့ တာဝန်လစ်ဟင်းမှုဆိုပြီး မင်းကြီးက အုတ်နှစ်ချပ်ကို ချန်လှပ်ခဲ့တယ်တဲ့။ တာဝန်မကျေလို့ အပြစ်ပေးခံရပုံနဲ့ပဲ စိတ်ဖြေလိုက်ပုံရပါတယ်''

''ဒါကြောင့် တောင်ပြုန်းပွဲဆို အရမ်းစည်တာကိုး''

တောင်ပေါ်မှဆင်းလာကြပြီမို့ ပြန်ရန်ပြင်ရလေ၏။ 'ထက်' ပြောသည့်အတိုင်း ဗျတ္တဝန်းဆက်လမ်းနေရာမှာ ဓာတ်ပုံရိုက်ကြပါသည်။ ဖေဖေမှာလိုက်သည့်ဆေးကို အငယ်ကောင်ပင် ဝယ်လာပြီမို့ သိပ်ပြီးနေမပူခင် အိမ်ပြန်ခဲ့ကြပါ၏။ ဆိုင်ကယ်ပေါ်တက်ခါနီး 'တူနှင်းခ' က 'ထက်' ကို ခပ်တိုးတိုးပြောလိုက်လေသည်။

'' 'မ' က စကားပြော အလွန်ကောင်းတာပဲ'' တဲ့လေး ကျေးဇူးပါရှင်။

❋

(၂၅)

ကောင်လေး ဆိုင်ကယ်စီးတာ ကြောက်တယ်ဆို၍ လမ်းကြမ်းသည့် ပုဂံညောင်ဦးဘုရားဖူးရန်အတွက် ဖေဖေ့ကားကိုသာ ယူခဲ့ရလေ၏။ ကားဖြင့်သွားကြတာမို့ မောင်တွေအကုန်လုံး ရှပ်အင်္ကျီနှင့် ပုဆိုးတွေ ဝတ်လာသဖြင့် 'ထက်' သည်း Jeans မဝတ်ဖြစ်တော့ဘဲ လုံချည်ဝတ်ရတော့တာပါ။

''အရုဏ်ဆွမ်းကပ်မယ်ဆို ... Hotel ငှားရှိုးမှာလား မထက်''

''အေးပေါ့၊ ရောက်မှတော့ ဒီကုသိုလ်မျိုး မယူဖြစ်ရင် ဘာလုပ်မှာလဲ။ အလိုတော်ပြည့်ဘုရားမှာ အခမ်းနားဝင်ဆုတောင်းကြဦးမှာလား''

''ဂါထာမှ အလွတ်မရတာ''

''မထက်ရေးထားတာရှိတယ်လေ၊ ယူခဲ့မှာပေါ့။ ဟုတ်ီး ပါလာကြရဲ့လား''

www.burmeseclassic.com

www.burmeseclassic.com



“ ‘မ’က ခဏခဏရောက်တာဆိုတော့ ကုသိုလ်တွေ တော်တော်ရမှာပဲနော်”

သူ့စကားကြောင့် အားလုံး ရယ်ကြရလေ၏။ ဖယောင်းတိုင်အမွှေးတိုင်တို့ကိုပါ မမေ့မလျော့ပါစေရန် သယ်ခဲ့ရပါသည်။ ‘ကိုကို’တို့ကို ပို့ပေးစဉ်က အစီအစဉ်တကျ မဖြစ်ခဲ့၍ ပိုပင်ပန်းခဲ့ရလေ၏။ ဒီတစ်ခါတော့ မောင်တွေပါ ပါလာသဖြင့် အချိန်မကုန်စေရန် ဂရုစိုက်ပြီး ဘုရားဖူးပို့ဆောင်ရမှာပါ။

မောင်ရှည်းမှာပါလား ‘ထက်မြက်ချို’။

“ဘယ်သူ့မောင်းမှာလဲ”

“ကျွန်တော်”

“ဒါဖြင့် ရှေ့မှာ မထက်ထိုင်မယ်”

သူမျက်နှာတည်သွားရပါ၏။ သူငယ်ချင်းတွေနဲ့ ထိုင်မှဖြင့် ပေါက်ကရတွေသာ ပြောဖြစ်တော့မှာလေ။ ‘မ’ ပင်ပန်းမှာစိုး၍ ညီလေး ‘အာတာ’က ကားမောင်းပေးတာမို့ နောက်ခန်းမှာ သူတို့သုံးယောက်သာ ထိုင်ရတော့မှာ မဟုတ်လား။ ဒီနေ့မှ လုံချည်ဝတ်ဖြစ်တဲ့ ‘မ’ ရဲ့ လှလှလေးကို ကြည့်ခွင့်တောင်မရပါလားနော်။

“လိုလိုမယ်မယ် အဝတ်နှစ်စုံလောက်တော့ ထည့်လာကြနော်”

“ဟာ! မျက်နှာက ဘာဖြစ်နေတာလဲ”

“ဘာဖြစ်လို့လဲ”

“ဘုရားဖူးပါမယ်ဆိုမှ သုန်မှုန်နေတာပဲ”



“ဗိုက်မဝလို့လား”

“မဟုတ်ပါဘူး”

ဗိုက်မဆာစေရန် ‘ချို’က သူတို့ကို ပဲပြုတ်နှင့် ထမင်းကြော်ကျွေးပြီးမှ သွားခိုင်းတာပါ။ လက်ဖက်ရည်လည်း ဝင်သောက်ခဲ့သေးတာမို့ ဒီဗိုက်က မပြည့်ဘဲ ဆာပါတော့မလား။ ကားနောက်ဖုံးထဲအိတ်တွေထည့်နေသည့် ‘မ’ က သူ့ကိုလှည့်ကြည့်လိုက်လေ၏။ လုံချည်ပျော့ပျော့လေးနှင့် blouse အဖြူလေးက ခပ်ပါးပါးကိုယ်ခန္ဓာထက် ချပ်ချပ်ရပ်ရပ် ရှိနေပါသည်။ ဒီလိုလည်း ဝတ်တတ်သားပါပဲ။

“တက်နှင့်လေ”

“ ‘မ’က နောက်မှာမထိုင်ဘူးလား”

“ဘုရားဖူးရင် လမ်းကြောင်းကို ‘မ’ ပဲ သိတာလေ နှင်းရဲ့။ အဲဒီတော့ ‘မ’ ပဲ အစီအစဉ်တိုင်းမောင်းရမှာ။ နောက်မှာထိုင်ဖြစ်မှာမဟုတ်ဘူး”

“အဲဒါဆို ပျင်းစရာကြီးဖြစ်နေမှာပေါ့”

“ဩော် … သူငယ်ချင်းတွေနဲ့ အတူတူထိုင်ရတာပဲကို”

“မတူဘူးလေ”

“ငါ့အစ်မမောင်းရင် ရှေ့ခန်းမှာ မင်းထိုင်ပါ နှင်းခရာ။ အခုအတည်းက မထက်ကို ဂိုက်ပြနေပြီ။ ဒီကောင်တော့ မလွယ်ဘူး”

“မင်းကလည်း”

“နှင်းက မထက်ပြောပြမယ့် ရာဇဝင်သမိုင်းတွေကို ကြားချင်သိုပါတယ်။ အကောင်းမြင်တတ်စမ်းပါ”

www.burmeseclassic.com



"ငါသိပါတယ် သာလီကာရယ်"

"နှိုင်းခက သာလီကာဆို မင်းက ဘာငှက်လဲ"

"လင်းတဖြစ်မယ်"

"ဘာကွ"

"အငယ်ကောင်က နှုတ်ပြည့်စုတ်၊ မထက်က ကြက်တူရွေး သုတ ကချိုး၊ ငါက မို့ အဲ! မကောင်းဘူး"

အလတ်ကောင် စကားများတောကို ရယ်ကြပြန်လေ၏။ ကလေးတွေနှင့် သွားတာက ပို၍ စိတ်လွတ်လပ်ပြီး ပျော်စရာကောင်းလေသည်။ 'ကိုကို' တို့နှင့် သွားတုန်းကဖြင့် တိတ်ဆိတ်ငြိမ်သက်နေတာလေ။ 'ဝဥ္စာ' ပြန်လျှင်တော့ 'ကိုကို' ပေးထားသည့် ပစ္စည်းကို မဖြစ်မနေ ပြန်ပေးရမှာပါ။

"မထက် ငြိမ်လှချည်လား"

"အင်း . . . အမေကြီးတို့အိမ်ကရော၊ ဆရာဦးခင်မောင်ရှိပါ ညည်သည်တွေကို ထမင်းစားဖိတ်ထားတာ မမေ့ကြနဲ့ဦး"

"ညည့်ပွဲမြောင်တွေရော မပါဘူးလား"

"အစ်ကိုအိမ်ကလည်း ဖိတ်ထားသေးတယ်လေ"

"အဲဒီအိမ်ကိုတော့ 'မ' သွားမှ သွားဖြစ်မယ်။ 'မ' မသွားရင် ကျွန်တော် မသွားဘူး"

"ဩော်! . . . အထာလေးတွေရှိတယ်ပေါ့"

"မြို့တွင်းဘုရားတွေ ဖူးဖို့လည်း ရှိသေးတယ်။ ပြီးတော့ မထက်တို့မြို့ဓလေ့ကို လေ့လာချင်သေးတယ်ဆို"



'ကိုကို' အကြောင်း စလာတော့မည်မို့ စကားစဖြတ်ရင်း လှည့်ပြောလိုက်ပါ၏။ သုံးယောက်အလယ်မှာရှိနေသည့် ကောင်လေးက အခုမှပင် ပြုံးပြဖော်ရလေတော့သည်။ ရော်! ဒါက 'ထက်' နှင့် စကားမပြောရလို့ မကျေနပ်တဲ့ပုံပေါ့။ အိမ်မှာ အဘယ်မျှ အလိုလိုက် ခံထားရသည့် ကလေးလေးပါလိမ့်။

ညောင်ဦးအဝင်မှာ 'မ' က ကားစမောင်းပြီမို့ သူက ရှေ့ခန်းကို ပြောင်းထိုင်ခွင့်ရလေ၏။ အခုမှ စိတ်ရောလူပါ သက်သာချောင်ချိသွားရတာမဟုတ်ပါလား။ ဒီနေရာလေးယူတာတောင် ကောင်းကောင်းမရပါ။ နောက်ကနေ ဖက်ပိုးအုပ်ကြတာ၊ ခေါင်းထုတာတို့ကို ခံရလေသည်။ မနာလိုရှိလိုက်ကြတာနော်။

"မြတ်စွာဘုရားရဲ့ ဗျာဒိတ်တော်ထဲက ပေါက္ကံပြည်ဆိုတာ ရှိခဲ့တယ်။ မဇ္ဈိမဒေသကနေ ဒေသစာရီ ကြွချီတော်မူပြီး ဒီအရပ်ကို တန့်ကြည့်တောင်ဖျားပေါ်ကနေ ကြည့်ရှုတော်မူခဲ့တာပေါ့။ ပေါက်ပင်မှာ ဖျင်းဖြူနဲ့ကျီးညိုတစ်ကောင်ရှိပြီး ပေါက်ပင်ခွကြားမှာ လျှာနှစ်ခွနဲ့ ဖွတ်ပြိတ္တာတစ်ကောင်ကို တွေ့တယ်။ ပေါက်ပင်ခြေရင်းမှာက ဖားငယ် ဖယ်နေတာကို တွေ့ခဲ့သတဲ့။ ဒီတော့ မြတ်စွာဘုရားက ဒီအရပ်မှာ တိုင်းပြည်တစ်ပြည်ပေါ်လာလိမ့်မယ်။ ဉဖျင်းနဲ့ကျီးညို အလိုအရ ဒီအရပ်မှာ အလှူအတန်းပြုသူ၊ သီလသီတင်းစောင့်သူများပြီး အကျင့်သီလပျက်သူ၊ ဒုသီလတွေလည်း များလိမ့်မယ်တဲ့။ ဖွတ်ပြိတ္တာအလို အရတော့ ဒီတိုင်းပြည်မှာနေသူတွေက လယ်ယာမလုပ်တဲ့ အရောင်း အဝယ်အလုပ်နဲ့ အသက်မွေးကြမယ်၊ ဒါကြောင့် မမှန်သောစကားကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြမယ်။ သစ္စာလည်း ယိုယွင်းကြမယ်တဲ့လေ။ အဲဒါနဲ့ပဲ သမုဒ္ဒရာမင်းက သာသနာသက္ကရာဇ် (၆၅၁) ခုနှစ်မှာ ပုဂံပြည်ကို စတည်ခဲ့တာပဲ”

“မြတ်စွာဘုရား ဗျာဒိတ်တော်ခြွေစဉ်က မြတ်စွာဘုရားကို နေပူမှာစိုးပြီး နောက်ကနေ ကြာသုံးရွက်မိုးပေးခဲ့တဲ့ တောစောင့်ဘီလူး ရှိခဲ့တယ်။ သူ့ကို မြတ်စွာဘုရားက ဒီပုဂံပြည်ကြီးပေါ်ပြီးတဲ့နောက် လူဖြစ်ပြီး မင်းသုံးကြိမ်ဖြစ်လိမ့်မယ်လို့ ဗျာဒိတ်တော်ထားခဲ့လေရဲ့။ ဘီလူးကနေ လူဖြစ်လာမှတော့ ဘယ်လောက်ကြမ်းကြုတ်ရက်စက်လိုက်မလဲ တွေးကြည့်ပေါ့”

“အဲဒီမင်းတွေက ဘယ်သူတွေလဲ”

“ပုဂံမင်းဆက် (၅၅) ဆက်ထဲမှာ စလေငခွေးရယ်၊ နရသူရယ်၊ နရသီဟပတေ့ရယ်ပါ။ နရသူကတော့ ဖခမည်းတော် အလောင်းစည်သူမင်းကို လုပ်ကြံခဲ့တဲ့မင်းပါ။ တရုတ်ပြေးမင်းဆိုတဲ့ ဟင်းခွက်သုံးရာပြည့်မှစားတဲ့ နရသီဟပတေ့မင်းက သူ့မိဖုရားကို သံကျပ်စင်မှာ မီးတိုက်ပြီး သတ်ခဲ့တာဖြစ်ပြီးတော့ သူ့သားတော် သီဟသူက နရသီဟပတေ့မင်းကို အဆိပ်ကျွေးပြီး လုပ်ကြံခဲ့တာပါ”

“ဪ”

“ပုဂံမှာ စေတီတွေ စတည်ဖြစ်တာက သထုံကနေ ရှင်အရဟံ ကြွလာခဲ့ရာက စခဲ့တာပဲ။ ရှင်အရဟံ အုတ်ကျောင်းကို နိုင်ငံတို့ ဖူးရလိမ့်မယ်။ စွယ်လေးဆူမတည်ခင် အနော်ရထာမင်း တည်ခဲ့တဲ့ ဘုရားက ရွှေဆံတော်ပါ။ သထုံကိုသိမ်းပိုက်ပြီးတဲ့နောက် သထုံ



မနူဟာမင်းနဲ့ ပိဋကတ်သုံးပုံကို ဒီပုဂံထိ အနော်ရထာမင်းပဲ ပင့်ဆောင်လာခဲ့တာလေ။ သထုံကိုတိုက်တော့ အဲဒီတိုက်ပွဲမှာ ဗျတ္တပါခဲ့တယ်။ သထုံမြို့ရိုးမှာ သူ့အစ်ကိုကိုသတ်ထားပြီး စီရင်ထားတဲ့ အစီအရင်တွေကို သူပဲ ပင်လယ်ထဲ ပစ်ချပေးခဲ့တာပေါ့”

“ပုပ္ပားမှာ ‘မ’ ပြောခဲ့တာကို မှတ်မိတယ် မဟုတ်လား”

“ဟုတ်ကဲ့”

ပုဂံညောင်ဦးဘုရားတွေက အစုံအလင်များပြားလွန်းသဖြင့် ‘မ’ က Camera ယူလာပေးလေ၏။ ဘုရားအဆူဆူ ဖူးမြော်ရင်း ရာဇဝင်ရှင်းပြပုံက မောပန်းဟန်မရှိပါ။ ‘သုတ’ ကို ဓာတ်ပုံအမျိုးမျိုး (ဘုရားစေတီပုထိုးနောက်ခံဖြင့်) ရိုက်ပေးနေကြပေမယ့် သူကဖြင့် ‘မ’ အနီးမှာ နားထောင်သမားသက်သက် ဖြစ်နေလေ၏။

“ပုဂံမှာ guide လုပ်ပေးတဲ့ သူတွေရှိတယ်ဆို”

“ရှိတယ်၊ များသောအားဖြင့် ကလေးတွေက ကြားဖူးနားဝဖြင့်လို ကရားရေလွှတ် လျှောက်ပြောကြတာပါ။ အမှန်က ရှားတယ်။ အတယ့်အစစ်အမှန်ကိုသိချင်ရင် စာအုပ်ကိုင်ပြီး ဖတ်ရင်းသာ ကြည့်ဖူးပေတော့”

ငါးယောက်သား ဖြည်းဖြည်းမှန်မှန်ပင် လမ်းလျှောက်လှည့်လည်ပြီး ဘုရားဖူးဖြစ်လေ၏။ နေအတော်ပူသဖြင့် ရေဘူးတွေ အများကြီး ကုန်လေသည်။ ညောင်ဦးမှာတင် စေတီတော်တော်များများ ဖူးပြီး အချိန်က နေ့ဝက်ကြိုးလေပြီ။

“ဒါ . . . ဘာပင်လဲဟင်”

www.burmeseclassic.com

www.burmeseclassic.com



"ထနောင်းပင်လေ"

ပင်စည်မြင့်လွန်းပါသည့် ထနောင်းပင်ကြီးကို သူ မော့ကြည့်လိုက်ပါ၏။ ဒီမြေမှာက သစ်ရွက်တွေ ရှုပ်မနေပါဘဲ ပင်ခြေမှာ မြေပြင်ပြောင်ပြောင်လေးမို့ မျက်စိပသာဒ ဖြည့်နေတာ အမှန်ပါပဲ။ ဟိုဒီ ငေးရင်း ခြေလှမ်းကို ရွှေ့လိုက်ပါ၏။

"ရှုးမယ် . . . သတိထား"

"အား!"

'မ'က သူ့ကိုလှမ်းဆွဲလိုက်ပေမယ့် ခြေထောက်က နောက်သို့ နင်းမိပြီးသား ဖြစ်နေလေပြီ။ ကတ္တီပါဖိနပ် ဝတ်ထားပါသည့် ခြေဖမ်း၏ ဘေးနေရာပျော့ကို ကိုက်နေသည့်ဆူးခက်က တစ်ပေလောက် ရှိနေလေသည်။ အလို! သူတော့ ကုသိုလ်ရှာရင်း ကံဆိုးပါပေါ့လား။

"ဖုက္ခပါပဲ နှိုင်းရယ် . . . ထနောင်းဆူးက အဆိပ်သိပ်ပြင်းတာ"

"ကျွတ်! ကျွတ်! . . . နာလိုက်တာ"

"ငြိမ်ငြိမ်နေလေ၊ 'မ' ဖယ်ပေးမယ်"

ဆူးကစိုက်ဝင်နေသဖြင့် အထဲမှာ မကျန်ခဲ့စေရန် သတိထားပြီး ဖယ်ရလေသည်။ နွေနေပူပူမှာ သူ့ခြေထောက်မှ သွေးတွေဖြန်းခနဲ ပန်းထွက်လာလေတော့၏။ 'မ'က နေရာရွှေ့စေလျက် ... နောက်ပုံမှင့်ကာ ထိုင်စေပြီး ခြေထောက်ကို ရေဆေးပေးလေသည်။ ပြီးနောက် လက်ကိုင်ပဝါဖြင့် စည်းထားပေးပါ၏။

"ဆေးထည့်မှဖြစ်မယ်၊ ဒီနားမှာ ဆေးဆိုင်မရှိဘူး"



"ဘာဖြစ်လို့လဲ မထက်"

"ဒီမှာလေ . . . နှိုင်း ထနောင်းကိုင်းဆူးသွားလို့"

"များလား"

"နက်တယ်"

"ဒါဆို ဆေးဆိုင်အရင်ရှာရမှာပေါ့။ အဆိပ်တက်တော့မှာပဲ"

"နဂိုကမှ စိတ်ပျော့ရတဲ့အထဲ အနာကဖြစ်ပြီ၊ တုန့်နှိုင်းခတို့က တော့ စံပါပဲ"

"ကိုယ်ချင်းစာစိတ်ရှိပါကွ"

"မနောက်နဲ့လေ၊ သူများထိခိုက်မိတာကို"

"မထက်အတွက် body guard များဖြစ်မလား ထားခဲ့မိပါတယ်။ ပြောင်းပြန်ဖြစ်နေပြီ"

"လျှာရှည်တယ်ဟယ် . . . ပါးစပ်ပိတ်ထားစမ်းပါ"

ရှာရှားပါးပါး ဆေးဆိုင်ရှာပြီးမှ ပတ်တီးတို့ အရက်ပျံပုလင်းနှင့် အနာကျက်ဆေး အပါအဝင် သောက်ဆေးမှာလည်း အရောင်ကျမည့်ဆေး၊ အကိုက်အခဲပျောက်ဆေးတို့ကို စေ့စေ့စပ်စပ် ဝယ်ပေးပြီး ခြေထောက်ကို ဆေးထည့်ပတ်တီးစည်းပေးလေသည်။ ဆူးက တစ်ပေါက်တည်းမဟုတ်ဘဲ နှစ်ခုဖြစ်နေသဖြင့် ပိုဆိုးသွားပုံပါ။

"တောင့်ထားရဲ့ဘော်၊ မနက်ဖြန် ဖွယ်တော်လေးဆွမ်းရှိန်းမှာ"

"မဖျားပါစေနဲ့ ဆုတောင်းကြ"

'အလိုတော်ပြည့်ဘုရား' မှာ အဓိဋ္ဌာန်ဝင် ပုတီး (၉) ပတ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ခဲ့ကြပြီး 'မ'က ပြတိုက်ရောက်မှ ဘုရားဆင်းတုတော်အစစ်ရှိတာကို ပြောပြပါ၏။ ပြတိုက်စောင့်ဝန်ထမ်းကိုမေးပြီးမှ မူလ 'အလိုတော်ပြည့်ဘုရား' ကို ဖူးမျှော်ခွင့်ရလေသည်။

နေ့ခင်း (၂)နာရီခန့်မှာ ထမင်းစားကြပြီး Hotel မှာ နားကြပါ၏။ ညနေဘက် တစ်ခေါက်ထပ်ထွက်ဖို့ စီစဉ်ကြပြီး တစ်ရေးအိပ်ကြစဉ် သူက သုတနှင့်တစ်ခန်း၊ 'ဝဇ္ဇာ'တို့ ညီအစ်ကိုက တစ်ခန်း၊ 'မ' ကတစ်ခန်းယူထားဖြစ်လေသည်။ နေပူတာရော ပင်ပန်းတာပါပေါင်းပြီး အနားရှိန်ကြောင့် မျက်လုံးတွေပါ ပူလာလေတော့၏။

အာခေါင်ထဲခြောက်ကပ်ကာ ရင်ပူလာပြီမို့ သူ ဖျားပြီမှန်း သိလိုက်ပါသည်။ အိပ်ရာထက်မှာကွေးပြီး ငြိမ်နေပေမယ့် ဘေးမှာအိပ်နေသည့် 'သုတ' က မသိပါလေ။ အတူခရီးပန်းတာမို့ မောမောနှင့် အိပ်ကြပြီးနောက် ညနေ (၅) နာရီကျော်မှသာ သူဖျားတာကိုသိပြီး ကျွတ်ကျွတ်ညံကြတော့တာပါလေ။

❀

(၂၆)

နဖူးကိုလာထိလိုက်ပါသည့် အေးစက်စက်လက်တစ်စုကြောင့် ခုမိတ်ထားပါသည့် မျက်လုံးတို့ကို အားယူ၍ ဖွင့်ကြည့်လိုက်ပါသည်။ မြင်ချင်သည့်မျက်နှာလေးကို တွေ့လိုက်ရသဖြင့် ယဲ့ယဲ့မျှ ပြုံးလိုက်မိ၏။ ခင်ထဲမှာမေးပြီး အားမရှိဘူး 'မ' ရယ်။

"ကိုယ်နွေးတုန်းပါပဲလား နှိုင်းရယ်။ ဘုရားဆက်ဖူးနိုင်ပါ့မလား"

"အင်း"

"ဒီနေ့ပူလို့ ဆက်တိုက်မဖူးနိုင်ရင်လည်း ဒီနေ့လိုပဲ နေ့ခင်းခြားနားပြီး ညနေမှ ဆက်ဖူးကြမယ်လေ။ Hotel ကို နှစ်ရက်စာ ငှားချလိုက်မယ်"

"ဟိုကောင်တွေပြောတော့မှာပဲ"

"မပြောပါဘူး ... နှိုင်းက လူနာပဲဟာ။ လူနာကို ဦးစားပေးရမှာပေါ့"

www.burmeseclassic.com



"လူနာ မဟုတ်ပါဘူး"

"ခြေထောက်နာပြီးဖျားတဲ့လူက လူနာမဟုတ်လို့ ဆရာဝန်လား"

"ဆေးကျောင်းသားပါ"

"ကြွားပြန်ပြီ"

'မ' က အပြုံးချိုချိုလေးဖြင့် ပြုံးပြလေ၏။ ဆေးကျောင်းသားကသူများကို မကူညီပါဘဲ လူနာဖြစ်ရတယ်လို့။ ဒေါ်သတွက် စိတ်တိုလွယ်သည့် 'မ' က သူ့ကို ဘယ်လိုကြောင့်များ စိတ်ရှည်ပြီး ပြုစုနေရပါသလဲ။ ဒဏ်ရာဖြစ်သွားတာကပင် သူ့အတွက် ကံကောင်းစေသေးသလား။

"ဘယ်လိုလဲဟေ့ ... လိုက်နိုင်ပါ့မလား"

"နှိုင်းခကတော့ ခံမဲ့လိုပြီထင်တယ်။ နဂိုကတည်းကမှ ချူချာလွန်းလို့ သူ့အမေ အဆောင်လုပ်ပေးထားတာတောင်မှ ဒီလိုဖြစ်ရတယ်လို့"

"ဟုတ်လား။ ဘာအဆောင်လဲ"

"ဒီမှာ"

လည်ပင်းမှာဆွဲထားပါသည့် ရွှေကြိုးမှ ကြုတ်လေးကိုပြလိုက်မိလေ၏။ 'မ'က ကိုင်မကြည့်ပါဘဲ ခေါင်းသာညိတ်ပြလေသည်။ ဘာလဲ စိတ်မဝင်စားတာလား။ ဒီပစ္စည်းလေးကို မြင်တိုင်းအတွင်းမှာ ဘာရှိသလဲဟု စပ်စုချင်ကြတာလေ။ သူငယ်ချင်းများအကုန်စုပြုံရောက်နေပြီမို့ သူ ထထိုင်လိုက်ရတော့၏။



"အထဲမှာ ဘာရှိလဲ မသိချင်ဘူးလား"

"နဂါးရုပ်လေးရှိမှာပေါ့"

"ဟာ! 'မ' က ဘယ်လိုသိနေတာလဲ"

"မင်းပဲ စနေသားဆို"

"မင်းလို့ပြောပြန်ပြီ"

"ဟာကွာ! ဒီကောင်ကတော့ သဘာလိကာကနေ နိဘဝ ပြောင်းပါပေါ့လား"

"ရေချိုးလိုက်လေ၊ ရေနွေးနွေးလေးနဲ့ချိုး။ ခြေထောက်အနာကို ရေမစိုစေနဲ့"

"ရေချိုးမှတော့ စိုမှာပေါ့ 'မ' ရဲ့"

"မစိုအောင် ကြံဖန်ပေါ့ မောင်ရဲ့၊ ဟုတ်တယ်။ တစ်ခါတည်း ထမ–မန်း၊ အမြင်ကပ်လာပြီ"

'ဝဇ္ဇာ' က သူ့ကိုဝင်နှောက်ယှက်လိုက်ပြီး Plastic အိတ်ကို ခြေထောက်မှာ စွပ်ပေးကာ ရေမဝင်စေရန် သေချာစည်းပေးလေ၏။ ငြိမ်းငြိမ်းချမ်းချမ်းထရပ်ကာ ရေချိုးခန်းသို့ဝင်စဉ် 'ဝဇ္ဇာ' ထံမှ အသံထွက်သာပြန်လေသည်။ ဒီကောင်က မပြောရဲတာ မရှိဘဲ မျက်ခွက်ပြောင်သွန်းသည့်ကောင်ဖါလေ။

"ခုမှ ကယ်ပါ ဖြစ်နေပြီ"

"ဒွန်းစဏ္ဍားလို့ပြောပါ ကိုကိုရာ"

"ဘာလဲ ... ဒွန်းစဏ္ဍား"

"ဟင်း ဟင်း ... သူတောင်းစားလို့ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ... ဒီကောင်လေးတွေတော့။ တံခါးပိတ်တော့လေ နှိုင်းရဲ့၊ မြန်မြန်ချူး"

တံခါးဟာထားရင်း သူမေးကာမှ ပိုဆိုးတော့၏။ စမုန်းသိပေမယ့် 'မ'က မကြိုက်သလို တားမြစ်လေသည်။ ရေချိုးရေအေးပိုက်ကို ဖွင့်လျက် ရေနွေးမှသာ ရေချိုးဖြစ်ပါ၏။ အဝတ်အစားအနည်းငယ်သာ ထည့်လာသဖြင့် ပုဂံအမှတ်တရ T-shirt အေးအေးလေးတွေ ဝယ်ဝတ်မှဖြစ်မည် ထင်ပါသည်။ သူ ရေချိုးပြီးထွက်လာတော့ အခန်းထဲမှာ မည်သူမျှ မရှိကြတော့ပါချေ။

အဝတ်အစားလဲရင်း phone ခေါ်လိုက်ပါ၏။ ဆံပင်ရှည်ရှည်လေးနှင့် 'မ' ၏ဓာတ်ပုံကို viber ဖြင့် ပို့ပြီး phone နံပါတ်ပေးထားသည့် သူငယ်ချင်း 'ဝဇ္ဇာ' ကို စိတ်ထဲမှ ကျေးဇူးတင်မိလေသည်။ စကားနိုင်လုတာက လုတာပေါ့နော်။ သူငယ်ချင်းက သူငယ်ချင်းပါပဲ။

"ဟဲလို"

"'မ' က မစောင့်ဘူးလားဗျာ"

"အလိုတော် ... မှကြိုကလေးလည်းမဟုတ်ဘဲ စောင့်စရာလား။ အားလုံး အောက်မှာစောင့်နေတာပဲကို"

"ခြေထောက်နာနေတယ်လေဗျာ"

"နာနေပြန်ပြီလား။ သွေးတွေ ထပ်ထွက်လာလို့လား။ ရေမစိုစေနဲ့လို့ 'မ' ပြောတယ်လေ။ ပတ်တီးဖြည်လိုက်လို့လား"

"တားမပေးလိုက်မယ် နှိုင်းခရေ၊ ခုတ်သာဖြတ်လိုက်"

'မ'က စိုးရိမ်တကြီး မေးဖော်ရပေမယ့် ဘေးမှကောင်တွေက



သူကြားအောင် တမင်လေသံမြှင့်ပြီး ပြောနေတော့တာပါလေ။ နေနှင့်ဦးပေါ့။ အလှည့်ကျရင်မနွဲ့စတမ်းပေါ့ သူငယ်ချင်းတို့ရယ်။ အခန်းတံခါးကို သော့ပိတ်လျက် corrider သို့ထွက်လိုက်ပါ၏။ Lift ရှိရာသို့ ဖြည်းဖြည်းချင်း လျှောက်လာစဉ် သူ့အနီးမှ ကောင်မလေးတစ်အုပ် ဖြတ်လျှောက်သွားကြလေသည်။ Lift ထဲမှာ ဆုံကြဦးမည် ထင်ပါရဲ့။

"တစ်ယောက်တည်းလား"

"သနားပါတယ်ဟယ်"

မကြားတကြား စနောက်သွားကြသည့် အုပ်စုနှင့် တကယ်ပင် ဓာတ်လှေကားထဲမှာ ဆုံလေ၏။ သူက နဂိုကတည်းက အေးအေးသာ နေတတ်သဖြင့် ကောင်မလေးတွေစတာကို ပြန်မပြော အရောမဝင်တတ်ပါ။ 'ဝဇ္ဇာ' တို့ 'သုတ' တို့သာ ဖြစ်နေပါက ဤမချောလေးတွေ မလွယ်ရေးချ ဖြစ်သွားမှာ အမှန်ပါပဲ။

"ဘာဖြစ်လို့ကြာနေ၊ ဟော!"

ကောင်မလေး (၄) ယောက်နှင့်အတူ ထွက်လာသည့် သူ့ကို 'မ' က ဘာမှမပြောပေမယ့် ဟိုနှစ်ကောင်က မျက်စပစ်ပြနေကြ၏။ ဘုမသိ ဘမသိနဲ့ တွေ့ရာလူ တွဲချင်ရပြန်တယ်လို့။ ကားတံခါးကို ဖွင့်ပေးစဉ် အနီးသို့ 'သုတ' ကပ်လာလေသည်။

"နာမည်က ဘာတဲ့လဲ"

"ဘာကိုလဲ"

"စောစောက မင်းနဲ့တွဲလာတဲ့ မဒီလေးတွေကို မေးတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမှာလဲ။ Lift ထဲမှာ အတူစီးဖြစ်တာပဲရှိတာကို"

"နည်းနည်းပါးပါး ဖောရှောလေးနဲ့ talkie မပစ်လိုက်ဘူးလား"

"ငါ နှာဘူးမဟုတ်ဘူး"

"ကောင်းတယ် . . . မှတ်ရော"

"ဒါဖြင့် ဂန့်ဒူးပွဲလေ"

ကားပေါ်တက်ရင်း ရယ်ကြလေ၏။ စိတ်မဆိုးတတ်တာမို့ ကြိုက်သယောက်စလို့ရတာပါလေ။ ငုက်ပစ်တောင်ဘုရားဖူးပြီးနောက် တခြားဘုရားတွေ ဆက်ဖူးကြစဉ် 'မ' က သူတို့ကို ရာဇဝင်ရှင်းပြပြန်လေ၏။ သိချင်တာတစ်ယောက်တစ်ပေါက်မေးကြရင်း ခြေထောက်နာတာကိုပင် မေ့တော့တော့ဖြစ်နေလေပြီ။

"ပုဂ္ဂားစောထီးသတ်ခဲ့တဲ့ ငုက်ကြီးကို ဆက်သရတဲ့ သမီးတော်တွေက ပြစ်မျိုးမဲ့မထင် အပျိုစစ်စစ်တွေလေ၊ တစ်ပတ်ကို (၇) ယောက်ကျ သမီးတော်ပေးခဲ့ရတာ (၁၂) နှစ်ကြာပြီတဲ့။ ငုက်ကြီးရဲ့အတော်တစ်ချောင်းကို သမီးတော် (၇) ပါးသယ်လာရာက မနိုင်လို့ ပစ်ချရင်း ငုက်ပစ်တောင်ဖြစ်လာတာလို့ ရာဇဝင် တွင်ခဲ့တာပဲ။ ပုဂံနန်းကို ပျူစောထီးစံခဲ့တာ (၁၅) နှစ်ပါ။ မြေသင်းတွင်းရွာမှာ ပျူစောထီးတည်ခဲ့တဲ့ ဘုရားရှိတယ်။ သစ္စာဝါဒီဘုရားတဲ့"

" 'မ' ရောက်ဖူးလား"

"ဘယ်ရောက်ဖူးမှာလဲ။ အဲဒီရွာကနေ သုံးမိုင်လောက် ဆက်သွားရင် ဇီးအိုရွာရှိတယ်။ အဲဒီက နတ်ထိန်းတောက အရမ်း



နတ်ကြီးတာတဲ့။ သမီးရည်းစား လာလို့မရဘူး။ မဟုတ်တာတွေ ပြောလို့မရဘူးတဲ့။ အရင်ကလူတွေအားလုံး နတ်တွေပဲယုံကြပြီး ပူဇော်ပသမှု ပြုကြတယ်။ အနော်ရထာမင်းကြီး ရွှေစည်းခုံစေတီ တည်တာတောင် လာမဖူးကြလို့ နတ်ရုပ်တွေအားလုံးကို ဘုရားထဲရွှေ့မှပဲ နတ်လာကန်တော့ကြရင်း ဘုရားဖူးကြတာပေါ့။ တံတိုင်းအတွင်းမှာ (၃၇) မင်း နတ်ရုပ်တွေ ရှိတယ်"

"ပြီးတော့ 'မ' တို့ ဖြတ်လာတဲ့ ဥသရပါတံခါးကို မှတ်မိလား"

"ဟုတ်ကဲ့"

"ပုဂံမှာ ရှင်လောင်းလှည့်ရင်ပဲဖြစ်ဖြစ်၊ ကားရောင်းဝယ်တာပဲ ဖြစ်ဖြစ် အဲဒီတံခါး တစ်ဖက်တစ်ချက်မှာရှိတဲ့ နတ်မောင်နှမကို နတ်ပြရတယ်။ ခုချိန်ထိ အဲဒီဓလေ့ ရှိသေးတုန်းပဲ"

"ဘယ်က နတ်မောင်နှမလဲ"

"ပြောမယ်လေ၊ တကောင်းပြည်မှာ ပန်းပဲလုပ်တဲ့ သူကြီးဦးတင့်တော်ရဲ့သား မောင်တင့်တယ်ဆိုတာ ရှိတယ်။ ခွန်အားဗလကြီးပြီး ဆင်ပြောင်ကြီးရဲ့အစွယ်ကိုတောင် ချိုးပစ်နိုင်တာတဲ့။ ဒါကို တကောင်းမင်းကြီးသိတော့ သူ့ထီးနန်းကို လုမလားဆိုပြီး စိုးရိမ်ခဲ့သတဲ့။ ဒါနဲ့ပဲ မောင်တင့်တယ်ကိုသတ်ဖို့ ဖမ်းစေတော့ မောင်တင့်တယ်သည်း ထွက်ပြေးပြီး တောထဲမှာ ပုန်းရှောင်ခဲ့တာပေါ့။ တကောင်းမင်းက မောင်တင့်တယ်ရဲ့နှမ ရွှေနပေကို မိဖုရားမြှောက်တယ်။ ပြီးတော့မှ ညီယ်တော်မျိုးနဲ့ မောင်တင့်တယ်ကို ရာထူးပေးမယ်ဆိုပြီး ခေါ်ခိုင်းသတဲ့။ ရွှေနပေကလည်း မင်းကြီးစကားကိုယုံပြီး အစ်ကိုကို သွားခေါ်လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်တယ်ကလည်း နှမလေးကိုယ်တိုင် လာခေါ်ပြီဆိုတော့ သူ့ကို ဖမ်းမယ့်မထင်တော့ဘဲ လိုက်ခဲ့ရာမှာ အဲဒီကိုလည်းရောက်ရော စကားပင်မှာချည်နှောင်ပြီး မီးပုံရှို့ပြီး သတ်ပါရော။ အဲဒီတော့မှ ရွှေနပေလည်း သူ့ကြောင့် အစ်ကိုတော် သေရတာယ်ဆိုပြီး အဲဒီမီးပုံထဲကို ခုန်ချပြီး သတ်သေသွားတာပေါ့"

"ဟာ!"

"'မ' ပြောထားတယ်လေ။ အိမ်ခေါင်းရင်းတိုင်မှာ နတ်အုန်းဆွဲပြီး အနီရောင်လိုက်ကာလေးနဲ့ ကာထားတဲ့ နတ်စင်က အိမ်တွင်းနတ် မင်းမဟာဂီရိနတ်မင်း မောင်တင့်တယ်ပေါ့။ အဲဒီစင်အောက်မှာ ထားရတာက ရွှေမမနဲ့လို့ခေါ်တဲ့ ရွှေနပေလေ။ မောင်နှမနှစ်ယောက်လုံးကို စကားပင်မှာ မီးရှို့သတ်ခဲ့လို့ မီးမပူဇော်ရဘူး။ အလင်းမဝင်အောင် ညခို လိုက်ကာကွယ်ပေးရတယ်။ စကားပန်းမတင်ရဘူး။ အဲဒီနတ်စင်ရှိတဲ့ အိမ်မျိုးမှာ သူစိမ်းသူရဲ လင်စုံမယားဖက် လာတည်းလို့ မရဘူး။ ရောဂါချက်ချင်းဖြစ်စေပြီး ခိုက်တယ်တဲ့။ သရပါတံခါးမှာ ဒီနတ်မောင်နှမကို စောင့်ရှောက်တယ်ဆိုပြီး ရုပ်လောင်းတွေ ကားရှေ့ ပြကြတာပါ"

"ကြားလား နှိုင်းခ"

"ဘာလဲ"

"မင်းလည်း ဘုရားဖူးရင်း လိပ်ဥမတူးရဘူး။ မကြိုစည်အေနဲ့"

"ပေါက်ကရ ပြောပြန်ပြီ"



နေစောင်းပြီမို့ ဘုရားဈေးဝင်ကြပြီး ဝယ်ချင်တာ ဝယ်ကြပါ၏။ ညအိပ်ဖို့ စီစဉ်ထားသဖြင့် အဝတ်အစား ပေါ့ပေါ့ပါးပါးလေးတွေ စိတ်ကြိုက်ဝယ်ကြပါသည်။ အိမ်ပြန်လက်ဆောင်တို့ကို မနက်ပြန်မှ ဝယ်ဖို့ပြောထားသဖြင့် ဟိုဒီလှည့်ပတ် လျှောက်ကြည့်ရင်း ပျော်ကြရလေ၏။

'ဝဇ္ဇာ' တို့သုံးယောက်က ရှေ့မှ သွက်သွက်လျှောက်ကြ၍ သူနှင့် 'မ' က နောက်မှာကျန်ရစ်ခဲ့ပါသည်။ ခြေထောက်နာနေသည့် သူ့ကိုတွဲပြီး ဖြည်းဖြည်းချင်း လိုက်ပေးသဖြင့် ကျေနပ်မိပါ၏။ အိတ်ကပ်ထဲမှ phone မြည်လာသဖြင့် လူရှင်းသည့်နေရာမှာ ရပ်လိုက်ရလေ၏။ 'ကိုကို' phone မို့ ကိုင်မှဖြစ်မှာလေ။

"ဟဲလို!...ဟုတ်ကဲ့၊ အခု ပုဂံရောက်နေတယ်။ ဈေးထဲ ပတ်နေတယ် ကိုကို။ ဟုတ်ကဲ့ ဝဇ္ဇာညီလေးလည်းပါတယ်။ အားလုံး ငါးယောက်ပါ။ Hotel တည်းရတာပေါ့။ မနက်မှ စွယ်တော်လေးဆူ ဖူးပြီး အရှေ့ထွမ်း သွားဘာပ်ကြမှာ"

'မ'အကြောင်းမေးနေသဖြင့် လှမ်းကြည့်မိစဉ် 'မ' က ပြောပါ ဟု မေးဆတ်ပြလေ၏။ ဟိုသုံးယောက် ဘယ်ပျောက်သွားမှန်း မသိတော့ပါလေ။ ပြန်ဆုံချင်ပါက phone ဆက်ပြီးချိန်းလို့ရတာမို့ သူနှင့် 'မ' ကို မစောင့်ကြတာ ဖြစ်မည်ထင်ပါရဲ့။

"အင်း...ဂရုစိုက်ပါတယ်။ မပြန်သေးဘူး။ သုံးလေးရက် နေဦးမှာ။ ဟင့်အင်း...မနက်ဖြန်ည ထပ်အိပ်ပြီး နောက်တစ်ရက် မနက်စောစောမှ ပြန်မှာတဲ့။ ကျွန်တော် ပင်ပန်းမှာစိုးလို့ 'မ' စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပေးတာပါ။ ဟုဆိုကဲ့"

'ကိုကို' နှင့် ပြောနေရာမှ phone ကို တခြားတစ်ယောက် ယူလိုက်မှန်း သိလိုက်ပါ၏။ Duty ဝင်ချိန်မို့ ဘေးမှာ အစ်ကိုရှိနေသည် ထင်ပါရဲ့။ 'မ' အကြောင်းပြောသံကြားသည်နှင့် သူတို့ညီအစ်ကို စကားပြောနေတာကို ဖျက်ရပါသလား။

"ကိုယ်ပါ . . . မြင့်မိုရ်ဦး"

"ဟုတ်ကဲ့ အစ်ကို"

"Hotel မှာ နစ်ရက်တောင် ဘာကြောင့်တည်းရတာလဲ"

"အဲဒါက"

"ဘေးမှာ ဘယ်သူရှိလဲ၊ ဝဥ္စာရှိလား"

"ဟင့်အင်း . . . 'မ' ပဲရှိတယ်"

"ဘာ! "

"အစ်ကို ပြောချင်လို့လား"

"ညီက ဘယ်လိုဖြစ်ပြီး ထက်နဲ့ နစ်ယောက်တည်း ရှိနေရတာလဲ။ ဘာလို့ အဲဒီလိုခေါ်ရတာလဲ။ ဟဲလို! "

အနားသို့ 'မ' ရောက်လာပြီမို့ phone ကို သူပိတ်လိုက်ပါ၏။ တော်လောက်ပါပြီနော်။ သူ့ဘာသာ ဘယ်သူနှင့်အတူရှိရှိ ဘယ်သူ့ကို ဘယ်လိုခေါ်ခေါ် ဒါ သူ့ကိစ္စပါပဲ။ လက်ထဲထည့်ပေးလိုက်ပါသည့် ကောက်ညှင်းကျည်တောက်ပူပူလေးက မွှေးမြနေတာပါ။

"အိမ်က ဆက်တာလား"

"ဟုတ်!"



"ခြေထောက်နာတာ ပြောလိုက်လား"

"ဟင့်အင်း . . . မပြောပါဘူး။ တော်ကြာ စိတ်ပူနေဦးမယ်"

"ဘာဝယ်ချင်သေးလဲ။ မရှိတော့ရင် ပြန်ကြမယ်လေ။ မနက် စောစော ထရမှာဆိုတော့ စောစောအိပ်မှ ဖြစ်မယ်"

"သုတတို့မှ မတွေ့တာ"

" 'မ' phone ဆက်လိုက်မယ်လေ။ ကားဆီကိုပဲ လာခိုင်း လိုက်တော့မယ်"

ကားရပ်ထားရာဆီသို့ လျှောက်ရင်း 'မ'က 'ဝဥ္စာ' တို့ကို phone ဆက်ခေါ်လေ၏။ မိနစ် (၂၀) ကျော်မှသာ ကားဆီသို့ သုံးယောက်သား ရောက်လာကြပါသည်။ Hotel ရှိရာဆီသို့ 'အာကာ' မောင်းပေးသဖြင့် 'ဝဥ္စာ' က ရှေ့ခန်းမှာထိုင်လေ၏။ သူနှင့် 'သုတ' က နောက်ခန်းမှာထိုင်ပြီး 'မ' က အလယ်မှထိုင်လိုက်လာပါသည်။

ဘုရားမဖူးခင်က ထမင်းစားပြီးကြပြီမို့ ခြေလည်းညောင်း ဗိုက်လည်းလေးပြီး Hotel မှာအိပ်ရန် ပြင်ဆင်ကြလေ၏။ 'မ' လို ခေါ်တာ ဘာကြောင့်လဲတဲ့။ Hotel နစ်ရက်တည်းတာ မလိုအပ်ဘူးတဲ့လား။ ဘာသဘောနဲ့ ပြောတာပါလဲ အစ်ကို။ စတွေ့ဖူးစဉ်ကတည်းက သူ့ကို မျက်မှောင်ကျုံ့ပြီးကြည့်လိုက်သည့်အကြည့်စိမ်းတို့ကို နားမလည်နိုင်ခဲ့တာ အမှန်ပါလေ။ တစ်ခုတော့ သိထားစေချင်ပါရဲ့။

'မြင့်မိုရ်ဦး' က 'မြင့်မိုရ်ဦး'။

'တုန္နိုင်းခ' က 'တုန္နိုင်းခ' ပဲ ဆိုတာပါပဲ။

❋

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ခွယ်တော်လေးရှေ့အပါအဝင် ပုဂံဘုရား (၂၀) ကျော်ဖူးပြီးသည့်နောက်နေ့မနက် စောစောမှ ပြန်ခဲ့ကြပါ၏။ အပြန်မှာ 'ဈွာ' က ကားမောင်းပေးသဖြင့် နောက်ခန်းမှ အေးအေးဆေးဆေးထိုင်ပြီး ပြန်ခဲ့ရတာပါ။ သူ့နဖူးနှင့်လည်ပင်းကို မကြာခဏ စမ်းကြည့်ပါသည့် 'မ' ကြောင့် ဘေးမှာထိုင်နေသည့် 'သုတ' က ကျိတ်ပြုံးလေ၏။

"ကိုယ်က မပူတော့ပါဘူး။ တော်ပါသေးရဲ့"

"Travels Guide လုပ်တဲ့သူက special nurse လည်း လုပ်နိုင်တာပဲ"

"မင်း အတော်ကံကောင်းတဲ့ကောင်ပဲ နှိုင်းခရဲ့။ ငါ့အစ်မက တော်ရုံနဲ့ ဂရုစိုက်တတ်တာ မဟုတ်ဘူး။ အိမ်မှာ ဖျားတာနာတာမျိုး ရှိရင် မချိပဲ ငါတို့ကို လုပ်ပေးတာ"

"ဘယ်သူက ဖြစ်ချင်မှာလဲကွာ။ ကံမကောင်းလို့ ဖြစ်သွားရတာပါကွ။ 'မ' ကို အားနာရတဲ့ကြားထဲ မင်းက အစမ်ဖော်ပေးပါနဲ့"



"ပြောလိုက်ရမလား"

"မပြောနဲ့ ... နောက်မှပြောမယ်"

"ဘာကိုလဲ"

"ဘာမှမဟုတ်ဘူး"

ညီအစ်ကိုနှစ်ယောက် ကျိတ်ပြီးပြောနေသဖြင့် 'မ' က လှမ်းမေးလိုက်လေ၏။ မနက်နေအေးအေးအချိန်မှာ ပြန်ဖြစ်တာမို့ ခရီးအတော်သာနေပါသည်။

ဒီမနက်မှပြန်လာမည်ဟု အိမ်ကို လှမ်းပြောထား၍ ဦးတို့လည်း စိတ်မပူကြပါ။ ဘုရားဖူးတာ ပျော်ရတာထက် ဟိုညက ဝင်လာသည့် phone က သူ့ကို စိတ်အနှောက်အယှက် ဖြစ်စေခဲ့တာ မဟုတ်ပါလား။

"ဒီညနေ ဘယ်အိမ်သွားရမှာလဲ"

"အမေကြီးအိမ်ကို"

"နေအေးမှပဲ သွားကြမယ်နော်"

"အမေကြီးဆိုတာ ဘယ်သူလဲ 'မ' "

" 'မ' တို့အဘိုးရဲ့ဖနီး။ အဘွားပေါ့ နှိုင်းရယ်"

"ဒါဖြင့် အသက် (၇၀) ကျော်ပြီပေါ့နော်"

"ဒါပေါ့"

"သွားတို့အိမ်မှာ ဘာရှိလဲ"

"ဘာမှထွေထွေထူးထူး မရှိပါဘူး။ ဒီအချိန် မန်ကျည်းရွာ ဘာဆိုတော့ အလုပ်ရှုပ်နေကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာလို့ခေါ်ရတာလဲ။ ကျွန်တော်တို့က ရှုပ်သလို ဖြစ်နေမှာပေါ့"

"မဖြစ်ပါဘူး နိုင်းရဲ့။ အဲဒီမှာ 'မ' တို့အဒေါ်တွေလည်း ရှိပါတယ်။ သူတို့က နိုင်းတို့ကို ရောက်တုန်းရောက်ခိုက် တွေ့ချင်လို့ ခေါ်ကြတာပါ။ 'မ' တို့မြေးတွေက ဘယ်အချိန်သွားသွားရတာပဲ"

"အစ်ကိုအိမ်ကို မသွားလို့တော့ မကောင်းဘူးထင်တယ် နိုင်းခ။ ကိုမင်းလည်း သေချာမှာလိုက်တာလေ"

" 'မ' သဘောကရော"

"ဟယ်! ညီ့သည်ကိုခေါ်တဲ့ဟာ 'မ' နဲ့ ဘာဆိုင်လို့လဲ"

" 'မ' မသွားချင်တာ၊ ဘာအကြောင်းရှိလို့လဲ"

"မပြောနိုင်ပါဘူး။ ဒါ 'မ' personal"

သူ နှုတ်ဆိတ်သွားရပါ၏။ မပြောနိုင်ပါတဲ့။ စိမ်းသက်သည် စကားကိုမှ ပြောရတယ်လို့၊ ဟိုကလည်း 'မ' လို့ခေါ်တာကို မနှစ်သက်သလို စွက်ဖက်ချင်တယ်။ ဒီကလည်း တီတီကျကျ မပြောပါပဲ ဖုံးကွယ်ချင်နေတယ်။ ဘာလဲ၊ 'မ' နဲ့အစ်ကိုက တကယ် ဘာလဲဆိုတာ သိချင်ပါရဲ့။ စေစောက ကြည်လင်နေပါသည့်မျက်နှာက ချက်ချင်းပင် ညှိုးနွမ်းသွားရလေသည်။

"တီတီတို့ ပြန်လာပြီ"

"အသည်းက မှုကြိုမတက်ဘူးလား"

"ဒီနေ့ ကျောင်းမှာ သူငယ်ချင်းမွေးနေ့လုပ်လို့ ဝိတ်ပေးထားတာတဲ့"



"ယောက်ဖရော"

"Phone ဆက်ခေါ်လို့ ခွင့်ရက်မစေ့ဘဲ ပြန်ရလေရဲ့"

မောင်တွေက အတုပ်သယ်နေပြီမို့ 'ထက်'က ခြေထောက်နာနေပါသည့် 'တုနိုင်းခ' ကိုတွဲရန် ပြင်လိုက်ပါသည်။ သို့သော် သူက 'ထက်' ကူညီတာကို လက်မခံဘဲ သူတာသာကားပေါ်မှဆင်းလိုက်လေ၏။ ခပ်မြင့်မြင့်ကားကြောင့် သူ့ခြေထောက်က မျက်ခနဲဖြစ်သွားပြီး ခန္ဓာကိုယ်က ယိုင်သွားရလေ၏။

"ဟဲ့! သိတယ်၊ အဲဒါကြောင့် တွဲပေးမယ်ဆိုကာမှ"

သူ့လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်ထိန်းမတ်လိုက်ပါသည့် လက်ချောင်းသွယ်သွယ်တို့ကို ကြည့်မိလေ၏။ မျက်လွှာချ၍ လျှောက်နေသဖြင့် ဘေးတိုက်မြင်နေရပါသည့် မျက်တောင်ကော့ကော့တို့က နှလုံးသားကို အခုန်မြန်စေပါသည်။ ဘုရားရေ! သူ့ရင်ထဲ ဘာတွေ ဖြစ်ကုန်ပါသလဲ။

"အောက်မှာ ခဏနားကြဦး။ အပေါ်မှာပူနေတယ်။ ဟိုတလေး ဘာဖြစ်ရပြန်ပြီလဲ"

"ပုဂံမှာ ထနောင်းကိုင်း စူးတာလေ"

"ဖြစ်ရမယ်၊ သက်သာရဲ့လား"

"ညနေ ဆေးခန်းသွားပြမလားလို့"

"မသွားပါဘူး"

"သွားလိုက်တာ ကောင်းမယ် နိုင်းခရဲ့။ ရန်ကုန်ကို ခရီးဝေးပြန်ရမှာ။ လမ်းမှာ ပြန်ဖျားနေရင် ကျိုင်တက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် 'ဝဋ္ဋာ' ပြောတာကိုတော့ ပြန်ပြောနေပြီး 'ထက်' ကို လုံးဝမကြည့်ပါချေ။ ကောင်းပါလေ့။ လမ်းမှာတော့ အိညှောင် အိညှောင်နှင့် လူကို ခွဲပြောခဲ့ပြီး ခုတော့ သူမဟုတ်သလို နေနေတာ လေ။ စိတ်တိုလိုက်တာနော်။ 'ထက်' တော့ 'မိုးသူ' ပြောသလို ဝမ်း များလည်နေပြီလား။ လူနာပြုစုပေးရတာတွေ၊ အခန်းရှင်း အိပ်ရာခင်း ပေးရတာတို့ကို အမြဲတမ်း 'မိချို' သာ လုပ်ပေးခဲ့တာ မဟုတ်ပါလား။ အလို! 'ထက်' ဘာများ အတွေးလွန်ရပါလိမ့်။

"မထက်"

"ဘာလဲ"

"တီချယ်တို့အိမ်က မနက်ဖြန်ညနေ ညှော်သည်တွေ လာစို့ ပါတဲ့။ ထမင်းဖိတ်ကျွေးလေရဲ့"

"အလတ်ကောင်နဲ့ အငယ်ကောင် ပို့လိမ့်မယ်လေဟယ်။ ပြီးရောပေါ့"

"နှင့်ကိုပါ ဖိတ်တာတဲ့၊ ဟိုတစ်ခါတည်းက ခေါ်တာ မလာလို့ ပြောနေတယ်"

"ကျစ်! မသိဘူးဟာ"

ဘယ်လိုပါလိမ့်။ အဲဒီအိမ်ကို လုံးဝမသွားချင်သလိုပါပဲလား။ ခေါ်တော့ဖြင့် 'ကိုကို' ဆိုပြီး အစ်ကိုနှင့်ရင်းနှီးခဲ့တာလေ။ 'ကိုကို' (နေမင်းခ) ကလည်း သူ ဒီကိုလာကာနီးမှ 'မ' မှာ ပိုင်ရှင်ရှိသည်တာ သတိပေးသလို ပြောခဲ့တာပါ။ သို့သော် စရောက်ရောက်ချင်း မောင် ဖြစ်သူတွေက 'မ' ကို သူနှင့်သာ ခုချိန်ထိ စုံတွဲနှယ် စနောက်နေကြ



တာမို့ ကိုကို ပြောသလိုဟု သူ မထင်ခဲ့ပါလေ။

ညနေဘက်ရောက်တော့ 'မ' တို့ ဘွားဘွားအိမ်ဘက် ရှည့် ပြီးလည်ဖြစ်ပါ၏။ 'ဆရာဦးခင်မောင်ရီ' အိမ်မှာသာ ထမင်းစားဖြစ်မှာမို့ ဘွားဘွားတို့အိမ်ကို အလည်အပတ်အဖြစ်သာ သွားဖြစ်ကြလေသည်။ ဆိုင်ကယ်ပေါ်မှ ဆင်းကြစဉ် ခြံဝင်းထဲမှ ကလေးတွေ အော်ဟစ်ဆော့ ကစားနေကြပါ၏။

အမိုး မိုးထားပါသည့် တဲအောက်မှာ မန်ကျည်းသီးတွေ ပုံ ထားသည်က တစ်ပုံကြီးပါလေ။ တုံးပေါ်တင်ပြီး ထုသူတွေကထု၊ ထန်းကြောဖျာထက် လှန်းသူက လှန်းဖြင့် အလုပ်ရှုပ်နေကြတာပါ။ အဘွားဖြစ်သူကအစ ဝင်လုပ်နေသဖြင့် ကျန်းမာရေးကောင်းမှန်း သိသာစေလေသည်။

"ဘယ်မလဲ . . . မြေးချောချောလေးဆိုတာ"

"အမကြီးနော် . . . သားငယ်ရှိနေတာတောင် သားကို ကျော် ပြီး သူ့ကို မေးရလား"

"ညှော်သည်ကို ဦးစားပေးတာပါ ပေါက်စရယ်"

"ဒီမှာပါ အမကြီး . . . တူနှိုင်းခတဲ့။ ကျွန်တော့်ထက် သုံး သတောင် ငယ်တယ်။ ဒါက သူတပါ"

"ဟုတ်ပါ့တော် . . . မြေးက လှချောပဲ၊ ဟိုနေ့က ပိစိမရောက် သာပြီး နားငြီးအောင်ကို ပြောသွားတာ၊ အဟုတ်ကို မှန်နေတာပဲ"

"မြေးမတော်ချင်ဘူးလား အမကြီးရဲ့"

"တော်ချင်ပါတော်"

www.burmeseclassic.com

www.burmeseclassic.com



"ခဏပဲ ဝင်နှုတ်ဆက်တာပါ အမကြီး။ ဆရာတို့အိမ်က ထမင်းစားဖိတ်ထားလို့ အမီသွားရလိမ့်မယ်"

'မ'က ဘွားဘွားနှင့် 'ငွေ' ပြောနေတာကို ဆက်မပြောနိုင်အောင် ဝင်ပြောလိုက်လေ၏။ အညာစာမုန့်တွေနှင့် ရေနွေးကြမ်းဖြင့် ဧည့်ခံတာကို အိမ်ပေါ်မှာခဏမျှသာထိုင်ပြီး ဆင်းခဲ့ပါသည်။ သူ့အကြည့်တို့က အလုပ်လုပ်နေသူတွေထံ ရောက်သွားရလေ၏။

"ဘာလို့ ထုနေတာလဲဟင်"

"အသီးနွှင်ပြီး အစေ့ထုတ်နေတာ ကလေးရဲ့။ အထဲက အမျှင်တွေပါ မကျန်ရအောင်ပေါ့"

"ပင်ပန်းလိုက်တာနော်"

"ဒီအရပ်က ထန်းလျက်နဲ့ မန်ကျည်းပဲ ထွက်တာလေကွယ်"

"ပြန်ဦးမယ် ဒေါ်လေးရေ"

"နောက်ထပ် တစ်ခေါက်လောက် လာဦးလေကွယ်"

"ခွင့်ယူလို့မရဘူး ဒေါ်လေးရဲ့၊ ကျောင်းပိတ်တုန်း ပြေးလာတာ"

"ဒါဖြင့် နောက်နှစ်ပေါ့"

"ဟုတ်ကဲ့ခင်ဗျ"

ပြီးနောက် ဆိုင်ကယ်သုံးစီးဖြင့် 'မ' တို့ ငယ်စဉ်က စာသင်ပေးခဲ့သည့် ဆရာ့အိမ်သို့ ရောက်ခဲ့ပါ၏။ ဆရာက သားတစ်ယောက် သမီးတစ်ယောက်ရှိပြီး သရက်စိုက်ကာ အေးအေးချမ်းချမ်းနေထိုင်



သည့် မိသားစုပါ။ ကျောင်းပိတ်နေသည့် ကာလမို့ ဆရာကတော်က သူတို့ကို ထမင်းဖိတ်ကျွေးချင်၍ ဖွယ်ဖွယ်ရာရာချက်ကျွေးခြင်း ဖြစ်လေသည်။

"စားကြနော် သားတို့။ ထမင်းတွေ ဟင်းတွေ အများကြီး ချက်ထားတယ်"

"ဟုတ်ကဲ့"

"ထက်မြက်ရော . . . အလုပ် ဘယ်လိုလဲ"

"အဆင်ပြေပါတယ် ဆရာ"

"အေး . . . အဲဒါပဲ ကြားချင်တယ်။ ဇါတပည့်ကို ဟိုအရင်လို မိန်းကလေးပုံစံနဲ့ မမြင်ရတော့ပါလား"

"ကျားမြီးဆွဲနိုင်းရင်တောင် ပြေးဆွဲလိမ့်မယ်ဆရာ၊ ဆံပင်တော့ အရှည်ဘယ်တော့မှထားတော့မှာ မဟုတ်ဘူး"

"အလတ်ကောင်"

"ဒီကလေးက အစားနည်းလိုက်တာ"

ဆရာကတော်က ဟင်းတွေထည့်ပေးရန် ပြင်လိုက်သဖြင့် သူ့ လက်ကာပြလိုက်ရပါ၏။ ဟင်းတွေထက် ပြုတ်ထားသည့် တို့စရာနှင့် ငါးပိချက်က သူ့ကို စားမြိန်စေတာပါလေ။ ထမင်းစားပြီးနောက် ခဏနားရင်း ခြံဝင်းလေးထဲ လမ်းလျှောက်ကြပါ၏။ သရက်ပင်ထက်ရှိ သရက်သီးတို့က အနိမ့်ပိုင်းမှာ သီးတာမျိုး ဖြစ်သလို တစ်လုံးစီကို စက္ကူအိတ်ပတ်၍ ထုပ်ထားသဖြင့် အံ့ဩသွားရပါသည်။

"သရက်သီးတွေကို ဘာလို့ ထုပ်ထားတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"စိန်တစ်လုံးမျိုးက နည်းနည်းဝင်းတာနဲ့ ပျားဝိုးရောသားရဲ့။ အဲဒါကြောင့် ဒီလိုပဲ အပင်ပန်းခံပြီး ထုပ်ထားရတယ်"

"စောစောက ကျွန်တော်တို့ကို ကျွေးတာ ဒီလိုမျိုးအသီးပဲလား"

"ဟုတ်တယ်လေ ... ကြိုက်ရဲ့လား"

"ဟုတ်ကဲ့ ... မွှေးလည်း မွှေးတယ်၊ အရသာလည်း ရှိပါတယ်"

"ကြိုက်ရင် ရန်ကုန်ပြန်တော့ လက်ဆောင်ပေးလိုက်မယ်လေ"

"ယူသွားလို့မဖြစ်ဘူး ဆရာရေ့၊ မှန်လုံနဲ့ စီးလာကြတာ။ ကျောင်းပြန်ဖွင့်ရင် စာမေးပွဲရှိလို့ ပြန်ရမဖြစ်မယ်"

"အေးအေး ... ကြိုးစားကြကွယ်။ ဆရာဝန်ဆိုတာ လူ့အသက်တွေကို ကယ်တင်ပေးတဲ့ ပုဂ္ဂိုလ်တွေပဲ"

"အဲဒီပုဂ္ဂိုလ်တွေကို ပညာအမွေပေးပြီး သင်ကြားခဲ့တာက ဆရာတို့တွေပါ ဆရာရယ်"

"ငါတပည့်ကတော့ စကားတတ်တယ်ဟေ့"

ဆရာတို့မိသားစုကို ကျေးဇူးတင်ကြောင်း ပြော၍ နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါ၏။ ကားလတ်မှတ်မှာထားသည်က မနက်ဖြန် Date နှင့်မို့ သူတို့ ခရီးသွားရက်က တိုသွားရတာပါ။ သိမ်းဆည်းစရာ သိပ်များများစားစားမရှိပါဘဲ လက်ဆောင်ထုပ်နှင့် ကျောပိုးအိတ်သာ ရှိသဖြင့် အဆင်သင့်ပြင်ထားလိုက်ပြီး 'မချို' ခင်းပေးထားသည့် အိပ်ရာ



ထက် လှဲလိုက်မိပါသည်။ 'သုတ' ကတော့ ခေါင်းအုံးနှင့် ခေါင်းထိသည်နှင့် အိပ်ပျော်သွားလေတော့၏။

"တိုးတိုးပြောဟဲ့"

"မထက်လည်းဗျာ ... ကိုယ့်ဘာသာကိုယ်မေးတာ မဟုတ်ဘူး"

"မေးလို့အခွင့်မပြေလို့ပေါ့ဟဲ့။ ဟိုတစ်ခါလာကတည်းက မေးချင်တာ ဘယ်လိုမှလုပ်လို့မရဘူး။ သူ့အိမ်ကသိသွားမှ ပြဿနာ ပိုကြီးမှာ။ မောင်ဖြစ်ပြီး ဒါလေးတောင် အားမကိုးရဘူး"

"မျက်နှာပူတယ်ဗျ"

"ဒါလေးပေးရုံပဲကိုး"

"ကျစ်! ဟိုနေ့ကပဲ မထက်ကို သူ ဖွင့်ပြောထားပြီးပြီလို့ သတိပေးလိုက်တာ။ အဲဒါကို သိနေမှတော့ သူ့ကို ဘယ်လိုမျက်နှာနဲ့ သွားတွေ့ရပါတော့မလဲ"

"ဩော်! ... နှိုင်းနဲ့ကျ ငါ့ကို စနောက်နေပြီး"

"ဟုတ်မလားဗျ၊ ဒါက သူငယ်ချင်း"

တိုးတိုးကျိတ်ကျိတ်စကားသံတို့ကြောင့် အခန်းပြင်သို့ သူ ထွက်လိုက်မိပါ၏။ နံဘေးရှိ 'မ' အခန်းမှ တံခါးက ခပ်ဟဟ ဖြစ်နေ သာမို့ အခန်းထဲပြောသမျှ စကားတို့ကို ကြားနေရတာပါ။ ဘာရယ် အကြောင့်များ စိုးရိမ်ကြောင့်ကျပြီး ပြောနေရပါသနည်း။ စပ်စုချင်တာ မဟုတ်ပေမယ့် 'မ' ၏ ဝိုသံပါလာသည့်အသံကြောင့် သူ နေလို့မရ တော့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ယူသွားပေး"

"နှိုင်းခနဲ့ ပေးလိုက်ရင် ပြီးရော။ ဟိုမှာ သူ့အစ်ကိုနဲ့ ကိုမြင့်မိုရ်နဲ့က တစ်ဆေးရုံထဲ လုပ်တာ။ ကိုမင်း ပေးလိုက်ရင် Ok ပြီ"

"ငါ့ကိစ္စကို လူတကာသိစေချင်လို့လား"

"မထက်ကလည်းဗျာ"

" 'မ' ဘာဖြစ်နေတာလဲ"

အခန်းတံခါးကို တွန်းဖွင့်လျက် သူ ဝင်လိုက်ပါ၏။ 'ဝဠာ' လက်ထဲသို့ ဘူးတစ်ဘူး ထည့်ပေးနေပါသည့် 'မ' က မျက်နှာရဲသွားလေသည်။ ဘာလဲ သူသိခွင့်မရှိသည့်ကိစ္စဟု ပြောဦးမှာလား။ 'မ' personal ဆိုပြီး စိမ်းသက်စွာပြောကတည်းက 'မ' ကို သူကောင်းကောင်း စကားမပြောဖြစ်တော့တာလေ။ ခွဲခွာခြင်း၏အလွမ်းက 'မ' မျက်နှာကို မြင်လေမှ ပိုဆိုးလာလေတော့၏။

နေမကောင်းဖြစ်မှ ကျွန်တော်ဘေးမှ 'မ' တစ်ယောက်တည်း ရှိနေခဲ့တာမို့ ဘယ်လောက်များအားရှိခဲ့ရပါသလဲ။ ပြန်ခါနီးညမှာ အိပ်ပျော်ပါ့မလားဟု စိုးထိတ်နေကာမှ 'မ' တို့ မောင်နှမတိုင်ပင်နေသည့် အကြောင်းအရာကမှ ပိုပြီ ထိတ်လန့်စရာဖြစ်နေရတယ်လို့၊ ရင်ဘတ်ထဲမှ နှလုံးသားလေးက အခုမှ ဝထမဆုံးအကြိမ် ထူးဆန်းစွာ စနစ်နေတာကို 'မ' သိပါရဲ့လား။

"ဘာမှမဟုတ်ဘူး"

"ဘာမှမဟုတ်ဘဲနဲ့ 'မ' တို့ ငြင်းခုန်နေတာကို အတိုင်းသားကြားနေရတာလေ။ ကျွန်တော့်ကို မပေးချင်ဘူး။ မသိစေချင်ဘူးဆိုတာက ဘာအကြောင်းလဲ"



"နှိုင်းခ"

"လျှို့ဝှက်ထားတယ်ဆိုတာက ဘယ်သူမှ မသိအောင် ဖုံးကွယ်ထားနိုင်မှ ရတာမျိုးပါ။ 'မ'က မောင်ဖြစ်သူကိုတော့ ပြောပြီး ကျွန်တော့်ကိုတော့ ပေးမသိစေချင်ဘူးပေါ့လေ။ အဲဒါက လျှို့ဝှက်ချက်မှ မဟုတ်တော့ဘဲ"

"အစ်ကို့ကို ပြန်ပေးချင်တဲ့ပစ္စည်းအကြောင်းပါ"

"ဘာပစ္စည်းလဲ"

"ဒီမှာ"

'ဝဠာ' လက်ထဲမှဘူးကို သူယူကြည့်လိုက်မိပါ၏။ လင်းလက်တောက်ပနေပါသည့် ရွှေရောင် Handchain လေးက ဘူးထဲမှာ ချစ်စဖွယ်ငြိမ်သက်နေလေသည်။ ကြည့်ပါဦး၊ ဒီအရာက 'မ' ရဲ့နှလုံးသားကို လှုပ်ခတ်အောင် ပြုစားနိုင်ပြီတဲ့လား။ ချစ်ခြင်းကို အရောင်ဆိုးတာကတော့ တဆိတ် လွန်လွန်းပါတယ် 'ဖေါက်တာမြင့်မိုရ်ဦး' ရယ်။

"မထက်တို့ပဲ ကြည့်ရှင်းကြတော့"

"အလတ်ကောင်"

'မ' တားလိုက်ပေမယ့် 'ဝဠာ' က အခန်းထဲမှထွက်သွားပြီး တံခါးကို စေ့ပိတ်ပေးခဲ့ပါသည်။ ရှင်းကြတဲ့လား။ ရှင်းမရအောင် 'မ' က ဘာတွေများ ရှုပ်ထားလို့ပါလဲ။ စိတ်ရှုပ်ထွေးမှုကြောင့် ပျောက်နေသည့် အဖျားက ပြန်တက်လာသည့်နှယ် ပူနွေးပြီး ခေါင်းပါ ကိုက်ခဲလာရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မ"

"ကိုကိုပစ္စည်းပါ"

"အဲဒီတော့"

"သူ့ကိုပြန်ပေးပြီး 'မ' က ငြင်းလိုက်တယ်လို့ ကျေးဇူးပြုပြီး ပြောပေးပါ နှင်းရယ်"

"အဲဒီအတိုင်း ပြောပေးရမှာလား"

"ဟုတ်တယ်"

" 'မ' ရင်ထဲမှာ တကယ်ပဲ အစ်ကိုမရှိတာအမှန်ပေါ့လေ"

ပြန်မဖြေပါ။ တကယ်ဆို စိတ်ရှင်းရှင်းနဲ့ ခေါင်းကို ဆတ်ခနဲ ညိတ်ပြရမှာပေါ့။ 'မ' စိတ်တွေ မှိုင်းမိနေရအောင် မည်သို့သော နည်းလမ်းမျိုးနဲ့ အပြုစားခံနေရပါသလဲ။ အံကိုတင်းတင်းကျိတ်ထား လိုက်မိပါ၏။ ပြတ်သားရဲ့သည်ဟု ထင်ထားပါသည့် 'မ' ပုံစံက စိတ်နှင့်လူ မကပ်တော့သည့်နှယ် ငူငိုင်ငိုင် ဖြစ်နေတာလေ။

"မ"

"အဲဒီလိုပဲ ပြောပေးပါ"

"မပြတ်မသားနဲ့ လုပ်တာတော့ မကောင်းပါဘူး။ လက်မခံ နိုင်ရင်လည်း ဘာလို့ သူပေးတဲ့ပစ္စည်းကို ယူထားသေးလဲ"

"မယူပါဘူး။ သူ အတင်းထတ်ပေးတာနဲ့"

"အဲဒီလို ယူထားမှတော့ ဟိုက မျှော်လင့်ချက်နဲ့ အပိုင်တွက် ထားတော့မှာပေါ့ဗျ"

"ဘာ"



"ယောက်ျားတွေကို အဲဒီလိုကစားဖို့ အတတ်မျိုး 'မ' ဘယ် လိုလုပ်ပြီး တတ်ခဲ့တာလဲ။ ဟိုနေ့သူက 'မ' နဲ့ ပတ်သက်ပြီး ကျွန်တော် ပြဿနာအရှာခံရတာ ဘာကြောင့်လဲဆိုတာ အခုမှပဲ သိတော့တယ်"

"မင်းနော် ... မဟုတ်တာ မစွပ်စွဲနဲ့။ ကိုကိုနဲ့ 'မ' က အရင်းကြီး"

"အဲဒါဆို သူပြောကတည်းက အပြတ်ငြင်းမှပေါ့ဗျ"

"ငြင်းချိန်မရလိုက်တဲ့ အခြေအနေကြောင့်ပေါ့ဟဲ့! "

"မအော်နဲ့နော် ... ကျွန်တော် မကြိုက်ဘူး"

"မင်းကိုလည်း ကြိုက်ဖို့ ငါမပြောဘူး။ အကြီးကို အကြီး မှန်းမသိနဲ့ ရောင့်တက်နေတယ်။ ခုချက်ချင်း ထွက်သွား"

"မနှင်နဲ့"

မျက်စောင်းက ချက်ချင်းရောက်လာလေ၏။ မျက်ရည်တွေ ဝဲလာလေသလား။ ဒီမျက်ဝန်းနက်လေးတွေ စိုလက်လာတာက 'မ' ကိုပိုပြီး ဆွဲဆောင်မှုရှိစေတာကို မသိဘူးလား။ သူ့လက်မောင်းကို ချုတ်ခနဲကိုင်လျက် အခန်းပြင်သို့ တွန်းထုတ်ရန် ပြင်လိုက်စဉ် မရှည်ရှယ် ဒါဲ 'မ' ကို တွေးဖက်လိုက်မိတော့၏။

သေချာပါတယ်။ 'တုနှိုင်းခ' တော့ 'ထက်မြက်ချို' ဆိုတဲ့ 'မ' ကို အချိန်တိုလေးအတွင်းမှာ နှင့်နှင့်သည်းသည်း ချစ်မိနေပြီဆိုတာ ပါပဲ။

"ဘာလုပ်တာလဲ ... လွှတ်နော် မင်း! "

"မင်းလို့ မသုံးရဘူးလို့ ကတိပေးထားတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက"

"မ"

"-----"

"ကျွန်တော် 'မ' ကိုချစ်မိနေပြီ"

ရင်ဘတ်ကိုတွန်းထုတ်တာရော၊ ထုရိုက်နေတာကိုရော သူမဖြို့ပါလော့။ လေးနှစ်ကျော်ငယ်တယ်၊ မဖြစ်နိုင်ဘူး။ ရူးနေလား ဆုံတာမှ အချိန်တိုတစ်ပတ်လေးရှိသေးတယ်ဆိုတာတွေကို နှုတ်မှ ဗလုံးဗထွေး ပြောနေပေမယ့် သူက ဘာကိုမှ ပြန်မချေပပါလေ။ နှုတ်ဆက်ဖို့အချိန်က နီးကပ်နေပြီဖြစ်ပေမယ့် အလွမ်းတွေသယ်သွားဖို့ အတွက် 'မ' ရဲ့ ပါးပြင်မို့မို့လေးကို အနမ်းလက်ဆောင် ချွေလိုက်မိလေသည်။

✵

(၂၈)

ကျောပိုးအိတ်နှင့် လက်ဆောင်ဝယ်လာသည့်အိတ်ကြီးကို မေမေ့လက်ထဲသို့ ထည့်ပေးလိုက်ပါ၏။ ပြီးနောက် ဆက်တီထက် ခန္ဓာကိုယ်ကို ပစ်ချလျက် လှဲအိပ်လိုက်သေလည်း။ ညနေစောင်းမှပင် ပြန်ရောက်လာရသဖြင့် တစ်လမ်းလုံး ကားထိုင်စီးခဲ့ရပါသည့် ခန္ဓာကိုယ်က ညောင်းညာကိုက်ခဲနေတော့၏။

"ဘယ်လိုဖြစ်လာရတာလဲ သားငယ်ရယ်"

"ပျော်လာတာပါ မေမေ"

"ဘာရယ်"

"တကယ်ပြောတာပါ"

"ခရီးလေး တစ်ခါထွက်တာနဲ့ ဒီလောက်တောင်ပျော်လာရသလား"

မျက်စိစုံမှိတ်ထားရင်း ပြုံးနေမိပါ၏။ မယုံချင်စရာ ဖြစ်ခဲ့ပေမယ့် သူ့လက်ထဲမှာ 'မ' အငိုက်မိခဲ့ရတာတော့ အသေအချာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ယုံရဲပါ့မလဲ။ "မြင်မြင်ချင်း ချစ်မိသည်" ဟူသည့်စာကြောင်းကို စာရေးသူတွေ ရှုနှမ်းပြီးရေးကြသည်ဟု ထင်ခဲ့မိသမျှ သူ့အလှည့်မှာ ဒက်ထိမှန်ကန်နေခဲ့တာပါလေ။

ဝန်ခံပါရစေ၊ သူငယ်ချင်းတွေ စနောက်ရုံနှင့် ယိုင်နဲ့ခဲ့ရတာ မဟုတ်ပါဘူး။ အနေနီးရင် ရင်ခုန်တတ်ခဲ့ရတာမျိုးလည်း မဟုတ်ရပါ။ ဘယ်အချိန်က ချစ်မိသွားမှန်းပင် ကိုယ့်ကိုယ်ကိုယ် မသိခဲ့ပါ။ ဘုရားသမိုင်းတွေ၊ ရာဇဝင်အကြောင်းတွေ၊ နတ်တွေရဲ့ ဖြစ်စဉ်တွေကို စိတ်ရှည်လက်ရှည်ဖြင့် ရှင်းလင်းပြောပြခဲ့တဲ့ 'မ' အသံလေးကို ရင်ထဲထိ တိုးဝင်စွဲနေမိခဲ့လို့ပါပဲ။

ညိုညက်ညက်အသားရောင်က မည်းသည်ဟု မထင်ရပါဘဲ စိုလက်နေတာ။ အထူးသဖြင့် အရယ်အပြုံးသိပ်မရှိတဲ့ မျက်နှာသွယ်သွယ်လေးမှာ မျက်ဝန်းနက်လေးတွေ ရှိနေတာ။ အဲဒီမျက်ဝန်းနက်တို့ကို ဖုံးကွယ်သိုဝှက်ထားချင်တဲ့ မျက်တောင်ရှည်ကော့ကော့လေးတွေက သူ့ရင်ကို အခုန်မြန်စေခဲ့တာပါလေ။

ကမ္ဘာဦးပုံပြင်ထဲမှာ 'အာဒံ' က 'ဧဝ' ကို မည်သို့သော ဘာသာစကားမျိုးနှင့် ချစ်ကြောင်းပြောခဲ့ပါသလဲ။ သူမသိပါ။ ကမ္ဘာကျော်ပြဇာတ်ရေးဆရာကြီး ဖြစ်တဲ့ 'William Shakespeare' ရဲ့ ဇာတ်ဝင်မင်းသား 'Romeo' က မင်းသမီး 'Juliet' ကို ပြောသလိုမျိုး စွဲမက်ယစ်မူးဖွယ် စကားလုံးလှလှလေးတွေလည်း သူ မပြောတတ်ပါ။ နိုင်ငံကျော်ပန်းချီဆရာကြီး 'လီယိုနာဒို ဒါဗင်ချီ' လို ချစ်သူရဲ့ ကောက်ကြောင်းကို သူ ပုံမဖော်နိုင်ပါ။ ဂန္ထဝင်ကဗျာဆရာကြီး 'Henry Wadsaorth Longfellow' လို ချစ်ခြင်းဖွဲ့ကဗျာအဖြစ် စကားလုံးလှလှလေးတွေ နက်နက်နဲနဲ သူ မရေးချတတ်ခဲ့ပါ။

" 'မ' ကိုချစ်တယ်" ဟုသာ အရိုးရှင်းဆုံး ပြောလိုက်ချင်တာပါလေ။



"ဘာတွေ ဒီလောက်ပျော်လာတာများလဲ"

"မေမေ"

"ပြောလေ သားငယ်"

"ကျွန်တော်ချစ်တဲ့သူကို ရွေးချယ်ခွင့်ရှိတယ် မဟုတ်လား"

"အလိုတော် . . . နောက်တားက ကျော်တက်ချင်နေပြီလား"

"ကျွန်တော့်ထက် အသက်နည်းနည်းလေးကြီးနေရင်ကော ခွင့်ပြုပေးမှာလား မေမေ"

"ဟောတော် . . . တကယ်ကြီး ပြောနေတာပါလား။ ဘယ်လောက်ကြီးနေလို့လဲ"

"လေးနှစ်တည်းပါ"

မေမေ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ ဒီလိုဖြစ်မည်ဟု ထင်ပြီးသားပါပဲ။ ကိစ္စမရှိပါ။ ရှင်းရမည့်ကိစ္စက သပ်သပ်ရှိနေတာလား၊ 'ဒေါက်တာမြင့်မိုရ်ဦး' နှင့် သူ မဖြစ်မနေ သွားတွေ့ရဦးမှာ မဟုတ်လား။ မေမေက သူ့ရှေ့ရှိခုံမှာ ဝင်ထိုင်ရင်း တအံ့တသြ ကြည့်နေလေသည်။

"ဘယ်သူလဲ ဘယ်ကလဲ"

"ဖြည်းဖြည်းချင်းပြောပြပါ့မယ် မေမေ"

www.burmeseclassic.com



"သားကို ဘုရားဖူးချင်တယ်ဆိုလို့ မေမေ ခွင့်ပြုပေးလိုက်တာနော်"

"လိပ်ဥပါတ္တူးလာခဲ့မိလို့ ခွင့်လွှတ်ပါ မေမေ" ဟူသည့်စကားကိုတော့ စိတ်ထဲမှသာ ပြောဖြစ်လေ၏။ အနည်းနဲ့အများတော့ ရင်ဆိုင်စရာတွေ ရှိနေမည်သာ။ 'မ' ရဲ့ ခေါင်းတစ်ညိတ်ကို ရဖို့အတွက် အချိန်မည်မျှကြာမည်မှန်း မသိတာတောင်မှ သူ့ရင်တွေ ဤမျှရှုန်နေလျှင် "ချစ်တယ်" ဟူသည့် အဖြေကိုကြားလျှင်ဖြင့် နှလုံးရပ်သွားတော့မယ် ထင်ပါရဲ့။

ချစ်လိုက်ရတာ 'မ' ရယ်။

"သားငယ်"

"ညီရောက်နေပြီလား"

ကားရပ်သံမကြားလိုက်ရပါဘဲ အိမ်ထဲဝင်လာသည့် ကိုကိုကချက်ချင်းပင် မေမေ့မျက်နှာ တစ်မျိုးဖြစ်နေတာကို ရိပ်မိသွားရလေ၏။ ပြဿနာဆိုတာ ပူပူနွေးနွေးအချိန်မျိုးမှာပဲ ရှင်းရသည့်အရာမျိုးပဲ ထင်ပါရဲ့။ ကိုကိုက duty coat ချွတ်ရင်း သူ့အနီးရောက်လာလေသည်။

"ဘာဖြစ်နေတာလဲ"

"သားငယ်ရယ်လေ"

"ညီက ဘာဖြစ်လို့လဲ"

"ကျွန်တော်ပြောပါ့မယ် မေမေ"

"ဘာတွေလဲ ညီ"

"ကျွန်တော် ဧဋ္ဌအစ်မကို ချစ်နေပြီ ကိုကို"



"ဘာ!"

လုံးဝထင်မထားသည့်အကြောင်းအရာကြောင့် ကိုကို့မျက်လုံးပြူး၍ ကြည့်နေလေ၏။ သူငယ်ချင်းဖြစ်သူနှင့် ပြိုင်ဘက်က ညီဖြစ်သူဖြစ်နေမည်ဟု မထင်နိုင်ပါလေ။ အချစ်ပွဲနှင့်စစ်ပွဲဆိုတာမျိုးက ရှောင်ရှားလို့ ရနိုင်တာမှ မဟုတ်ဘဲ။

"မင်း ဘာတွေလျှောက်လုပ်ချင်ရတာလဲ ညီ။ ထက်မြက်ချိုက မြင့်မိုရ်ရဲ့ချစ်သူကွ"

"မဟုတ်ဘူး"

"လွန်ခဲ့တဲ့ (၇) နှစ်ကျော် (၈) နှစ်လောက်ကတည်းက သူရူးရူးလန်းလန်းချစ်ခဲ့တဲ့ ကောင်မလေးကို ဘာကြောင့်ချစ်တယ်လို့ ထင်ရတာလဲ။ မင်းတို့တွေ့တာမှ"

"အချစ်မှာ အချိန်စောတယ် နောက်ကျတယ်ဆိုတာ မရှိပါဘူး ကိုကို"

"ဟာကွာ . . . ကျစ်! ခက်တော့တာပဲ"

ကိုကိုက စိတ်ပျက်သွားဟန်ဖြင့် duty coat ကို ဆက်တီထက် ပစ်ချလိုက်လေသည်။ ရင်ဆိုင်ရမည့်လူက အစ်ကိုမဟုတ်ပါဘဲ ကိုကိုက အရင်ဖြစ်နေရတယ်လို့။ မေမေက သားနှစ်ယောက် ပြဿနာဖြစ်မှာကို စိုးရိမ်နေလေ၏။ ဘယ်လိုလုပ်ရမှာလဲ 'မ'။ အချစ်ဆိုတာ ဒီလိုပဲ မရိုးရှင်းဘဲ ရှုပ်ထွေးနေတတ်တဲ့အရာမျိုးလား။

"မင်းသွားခဲ့တဲ့အချိန်က တစ်ပတ်တည်းကြာတာပါ ညီ။ တစ်ပတ်ဆိုတာ (၇) ရက်တည်းပါ။ အဲဒီလောက်အချိန်လေးနဲ့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ချစ်တယ်လို့ ထင်လိုက်ရလား။ စိတ်ကစားတဲ့ ဆယ်ကျော်သက်အရွယ်လည်း မဟုတ်တော့ဘဲနဲ့"

"ကျွန်တော် စိတ်ကစားခဲ့တာ မဟုတ်ဘူး ကိုကို။ ချစ်တာပါ။ ဒီရင်ဘတ်မှာ တဒိန်းဒိန်းနဲ့ မြည်ဟီးနေခဲ့ရတာ၊ နှလုံးသားက တဖျတ်ဖျတ် အခုန်မြန်နေခဲ့တာ အချစ်မဟုတ်ရင် ဘာလဲ"

"ညီညီ"

ရင်ဘတ်ကို တဘုန်းဘုန်းဖြင့် ထုရိုက်ပြလိုက်မိပါ၏။ 'မ' ထုခဲ့စဉ်က မနာကျင်ရပါဘဲ အခုမှ တကယ်နာလာရတာပါ။ ချစ်ခြင်းက နူးညံ့ခြင်းတွေကိုသာ ယူဆောင်လာတတ်တာဆို။ ခုတော့ အလွမ်းသင့် ဒဏ်ရာတွေနဲ့ လူကို ထပ်ဆင့်ဝေဒနာတွေ ပေးကမ်းနေပါရော့လား။ အချစ်က ပြင်းရှနာကျင်ခြင်းတဲ့လားလေ။

"ကိုကို ပြောပြီးပြီလေ၊ ထက်မြက်က မြင့်မိုရ်ရဲ့ချစ်သူပါလို့။ မင်းချစ်လို့မရဘူး။ ချစ်ခွင့်မရှိဘူးကွ"

သူ မဲ့လိုက်မိပါ၏။ ထင်ထားသည့်အတိုင်း ဖြစ်လာတော့တာလေ။ လက်ကို အပိုင်တုပ်နှောင်စေမယ့် လက်ဆောင်မျိုးနှင့် 'မ' ကို ချည်လို့ရမှာတဲ့လား။ အချစ်မှာ ဂုဏ်ပကာသနဆိုတာတွေ လုံးဝမရှိဘဲ ရိုးစင်းတယ်ဆိုတာကို 'ဒေါက်တာမြင့်မိုရ်ဦး' သိအောင် သူ သေချာပြောရဦးမှာပါ။

ကျောပိုးအိတ်ထဲမှ ကတ္တီပါဘူးလေးကို ထုတ်ယူ၍ ဖွင့်ကာ ဆက်တီစားပွဲထက် တင်လိုက်ပါ၏။

"ဒါက ... ဒါက"



"အစ်ကိုပစ္စည်းပါ"

"အဲဒါ မင်းဆီ ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

" 'မ' က ပြန်ပေးခိုင်းလိုက်တာပါ ကိုကို"

"ဘာ"

"အစ်ကိုကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူးတဲ့"

"ကျစ်! မဖြစ်နိုင်တာ"

"ကျွန်တော် စိတ်ကူးမယဉ်တတ်မှန်း ကိုကို သိပါတယ်"

"မဟုတ်သေးဘူး ညီရာ"

"အဲဒါကို ကိုကို ပေးပေးမှာလား။ ဒါမှမဟုတ် ကျွန်တော်ကိုယ်တိုင် ပေးရမှာလား"

ကိုကိုက စိတ်ပျက်လက်ပျက်ဖြင့် ဆက်တီထက်ထိုင်ချကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်လေသည်။ ရင်မောနေပြီလား။ ဘာယက်ရှင်ထက် မသက်ဆိုင်သည့်လူက ပိုပြီးရင်မောနိုင်မှာတဲ့လား။ ဖူးစာရေးနတ်က 'မ' နှင့်အတူ သူ့ကို ချိန်ရွယ်ပြီး ချစ်ခြင်းဖြစ်တည်စေသည့် အချစ်မြားလေး ဦးတည်ရာမှာ သူသာလျှင် ရှိပါစေလေ။

"မင်း ဘာမှမသိဘူး ညီညီ၊ သူတို့နှောင်တွယ်ခဲ့တဲ့ သံယောဇဉ်က နှစ်ပေါင်းမနည်းဘူးကွ။ ထက်မြက်ချိုဆိုတာ သူ့မျက်စိအောက်မှာတင် အရွယ်ရောက်လာခဲ့တဲ့ ပန်းတစ်ပွင့်ပါ"

"သံယောဇဉ်ရှိရုံနဲ့ အချစ်က မဖြစ်တည်နိုင်ပါဘူး ကိုကို"

"စာတွေ တတ်နေလိုက်တာ"

"ကိုကိုမှ မချစ်တတ်တာ။ ဘယ်နားလည်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"Sorry! ကျွန်တော် လွန်သွားရင် တောင်းပန်ပါတယ်"

"ပေးပါ"

"ဘာကိုလဲ"

"ထက်မြက်ချိုရဲ့ phone နံပါတ်"

"No!"

"ညီညီ"

"ကြားလူဝင်နှောက်ယှက်တာရဖို့ 'မ' ကို ကျွန်တော်ချစ်တာ မဟုတ်ဘူး ကိုကို"

"ဒီလောက် အချိန်တိုလေးနဲ့ မင်းကို ပြန်ချစ်တဲ့ သူ့အချစ်ကို စစ်မှန်တယ်လို့များ ထင်နေလား တုန့်နိုင်းခ"

သူ ပြီးမိပါ၏။ 'မ' ကိုများ ခပ်လွယ်လွယ် မိန်းကလေးဟု ထင်နေပုံပါ။ ဤမျှ နှစ်ကာလရှည်ကြာအောင် ချစ်ခဲ့ပါသည်ဆိုသည့် 'ဒေါက်တာမြင့်မိုရ်ဦး' ပင်လျှင် 'မ' ၏ နှလုံးသားကို မကိုင်လှုပ်နိုင်ခဲ့ တာလေ။ အချစ်ဆိုတာ အချိန်အခါနဲ့လည်း မသက်ဆိုင်ပါဘူး။ အထူး သဖြင့် 'မ' ၏ မာကျောပြတ်သားလွန်းပါသည့် စိတ်ဓာတ်ကို ပျော့ ပျောင်းစေဖို့သာ အဓိကကျတာပါ။

" 'မ' က ကျွန်တော့်ကို ခေါင်းညိတ်လိုက်တယ်လို့များ ထင်နေလား။ အဲဒီလောက် အညာမလွယ်ပါဘူး"

"မင်းကတော့ကွာ"

"အစ်ကိုကို ငြင်းလိုက်တာ အမှန်ပါ"



"အဲဒါ သူတို့ကိစ္စလေ။ ညီနဲ့မှ မဆိုင်တာ"

"ဆိုင်တာပေါ့ ကိုကို၊ 'မ' က ကျွန်တော်နဲ့သက်ဆိုင်သူပဲဟာ"

"ဝဍ္ဍာအောင် သိနေပြီလား"

"တစ်အိမ်လုံး အကုန်သိတယ်"

ကိုကို နဖူးကို ဖြန်းခနဲရိုက်လိုက်လေ၏။ မေမေပင် စိတ်ရှုပ် နေသည့်ကြားမှ ပြုံးလိုက်သည်ကို တွေ့လိုက်ရပါသည်။ ဘာပဲဖြစ်ဖြစ် ဒီသားအငယ်ဆုံးလေးကို စိတ်ချမ်းသာပျော်ရွှင်စေအောင် ဖူးဖူးမှုတ် အလိုလိုက်ခဲ့တာ မဟုတ်ပါလား။

"သူက ဘာတဲ့လဲ"

ပန်းသာတွန့်ပြုံလိုက်လေ၏။ အပြန်မှာလိုက်ပို့ပြီး စကားတစ် ခွန်းမှမပြောဘဲ ခပ်တည်တည်နေခဲ့ပါသည့် 'မ'ကို အလိုလို ရှိုက်လန့်ကာ သူလည်း စကားမပြောရဲခဲ့တာပါလေ။ "အခွင့်မရှိ မဝင်ရ" ဟူသည့် ဆိုင်းဘုတ်ချိတ်ထားပါသည့် 'မ' နှလုံးသားတံခါးကို တံခါးမခေါက်ဘဲ ဖောက်ဝင်မိခဲ့သည့် လူက သူပင်မဟုတ်ပါလား။ ဆိုးတာလေးကို ခွင့် လွှတ်ပေးပါ 'မ' ရယ်။

"ရှုံးလိုက်တာကွာ"

"ဘာမှရေရေရာရာမဟုတ်ဘဲနဲ့ အပျော်လွန်နေတာပဲ ကြည့် တော့ သားကြီးရယ်"

"ဟိုက ဘယ်တော့ အဖြေပေးမှာတဲ့လဲ"

"မသိဘူးလေ၊ အဲဒါ 'မ' အပိုင်းပဲ"

"ဒီလောက်တည်တဲ့ ကောင်မလေးကို မင်း ဘယ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ပြီး ကြိုက်သွားတာလဲ"

"ဟုတ်!"

"ကိုကိုနဲ့ညီက အကြည့်ချင်းမှမတူတာ"

"ခေါင်းမာတာက တော်ရုံမဟုတ်ဘူးနော် ညီညီ"

"သိသားပဲ"

"အဲဒါတောင် လက်မလျှော့ဘူး၊ ဟုတ်လား"

"အဲဒီမာနလေးကို ချစ်သွားတာ"

"သွားပြီ၊ မေမေ့သားငယ် ဘာနတ်ဝင်ပူးပြီး ပြန်လာသလဲ မသိဘူး"

မေမေ ဟက်ဟက်ပက်ပက် ရယ်လေတော့၏။ သူက သူ့ phone ကို အိတ်ထဲမှယူလိုက်ပြီး ဖွင့်ကာ မေမေ့ကိုပြလိုက်ပါသည်။ မေမေက ပါးစပ်ဟသွားသည်အထိ အံ့ဩသွားလေ၏၊ ဓာတ်ပုံထဲမှာ 'မ' က ယဉ်သကိုလေးလုနေတာကိုး။ အခုတော့ မာဆတ်ဆတ် ပေါက်ကျော်မ ဖြစ်နေပြီလေ။

"ကျွန်တော့်ကို ပြန်ချစ်ရင် ဆံပင်ရှည်ပြန်ထားနိုင်းမှာ"

"မမျှော်လင့်နဲ့"

"ဒီလိုပုံတုံးကြီးတော့ မမိုက်ပါဘူး။ Step ပုံစံလေးလောက်ဆို သိပ်မရှင်ပါဘူးနော် မေမေ"

"အင်း"

"သိမ်းသွင်းနေပြန်ပါပြီ၊ မေမေ သိပ်ယုံမနေနဲ့၊ ဟိုက မာနခဲ ဗျ"



"အဲဒီမာနကို အရည်ပျော်ကျအောင် လုပ်ပြမှာပါ ကိုကိုရ"

"ဘယ်လောက်တော်နေလို့ မာနကြီးရတာလဲ"

"ကိုကို့ကို မေးကြည့်၊ ကျွန်တော် ရေချိုးပြီးနားတော့မယ်"

"ပညာတော်တယ်၊ ဆေးမှတ်ပုံတင်ပေမယ့် တမင်မတက်ဖြစ်ဘဲ ရိုးရိုးမေဂျာနဲ့ပဲ ဘွဲ့ယူခဲ့တာ၊ အစက Travels guide လုပ်ခဲ့သေးတယ်၊ ခုထိလည်း လူရင်းတွေတောင်းဆိုရင် လုပ်ပေးတုန်းပဲ၊ သူ့အမေက ဝပ်ရှော့ဖွင့်ထားပြီး ကားနဲ့ဆိုင်ကယ် ဝယ်ရောင်းလည်း လုပ်တယ်၊ အဲဒီမှာ မန်နေဂျာလုပ်ပြီး အလှပြင်ဆိုင်မှာ ရှယ်ယာတစ်ဝက်နဲ့ လုပ်ငန်းစပ်တူလုပ်သေးတယ်၊ ဒီရန်ကုန်က Mini Mart မှာလည်း အဲဒီလို ရှယ်ယာဝင်ပဲတဲ့"

"အလို! ... အဲဒီလောက်တောင် အလုပ်များတာလား"

"ပြောသားပဲ ... ကျွန်တော့် 'မ' က အဲဒီလို အများကြီး တော်တာပါလို့"

လှေကားမှတက်လာရင်း ငုံ့ပြောလိုက်မိပါ၏။ အတွေးနဲ့တင် ဒီလောက်ပျော်စရာကောင်းနေပါလား။ အိပ်ခန်းတွင်းဝင်ခဲ့ပြီး ရေစိမ်ချိုးလိုက်ပါသည်။ နောက်ဆိုရင် 'မ' ကိုယ်တိုင် ရေချိုး ဆပ်ပြာတိုက်ပေးတာကို သူရမှာပေါ့နော်။ ဖျားနေစဉ်က သူ့ကို ရေပတ်တိုက်ပေး အဝတ်လဲပေး ဆေးတိုက်ခဲ့သေးတာပဲ။ ကျွန်တော့်အပေါ် ကရုဏာစိတ်လေးတော့ သေးသေးလေး ရှိနေမှာပါလေ။

"မ"

ဒီဘဝမှာ ရင်ခုန်ဘက်လည်း ဖြစ်ချင်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက်တာ ပိုင်ဆိုင်ခွင့်လည်းရချင်တယ်။

နောက်ဘဝထိ သက်ဆိုင်ခွင့်လည်း ရှိချင်တယ်။

ချစ်ခွင့်ပေးလှည့်ပါနော်။

သူ့တစ်သက်တာမှာ 'မ' ကို ချစ်မိခဲ့ပြီး အတွေးတွေနှင့်အတူ အာရုံတွေနှင့် အိပ်မက်လှလှလေးမက်ကာ တစ်ယောက်တည်း ဇအိပ် ဖြစ်ခဲ့သည့် ညလေးတစ်ညပါ။ ဪ 'မ' ရယ်။

✲

# (၂၉)

'ဝဏ္ဏ'က သူ့ကို မယုံသလိုမျက်နှာဖြင့် ကြည့်နေလေ၏။ အစ်ကိုနှင့်တွေ့ဖို့ တပ်ကူခေါ်သွားစရာမလိုပါ။ အချစ်မှာ သတ္တိရှိဖို့ လိုအပ်သည်မဟုတ်ပါလား။ သို့သော် ပြဿနာတစ်စုံတစ်ရာရှိလာပါက 'မ' သိစေရန် 'ဝဏ္ဏ' ကိုတော့ အသိပေးထားရမှာလေ။

"မင်း ဖွင့်ပြောခဲ့တယ်ပေါ့"

"အင်း"

"ဟုတ်ရဲ့လား နိုင်ဆရာ"

"ဪ . . . ဟုတ်ပါတယ်ဆို"

"ဘယ်တုန်းကလဲ"

"Hand-chain ပြန်ပေးခိုင်းတဲ့ညကပဲ"

"မထက် စိတ်မဆိုးဘူးလား"

"ဆိုးမှာပေါ့၊ ဆိုးသွားလို့ ငါပြန်တာကိုတော်င်နှုတ်မဆက် သာပဲ ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



“မင်း ဘာလုပ်လိုက်သေးလဲ”

“ဒါက secret ”

“ငနာ”

သူငယ်ချင်းတွေ ဝိုင်းထုတာကို ခံရလေတော့၏။ စကား သိပ်မပြောသည့် ခပ်အေးအေးကောင်လေးမို့ ဤမျှ သတ္တိမရှိလောက် ဟု ထင်ကြမည်သာ။ အချစ်မှာ လက်ဦးမှုရှိဖို့လိုအပ်ပါသည်။ Step by step ဆိုတဲ့ အဆင့်မျိုးက ဒီနေရာမှာ သုံးဖို့မှမလိုတာဘဲ။

“လက်သွက်လှချည်လား”

“မင်းကို လက်သီးနဲ့ မကစ်လိုက်ဘူးလား”

“ဟင်းဟင်း ... ရန်လုပ်ချိန်တောင် မရလိုက်ဘူး”

“ဒီကောင်တော့လား”

“ထင်တော့ထင်သာ။ ဒင်းကိုစနေရင်း တစ်မျိုးတော့ တစ်မျိုးပဲလို့”

“မင်းတို့လော့လို့ ရောထိုင်လိုက်တာမျိုး မဟုတ်ဘူးနော်။ ငါက ‘မ’ နဲ့ special”

“မင်းဘဲကြီး special”

“ဟိုအစ်ကိုနဲ့ ဘယ်လိုရှင်းမှာလဲ”

“ဒီနေ့ သွားပေးမလို့လေ။ တစ်ခါတည်းတောင် ယူလာသေး တယ်”

“ငါတော့ မျက်ခုံးလှုပ်နေပြီ”

Hand-chain ဘူးကို ထုတ်ပြလိုက်မိပါ၏။ ‘ငွှာ’ =



အဖော်လိုက်ပေးချင်ပေမယ့် သူက ခေါင်းခါလိုက်တာပါ။ ယောကျ်ား ချင်းပဲဟာ။ Do or Die ပေါ့နော်။ သူကိုကိုပါ ရှိနေမှာမို့ သိပ်ကြီး ကြောက်စရာမလိုပါလေ။ ‘မ’ အတွက် မောင် အားတင်းထားပါတယ် နော်။

“ဆေးရုံကို သွားမှာလား။ ဒါမှမဟုတ် အိမ်ကိုပဲ သွားမှာ လား”

“အိမ်ကွင်းဆို ငါရှုံးသွားမှာပေါ့ကွ။ အပြင်မှာပဲ တွေ့ဖြစ်မယ်”

“ကိုမင်းက ဘာတဲ့လဲ”

“အစ်ကိုနဲ့ ရှိနေပေးမယ်တဲ့။ တစ်ခုခုဖြစ်ရင် ဆွဲလို့ရအောင်”

“မဟုတ်ဘူးလေ။ ငါပြောတာ မထက်ရဲ့ကိစ္စကို ပြောတာ”

“ငါ့ဘက်က (75%) ပဲ”

“100% မဟုတ်ဘူးလား”

“လိုတာ ‘မ’ ဖြည့်ပေးရမှာ”

“နားကြားပြင်းကပ်လာပြီ”

“မင်းပဲ သဘောတူတယ်ဆို”

“ငါ့အစ်မပါမှ ငါ့ယောက်ဖဖြစ်မှာကွ”

“မင်းက သေချာတွန်းပေးမှ ယိုင်လာမှာပေါ့”

“ကောင်းကွာ ... နစ်နာနေပါဦးမယ်”

“ငါလိုက်ပို့ပေးမယ်။ ဆိုင်ထဲထိတော့ မလိုက်ဘူးနော်”

“Ok! ... သွားပြီ ဝွှာ”

“အေး ... Good luck!”

www.burmeseclassic.com

www.burmeseclassic.com



"Thanks!"

'သုတ' ကားဖြင့် ကျောင်းမှထွက်လာခဲ့ကြပါ၏။ နှစ်ယောက်သား စကားမပြောဖြစ်တော့ဘဲ ငြိမ်သက်နေဖြစ်လေသည်။ ညနေစောင်းအချိန်မို့ ကားလမ်းက ထုံးစံအတိုင်း ကြပ်နေပါ၏။ ကိုကို့ကို ကြိုမှာထားတာမို့ အစ်ကိုနှင့် ကော်ဖီဆိုင်မှာစောင့်နေကြမှာပါ။

"ဘယ်လိုစပြောမှာလဲ"

"မီးစင်ကြည့်ကရမှာပေါ့"

"မထက်ကို လှမ်းမေးရင်တော"

"အဲဒါ ဝဋ္ဋာ အံကွက်ရွှေ့လိမ့်မယ်"

"ပိုင်ပါ့ကွာ"

ယှဲ့ယှဲ့မျှ ပြုံးမိလေ၏။ ရင်ထဲမှာတော့ မွန်းကြပ်နေတာအမှန်ပါ။ အားပေးပါဦး 'မ' ရယ်။

Ward ထဲမှထွက်ခဲ့စဉ် 'နေမင်းခ' က သူ့နောက်မှ အပြေးလိုက်လာလေ၏။ တွေ့ချင်တယ်ဆိုလည်း တွေ့လိုက်ရုံပေါ့။ ဘာခက်တာလိုက်လို့။ ကိုယ်တိုင် phone မဆက်ဘဲ အစ်ကိုဖြစ်သူနှင့် အကူအညီတောင်းခိုင်းပုံက ကလေးဆန်လွန်းနေတာပါ။ မရင့်ကျက်သေးသည့် ချာတိတ်မျိုးကို သူ၏ 'ထက်' က စိတ်ဝင်စားမှာတဲ့လား။ မထင်ပါလေ။

"ဖြည်းဖြည်းလျှောက်ပါ မြင့်မိုရ်ရာ"

"စိတ်လောနေလို့ပါ"

ခနီးက ပြန်ရောက်ပြီး 'နွယ်'က သူ့ကို စိမ်းသက်စွာ ဆက်ဆံ



လာတော့တာပါ။ မြစ်စေချင်ပေမယ့် မမြင်အောင် ဝတ်သည့် 'ထက်' ကြောင့် မသိလောက်ဘူးဟုထင်ပေမယ့် မိန်းမချင်းမို့ 'နွယ်' က သိနေခဲ့လေ၏။ အထူးသဖြင့် သူ မွေးနေ့လက်ဆောင်ပေးခဲ့ပါသည့် Hand-chain ကို 'ထက်' နှင့်အတူ ပေးရလားဆိုပြီး စိတ်ဆိုးခဲ့တာပါ။

သုံးလလောက်အထိ စကားမပြောနိုင်ပါဘဲ အနေစိမ်းပြခဲ့တာလေ။ ဒီလမှ စကားကောင်းကောင်းပြန်ပြောတာမို့ သက်ပြင်းချနိုင်ခါမှ 'နေမင်းခ' ၏ညီ 'တုနိုင်းခ' က တစ်စခန်းထလာပြန်ပါရောလား။ ဒီကောင်လေးမျက်နှာကို စတွေ့ကတည်းက စိတ်ထင့်ခဲ့ရတာပါ။ အခုတော့ ထင်သည့်အတိုင်း သူနှင့် 'ထက်' ကြားမှာ ဝင်မွှေတဲ့ ကြက်ဥခေါက်တံဖြစ်နေရတယ်လို့ စိတ်တိုလိုက်တာနော်။

"ဘာပဲဖြစ်ဖြစ် အေးအေးဆေးဆေး ဖြေရှင်းပါကွာ"

ပြောတော့လွယ်လိုက်တာ။ လက်တွေ့မှာ သူ့ဘက်က အနာချည်းပဲဆိုတာကို မသိလို့လား။ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း။ ငါချစ်သူဆိုပြီး မထွာပ်တိုင်တက်ပြချင်ရအောင်လည်း သူ့လက်ထဲမှာက လက်ဆုပ်လက်ကိုင် သက်သေပြစရာမှ မရှိတာလေ။ ပိုင်ဆိုင်ခွင့်ရဖို့အတွက် ခြေလှမ်းကစရုံသာ ရှိသေးသည့်သူ့ကို အဝါကတ်ပြပြီး သတိပေးနေသည့်နွယ် ခံစားနေရပါ၏။ မတရားသဖြင့်တော့ မဆုံးဖြတ်ပါနဲ့လား 'ထက်မြက်ချို'။

"Personal ကိစ္စ ဆွေးနွေးမှာကို လိုက်ရှုပ်ဦးမလို့လား"

"မင်းနဲ့တွေ့မှာက ငါ့ညီလေကွာ။ လက်လွန်ခြေလွန် မဖြစ်စေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အတော်တရားမျှမှ ရှိတာပါပဲလား။ ညီကိုကာကွယ်ဖို့ ရှေ့ကနေ မားမားမတ်မတ် ရပ်ပေးသည့် စစ်သူကြီးနှယ် အင်အားတောင့်တင်းကြောင်း ပြနေတာလား။ စည်းချင်းထိုးတယ်ဆိုတာ One by One စနစ်မျိုးပါ။ ခုတော့ ဘယ်လိုဖြစ်ပြီး Bodygurad က Ready ဖြစ်နေရပါသလဲ။

"သူ ဘာပြောမယ်မှန်း မင်းသိနေတယ် မဟုတ်လား"

'နေမင်းခ' ပြန်မဖြေပါ။ သူငယ်ချင်းနှင့် ညီကြား ဖြေရှင်းရရင် ခင်မင်မှုဆိုတာထက် အရေးကြီးရင် သွေးကသာ အချက်ပြုဘက်သာတော့မှာလေ။ ထိုးကြ ကိုတ်ကြဖြစ်ရအောင်လည်း သူက လက်သွေးတတ်ကာစ လူငယ်လေးလည်း မဟုတ်တော့ပါ။ ဒီလိုဆိုတော့ ရင့်ကျက်တည်ငြိမ်နေပြီလားဆိုပါလျှင်လည်း ခေါင်းခါပြရမည်သာ။

နှလုံးသားရေးရာမှာ ကိုယ်က အရွယ်မရောက်သေးတဲ့ မူကြိုအဆင့်သာ ရှိသေးမှန်း ကိုယ့်ကိုယ်ကိုယ် သိနေပါတယ်လေ။

"ကိုယ့်ညီကိုယ် မဆုံးမထားဘူး"

"ဟ! ... သူ့ကိစ္စကို ငါ လိုက်ရှုပ်လို့မှမရတာ"

"အခု ငါနဲ့လာငြိနေပြီ မဟုတ်လား"

"ကလေးမဆန်ချင်ပါနဲ့ မြင့်မိုရ်ရာ"

"သဘောထားကြီးတယ်ဆိုတာမျိုးက ဒီနေရာမှာ အသုံးချရမှာမှ မဟုတ်တာ။ ငါနဲ့ပြိုင်ဘက်က ရွယ်တူတန်းတူဆိုလည်း တော်သေးတယ်။ အခုတော့"



"ညီက လိမ္မာယဉ်ကျေးတဲ့ ချာတိတ်ပါ မြင့်မိုရ်။ အစ်ကိုကြီးတဲ့ ငါ့ကို လေသံမာနဲ့တောင် ပြန်ပြောခဲ့ဖူးတာ မဟုတ်ဘူး။ ဒါ ပထမဦးဆုံး အကြိမ်ပါပဲ"

အားလျှော့လိုက်တာနော်။ ကားပါကင်မှ ကားကို သော့ဖွင့်စဉ် 'နေမင်းခ' က သူ့ပခုံးကို အားပေးသည့်နှယ် တစ်ချက်ပုတ်လိုက်ပြီးမှ ဘေးမှာရပ်ထားသည့် ကားပေါ်တက်လေ၏။ ချိန်းထားပါသည့် လူရှင်းသည့် ကော်ဖီဆိုင်ဆီသို့ ဦးတည်လိုက်ပါသည်။ ပထမဦးဆုံး ဆုံခဲ့ကြသည့်ဆိုင်ပါပဲ။ 'မင်းခ' ကို လှမ်းခေါ်ပြီး လှည့်ကြည့်မိစဉ်က သွားတက်လေးပေါ်အောင် ချိုမြိန်စွာ ပြုံးနေခဲ့ပါသည့် လူချောလေး။ အခု အဲဒီလူငယ်လေးနှင့် သူ ထိပ်တိုက်တွေ့လေပြီ။

'သုတ' က ကားကို coffee ဆိုင်တွင်းသို့ ဝင်လိုက်ပါ၏။ ဆိုင်ထဲထိ မလိုက်ဘဲ ကားပေါ်မှာစောင့်နေမည်ပြောထား၍ သူသာ ကားပေါ်မှ ဆင်းလိုက်ရလေသည်။ ဆိုင်ရှိရာဆီ ခပ်မှန်မှန်လျှောက်ခဲ့စဉ် ရင်ထဲမှာပြည့်ကြပ်၍ အသက်ရှူရခက်လာလေ၏။ လက်မှာ ချည်ထားပါသည့် 'မ' ၏လက်ကိုင်ပဝါ (ယောကျ်ားကိုင်ပဝါ) လေးကို တစ်ချက်ကြည့်ကာ အားတင်းလိုက်ရပါသည်။

ဆိုင်မှန်တံခါးကို တွန်းဖွင့်မဝင်မီ အသက်ကို တစ်ဝကြီး ခပ်ပြင်းပြင်း ရှူလျက် မှုတ်ထုတ်လိုက်မိ၏။ စိတ်လှုပ်ရှားခြင်းကို ထိန်းချုပ်ငြိမ်သက်စေချင်လို့ပါ။ သူ ယှဉ်ပြိုင်ရမည့်ဘက်က သူ့ထက် နှုန်းအားကြီးသည့်ပုဂ္ဂိုလ်လေ။ ပြီးတော့ 'မ' နှင့်ပတ်သက်ပြီး ပြိုင်းလမ်းမှာ သူ့ရှေ့က ကြိုပြေးနေခဲ့ပါသည့်လူ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ်နဲ့ ဖြေရှင်းနိုင်မှ ဖြစ်မှာပါနော်။ 'မ' ရဲ့ သက်မဲ့ပစ္စည်းလေးက ကျွန်တော့်အနားမှာ ရှိတာလေးကိုတောင် 'မ' နဲ့ နီးနီးလေးရှိနေသလို နွေးနွေးထွေးထွေးလေး ခံစားနေရတာလေး။ Be brave! 'တုန့်ခ'။ အချစ်မှာ အင်အားရှိဖို့လိုပြီး ရဲရင့်ပြတ်သားဖို့လည်း လိုပါတယ်။

"ကိုယ် ဒီမှာ"

အသံလှမ်းပြုလိုက်စဉ် ဆိုင်ထဲဝင်လာပါသည့် လူငယ်လေးက သူထိုင်နေသည့်စားပွဲသို့ ခပ်မှန်မှန် လျှောက်လာလေ၏။ လက်ထဲ ပါလာသည့် ကတ္တီပါဘူးကို မြင်လိုက်ရစဉ် သူ မျက်နှာပျက်သွားရပါသည်။ ဒီကောင်လေးနဲ့မှ ဒီပစ္စည်း ပြန်ပေးခိုင်းရအောင် 'ထက်' အတော်ရက်စက်တာပါလား။

ထိုင်ခုံဆွဲ၍ ထိုင်လိုက်ပြီးနောက် phone ကို စားပွဲထက် တင်ထားလိုက်ပါ၏။ ဒီလိုတင်ဖြစ်အောင် မနည်းစိတ်တင်းထားရတာပါ။ Timming ကိုက်ပုံမလားဟု စိုးထိတ်မိပေမယ့် ကံကြမ္မာဆိုတာက ကြိုတင်တွက်ဆလို့မှ မရတာကိုး။ အစ်ကို့ရှေ့သို့ ကတ္တီပါဘူးရှည်လေးကို ချပေးလိုက်ပါသည်။ အကြည့်တို့က ဘူးထံမှာမရှိတဲ့ သူလက်မှာ စည်းထားပါသည့် ပဝါထံ စိုက်စိုက်မတ်မတ် ရှိနေလေ၏။ ဒီလိုပဲ ဖြစ်ရမှာလေ။

"ဒါက"

" 'မ' ပြန်ပေးခိုင်းလိုက်တာပါ"

"သူ့ကို ကိုယ်ပြောထားပြီးသားပါ"



"ကျေးဇူးပြုပြီး သက်မဲ့ပစ္စည်းတွေနဲ့ 'မ' ကို ဖော်သဘင်သလို မချည်နှောင်ချင်ပါနဲ့လား အစ်ကို။ 'မ' က ရတနာပစ္စည်းတွေကို မက်မောတဲ့သူမှ မဟုတ်တာ။ ဒါကို အစ်ကိုက ပိုသိပါလိမ့်မယ်"

ရင်ထဲ နင့်ခနဲဖြစ်သွားရလေ၏။ အပိုင်ပါပဲလား။ ပုံစံက အနိုင်ရ သူ့ရဲ့ကောင်းကြီးနှယ် မျက်နှာကိုပင့်ထားတာပါလေ။ ချာတိတ်ကလေးပါ။ ခုမှ ကျောင်းတက်နေဆဲ စာကြိုးစားနေရဆဲ ပါမွှားလေးတု အတ[illegible]သားခဲ့သမျှ အရာမထင်လေပြီ။ Body structure နှင့် နှိုင်းယှဉ်ပါက သိပ်ပြီးအသာရတာမျိုး မရှိပါဘဲ ငယ်နုချောမောခြင်းတစ်ခုသာ ဒီကောင်လေးမှာ ပိုသာတာပါလေ။

ဘာကိုများကြည့်ပြီး မျက်စိမှောက်ခဲ့ရပါသလဲ 'ထက်မြက်ချို'။ ကိုယ်က ကိုယ်က ဒီချာတိတ်ထက် အစစအရာရာ ပိုသာနေတဲ့ လူမှန်း မင်းသိရဲ့သားနဲ့ကွယ်။

"အဲဒါ ထက်နဲ့ကိုယ့်ကြားက ကိစ္စပါ။ မင်း ဝင်ပါစရာ မလိုပါဘူး"

"ဒါတော့ အစ်ကိုဘက်ကအမြင်လေ။ ကျွန်တော်က 'မ' နဲ့ပတ်သက်နေမှတော့ ဒီလိုအကြောင်းအရာမျိုးပြောသင့်တယ် ထင်လို့ပါ"

ပတ်သက်နေတာတဲ့။ ကြည့်စမ်း! 'ထက်' သိက္ခာကျအောင် ဒီချာတိတ် တမင်တကာ ပြောနေပုံပါလား။ သူနှင့် ခရီးသွားစဉ်က သူမ သုံးတတ်ပါသည့် ဒီလိုလက်ကိုင်ပဝါမျိုးကို ယူလာပြရုံနဲ့ သက်သေမခိုင်လုံပါဘူး 'တုန့်ခ' ရယ်။

www.burmeseclassic.com

www.burmeseclassic.com



" 'မ' က အစ်ကို့ကို ငြင်းလိုက်ပါတယ်"

"ဘာ"

"ဒါကြောင့် အစ်ကိုပစ္စည်းကို ပြန်ပေးခိုင်းလိုက်တာပါ"

"မဖြစ်နိုင်ဘူး ဒါ . . . မင်း တမင်သက်သက်"

"ကျွန်တော့်ကို 'မ' ရွေးချယ်လိုက်တာပါ အစ်ကို"

"တုန္နိုင်းခ!"

"ဒီတော့ 'မ' နဲ့ ရေ့ဆက်မပတ်သက်ဘဲ နောက်ဆုတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

"မင်း!"

"မြင့်မိုရ်"

"ငါက 'ထက်' နဲ့ အချိန်အကြာကြီး သံယောဇဉ်ရှိခဲ့တဲ့သူပါ။ ဒီလောက် နှစ်ရှည်လများ ရင်းနှီးခဲ့တဲ့လူကိုတော့ ပစ်ပယ်ပြီး ဘာ မဟုတ်တဲ့ ပညာမပြည့်သေးတဲ့လူကိုမှ ရွေးမှာတဲ့လား။ ချင့်ချိန်ပြီး ပြောစမ်းပါ"

"မြင့်မိုရ်"

"မင်းမြင်တယ် မဟုတ်လား။ မင်းညီက လူကြီးဖြစ်တဲ့ငါကို မရိုမသေနဲ့ လာစော်ကားနေတာ"

"ကျွန်တော် စော်ကားနေတာမှ မဟုတ်တာ"

"ညီလည်း တော်တော့။ ဆက်မပြောနဲ့တော့ မြင့်မိုရ်လည်း စိတ်ထိန်းပါကွာ"

အခိုပ်အခြေကြည့်နေပါသည့် 'မင်းခ' က သူတို့အနီးသို့



ရောက်လာလေ၏။ ရုန်းရင်းဆန်ခတ်မဖြစ်စေချင်၍ ဝင်ထိန်းပေးပေ မယ့် ရှူးရှူးရှားရှားဖြစ်နေတာက သူဖြစ်နေပြီး ဟိုချာတိတ်ကဖြင့် ဘယ်လိုမှ မထင်ရအောင် တည်ငြိမ်ပြနေတာပါလေ။ ပြောကြတာဖြင့် အချစ်နှင့်စစ်မှာ မတရားတာမျိုး မရှိပါဆိုပြီး သူက ပြိုင်ပွဲမှာ အနီကတ် နှင့် ပွဲစတာနှင့် ထွက်ရမှာလား။

"ရွေးချယ်ရမှာက ထက်မြက်ပါ မြင့်မိုရ်။ မင်းတို့နှစ်ယောက် ငြင်းခုန်နေရုံနဲ့ ဘာမှ ဖြစ်မလာဘူး"

"ထက်က . . . ထက်က"

စားပွဲထက်တင်ထားပါသည့် 'တုန္နိုင်းခ' ၏ phone က အသံမြည်လာလေ၏။ မတ်တပ်ရပ်နေသည့်သူက phone screen ကို ရှင်းရှင်းလင်းလင်း မြင်နေရတာပါ။ အလို! 'ထက်မြက်ချို' ၏ လွန်ခဲ့သည့် (၇) နှစ်ကျော်မှ ဆံပင်ရှည်ဖြင့် ဓာတ်ပုံက ဒီချာတိတ် phone မှာ ပေါ်နေပါရောလား။

"ဟဲလို! 'မ' မောင်နားထောင်နေတယ်။ ပြောပါ။ ဟာ! တကယ်လား။ မညာနဲ့နော်။ ရောက်လာတော့ ပိုကောင်းတာပေါ့။ မေမေနဲ့ မိတ်ဆက်ပေးမယ်လေ။ မတွေ့ရဲဘူးလား။ 'မ' က သတ္တိ ရှိရဲ့သားနဲ့ကွာ"

Phone ပြောရင်း ထရပ်လိုက်ပါသည့် ချာတိတ်က သူ့အမြင် မှာ ဝိုးတဝါးဖြစ်လာလေ၏။ ထိုင်ခုံမှာ ထိုင်ချလိုက်ပြီး မျက်လုံးကို အုပ်ထားမိစဉ် 'မင်းခ' က သူ့ပခုံးကို အသာဖိ၍ ဆုပ်ကိုင်ထားလေ သည်။ 'မောင်' တဲ့လား။ 'ကိုကို' လို့ တဖွဖွခေါ်ပြီး နှာကျိုးခဲ့ပါလျက်

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ခေါ်သံကို နှုတ်ဖျားက သွက်လက်စွာ ခေါ်နိုင်ခဲ့တာတဲ့လား ‘ထက်’ ရယ်။ ကိုယ်က ရှေ့လူဖြစ်ပါလျက် နောက်လူကကျော်ပြီး ဆုတက်ယူသွားတာလောက် ခံရခက်တော့တာ မရှိတော့ပါချေ။

ရင်ကွဲတယ်ဆိုတာ ဒါမျိုးကိုပြောတာတဲ့လား။ မျှော်လင့်ချက်နဲ့ အသက်ရှင်သန်နေခဲ့တဲ့ လူပါ။ ဘေးနားမှာ ရွေးစရာမိန်းကလေးတွေ အဆင်သင့်ရှိနေပါလျက် လှည့်မကြည့်ဖြစ်တဲ့ ဥပေက္ခာပြုထားခဲ့မိတာလေ။ ကိုယ့်ဆီက မျှော်လင့်နေကြတဲ့ ရွယ်တူတန်းတူတွေကိုတော့ စာရင်းထဲမထည့်ဖြစ်တဲ့ ကိုယ့်ကိုငဲ့မကြည့်တဲ့ မိန်းကလေးကိုမှ မျှော်ကြည့်မိခဲ့ရတယ်လို့။

ဘာကြောင့်လဲ။

ကိုယ်က ဒီချာတိတ်ထက် ဘာများလိုအပ်ချက်ရှိနေလို့ ဘာများ ချို့ယွင်းချက်ရှိနေလို့ ငြင်းပယ်ချန်ရစ်ခဲ့ရတာပါလဲ။ အကြည့်ချင်းဆုံစဉ်မှာ စကားတွေအများကြီးပြောဖြစ်ခဲ့တာပါ။ အပြုံးချင်းဖလှယ်ချိန်မှာ အဓိပ္ပာယ်အများကြီး သက်ရောက်ခဲ့ရတာပါလေ။ ဝန်တိုခြင်းကြောင့် ဘုဒေါက်ကျခဲ့ရတာတွေက အိပ်မက်မှ မဟုတ်ခဲ့တာပဲ။

ဝေးကွာခြင်းနှစ်တွေက ကြာမြင့်ခဲ့တာ မှန်ပေမယ့် ခဏတာပြန်ဆုံစဉ်မှာ ‘ကိုကို’ ဟူသည့် ဝိသေသကို မထူးဆန်းသလို ခေါ်နိုင်ခဲ့သေးတာလေ။ အဲဒီနောက်မှာမှ ကြင်နာခြင်းဖော်မြူစ်က ဘာကြောင့် မပါဝင်ခဲ့တာပါလဲ။ ငယ်နုစဉ်က ရင်ခုန်ခဲ့တဲ့ အသိကို အကြည့်တွေက တစ်ဆင့် ကိုယ်ဖတ်တတ်ခဲ့တာပါ။

အခုတော့ ... အခုတော့ ... နောက်မှ ပေါက်တဲ့ကြာကမှ



ရှေ့ကြာပင် ဖြစ်နေရတယ်လို့။

ကိုယ်တကယ်ရင်ကွဲခဲ့ရပါတယ် ‘ထက်’ ရယ်။ သူများတွေအတွက် အပျော်သက်သက် ပေါ့ပေါ့တွေးစရာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ကိုယ့်အတွက်ကဖြင့် အသက်နဲ့ထပ်တူ မြတ်နိုးခဲ့ရတာပါ။ ဘယ်သူတွေ အပြစ်ပြောပြော နားမကြားသလိုနဲ့ ရှေ့ဆက်ဖို့ ကြိုးစားနေခဲ့တာပါလေ။

မင်း တကယ်ရက်စက်တယ် ‘ထက်မြက်ချို’။

Phone ပြောရင်းဖြင့် Coffee ဆိုင်ထဲမှ ထွက်လာခဲ့ပါ၏။ တစ်ဖက်မှ ‘မ’ က phone သာခေါ်ပြီး ဘာတစ်ခွန်းမှ မပြောပါလေ။ သူ့ကို စိတ်ဆိုးနေတုန်းပဲဆိုတာ သိပေမယ့် ‘ဝဋ္ဋာ’ ပြောလိုက်ရှိသော အချိန်ကိုက် ခေါ်လိုက်ပုံပါ။ ကိုယ့်ထက်ကြီးသူကို လှည့်စားမိတာတော့ အပြစ်ရှိနေမှာ အမှန်ပါပဲ။ သို့သော်။

Love is secret တဲ့။

အချစ်ဆိုတာ လျှို့ဝှက်ချက်ပါလေ။

❀

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

## (၅) လကြာပြီးနောက်၊ ဒီဇင်ဘာ

မပ္ပတာပူ ရှုထွက်နေပါသည့် ဗိုက်ကို ထိန်းကိုင်ရင်း 'မိချို'က လက်ညှိုးညွှန်၍ ခိုင်းနေလေ၏။ အငယ်ခိုင်းနေတာကို စိတ်တိုမိပေမယ့် ကိုယ်လေးလက်ဝန်နှင့်ညီမ မလုပ်နိုင်တာမို့ အိမ်အလုပ်တွေအားလုံးကို 'ထက်' ချည်း သိမ်းကျုံးလုပ်နေရတာပါလေ။ စိတ်တိုတယ်နော်၊ စိတ်တိုတယ်။

"သမီးကို သွားကြိုရဦးမှာ မဟုတ်လား"

"မေမေ ကြိုလာလိမ့်မယ်။ အဲဒီနားသေချာတိုက်မှပေါ့။ ဖုန်က လက်တစ်သစ်ဖြစ်နေပြီ။ အပေါ်မှာ နင်တစ်ယောက်တည်းရှိတာ။ ကိုယ့်အထပ်ကိုယ် သန့်သန့်ရှင်းရှင်းမထားဘူး။ တကယ်ပျင်းတယ်"

"ဒါ ငါတစ်ယောက်တည်းနေတဲ့အထပ်မှ မဟုတ်တာဟဲ့!"

"အငယ်တွေ တစ်ယောက်မှမရှိတာ၊ အခု နင်တစ်ယောက်တည်းနေတော့ တာဝန်ရှိတာပေါ့"

"အချိန်မရှိဘူးဆိုနေမှ ငါ ဆံပင်ညှပ်ရဦးမယ်"



"မညှပ်နဲ့၊ ဒီအတိုင်း လှတယ်"

ကြမ်းပြင်ပေါ်ဒူးထောက်၍ ကြမ်းတိုက်နေရင်းမှ မျက်စောင်းလှည့်ထိုးလိုက်ပါ၏။ ဆံပင်က ဂုတ်ထောက်ပြီး ရုတ်တိုရုတ်ပွား ဖြစ်နေတာကိုများ လှသတဲ့လေ။ ခိုင်းကောင်းတာနှင့် ဖွတ်ခိုင်းနေပြီး ရွဲ့ပြောလေသလားမသိပါ။ ဒီရက်ပိုင်းမှ အိမ်မှာ လုပ်စရာတွေ ပုံနေပါရောလား။

"ငါ မနေတတ်ဘူးဟဲ့"

"နင့်ကောင်လေးက ဆံပင်ရှည်နဲ့မှ သဘောကျတာမဟုတ်လား"

"ငါ!"

ကြမ်းတိုက်ဝတ်နှင့် ပစ်ပေါက်ရန် ရွယ်စဉ် ကြက်မွေးတံမြက်စည်းဖြင့် ဗီရိုတွေ showcase တွေပေါ် သန့်ရှင်းရေးလုပ်နေပါသည့် ညီမက ရယ်လေတော့၏။ ဒီဗိုက်လေးကို အကြောင်းပြုပြီး 'ထက်'ကို နိုင်စားနေတာ မဟုတ်ပါလား။ အခုဆို 'မိုးသူ' လည်း အိမ်ထောင်ပြုပြီး ဆိုင်ကို အချိန်ပိုင်းသာလာနိုင်တော့တာလေ။ ဒီတော့ ထက်မှာ ဆိုင်ကိုပြေးရ၊ ဝယ်ရှော့ပ်ပြေးရ၊ မီးဖိုချောင်ဝင်ရနှင့် တစ်နေ့တစ်နေ့ ဖတ်ဖတ်ကိုမောနေတော့တာပါပဲ။ အချိန်မပေးနိုင်၍ မညှပ်ဖြစ်သည့် ဆံပင်တို့က ထိုးထိုးထောင်ထောင်ဖြင့် ပုံမကျ ပန်းမကျ ရှည်လာတော့တာပါ။ ဒါကိုများ ကြည့်ကောင်းသတဲ့။

"ဒါပြီးရင် ပြီးပြီ မဟုတ်လား"

"လသာဆောင် ရှင်းထားဦး"

www.burmeseclassic.com

www.burmeseclassic.com



"နှင်ကလည်းဟာ၊ ဒီလောက်လုပ်ပေးတာ တော်ရောပေါ့။ ငါ အမောဆို့နေပြီဟဲ့"

"အံမယ် . . . အဲဒါတွေအားလုံးကို ငါပဲ အမြဲလုပ်ပေးခဲ့တာ ပါနော်။ နှင်လုပ်ပေးတာဖြင့် အခုမှ သုံးလေးလရှိသေးတယ်။ အသက်က မြည်နေပြီ။ ဟိုကောင်လေးနဲ့ကျ သည်းခံနေပြီး"

"သူ့အကြောင်း ထည့်မပြောနဲ့။ မကြိုက်ဘူး"

"ပြောရင်လည်း မဟုတ်ဘူး။ ငြင်းနေတာပဲ။ မဟုတ်ရင် ဟိုက ညတိုင်း တဂွမ်ဂွမ် phone ဆက်ပါ့မလား"

"သူ့ဘာသာသူ အားအားလျားလျား ဆက်တာကို"

"စာနဲ့နပန်းလုံးနေရတဲ့လူက ချစ်ချစ်နဲ့ကြူဖို့တော့ အချိန်ရှိ တယ်ပေါ့လေ။ ဟုတ်မှလည်းလုပ်ပါ မထက်ရယ်"

"ကျစ်! နှင်နော် . . . မပြောရဲတာ ဘာမှမရှိဘူး။ အဲဒီ ဘောလုံးက ခုထိမထွက်လာသေးဘူးလား။ ငါအဖော်ရအောင် ပေါက် တောက်လေး မွေးစမ်းပါဟယ်"

"မျောက်လောင်းတွေ ထိန်းခဲ့ရတာတောင် အမှတ်က မရှိ ဘူး။ ကလေးက သူ့ဘာသာအချိန်တန်ရင် ထွက်လာမှာပေါ့ဟဲ့။ မျက် လှည့်ပြသလို ဟပ်ချလောင်းဆိုပြီး ထွက်လာစေချင်ရင် နှင့်ဘာသာ ယောကျ်ားယူပြီးမွေး"

"ပြောပြန်ပြီလား"

"အခန်းတွေ သန့်ရှင်းပြီးပြီလား"

"ပါးပါးလေးပဲပေါ့ဟဲ့"



"ပေါ့ပျက်ပျက်မလုပ်နဲ့နော်။ ညှော်သည်အခန်းကို သေချာ ရှင်းထား။ ဒီလမျိုးက လာတည်းတတ်တယ်"

မျက်နှာကို မဲ့လိုက်မိပါ၏။ ညှော်သည်များ မမျှော်ချင်ပေါင်။ လာသမျှညှော်သည်နဲ့ ဇာတ်ထပ်တည်းနေရတာ ဘယ်လောက်စိတ်ကျဉ်း ကျပ်ရတယ် ထင်ပါသလဲ။ ဟိုကောင်လေးတွေနဲ့ လှေကားအတက် အဆင်းမှာ ခဏခဏ တိုးခဲ့ရကတည်းက ဘယ်သူနှင့်မှ မတွေ့ချင် တော့ပါ။ ကလေးဆိုပြီး နည်းနည်းလေး မျက်နှာသာပေးရုံနဲ့ ခေါင်း တက်လာတော့တာမဟုတ်လား။ အမြင်ကပ်လိုက်တာနော်။

"ပွစိ ပွစိနဲ့ . . . ဘာတွေရွတ်နေပြန်တာလဲ"

"ငါ့ဘာသာငါ ဘာရွတ်ရွတ်ပေါ့။ နှင်က အမေမို့လို့ လိုက် ပြောနေတာလား။ စိတ်တိုလာပြီ"

"မဆိုးဘူး"

"ဘာလဲ"

"စိတ်က မိန်းမဆန်လာပြီလို့ ပြောတာလေ"

"မြန်မြန်ဆင်းတော့ မျက်စိနောက်တယ်"

"အလုပ်သာ ပြီးအောင်လုပ်ပါ။ အဝတ်လျှော်ပေးတဲ့လူကို ခေါ်ပေးဦး"

"နှင့်အလုပ်ချည်းပဲ"

'မိချို' က 'ထက်' ကိုပြောပြီး ခပ်ဖြည်းဖြည်း ခြေလှမ်းဖြင့် အိမ်အောက်သို့ဆင်းသွားလေတော့၏။ အမယ်လေးနော် . . . အိမ်ရှင်မ အလုပ်ဆိုတာ ဒီလောက်များမှန်း အစက ဘာလို့မသိခဲ့ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ပင်ပန်းပြီး ကိုက်ခဲလို့ အိပ်မရတိုင်း "ခေါင်းသောက်အိပ်လိုက်နော် 'မ'၊ နိုးရင် ကျွန်တော် လာနှိုးပေးမှာ" ဟူသည့် ခပ်တိုးတိုးလေးသံကို phone ထဲမှာ နားထောင်ပြီး အမောပြေခဲ့ရတာလေ။

စိတ်ဆိုးတာက ဆိုးတာတစ်ပိုင်းပါ။ အခုလို စကားပြောဖော်၊ ရင်ဖွင့်ဖော်မျိုးက 'ထက်' မှာ တစ်ယောက်မှမရှိတော့တာလေ။ အိမ်ထောင်ပြုကုန်သည့် သူငယ်ချင်းတွေနှင့် အဆက်အသွယ်ပြတ်ပြီး တစ်ယောက်တည်း ငေါင်စင်းစင်းအထီးကျန်နေခဲ့ရတာ ကြာပါပြီ။ အရင်လို ရင်ကော့ခေါင်းမော့ လက်မထောင်ဖို့ပင် အားမရှိတော့ပါချေ။

လသာဆောင်မှာ တံမြက်စည်းလှည်းကျင်းပြီး သစ်သားဆက်တီတွေကို ဖုန်စင်စေရန် တိုက်ပြေပြန်ပါ၏။ ခုံတွေကို နေရာချစဉ်သူတို့လာစဉ်က ညတိုင်း ဝိုင်းစုထိုင်ပြီး စကားများ ငြင်းခုန်ခဲ့ကြတာကို ပြန်အမှတ်ရနေမိသည်။ ထိုစဉ်က 'ထက်' စားရန် မုန့်ကို ဘယ်သူမှ မမြင်အောင် အဲဒီကောင်လေး ဖွက်ပြီးကျွေးခဲ့တာက ရယ်စရာမဟုတ်ပါလား။

'တုန်နိုင်းခ' တဲ့။

မင်းအသက်ငယ်ငယ်လေးနဲ့များ ငါ့ကိုချစ်တယ်တဲ့လေ။ အချစ်က နောက်စရာမှ မဟုတ်တာနော်။

ဆက်တီခွေတွေကို ကြည့်ကောင်းစေရန် နေရာသေချာချလိုက်ပါ၏။ အလုပ်ပြီးပြီမို့ ရေချိုးရန် ပြင်ရတော့မှာပါ။ 'မိုးသူ' ရှိနေတုန်း ဆံပင်သွားညှပ်ဦးမှာပါပဲ။ ရေချိုးခန်းသို့ အရင်ဆင်းလာခဲ့ပြီး ခေါင်းလျှော်ရေချိုးလိုက်ပါသည်။ 'ထက်' က ခေါင်းလျှော်ပြီးမှသာ ဆံပင်



ညှပ်လေ့ရှိပါ၏။ ဆိုင်ကို ညစ်ညစ်ပတ်ပတ်ဖြင့် သွားပြီး ကလေးတွေ ညှပ်ပေးတာကို မလုပ်စေချင်လို့ပါပဲ။

"ဗိုက်ဆာတယ်"

"နင့်တီတီကို ထည့်ခိုင်း"

"ဟာ! ... နေရာတကာ ငါချည်းပဲ။ ဒီမှာရေစိုကြီးနဲ့ဟဲ့"

"မေမေ ထည့်ပေးပါ့မယ် သမီးကြီးရယ်၊ သွား သွား"

"တီတီ စိတ်ပုပ်"

"သဲသဲ စိတ်ပုပ်"

"တီတို့နော် ... မချစ်တော့ဘူး"

"မချစ်ရင်နေပေါ့"

"နင့်တီတီက ချစ်စရာရှိနေပြီမို့ နင့်ကို မချစ်တော့ဘူး သမီးရေ"

"ဟာ! ... မိချို့တော့ ဖွပြန်ပြီ"

"ဟုတ်လား မိထက်"

"မဟုတ်ပါဘူး မေမေရာ။ ပေါက်တတ်ကရတွေ"

"အေးပါ ... အေးပါ။ ညာလို့ရတုန်း ညာထားဦးပေါ့။ ဟိုကလူအကောင်လိုက်ကြီး ရောက်ချလာမှ မျက်လုံးပြူးမသွားနဲ့"

"ဝေးသေး"

အပေါ်ပြေးတက်ကာ အဝတ်အစားဝတ်ပြီး ဆိုင်ရှိရာသို့ ဆင်းခဲ့ပါ၏။ နောက်ပေါက်မှ ဝင်လိုက်စဉ် ဆိုင်ထဲမှာ လူရှင်းနေ၍ တော်ပါသေးသည်။ 'မိုးသူ' က 'ထက်' ဝင်လာတာကို မြင်သွားလေ၏။

www.burmeseclassic.com



အိမ်ထောင်ကျသွားသည့်လူက ဒီအတိုင်း ပုံစံမပျက် ပါးပါးလေးသာ ဖြစ်နေပေမယ့် 'ထက်' က နေရင်းထိုင်ရင်း ပြည့်လာသဖြင့် ဘောင်းဘီတွေ မတော်တော့ဘဲ လုံချည်ဝတ်နေရတာပါ။

"လုပ်လိုက်တာ မိန်းမရယ်"

"တော်စမ်းပါ။ ငါ့ကို ဆံပင်သာ ညှပ်ပေး"

"Step လေးညှပ်ပါလား"

"ကျစ်! တိုတိုသာ ညှပ်စမ်းပါ"

"နင့်ပုံစံက ဘောင်းဘီဝတ်လို့မလှတော့ဘူး မိန်းမရဲ့။ တင်းတင်းရစ်ရစ်တွေ ပြူးပြီးထွက်နေပြီ"

'မိုးသူ' တင်ပါးကို ဖျတ်ခနဲရိုက်လိုက်မိပါ၏။ မသိယောင်ဆောင်ထားကာမှ ချာတိတ်မတွေ့ရှေ့ ပြောချရတယ်လို့။ အလိုက်ကို မသိပါလေ။ ဒီတစ်ခေါက် ရန်ကုန်ရောက်မှသာ ခါး size ကြီးတာ ရွေးဝယ်လာရပေမည်။

"အတိုနဲ့ မလိုက်တော့ဘူးထက်ရဲ့"

"ငါနေရခက်လို့ပါ မိုးသူရာ"

"ဒီတစ်လလောက် ထားကြည့်စမ်းပါဟယ်။ ရာသီဥတုလည်း အေးနေတော့ နေနိုင်မှာပါ။ နင် အရမ်းနေရခက်မှသာ ပြန်ညှပ်လေနော်"

"ပြီးရော ဒီလို ရှုပ်ပွမနေစေနဲ့။ ငါ ခေါင်းပေါ် အမိုက်လာပုံထားသလိုဝဲ"

ချာတိတ်မတွေ့ ရယ်ကုန်လေပြီ။ ခေါင်းစိုနေသေးတာမို့



Dryer ဖြင့် ခပ်ဖွဖွမှုတ်ကာ 'မိုးသူ' ကိုယ်တိုင် ဆံပင်ညှပ်ပေးပါ၏။ ဖိမ်မခံရတာ ကြာပြီမို့ မျက်စိစုံမှိတ်ကာ ငြိမ်ပြီးဖိမ်ခံနေမိပါသည်။ 'မိုးသူ' က ကျွမ်းကျင်၍ သိပ်အကြာကြီး မညှပ်ရပါလေ။ လည်ကုပ်ကို ဖော့တုံးဖြင့် သုတ်ပေးမှသာ မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်ပါ၏။

အလိုလေး! ... ဘယ်ကမိန်းမများ ရောက်နေပါလဲ။

"ဟာ!"

"ဟဲ့! ... ဘာဖြစ်တာလဲ အလန့်တကြား"

"နင်ညှပ်တာ မိန်းမပုံဖြစ်နေပြီ"

"အေးလေ ... နင်က မိန်းမ မဟုတ်လို့ ယောကျ်ားလားထက်ရဲ့"

"သေစမ်း!"

"မထက် Phone မြည်နေပြီ"

ဗီရိုပေါ်တင်ထားပါသည့် phone ကို ဆွိုတီလှမ်းပေးနေ၍ ယူကိုင်လိုက်ရပါ၏။ ဆံပင်တွေ မပေစေရန် 'မိုးသူ' က သေချာခါပေးလေသည်။ ဆိုင်ထဲမှထွက်ကာ ဖိနပ်စီးရင်း phone ဖြေလိုက်ပါ၏။ အသံကမရှင်းအဲ ကားပေါ်မှာလိုမျိုးမို့ အာရုံစိုက်လိုက်ရလေသည်။

"ဟဲလို! ဟဲလို!"

" 'မ' ကျွန်တော်ပါ"

"နှိုင်းလား"

"ဟုတ်!"

"ဘယ်ကနေ ဆက်နေတာလဲ အသံမရှင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကားပေါ်က ဆက်နေတာ။ ခဏနေ ကျောက်ပန်းတောင်းကို ဝင်လာတော့မယ်"

"ဘာ!"

" 'မ' 'မ' ဟဲလို! "

ဘုရား! 'ထက်' တော့သေပြီ။ ရောက်လာတော့မှာဆိုတော့ သွားကြိုရတော့မှာပေါ့။ နေပါဦး။ ဆိုင်ကယ်သော့၊ ဩော်! အရေးထဲမှ အိမ်မှာ ဘာဆိုင်ကယ်မှ မရှိပါချေ။ သေတော့မှာပဲ။ ဆိုင်ရှေ့ရပ်ထားပါသည့် ဖေဖေ့ကားကိုမြင်လိုက်၍ တိုင်မှာချိတ်ထားပါသည့် ကားသော့ကို အပြေးယူလျက် ထွက်ခဲ့ရလေတော့၏။

✦

Phone ပြောနေရင်းမှ ကျသွားသဖြင့် အံ့ဩသွားရပါသည်။ 'ဝဠာ' က မှန်လုံပေါ်မှာ အိပ်ပျော်ပြီးလိုက်နိုင်ပေမယ့် သူကတော့ တစ်မှေးမှ အိပ်၍မရပါလေ။ ဘာမှ ကြိုမပြောဘဲ ရုတ်တရက် ဘွားခနဲ လာတွေ့ဖို့ပြင်ထားပေမယ့် စိတ်ကထိန်းမရဘဲ phone ခေါ်လိုက်မိတာပါ။ 'မ'အံ့ဩသွားပါသလား။ ကျွန်တော် ပျော်လိုက်ရတာ 'မ'ရယ်။

"ဝဠာ၊ ဟေ့ကောင်! ထတော့ မြို့ရောက်ကာနီးနေပြီ"

"လိုပါသေးတယ်ကွာ။ မင်းကိုက စိတ်လောနေတာပါ"

လှုပ်နှိုးလိုက်ပေမယ့် 'ဝဠာ'က ထချင်ပုံမပေါ်ပါ။ ဒီတစ်ခေါက်တော့ 'သုတ' မလိုက်ဖြစ်ပါဘဲ သူသာ သုံးလေးရက်လည်ဖို့



ရောက်လာရတာပင်။ ဟိုတစ်ခါက ပြောခဲ့တာကို ဒီတစ်ခါ အကြွေ တောင်းဖို့ပါနော်။ 'မ' ရင်ခုန်နေပြီ မဟုတ်လား။

မှန်လုံကားက မြို့ဝင်ကာနီးမှ ပိုနေသွားသလိုပါပဲ။ အပြင်သို့ ကြည့်နေရင်း ကားမှန်ကို ဖွင့်လိုက်မိပါ၏။ နေ့လယ် (၃) နာရီခွဲ ဆောင်းရာသီက နွေးနွေးလေး ဖြစ်နေသေးသလို တမာမြေအနံ့ အသက်ကို ရှူရှိုက်လိုက်မိလေသည်။ အညာသူလေး ပျော်နေပါရဲ့ လား။

'ကိုကို', ပြောမှပင် သူကြောင့် အစ်ကိုမျက်ရည်ကျခဲ့တာကို သိခဲ့ရတာပါ။ အရွှန်နဲ့ ရင်ဆိုင်ရတိုင်း မျက်ရည်ဝဲကြတာ သဘာဝပါပဲ၊ 'မ' ကို ပြိုင်ချစ်ခဲ့ပေမယ့် အစ်ကို့ကို ရန်သူလိုမျိုး သဘောမထားဖြစ်ခဲ့တာ အမှန်ပါ။ 'မ' နှင့် ဆက်နွယ်ပြီး ကလိမ်တော့ အနည်းအကျဉ်း ကျခဲ့မိပါရဲ့။

"ထက်မြက်ကို သူ တကယ် နှင့်နှင့်နဲနဲ ချစ်ခဲ့တာ သိသာတယ်။ မြင့်မိုရ်ဦးဆိုတာ ဘယ်တော့မဆို သူလုပ်ရင်ဖြစ်တယ်၊ သူ့စွမ်းဆောင်သမျှ အောင်မြင်တယ်ဆိုတဲ့ ဂုဏ်နဲ့ ခေါင်းမော့ရယ်နိုင်ခဲ့တာပဲ ညီ။ မင်းနဲ့ကျမှ သူ နောက်ကောက်ကျခဲ့ရတာ။ မင်းကြောင့် သူ နောက်ဆုတ်ခဲ့ရတာပဲ"

"အစ်ကို အတော်ရင်နာနေမှာပဲ"

"တော်ရဲ့ စိတ်ထိခိုက်မှုမျိုးနဲ့ မျက်ရည်ကျမှုတဲ့ ပေါက်ကွဲမှု မဟုတ်ဘဲ ညီ။ မြင့်မိုရ်ငိုတာကို ဒီတစ်ခါပဲ ကိုကိုတွေ့ဖူးတာ"

"ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



'မ' ကို ချစ်မိနေတော့"

"ထက်မြက်ကမှ စာစစ်သူပါ ညီ။ ခုချိန်ထိ မင်း မနိုင်သေးပါဘူး။ ပန်းတိုင်ကို မရောက်သေးဘဲနဲ့ အောင်ပွဲမခံချင်ပါနဲ့ဦး"

သက်ပြင်းကို ရှိုက်ထုတ်လိုက်မိပါ၏။ ပန်းတိုင်မရောက်သေးပါတဲ့။ မှန်ပါတယ်။ 'မ' ရဲ့ နှလုံးသားတံခါးကို ခေါက်သံလေးပေးပြီး ရုံနဲ့ ပွဲသိမ်းသွားတာမှ မဟုတ်တာဘဲ။ သရေပွဲဆိုတာမျိုးတော့ မရှိနိုင်ပါလေ။ တစ်ဦးကို ရှုံးနိမ့်စေလျှင် နောက်တစ်ဦးကိုတော့ 'မ' မဖြစ်မနေ ခေါင်းညိတ်ရမှာ မဟုတ်လား။

ရင်တွေ အရမ်းခုန်နေပြီ 'မ' ရေ။

"မွှမ်!"

မှန်လုံကားကြီးက ဂိတ်မှာ တုံ့ခနဲရပ်သွားလေ၏။ ခရီးသည်တွေ ထရပ်တော့မှသာ 'ဝဥ္ဇာ' က အိပ်ချင်မူးတူးဖြင့် နိုးလာလေတော့သည်။ အပေါ်တန်းမှာ ထိုးတင်ထားပါသည့် ကျောပိုးအိတ်နှစ်လုံးကို အရင်ချလိုက်ပြီးနောက် ခုံပေါ်မှာ သူထရပ်စဥ်က ချခဲ့ပါသည့် မွေးမွေးဝက်ဝံရုပ်ဖြူဖြူအကြီးကြီးကို ဗိုက်လိုက်ပါ၏။ လူကုန်ပြီဆိုမှ နောက်ဆုံးမှ သူ ဆင်းဖြစ်မှာလေ။

'ဝဥ္ဇာ'က လူအုပ်နှင့် ရောဆင်းသွားလေ၏။ စောစောကတော့ အိပ်ချင်မူးတူးဖြစ်နေပြီး ကိုယ့်အရပ်ဒေသရောက်တော့ ခြေလှမ်းက တော်တော်သွက်သားပါလား။ လူအားလုံး ကုန်တော့မှ ကားခြေနင်းမှာ သူရပ်လိုက်ပါသည်။ မျက်လုံးဝေ့ကြည့်လိုက်စဥ် မျှော်လင့်တကြီး လိုက်ကြည့်နေပါသည့် မျက်ဝန်းနက်တို့နှင့် အကြည့်ချင်း



ဆုံသွားရလေ၏။

အလို!...သူ၏ 'မ' က blouse အင်္ကျီ လုံချည်မှော့လေးနှင့်ဆံပင်က step ပုံ ညှပ်ထားပါရောလား။ ပြည့်ပြည့်ဖောင်းဖောင်းလေးဖြင့် ကြည့်ကောင်းနေပြီး လှပနေတော့တာပါလေ။

"မ"

"နှင်း"

သူက ကားပေါ်မှမဆင်းသေးဘဲ လက်တစ်ဖက်ကမ်းလိုက်လေ၏။ ရုတ်တရက် နားမလည်ဘဲ ကြည့်နေရာမှ 'ထက်' လက်ကို ပြန်ပေးလိုက်မိသည်။ အဲဒီတော့မှသာ ကားပေါ်မှ သူ ဆင်းလိုက်လေ၏။

ရုက်လိုက်တာနော်။ ကားဂိတ်မှာ လူတွေရှိနေသေးပါလျက် လက်လှို ဆုပ်ကိုင်ထားရတယ်လို့။ 'ထက်' မောင်းယူလာသည့် ဖေဖေ့ကားပေါ်မှာ ရောက်နေသည့် 'ဝဥ္ဇာ'က ကားဟွန်းကို အသံကျယ်ကျယ်တီးလိုက်သဖြင့် နှစ်ယောက်သား ရယ်လိုက်မိလေသည်။

**လေးစားလျက် ...**

မသဉ္ဇာမောင်

30th July 2016

PM (2:32)

www.burmeseclassic.com

www.burmeseclassic.com

## နောက်လထွက်မည့်စာအုပ်

"အတိတ်စာမျက်နှာထက်က အလွမ်းကဗျာ"

မင်းရဲ့ပါးပြင်ကို အဦးဆုံးနမ်းရှိုက်ခဲ့တဲ့ သူက ကိုယ်ပါ "ချိုသာခင်"။ ဒါတောင်မှ ကိုယ်က မင်းရဲ့အချစ်ကို ပြန်မရခဲ့ ချစ်သူဖြစ်ခွင့်ကိုရော၊ ပိုင်ဆိုင်ခွင့်ကိုပါ မရနိုင်ဘူးတဲ့လား။ အဲဒီ လောက်တောင် မင်းရဲ့အသည်းက မာလွန်းတယ်ပေါ့လေ။

၂၀၁၆ အောက်တိုဘာ
တွင် ဖတ်နိုင်ပါပြီ . . .

**မမသဒ္ဒါမောင်**
ထက်မြက်ချို

**ကြယ်စင်မှူးဝေ**
ချစ်ခြင်းဖွဲ့မာယာ

**မယ်နိုင်**
မိုးစက်ကောင်းကင် ပင်လယ်ပြင်

**မိုးစက်ပွင့်**
အချစ်သည်ငါနှင့်မသက်ဆိုင်တော့ပါကြောင်း

**အလင်းသစ်**
ရေဝတ်ပန်းမို့ ပိုမွှေးလေရော့သလား

**သိုင်းကြာဖြူ**
မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်

**လုံ့မ**
အစိမ်းသက်သက်

BURMESE CLASSIC
www.burmeseclassic.com